www.burmeseclassic.com

# အချစ်သည်
# သက်တော်ရာကျော်ရှည်ပါစေသတည်း



www.burmeseclassic.com

မင်းလူ

www.burmeseclassic.com

ထန်းဒိုး (၂၆၅) ကျွန်

စာမူခွင့်ပြုချက်အမှတ် [၇၄/၂၀၀၀ (၂)] နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၁၉၇/၂၀၀၀ (၃)] တို့အရ

ဒေါ်ရွှေအိမ် (၁၁၂၉၉)၊ တိုင်းလင်းစာပေ၊ ၈/၆၅၊ အုပ်စု- ၃၊
အောင်သိဒ္ဓိလမ်း၊ ဓော်ဘွားကြီးကုန်း၊ အင်းစိန်မှ ထုတ်ဝေပြီး

မျက်နှာဖုံးကို ဦးကျော်စိန် (၀၂၉၀၉) ကျောက်စိမ်းအော့ဖ်ဆက်၊
၁၇၁/၃၃ လမ်း၊ ရန်ကုန်၌ ပုံနှိပ်၍
အတွင်းစာသားများကို ဦးမြသိန်း (၀၁၄၂၇)၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်၊
၉၆/၁၁ လမ်း၊ ရန်ကုန်၌ ပုံနှိပ်တာ ကွန်ပျူတာစာစီမှာ Great Services
ကွန်ပျူတာ ဖြစ်ပါသည်။

BURMESE CLASSIC .com

# အချစ်သည် သက်တော်ရာကျော်ရှည်ပါစေသတည်း

## မင်းလူ

www.burmeseclassic.com

ww.burmeseclassic.com

တစ် ကမ္ဘာ လုံး
'အမုန်း' ရောဂါ
ပျောက် ကင်း ပါ စေ
မေတ္တာ ဓာတ် များ
ထုတ် လုပ် အား လျှင်
မြင့်မားပါစေ
'တောင်း ဆု ချွေ သည်
ပြည် သူ 'အ ချစ်' ခေါ် စေ သော်။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

|၁|

သူငယ်ချင်းတွေနှင့် စကားပြောနေရာမှ
ကျွန်တော်၏ကိုယ်သည်
ရုပ်ရှင်ဇာတ်ကားများ၏ ဇာတ်သိမ်းခန်းတွင် မြင်လေ့ရှိသော
လှုပ်ရှား နေရာမှ ရုပ်သေဓာတ်ပုံအဖြစ် ဖျတ်ခနဲ ရပ်တန့်သွား
သလို
မလှုပ်မယှက် ဖြစ်သွားပြီးလျှင်
ကျွန်တော်၏စိတ်သည်
ဘာမျှ မရေးရသေးသော ကျောက်သင်ပုန်းတစ်ချပ်လို
ဟာလာဟင်းလင်း ဖြစ်သွားလေသည်။
သူ့ကို ငေးစိုက်၍ ကြည့်နေမိ၏။
လှုပ်ရှားနေသော အရာဟူ၍ နှလုံးသားတစ်ခုသာ ရှိတော့
သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေဒီယိုမှ 'သောတရှင်လိုရာ သီချင်း' နားထောင်နေတုန်း 'မိုးလေဝသ အထူးသတင်းကြေညာချက်' ကဝင်၍ နှောင့်ယှက်သည့် သဘောမျိုးတော့ မထင်ကြပါနှင့်။ သူငယ်ချင်းတစ်ယောက်ယောက် မင်္ဂလာဆောင်ပြီဆိုလျှင် ကျန်သော သူငယ်ချင်းတွေက စုပေါင်းလက်ဖွဲ့ကြပုံကို အရင်ပြောပြလိုပါသည်။ ကျွန်တော်တို့၏ ထုံးစံမှာ လက်ဖွဲ့ပစ္စည်းကို စီစဉ်ကြရာတွင် အမှန်တကယ် အသုံးဝင်သော ပစ္စည်းတစ်ခုပါဝင်ပြီး ကျန်ပစ္စည်းများမှာ စိတ်ကူးတည့်ရာ ပေါက်ကရပစ္စည်းလေးများ ဖြစ်ပါသည်။ အဓိပ္ပာယ် အမျိုးမျိုးကောက်ယူ၍ ရပြီး အပြောင်အပြက် သဘောပါဆောင်ရပါသည်။

ယခု ဇော်သိန်းနှင့် နီနီသက်တို့၏ မင်္ဂလာဆောင်တွင် လက်ဖွဲ့ရန် ရွေးချယ်ထားသော ပစ္စည်းများမှာ

(၁) ဖန်ရေတကောင်းနှင့် ဖန်ခွက်ငါးလုံး
(၂) တူနှင့် သံတစ်ချောင်း
(၃) ပွဲလျက်
(၄) ချူဗိုကစားနည်း စာအုပ်တစ်အုပ်
(၅) ပတ်တီးလိပ် တစ်လိပ်
(၆) အားပလက်ဆေးပြားတစ်ရာတို့ ဖြစ်သည်။

ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် ညက မော်သရာ့အိမ်မှာ စုအိပ်ကြသည်။ လက်ဖွဲ့အတွက် ပြင်ဆင်ကြသည်။ သူတော်စိန်က လက်ဖွဲ့ဘူးကို သူများတွေထက်ကြီးအောင် ပြုလုပ်သင့်သည်ဟုဆိုသည်။ ချူဗိုက သူ့အိမ်မှာ ဆေးထည့်သော ကတ်ထူဘူးကြီး တစ်ခုရှိသည်ဆိုပြီး သွားယူလာသည်။ ဘူးကြီးမှာ ရှည်ရှည်ကြီးဖြစ်သည်။ ပွင့်ကောင်းက အပြုံးပြုံးဆုံး၊ အကြောင်ဆုံး အဆင်အသွေးပါသည့် စက္ကူ (ပက်ကင်ပေပါ) ဝယ်ထားသည်။ ဘူးထဲသို့ ပစ္စည်းများကို နေရာတကျထည့်ပြီး ပက်ကင်ပေပါဖြင့် ပတ်သည်။ ဘူးပေါ်





မှာ စက္ကူဖြူတစ်ရွက်ကပ်ပြီး 'ညီလေး မောင်ဇော်သိန်းနှင့် ညီမလေး နီနီသက်တို့အတွက် အစ်ကိုကြီးများ၏ မင်္ဂလာလက်ဆောင်' ဟုရေးပြီး ကျွန်တော်တို့မှာမည် အတိုကောက်တွေ ထည့်သည်။ ဘေးက မျက်မှန်တပ်ထားသော ဇီးကွက်ရုပ်တစ်ရုပ် ရေးထည့်သည်။ (ဇော်သိန်းသည် မျက်မှန်တပ်ရသူဖြစ်ပြီး နီနီသက်၏ နာမည်ပြောင်မှာ ဇီးကွက်ဖြစ်၏။)

လက်ဖွဲ့ကိစ္စ ပြီးသောအခါ အပြင်ထွက်ပြီး လက်ဖက်ရည်ဆိုင် ထိုင်ကြသေးသည်။ ညဉ့်နက်မှပင် အိပ်ရ၏။ ကျွန်တော်တို့မှာ မိန်းကလေးဘက်မှ သူငယ်ချင်းများ ဖြစ်ကြသောကြောင့် မင်္ဂလာဆောင်မည့် မဏ္ဍပ်မှာ ညဘက်သွားပြီး ကူညီဖို့ မလိုကြပါ။

မနက်ကျတော့ ခုနစ်နာရီ ခွဲခါနီးကျမှ နိုးကြသည်။ မင်္ဂလာဆောင်က ကိုးနာရီမှာမည်။ နည်းနည်းတော့ ကြိုတင်ပြီး ရောက်အောင်သွားရမည်။ အစီအစဉ်ကို ဆွဲရသည်။ ကျွန်တော်တို့ အိမ်တွေအားလုံး၏ အလယ်ဗဟိုမှာ ကျနေသော ပွင့်ကောင်း၏အိမ်သို့ သွားကြမည်။ အဲဒီမှာ လက်ဖွဲ့ဘူးကြီးကို ခဏထားခဲ့ပြီး ကျွန်တော်တို့က အိမ်ပြန် အဝတ်အစား မြန်မြန်လဲမည်။ နောက် ပွင့်ကောင်းအိမ်မှာ ပြန်ဆုံပြီးမှ မင်္ဂလာဆောင်ကို သွားမည်။

"သွားကြစို့ဟေ့"

အမြဲတမ်း လောလော လောလော၊ သုတ်သုတ်ပျာပျာ ဖြစ်နေတတ်သော သူတော်စိန်က ထပ်လှမ်းလိုက်သည်။ အားလုံး ခြံဝအထိ ထွက်လာပြီးမှ လူတစ်ယောက် လိုနေသည်။

"ပွင့်ကောင်းရော၊ ပွင့်ကောင်း"

"ဟေ့ ပွင့်ကောင်း"

"ခဏလေးကွ၊ အိမ်သာတက်နေလို့"

အိမ်သာထဲမှ ပွင့်ကောင်းအသံ ထွက်လာသည်။ ချူဗိုက "ဒီကောင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုချည်းပဲ" ဟု ပြောသည်။ သူသည် သူ့လက်ထဲရောက်နေသော လက်ဖွဲ့ဘူးကြီးကို ကြည့်ရင်း ဘာစိတ်ကူးရသည်မသိ၊

"ဟေ့ ဒီကနေ ပွင့်ကောင်းတို့ အိမ်ကိုသွားရင် ဈေးကို ဖြတ်သွားရမှာ ကွ"

"ဘာဖြစ်ရမလဲကွ၊ ဒီလက်ဖွဲ့ဘူးကြီးနဲ့ ဈေးထဲက ဖြတ်သွားရင် လူတွေက ရယ်စရာကြီး"

"ဟေး ဟုတ်တယ်"

"အဲ့ဒါ ဘယ်လိုလုပ်မလဲ"

"ယူသွားရမှာပဲ၊ ဘယ်တတ်နိုင်မလဲ"

"ဒါဆို မင်းကိုင်ခဲ့"

ဂျူဖိုက သူတော်စိန်လက်သို့ လွှဲရန် ကြိုးစားသည်။ သူတော်စိန်က လက်ကိုနောက်ပစ်လိုက်ပြီး

"ဘယ်ရမလဲကွ၊ မင်းကကိုင်တာ၊ မင်းပဲသယ်ခဲ့"

"လူလတ်၊ မင်းသယ်"

ကျွန်တော့်ဘက်သို့ လှည့်လာပြန်သည်။ ကျွန်တော်သည် အကြံတစ်ခု ကို ရသဖြင့်. .

"ငါပြောမယ်၊ အဲဒါကြီးကို ဟိုကွပ်ပျစ်ပေါ်မှာ ချထားခဲ့၊ နောက်ကျ တဲ့ကောင် သယ်ရမယ်ဆိုပြီး ပွင့်ကောင်းကို သယ်ခိုင်းမယ်"

ပွင့်ကောင်း အိမ်သာထဲက ထွက်လာသောအခါ ဝိုင်းတောက်လိုက် ကြသည်။

"မင်း အမြဲတမ်း နောက်ကျတာချည်းပဲ"

"ဟာကွာ ခနူးပါချင်တာတော့ ဘာတတ်နိုင်ပါမလဲ"

"ဘယ်တော့ဖြစ်ဖြစ် မင်း ဟိုယောင်ဒီယောင်နဲ့ သိပ်နှေးကွေးတာပဲ"





"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ သွားကြရအောင်လေ"

"မင်း နောက်ကျတဲ့အတွက် လက်ဖွဲ့ဘူး သယ်ခဲ့ရမယ်"

ပွင့်ကောင်းသည် 'ဟုတ်ပါပြီ' ဆိုပြီး လက်ဖွဲ့ဘူးကြီးကို ဘုမသိ၊ ဘမသိ ကိုင်လာခဲ့သည်။ဈေးထဲမှ ဖြတ်သွားသောအချိန်တွင် ပွင့်ကောင်းအတွက် မြဲသနာတက်လာလေသည်။ ဒီအချိန်မှာ ဈေးအစည်ကားဆုံး အချိန်၊ လက်ဖွဲ့ဘူး ရှည်ရှည်ကြီးကို ပိုက်လျက် ရှေ့ဆုံးက ချီတက်နေသော ပွင့် ကောင်းကို ဈေးသွားဈေးလာတို့က ဝိုင်းကြည့်ကြသည်။ ကြည့်ရုံသာဆိုရင် ကိစ္စမရှိ၊ မိန်းမကြီးတွေက လက်ဖွဲ့ဘူးကြီးကိုကြည့်ပြီး ပြောကြသော စကားများမှာ. . .

"ကျွတ်၊ ကျွတ် သနားပါတယ်နော်"

"ဘယ်သူ့ကလေးပါလိမ့်"

"လသားကလေးလောက်ပဲ ရှိဦးမယ်"

ကျွန်တော်တို့သည် ပွင့်ကောင်းအိမ်သို့ ရောက်အောင် သုတ်ခြေတင် ပြေးရလေတော့သည်။ အိမ်ပေါ်သို့ လှမ်းတက်လိုက်သော အချိန်မှာပင် ပွင့်ကောင်း၏အဒေါ်သည် ထိတ်ထိတ်ပျာပျာမျက်နှာဖြင့်. . .

"ဟဲ့ ဟဲ့ ဘာလုပ်ကြတာတုံး၊ အဲဒါက ဘာကြီးလဲ"

"မင်္ဂလာဆောင် လက်ဖွဲ့မလို့"

"ဘာ့ အမလေး၊ ကြည့်လည်း လုပ်ကြပါဦး။ နင်တို့ဥစ္စာကြီးက ကလေးမသာခေါင်းနဲ့ တူနေပြီ။ မလုပ်ကောင်းဘူး၊ မလုပ်ကောင်းဘူး"

လက်ဖွဲ့ဘူးကြီးကို သုံးပုံတစ်ပုံလောက် ဖြတ်ပစ်လိုက်ရသည်၊ ဘုန်း ထိပ်အပိုင်းကို ပြန်တပ်၊ စက္ကူတွေပြန်ကပ်၊ အချိန်တော်တော်ကြာသွား သည်။ ကိုယ့်အိမ် ကိုယ်ပြန်၍ အဝတ်အစားလဲကြရန် အချိန်မရှိတော့၊ ဒီအတိုင်းပင် သွားကြရမည်။ ညအိပ်ဝတ်ထားသော အဝတ်အစားများဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



တွန့်ကြေနေကြသည်။ ကျွန်တော့်အင်္ကျီမှာ အဖြူဖြစ်သောကြောင့် တွန့်ကြေရှုံ့မှုသာမ ပေါက်ရှဲ့နေသည်။ ပွင့်ကောင်းက သူ့ဆီမှာ အပိုရှိနေသော ပင်နီတိုက်ပုံအင်္ကျီကို ပေးသည်။ သူသည် အနေလေးမ သူဖြစ်သောကြောင့် သူ့အင်္ကျီသည် ကျွန်တော်နှင့် ပွနေသည်။ သို့ရာတွင် မတတ်နိုင်တော့။

ဒီတစ်ခါ လက်ဖွဲ့ဘူးကို သယ်ဖို့ ပြဿနာတက်ပြန်သည်။ ဘယ်သူမှ မှ မသယ်ချင်ကြ။ လူရှေ့လို့ ခက်နေတုန်းမှာပင် မှတ်ဆိတ် ရောက်ရှိလာသည်။ သူ့ကို ညက လက်ဖွဲ့ဘူး တပ်ဆင်ရာတွင် လာမကူညီရကောင်းလား ဆိုပြီး ဝိုင်းပွက်လိုက်ကြ၏။ သူ့အပြစ်နှင့်သူမို့ ပြန်လည်မချေပနိုင်၊ နောက်ဆုံးတွင် လက်ဖွဲ့ဘူးကို သူ့အား အသယ်ခိုင်းလိုက်လေတော့သည်။

မင်္ဂလာဆောင်ရောက်တော့ ဧည့်သည်တွေ တော်တော်ပင် စုံလင်နေပေပြီ၊ လက်ဖွဲ့များ လက်ခံသောနေရာတွင် ကျွန်တော်တို့၏ လက်ဖွဲ့ဘူးကြီးကို တင်လိုက်သည်။ လက်ဖွဲ့ပစ္စည်း လက်ခံသူသည် ကျွန်တော်တို့၏ ဘူးကြီးကို တအံ့တဩ ကြည့်လိုက်သည်၊ ရောက်နှင့်ပြီးသော ဧည့်သည်များကလည်း ပြုံးစိစိ ဝိုင်းကြည့်ကြသည်။ အကြံအစည် အောင်ပြီ။ အားလုံးထဲတွင် ကျွန်တော်တို့ဘူးကြီးက အကြီးဆုံး။

ကျွန်တော်တို့လည်း ဧည့်ခံမဏ္ဍပ်ထဲသို့ ခံ့ညားစွာ တန်းစီ၍ ဝင်လာသောအခါ ဧည့်ခံကြိုဆိုရေးတာဝန်ကို ယူထားဟန်တူသော ပီရှုနှင့် မိအေးတို့က "နင်တို့ဟာ နင်တို့ ထိုင်ချင်တဲ့နေရာမှာ သွားထိုင်" ဟု ပဋိသန္ဓာရစကား ဆိုလေ၏။ ကျွန်တော်တို့ကလည်း "ကျေးဇူးပဲ" ဟု ပြန်ပြောပြီးလျှင် ထောင့်နားရှိ စားပွဲတစ်လုံးမှာ စု၍ ထိုင်ကြသည်။ ထွန်းခေဝနှင့် ကျော်ဝင်းတို့က ရေခဲမုန့်များ လာချပေးသည်။

ဝိစု၊ မိအေး၊ မိကြည်၊ မဝင်းစွဲတို့သည် ကျွန်တော်တို့နှင့် ဆယ်တန်းတုန်းက တစ်တန်းတည်း ဖြစ်သည်။ ခု မင်္ဂလာဆောင်သော နီနီသက်မှာ





သူတို့အုပ်စုထဲမှ ပထမဆုံး အိမ်ထောင်ကျသူဖြစ်၏။ ကျန်သူတွေကတော့ ဒီတစ်သက် ရကြလိမ့်မည် မထင်။ အလွန်စွာကျယ်၏။ ကျွန်တော်တို့ အုပ်စုနှင့်ဆိုလျှင် ငယ်ငယ်ကတည်းက မတည့်ကြ။ ဤသို့ မတည့်ကြခြင်းမှာ ကျွန်တော်တို့ စာပေါ်သည်ကို သူတို့အုပ်စုက မနာလိုဖြစ်ရာမှ စသည်ဟု မှတ်ဆိတ်က ထင်သည်။ သူတော်စိန်ကမူ ထိုသို့မထင်။ ကျွန်တော်တို့က သူတို့ကို လုံးဝ အဖက်မလုပ်သောကြောင့် မကျေမနပ်ဖြစ်ရာမှ စတင်၍ မတည့်ကြခြင်းဖြစ်သည်ဟု ယူဆသည်။

ဤကဲ့သို့ အခြားအကြောင်းအရာများကို ကြားဖြတ်၍ ရှည်လျားစွာ ပြောနေရခြင်းမှာ အကြောင်းရှိပါသည်။ လူတို့သည် တစ်ခုခုကို မိမိစိတ်ဝင်စားနေကြောင်း မသိစေလိုသောအခါ အခြားမဆိုင်သော အကြောင်းအရာများကို လျှောက်ပြောနေတတ်ကြလေသည်။ ပြီးတော့မှ စကားကြုံသလိုလိုလုပ်၍ မိမိအလွန်အမင်း စိတ်ဝင်စားနေသောအကြောင်းကို ခုမှ သတိရဟန်ဖြင့် ပြောတတ်ကြသည်။ ယခုလည်း ကျွန်တော် အလွန်ပြောပြချင်သော အကြောင်းကို စကားကြုံသလိုလုပ်၍ ပြောပြပါမည်။

"နင်တို့က စားစရာရှိရင်တော့ တဝတပြဲ။ ဘာမှတော့ လာပြီး ကူမလုပ်ပေးချင်ဘူး"

မဝင်းစွဲသည် ထုံးစံအတိုင်း ရန်လာစလေသည်။ ဒီလိုနေရာမျိုးတွင် အချက်ဆုံးဖြစ်သော သူတော်စိန်က. . .

"ဟာ ငါတို့လာကူဦးမလို့ဟဲ၊ ကုလသမဂ္ဂ အထွေထွေ ညီလာခံ တက်နေရလို့ မအားတာနဲ့"

"ကြီးကျယ်လိုက်တာ"

"ဟုတ်တယ်ဟ၊ ပြီးတော့ လူလတ်တာလည်း ကျွန်းဆွယ်အားကစားပွဲမှာ အလေးမပြိုင်ပွဲ ဝင်မလို့ လေ့ကျင့်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးဝိုင်းရယ်ကြသည်။ ကျွန်တော်တို့ အုပ်စုထဲတွင် ကျွန်တော်က အပိန်ဆုံး။ ပွဲကောင်းသည် ဟိုယောင်ယောင် ဒီယောင်ယောင်လုပ်ပြီး သူ၏ 'ဒေးငယ်' ထိုင်နေသော စားပွဲသို့ သွားထိုင်လေသည်။ မဝင်းစွိဘက်သို့ စစ်ကူအဖြစ် မိအေးနှင့် မိကြည်တို့ ရောက်ရှိလာသည်။ မော်ဆရာက အရင်ဦးအောင် တွယ်လိုက်သည်။

"နင်တို့ကကော ဘယ်တော့လဲ၊ ဟဲ ဟဲ"

မိအေးသည် မျက်နှာကို ရှုံ့မဲ့လိုက်ပြီး

"နင့်ဟာ နင် အရင်ကြိုးစားပါဦး"

"ဟ. . ယောကျ်ားလေးက အရေးမကြီးဘူး၊ လူပျိုကြီး လုပ်နေလို့လည်းရတယ်၊ နင်တို့ မိန်းကလေးတွေသာ မီးမရှိတဲ့ရထား၊ ပစ္စည်းမရှိတဲ့ ကုန်ပဒေသာဆိုင်လိုပဲ မတင့်တယ်ဘူးကွဲ"

သတို့သားနှင့် သတို့သမီးတို့ လာရောက်နှုတ်ဆက်သည်။ ကျွန်တော်တို့ကို လူကြီးလူကောင်း ဧည့်သည်များကဲ့သို့ သဘောထားသောကြောင့်လား၊ သူတို့ကိုယ်သူတို့ လူကြီးလူကောင်းဟု သဘောထားသောကြောင့်မသိ။ တည်ငြိမ်ခံ့ညားစွာ ပြုံးပြလေသည်။ သို့ရာတွင် ကျွန်တော်တို့က သူတို့ကို ဘယ်လိုမှ သဘောမထားသောကြောင့်. .

"ဟဲ ဟဲ၊ အိုအောင်မင်းအောင် ပေါင်းရပါစေ"

"သားသမီးတွေ အများကြီး မွေးပါစေ"

"ဒီမှာ မောင်ဇော်သိန်းနဲ့ နီနီသက်၊ လောကကြီးမှာ အိမ်ထောင်ပြုတာရယ်၊ ဘုရားတည်တာရယ်၊ ဆေးမင်စုတ်ထိုးတာရယ်၊ ဟီးနိုးဘတ်စ်ကားရယ်"

"ဘာတွေ လျှောက်ပြောနေတာလဲ"

"ဪ၊ မြင်လို့ မလွယ်တာကို ပြောတာပါ"





ကျွန်တော်တို့ဝိုင်းနားတွင် ရယ်သံများ၊ စကားအချေအတင်ပြောသံများ ဆူညံနေသည်။ တခြားဝိုင်းကလူများပင် ကျွန်တော်တို့ကို ဝိုင်းကြည့်နေကြရသည်။ ကျွန်တော်တို့မှာ ဒီလိုနေရာမျိုးတွင် ရှက်ရွံ့နေတတ်ကြသူများ မဟုတ်သောကြောင့် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ လောင်မြိုက်ဘဲ လောင်မြဲလောင်၍ နေခဲ့။

နီနီသက်သည် ကျွန်တော် ကျောပေးထားသော ဘက်ကို ကြည့်၍ ပြုံးပြလိုက်၏။

"တို့ ပြန်ဦးမယ်"

ကျောဘက်မှ လာသောအသံကြောင့် ကျွန်တော့်ဆံပင်များ ထောင်ထလာသည်ဟု ထင်မိသည်၊ ဒီအသံကို ကြားဖူးသည်။ ကျွန်တော်တို့ သူငယ်ချင်း မိန်းကလေးတစ်ယောက်ယောက် အသံပဲ။ ဆယ်တန်းတုန်းက အတန်းထဲမှာ 'ရယ်ဂျစ်စတာ' ခေါ်သောအခါ 'ရှိပါတယ်ရှင့်' ဟုထူးသော အသံများကို ကြားယောင်လာသည်။ ထိုအသံရှင်ကိုကြည့်လို၊ မြင်လိုစိတ်သည် ဖုံးဖိ၍မရအောင်ဖြစ်လာခြင်းမှာ ထူးဆန်းလှတော့သည်။

နောက်ကိုလှည့်၍ မော့ကြည့်၏။

ခေါင်းထဲက မိုက်ခနဲဖြစ်သွားသည်။

မျက်လုံးထဲ၌ ဝင်းခနဲ၊ လက်ခနဲ၊

လှလော၊ နတ်လော၊

အမှန်မှာ ခင်ရန်းဖြစ်လေသည်၊

ကျွန်တော်တုန်လှုပ်သွားမိ၏၊ အကြောင်းမှာ ကျွန်တော်၏ ဦးခေါင်းသည် သူ့ကိုမော့ကြည့်နေရာမှ ရှေ့သို့ ပြန်လှည့်၍မရတော့သောကြောင့်ပင် ဖြစ်လေသည်။ သူ့ကိုသာ ငေးစိုက်ကြည့်နေမိသည်၊

သူသည် ဆယ်တန်းတုန်းကလို ပိန်ပိန်သေးသေးကလေး မဟုတ်တော့ဝဲ ပြည့်ဖြိုးလာလေသည်။ သူလှ၏၊ (ဤနေရာတွင် [illegible]လှအပများကို



www.burmeseclassic.com

www.burmeseclassic.com



အဒေသးစိတ်ရေးပြရလျှင် ချမ်းတစ်စောင်မျှပင် ရှည်လျားသွားနိုင်သောကြောင့် ချန်လှပ်ထားခဲ့ရပါသည်။ နောင်အလျဉ်းသင့်သလို ဖော်ပြသွားပါမည်။)

ယခုလောလောဆယ်တွင်မူ သရာကြီး ရွှေဥဒေါင်း၏လေမျိုးဖြင့် 'အနာရောဂါကင်းစင်သောကြောင့် ဒိတ်ဒိတ်တောက်ကြည်လင်သော အသားအရေတွင် အသားပိုတစ်ကျပ်သားမျှ မရှိအောင် လေ့ကျင့်ထားသောကြောင့် ကျွန်ုပ်၏စိတ်တိုင်းကျ ရှိနေပေတော့သည်" ဟူ၍သာ ပြောလိုပါ၏။

ခင်စန်းသည် 'သွားဦးမယ်' ဆိုပြီး အားလုံးကို ပြုံး၍ နှုတ်ဆက်လိုက်သည်။ ကျွန်တော်သည် ပွဲကောင်း၏ ပွဲပန်းမကျသော တိုက်ပုံအင်္ကျီကြီးကို ဝတ်လာမိသည့်အတွက် နောင်တရနေဆဲမှာပင် သူသည် ကျွန်တော်တို့ အုပ်စုဘက်သို့ မျက်လုံးကို ဝေ့ကြည့်ရင်း ပြုံးပြသည်။

သူနှင့်ကျွန်တော် မျက်လုံးချင်း ခဏမျှ ဆုံမိသောအချိန်တွင် ကျွန်တော်၏လက်ဝဲဘက် ရင်ခေါင်းအတွင်း၌ လူငယ်တင်ရောဟီးပိုင်းအဖွဲ့ ချီတက်နေသည်ဟု ထင်မိလေသည်။

ကြေးနန်းအမျိုးအစား . . . . အမြန်
သို့
ဦးနှောက်၊
'သူ့ကို ချစ်နေပြီ။ ခွင့်ပြုချက်အမြန်ပို့'
မှ
နှလုံးသား။

●





စာအမှတ် . . . ၁/၇၅/အချစ်၊
သို့
နှလုံးသား၊
'ခွင့်ပြုနိုင်ပါသည်။ လိုအပ်သလို ဆက်လက်ဆောင်ရွက်ပါ'
မှ
ဦးနှောက်။

●●●

www.burmeseclassic.com

www.burmeseclassic.com

(၂)

အချစ်သည် ပုရွက်ဆိတ်နှင့်တူ၏။

အကျီကြားထဲသို့ ဝင်ရောက်နေသော ပုရွက်ဆိတ်တစ်ကောင်သည် တိုဟိုဒီဒီ လျှောက်သွားနေပြီးမှ အမှတ်မထင် ဆစ်ကနဲကိုက်လိုက်သောအခါ အလွန်အခံရ ခက်လှသည်။ အချစ်ဆိုသောအရာသည်လည်း ယင်းအတိုင်းပင်။ မမျှော်လင့်ဘဲ ဘွားခနဲပေါ်လာတတ်သည်။ နှလုံးသားဆီသို့ ရုတ်တရက်ဝင်၍ အကြမ်းဖက်အပိုင်စီးတတ်သည်။

ထပ်ပြီး ရှင်းပြဦးမည်။

ခင်စန်းနှင့် ကျွန်တော်တို့သည် ဆယ်တန်းတုန်းက တစ်တန်းတည်း ဖြစ်သည်။ သို့ရာတွင် ထိုစဉ်က သူ့ကို စိတ်မဝင်စားမိခဲ့။ ငယ်သေးလို့လည်း ဖြစ်ချင်ဖြစ်မည်။ နောက်တစ်ကြောင်းမှာ ခင်စန်းသည် အလွန်အေးသည်။ စကားလည်း နည်းသည်။ တခြားမိန်းကလေးတွေ (ဥပမာ- မိအေးတို့ မိကြည်တို့) ကဲ့သို့ ဇပ်ခင်စုစုလည်း မလုပ်တတ်။ သူ့နေရာမှာ ငြိမ်ငြိမ်ကလေး





သာ ထိုင်နေတတ်သည်။ ကျွန်တော်နှင့်ဆိုလျှင် သုံးခါပြည့်အောင်ပင် စကား မပြောဖူးပါ။ ဤသို့လျှင် သူနှင့်သိပ်ရင်းရင်းနှီးနှီးမရှိခဲ့။ ပြီးတော့ ကျွန်တော်တို့အုပ်စုကလည်းတစ်မျိုး။ မိန်းကလေးများနှင့် အရောတဝင် မနေတတ်။ ကျောင်းစာထဲမှာသာ အကြီးအကျယ် စိတ်ဝင်စားနေခဲ့ခြင်းလည်း မဟုတ်။ ဘောလုံးကန်သည်။ ဝတ္ထုဖတ်သည်။ ကျောင်းကစားပွဲအဖွဲ့၊ သိပ္ပံပညာအဖွဲ့ တို့တွင် ပါဝင်လှုပ်ရှားသည်။

တစ်ခုတော့ဖြင့် ပြောစရာရှိပါသည်။ ဆယ်တန်းတုန်းက ကျောင်းသား တစ်ယောက်သည် ခင်စန်း၏ စာအုပ်ကြားတွင် ပို့စကတ်တစ်စု ညှပ်ထည့်ပေး လိုက်ဖူးသည်။ ထိုသတင်းကိုကြားသောအခါ ကျွန်တော့်စိတ်ထဲက မကျေနပ် သလိုလို ဖြစ်ခဲ့ဖူးသည်ဟု ခုမှ ပြန်၍သတိရသည်။ ခင်စန်းက ထိုကျောင်းသား ကို ပြန်မကြိုက်ဘူးဟု သိရပြန်သောအခါ ဝမ်းသာသလိုလို ဖြစ်ခဲ့သည်ကို လည်း ပြန်စဉ်းစား၍ရသည်။ အကြိုက်အခဲအမြစ် ကြာရှည်စွာတော့ ဖြစ်၍ မနေ။ မှေးမှေးပျောက်ပျောက်ဖြစ်ခဲ့၏။ ထိုစဉ်ကတည်းက ခင်စန်းကို မသိစိတ် ဖြင့် စိတ်ဝင်စားနေခဲ့မိခြင်း ဖြစ်လိမ့်မည်ဟု ထင်သည်။ ကိုယ့်ဘာသာကိုယ် မသိဘဲ ရှိခဲ့ခြင်းပင်။

ကျွန်တော်တို့နှစ်ယောက်သည် ဆယ်တန်းကို တစ်နှစ်တည်း အတူတူ အောင်ကြသည်။ တက္ကသိုလ်ဆက်တက်ကြသောအခါ သူက ဓာတုဗေဒယူ၍ သိပ္ပံဘက်ရောက်သွားပြီး၊ ကျွန်တော်က ဒဿနိကဗေဒယူ၍ ဝိဇ္ဇာဘက် ရောက်သွားသည်။ တက္ကသိုလ်ရောက်ပြီးနောက် သူနှင့်ကျွန်တော် သိပ်မတွေ့ ကြတော့ပါ။ ပထမနှစ်တုန်းက နှစ်ခါလောက်တွေ့ဖူးသည် ထင်သည်။ သေသေချာချာတော့ မမှတ်မိပါ။ ပထမတစ်ခါက အဓိပတိလမ်းပေါ်တွင် သူတို့စီးသော ကျောင်းကြိုကား ဖြတ်သွားစဉ် လှမ်းတွေ့လိုက်ခြင်း ဖြစ်ပါ သည်။ ထိုစဉ်က သူက အကျီအညိုရောင်။ ဒုတိယတစ်ခါ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



မနွလေးဆောင်သို့အဝင်၊ သူက အတန်းပြီး၍ ထွက်အလာ ဆုံမိကြခြင်းဖြစ်သည်။ စကားမပြောဖြစ်ကြပဲ ပြုံး၍ နှုတ်ဆက်ကြရုံသာ ဖြစ်သည်။ သူ့အကျီ ပန်းခရမ်း၊ လုံချည်ခရမ်းရောင်။ ထိုစဉ်က ကျွန်တော့်စိတ်ထဲတွင် 'ခင်စန်းက လှသားပဲ' ဟု တွေးမိသည်ကို ယခုပြောရင်းဆိုရင်း ပြန်၍ သတိရမြန်၏။ (သိပ်မမှတ်မိပေလို့ပေါ့ဗျာ။)

ဒုတိယနှစ်နှင့် တတိယနှစ်တို့တွင် သူနှင့် လုံးဝ မတွေ့တော့ချေ။ ကျွန်တော်သည် ကျောင်းဝင်းအနှံ့ လျှောက်သွားနေတတ်သူ ဖြစ်သော်လည်း သူနှင့် ထပ်၍ မတွေ့ကြခြင်းမှာ အံ့ဩစရာကောင်းသည်ဟု ဆိုလျှင် ရနိုင်သည်။ တကယ့်တကယ်တော့ တက္ကသိုလ်တွင် မြန်မာပြည်မြောက်ဖျားမှ လူနှင့် တောင်ဖျားမှလူတို့ ကြုံကြိုက်ဖန်ဖန် ဆုံတွေ့နိုင်သလို၊ တစ်မြို့တည်း တစ်ကျောင်းတည်း နေခဲ့သူတို့ပင် ဖြစ်သော်လည်း မဆုံစည်းဘဲ ရှိချင်လည်း ရှိတတ်ကြလေသည်။ အထူးအဆန်းတို့ဖြင့် အတိပြီးသော မော်ရုံတောပင်တည်း။

ဤသို့လျှင် နီးရက်နှင့် ဝေးနေကြသော ခင်စန်းနှင့် ကျွန်တော် မောင်လှလတ်တို့သည် နတ်ဒေဝတာတို့၏ ကူညီဝိုင်း၍ မှိုင်းမှုကြောင့် တစ်ခုသော မင်္ဂလာဆောင်တွင် ပြန်လည် ဆုံတွေ့ခဲ့လေရာ....။

"အဲဒီတော့ မင်း ခင်စန်းကို ချစ်နေပြီ ဆိုပါတော့"

"ဟာ ဟုတ်ပါတယ်ဆို၊ ဘယ်နှခါ ပြောရမလဲ"

ပွင့်ကောင်းသည် 'ဟုတ်ပါပြီ' ဆိုပြီး ဆေးလိပ်ကို မီးညှိနေ၏။ 'ခင်စန်းကိစ္စ'နှင့် ပတ်သက်၍ စိတ်အချရဆုံး၊ နှုတ်အလုံဆုံးဖြစ်မည်ဟု ယူဆရသော ပွင့်ကောင်းနှင့် မော်ဆရာတို့ကို တိုင်ပင်ကြည့်သည်။ ကျွန်တော့်ကိစ္စဖြစ်သောကြောင့် ထုံးစံအတိုင်း သူတို့ကို လက်ဖက်ရည် တိုက်ရလေသည်။ သူတို့နှစ်ယောက်တည်းကိုသာ ရွေး၍ တိုင်ပင်ရခြင်းမှာ အကြောင်းရှိပါသည်။





ဒီကိစ္စမှာ လျှို့ဝှက်လုပ်ဆောင်ကြမှ ဖြစ်မည်။ ဘာမှ အကောင်အထည် မပေါ်ခင်က ဟိုးလေးတကျော် ဖြစ်မသွားစေချင်။

ပျူဗိုသည် အတန်ငယ် နှုတ်လုံသော်လည်း အချစ်နှင့် ပတ်သက်သော အတွေ့အကြုံမရှိသူ ဖြစ်သောကြောင့် သူ့ထံမှ အကြံဉာဏ်ကောင်းများ ရရှိမမြင်။

မှတ်ဆိတ်ကလည်း သူနှင့် ကြိုက်နေသော အစ်မကြီးကို ကပ်ချွဲဖို့လောက်သာ သိသူဖြစ်သောကြောင့် သူ့ကိုလည်း မခေါ်တော့။

သူတော်စိန်ကတော့ ခုလို ကိစ္စမျိုးကို တိုင်ပင်ရန် လုံးဝရှောင်ရှားသင့်သူဖြစ်သည်။ မိန်းကလေးများအကြောင်းဆို၍ နကန်းတစ်လုံးမျှ နားမလည်၊ ကတုံးဆံတောက်သာသာ ဖြစ်သော သူ့ဆံပင်ကို ကြည့်လျှင်ပင် အနားမသွင်းသင့်ကြောင်း ထင်ရှားသည်။ ပြီးတော့ ဒီကောင်က 'ရွှေမောင်း'၊ သတင်းစာထဲ ကြော်ငြာသည့်ချင်တောင်မှ 'ဦးစားပေးကြော်ငြာ'တွေ ရှိလို့ ဘာဖြစ်လို့ဆိုပြီး ကြာချင်ကြာဦးမည်။ သူသာ သိလိုက်လျှင် ဟုတ်တာရော မဟုတ်တာရော အမြန်ဆုံး သတင်းလွှင့်မည်။ သူသည် မဟုတ်က ဟုတ်က လုပ်ကြံသတင်းများ လွှင့်ရာတွင်လည်း သူမတူအောင် ထူးချွန်သည်။ တော်ကြာ လှလတ်က ခင်စန်းကို စကားလိုက်ပြောတာ ခင်စန်းက ဖိနပ်နဲ့ ချွတ်ရိုက်လို့ ထွက်ပြေးခဲ့ရတယ်၊ ဘာညာဆိုပြီး မဟုတ်တမ်းတရား ပြောချင်ပြောမည်။ ထို့ကြောင့် ဒီငနဲကို စာရင်းထဲမထည့်တော့။

ကျွန်တော့်အကြံအစည်မှာ ပွင့်ကောင်း၏ ခံစားမှုဘက်သို့ အလေးကဲသော အယူအဆများနှင့် မော်ဆရာ၏ ဆင်ခြင်မှုတို့ဖြင့် ပြည့်နှက်နေသော အယူအဆတို့မှ မနှစ်သက်သည်ကို ဖယ်၍၊ လက်ခံနိုင်သည့် အလားအလာရှိသော အချက်အလက်တို့ကို ပေါင်းစည်း၍ 'ခင်စန်းစီမံချက်'ကို အကောင်အထည်ဖော်ရန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ကောင်းသည် 'အင်း၊ ကောင်းပြီလေ' ဆိုပြီးလျှင် ဆေးလိပ်ကြီးကို ကိုက်ရင်း ဆေးနေပြန်သည်။ ကျွန်တော်က သူဘာပြောမလဲလို့ ငြိမ်၍ နားထောင်နေလိုက်သည်။ မော်ဆရာက အကြမ်းပန်းကန်လုံးထဲသို့ ရေနွေးကြမ်း ငှဲ့ထည့်လိုက်သည်။ ပွင့်ကောင်းသည် ကျွန်တော့်ဘက်သို့ ဆက်ခနဲ လှည့်လိုက်ပြီး

"ဒီတော့ မင်းဘာလုပ်မလဲ"

မော်ဆရာက ပွင့်ကောင်းကို ကြည့်ရင်း ခေါင်းကို မသိမသာ ယမ်းလိုက်၏။ အဖုန်မှာ ရှင်းရှင်းကလေးရယ်၊ ကြိုက်သလား၊ ကြိုက်တယ်၊ ချစ်သလား၊ ချစ်တယ်၊ စာလိုက်ပေးချင်ပေး၊ စကားလိုက်ပြောချင်ပြော။

"အချစ်ဆိုတာကလည်း ခက်သားကလားကွာ"

ပွင့်ကောင်းက ပြောသည်၊ မော်ဆရာက ခေါင်းယမ်းပြန်၏။ ပွင့်ကောင်းသည် မော်ဆရာကို ဂရုမစိုက်ဘဲ ဆက်ပြောနေသည်။

"ဒီလို ရှိတယ်ကွ၊ အချစ်ဆိုတာ ထူးဆန်းတယ်။ Love is The Greatest and"

"ပွင့်ကောင်း စကားပုံတွေ နောက်မှပြောကွာ"

မော်ဆရာသည် သည်းမခံနိုင်တော့ပဲ ဝင်ပြောသည်၊ ပွင့်ကောင်းကား မော်ဆရာကိုကြည့်၍ ခေါင်းတဆတ်ဆတ် လုပ်နေလိုက်၏။ မော်ဆရာက

"ဒီမှာ လူလတ်၊ မင်း ဆုံးဖြတ်ပြီးပြီလား"

ကျွန်တော်က ခေါင်းညိတ်ပြသည်။

"သေသေချာချာ စဉ်းစားနော်၊ ဒါပေါ့ပေါ့လေး လုပ်လို့မရဘူး။ အားလုံးကို ဆင်ခြင်တွက်ဆကြည့်၊ ရှေ့လောမကြီးနဲ့၊ အဲ ဆုံးဖြတ်ပြီးပြီ ဆိုရင်လည်း နောက်မဆုတ်နဲ့"





မော်ဆရာက လေးနက်စွာပြောနေသည်ကို ပွင့်ကောင်းသည် ခေါင်းတဆတ်ဆတ်လုပ်ရင်း ကြည့်နေပြန်သည်။ ဒီနှစ်ကောင်နှင့် ကြာလျှင် ခက်မည်၊ တစ်ယောက်ကပြောလျှင် တစ်ယောက်က ခေါင်းတဆတ်ဆတ် လုပ်လိုက်၊ တစ်ယောက်က ပြောလျှင် တစ်ယောက်က ခေါင်းယမ်းလိုက်။ ကျွန်တော်သည် ကိုယ်ကို မတ်မတ်ထားလိုက်ပြီး

"ကဲ ငါပြောမယ်၊ ငါ ခင်စန်းကို ချစ်နေပြီ၊ တကယ်ပြောတာ၊ သေသေချာချာလည်း စဉ်းစားပြီးပြီ၊ ဆုံးဖြတ်ချက်လည်း ချပြီးပြီ"

"အေး ကောင်းတယ်"

မော်ဆရာ ပြောသည်။

"ငါလည်း သဘောကျတယ်၊ ခင်စန်းဟာ မင်းနဲ့လိုက်ဖက်ညီမှာပဲ"

ပွင့်ကောင်း၏ မှတ်ချက်။

ဒီနေရာကျပြန်တော့လည်း သူတို့နှစ်ယောက်က ညီညွတ်သားပဲ။

"ဒီကိစ္စကို ငါတို့ဘယ်လို လုပ်ကြမလဲဆိုတာ ပြောရအောင်"

"ငါတို့လို့ မပြောနဲ့၊ မင်းကိစ္စပဲ"

"ဒါပေမဲ့ မင်းတို့ အကူအညီကိုလည်း ယူရမှာပေါ့၊ တိုင်ပင်ချင်လို့ ခေါ်တာပဲ"

"အေးလေ၊ ငါတို့လည်း အကြံဉာဏ် ပေးမှာပေါ့။ မင်း ဘာလုပ်ချင်တယ်ဆိုတာ အရင်ပြောဦး"

"ငါ ပါးစပ်နဲ့တော့ မပြောရဲဘူး။ စာပေးမယ်ကွာ"

"ဟာ မင်းကလည်း ကလေးဆန်လိုက်တာ"

"ဘာဆိုင်လို့လဲ ငါတကယ်ချစ်တာပဲ"

"မင်းတကယ်ချစ်တာ ယုံပါတယ်၊ ဒါပေမဲ့ ချက်ချင်းကြီး စာပေးတာတော့ မကောင်းဘူး။ သူနဲ့ ရင်းနှီးအောင် အရင်လုပ်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ငါနဲ့ ဟိုးအရင်ထဲက သိတာပဲဥစ္စာ"

"မင်း မတော်တော် နားဝေးတာပဲ၊ မင်းနဲ့ သိပြီးသားပေမယ့် အဆက်အသွယ်ပြတ်နေတာက ကြာပြီမဟုတ်လား။ ဟိုတစ်နေ့ကမှ မင်္ဂလာဆောင်မှာ ပြန်တွေ့တာ၊ မင်းက ချက်ချင်းကြီး စာပေးမယ်ဆိုရင် မင်းကို အထင်သေးသွားမှာပေါ့"

မော်ဆရာစကားသည် ဟုတ်သလိုလိုတော့ ရှိသည်။ ဖွင့်ကောင်းက ဝင်ရောက် ရှင်းလင်းပြန်သည်။

"ဒီလိုရှိတယ်လေ၊ မိန်းကလေးဆိုတာက သူတို့ကို တန်ဖိုးထားတဲ့အကြောင်းကို ဖွင့်ပြောမှ၊ ဒါမှ မဟုတ်ရင်လည်း သိသာထင်ရှားအောင်ပြမှ တော့နပ်တာ"

ဖွင့်ကောင်းသည် အေးငယ်၏ အချစ်ကို ရရှိထားသူ ဖြစ်သောကြောင့် သူ့ကိုယ်သူ မိန်းကလေးတို့၏ သဘောသဘာဝကို ကတ်သိနားလည်သည်ဟု ထင်နေသူဖြစ်သည်။ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သူက ကျွန်တော့်ထက် သာနေသောကြောင့် သူ့ အကြံအစည်ကို ကျွန်တော် လက်ခံရပါတော့မည်။

"ဒီတော့ ငါက ဘာလုပ်ရမလဲ"

"မင်း သူတို့အိမ်ကို သွားလည်ကွာ"

"ဟာ ငါမှ တစ်ခါမှ မသွားဖူးပဲ၊ ငါ မသွားရဲဘူး"

"ငါတို့ပါ လိုက်မှာပေါ့ကွ၊ သူတို့လမ်းထဲမှာ ငါ့သူငယ်ချင်းတစ်ယောက်ရှိတယ်၊ အဲဒီကို ကိစ္စရှိလို့ သွားရင်းနဲ့ လမ်းကြုံ တို့ဝင်လာတာဆိုပြီး ခင်စန်းတို့အိမ်ကို ဝင်မယ်"

"ယုံပါ့မလားကွ"





"ဟို ယုံယုံ မယုံယုံကွာ၊ မယုံလို့ သူ့စိတ်ထဲက သင်္ကာမကင်းဖြစ်ရင်လည်း တစ်နည်းကောင်းတာပဲ၊ မင်း သူ့ကို စိတ်ဝင်စားနေကြောင်း မြန်မြန်သိတာပေါ့"

"အေးကွာ သွားမယ်"

"မင်း ဘယ်နေ့သွားချင်လဲ"

"နက်ဖြန်"

မနေ့က ပြောခဲ့သော နက်ဖြန်သည် ဒီနေ့ပင် ဖြစ်လေသည်။ ကျွန်တော်တို့ သုံးယောက်သည် မြည်တော်သာလမ်းထဲသို့ တန်းစီ ချီတက်၍ ဝင်ခဲ့ကြသည်။ နောက်ဆုံးက လိုက်လာသူမှာ အများမျှော်လင့်ထားသည့်အတိုင်း ကျွန်တော်ပင် ဖြစ်ပါသည်။ ကျွန်တော်သည် ကိုယ့်ဇာတ်လမ်းဖြစ်သောကြောင့်သာ လိုက်လာရသော်လည်း အခုန်ကို ဖန်ခံရလျှင် အတန်ငယ် လန့်၍နေပါသည်။ စိတ်ကိုတင်းသည့် သဘောဖြင့် စကားပြောရန် ကြိုးစားကြည့်ရာ ပါးစပ်မှ ပထမဆုံး ထွက်လာသော စကားမှာ. . .

"တွေ့တောင်တွေ့ ဖြစ်ပါ့မလားကွ"

"ဖြစ်ပါတယ်ကွ"

ရှေ့ဆုံးမှ ချီတက်နေသူ မော်ဆရာက လှည့်၍ပြော၏။

"တော်ကြာ၊ ငါတို့ကို မသိသလိုလို လုပ်နေရင် သောက်ရှက်ပဲ"

"မင်းကလည်း အိမ်ကိုလာလည်တဲ့ ဧည့်သည်ပဲဟာ၊ သူတောင်းစားတောင် တန်တော့ပါသေးရဲ့လို့ ပြောရသေးတာပဲ။ ငါတို့က သူ့သူငယ်ချင်းတွေပဲဟာကွာ၊ ပြီးတော့ သူတို့အိမ်ရှေ့မှာ အလျှုခံ မဝင်ရဆိုတဲ့ ဆိုင်းဘုတ်လည်း မတွေ့မိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ"

"ကြော် ပွင့်ကောင်းပါလာလို့ ပြောတာပါ"

ပွင့်ကောင်းက မော်ဆရာကို တစ်ခွန်းလှမ်းဆဲသည်။

"ပြီးတော့ သူတို့အဘိုးကြီးက ကျောင်းဆရာကြီးတောင်းကွ၊ စည်းကမ်းကြီးတယ်လို့ သတင်းကြားတယ်"

"မင်း အဘွားကြီးကလည်း ကျောင်းဆရာမကြီးဟောင်းပဲဟာ၊ ဟဲ ဟဲ ကျောင်းဆရာမကြီးရဲ့ သားနဲ့ ကျောင်းဆရာကြီးရဲ့သမီး၊ မင်းတို့ နှစ်ယောက်က လိုက်ဖက်ညီပါတယ်ကွ"

စောစောတုန်းက ခေါ်ချွေးကြည်ဆိုင်မှာ ကျွန်တော်ဝယ်ကျွေးခဲ့သော မုန့်ဟင်းခါးကြောင့်လား မသိ။ သူတို့သည် ကျွန်တော့်ကို ပင့်ပေးနေလေသည်။ ကျွန်တော်ကလည်း ယင်းအချက်ကို အတော်သဘောကျနေမိပါ၏။ နည်းနည်းလည်း အားတက်လာသည်။

ဟော ပြောရင်းဆိုရင်း ရောက်လာပြီ၊ ခင်စန်းတို့အိမ်သည် ခြံဝင်းထဲမှာ၊ နှစ်ထပ်။ မော်ဆရာကတော့ ခပ်တည်တည်ပင် ဦးဆောင်ဦးရွက်လုပ်၍ ဝင်းတံခါးသံတိုင်ကို လှမ်းကိုင်လိုက်သည်နှင့် တစ်ပြိုင်နက်. .

"ဂီးခနဲ" အော်သံနှင့်အတူ ခွေးနက်ကြီးတစ်ကောင် ဘွားခနဲ ပေါ်လာသည်။ မော်ဆရာသည် သံတိုင်ကို လွှတ်၍ နောက်ဆုတ်လိုက်သည်။ တော်ပါသေးရဲ့၊ တံခါးက ပိတ်ထားပေလို့ ကျွန်တော့်မှာ နဂိုကတည်းက ခပ်လန့်လန့်ရယ်။ ခုလို ခွေးနက်ကြီးက အစွယ်ဖွေးဖွေးဖြင့် မာန်ဖီနေသောအခါ. .

"ဟေ့ကောင် မော်ဆရာ၊ မဖြစ်ဘူး ထင်တယ်၊ လစ်ကြစို့"

"လူလတ် မင်း ငြိမ်ငြိမ်နေစမ်းကွာ"

မော်ဆရာက ကျွန်တော့်ကို ဟောက်လိုက်သည်။ ကျွန်တော်တဖြင့် မော်ဆရာထက် ခွေးနက်ကြီးက ပို၍ ကြောက်နေသည်။ ပွင့်ကောင်းကား





ပါးစပ်က 'ကလစ်ကလစ်' လုပ်၍ ခွေးနက်ကြီးကို ချော့နေရင်း ခြံဝင်းထဲသို့ ဖိုးဟိုဒီဒီကြည့်နေသည်။ ထိုအချိန်တွင် အသက်ခြောက်နှစ်၊ ခုနစ်နှစ်ခန့် ချာတိတ်ကလေးတစ်ယောက် အိမ်ထဲမှ ပြေးထွက်လာသည်။ ပွင့်ကောင်းက လှမ်းအော်ခေါ်လိုက်၏။

"ညီလေး ညီလေး"

ချာတိတ်က အပေါက်ဝနားသို့ လာရပ်သည်။

"ခင်စန်းရှိလား ခင်စန်း"

"အန်တီရှန်းကို ပြောတာလား"

"မဟုတ်ဘူးလေ၊ ခင်စန်း"

"ခင်ရှန်းဆိုတာ အန်တီရှန်းပေါ့"

"အေး အေး ရှိလား"

"မရှိဘူး"

"ဟင် အပြင်သွားလို့လား"

"မဟုတ်ဘူး၊ အပေါ်ထပ်မှာ"

"ဒါဆိုလည်း ခေါ်ပေးပါကွာ၊ အန်တီ့သူငယ်ချင်းတွေ ရောက်နေတယ်လို့"

ချာတိတ်သည် "အန်တီရှန်းရေ အန်တီရှန်းရေ" ဆိုပြီး အပေါ်ထပ်သို့ အော်ခေါ်သည်။ ခဏကြာသောအခါ မျက်မှန်နှင့် ခပ်ဝဝအစ်မကြီးတစ်ယောက် ဝရန်တာသို့ ထွက်လာသည်။ ခင်စန်း၏အစ်မ ဖြစ်လိမ့်မည်ထင်သည်။

"ဘာကိစ္စရှိလို့ပါလဲ"

ထိုအစ်မကြီး၏ အမေးကို ရုတ်တရက် ပြန်မဖြေနိုင်ပဲ "ဟီး. . .ဟီး. . .ဉစ္စာ" ဟု ဖြစ်နေတုန်း ချာတိတ်က ဝင်၍ဖြေပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီရှန်းရဲ့ သူငယ်ချင်းတွေတဲ့ အန်တီတိုးရဲ့"

"ဪ၊ ဪ ဝင်ခဲ့ကြပါ"

ဟင်း တော်ပါသေးရဲ့။ ကျွန်တော်က ဟောက်လွှတ်မယ် ထင်နေတာ။ ခုလို ပျူပျူငှာငှာ ရှိသောကြောင့် အတန်ငယ် စိတ်ရဲလာသည်။ သို့ရာတွင် ဟိုခွေးနက်ကြီးက ရှိနေတုန်း။

"ဟို ခွေး ခွေး ကြည့်ပါဦး"

"မကိုက်တတ်ပါဘူး၊ ဝင်ခဲ့ပါ၊ ထွန်းထွန်း ခွေးကြည့်ထားစမ်း"

ကျွန်တော်တို့ သုံးယောက်သည် သံတံခါးကို ဆွဲဖွင့်၍ မရဲတရဲ ဝင်လိုက်သည်။ ခွေးနက်ကြီးသည် ဖောဖောတုန်းကလို မာန်ဖီ၍ မနေသော်လည်း ကျွန်တော်တို့ကို စိန်းစိန်းကြည့်နေတုန်း။ 'နေနှင့်ဦးပေါ့ကွာ၊ ခင်စန်းနဲ့ ငါနဲ့ လက်ထပ်ပြီးမှ နင့်ကို လှိမ့်ကန်ပစ်မယ်' ဟု စိတ်ထဲက ဓားထားလိုက်သည်။

ထွန်းထွန်းဆိုသော ချာတိတ်က ဦးဆောင်၍ အပေါ်[illegible]သို့ ခေါ်သွားသည်။ ဖောဖောတုန်းက အစ်မကြီးကပင် ဆီးကြို၍ ဧည့်ခန်းမှာ နေရာချပေးသည်။

"ခဏထိုင်ကြဦးနော်၊ ခင်စန်းကို ခေါ်ပေးမယ်၊ ရေချိုးနေတယ် ထင်တယ်"

အစ်မကြီး ထွက်သွားသည်။ "ခင်စန်းရဲ့အစ်မ ခင်တိုးဆိုတာ ထင်တယ်" ဟု မော်ဆရာက တိုးတိုးကလေး ပြောသည်။ ထိုအစ်မကြီးမှာ ခင်စန်းနှင့် မျက်နှာပေါက်ချင်း အတန်ငယ်ဆင်သော်လည်း ခင်စန်းလောက် မလှချေ။ ကြည့်ပျော်ရှုပျော် ရှိရုံလောက်သာ ဖြစ်သည်။

ဧည့်ခန်းထဲမှာ ကျွန်တော်တို့ သုံးယောက်တည်း ကျန်ခဲ့၏။ အတော်ကြာသည်အထိ ခင်စန်းရောက်မလာသေး။ ကျွန်တော်လာတယ်ဆိုလို့များ





အရှမ်းကုန် အလှပြင်နေသလားဟု ထင်မိသေးသည်။ သို့ရာတွင် ထိုသို့မဟုတ်ချေ။ ခင်စန်းသည် သနပ်ခါး ပါးကွက်ကျားဖြင့် နိုးနိုးကလေးပင် ရောက်ရှိလာလေသည်။ နိုးနိုးကလေးဟု ဆိုသောကြောင့် ကျစ်ဆံမြီးကြီးနှင့် ဆံထုံးကြီးနှင့်ဟု မထင်ကြပါနှင့်။ သူသည် ခေတ်မီသူဖြစ်ပါသည်။ ဆံပင်ဖားလျားချထားပါသည်။ ခေတ်နှင့်လျော်ညီစွာ လက်မောင်းကလေးတွေ ဘာတွေ ဝတ်တက်ပါသည်။ တချို့ မိန်းကလေးတွေလို နီနီရဲရဲ မည်းမည်းကြီးတွေ ကြောင်ကြောင်ကျားကျားကြီးတွေ အင်္ကျီလည်ပင်းပေါက် မြင်ကွင်းကျယ်ကြီးတွေ မဟုတ်သော 'နိုးနိုးကလေး' ကို ဆိုလိုပါသည်။ ခင်စန်း အကြောင်း ပြောရလျှင် မမောနိုင်၊ မပန်းနိုင် လေရှည်သွားတတ်သည်ကို သည်းခံတော်မူကြပါ။

ခင်စန်းသည် ကျွန်တော်တို့ကို မြင်သောအခါ ပြုံး၍ နှုတ်ဆက်ပြီး ကုလားထိုင်တွင် ဝင်ထိုင်သည်။ ကျွန်တော်သည် သူ့ကိုပြန်၍ မပြုံးမိပါ။ သူ့ပေါ် 'စတယ်' နှင့် 'မှင်' နှင့် ဆက်ဆံရန် ကြိုးစားခြင်း မဟုတ်ပါ။ နှုတ်တရက် မှင်တက်မိပြီး သူ့ကို ခဏမျှ ငေးကြည့်မိသောကြောင့် ဖြစ်ပါသည်။ နောက်မှ ကိုယ့်ဘာသာ သတိရပြီး မျက်လွှာချလိုက်ရသည်။ မော်ဆရာက သူတို့အိမ်ကို ရောက်လာပုံအကြောင်း ပြောပြနေသည်။

"ဒီလမ်းထဲမှာ ငါတို့အသိတစ်ယောက်ရှိတယ်၊ ကိုကိုကြီးတဲ့ သိလား"

"တင့်အင်း သတိမထားမိဘူး"

"အဲ အဲဒီ ကိုကိုကြီး အိမ်လာရင်းနဲ့ နင်တို့အိမ်ကို ဝင်လာတာ"

သူ့ကို လူပျိုလှည့်ရန် ရည်ရွယ်၍လာခြင်း မဟုတ်သယောင် လုပ်၍ ပြောနေခြင်းကို သဘောမကျဘဲ ဖြစ်နေမိပြန်သည်။ သူ့ဆီသို့ တမင်[illegible] လာခြင်းမဟုတ်ဘဲ လမ်းကြုံလို့သာ ဝင်လာခြင်းဖြစ်သည်ဟု ဆို[illegible] သူ့အပေါ် တန်ဖိုးမထားရာများ ရောက်နေသလားဟု စိုးရိမ်မိ[illegible]ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စကားပြောနေတုန်း သူ့အစ်မ ရောက်လာသည်။ ပြီးတော့ သူပါ ဝင်ထိုင် စကားပြောသည်။ ခင်စန်းက "ခဏလေး" ဆိုပြီး ထွက်သွား၏။ ခဏကြာတော့ ပြန်ရောက်လာသည်။ လက်ဖက်သုပ် ပန်းကန်ကို စားပွဲပေါ် ချလိုက်သည်။ ဒီနေ့ တော်တော်အဆင်ပြေနေသည်။ ရင်းရင်းနှီးနှီး စကားပြောဖြစ်ကြသည်။

ပွင့်ကောင်းကတော့ ထုံးစံအတိုင်း ဆွတ်ပျံ့ဖွယ် အကြောင်းများကို ပြောနေသည်။ ဒီလင်ဘုရင် ပွင့်ကောင်းတဲ့ မဟုတ်လား။ ကျွန်တော်ကတော့ သိပ်စကားမပြောမိ။ ခင်စန်းကို "စာတွေ တော်တော်တက်ပြီးပြီလား" ဟု တစ်ခွန်းတည်းသာ ပြောမိသည်။ ကျွန်တို့အချိန်တွေမှာ နားထောင်သမားသက်သက်။ ပြီးတော့လည်း ကျွန်တော် သူ့ကို မျက်နှာချင်းဆိုင်၍ မကြည့်ရဲသဖြင့် သူ ဟိုကောင်တွေဖက်လှည့်ပြီး စကားပြောနေတုန်း ခိုးကြည့်ရသည်။ သူ့မျက်နှာကိုချည်း ကြည့်နေလျှင် ကျနေမှာ ကာမည်စိုးသောကြောင့် နံရံက ပြက္ခဒိန်တွေကို လျှောက်ကြည့်ရသေးသည်။ ပြီးတော့မှ သူ့ကို တစ်လှည့် ပြန်ခိုးကြည့်။ တစ်ခါတစ်ရံ သူ့လက်များကို ကြည့်သည်။ တစ်ခါတစ်ရံ သူ့ခြေထောက်များကို ကြည့်သည်။

သူသည် လှပါသည်။ မယုံလျှင် လူတစ်ရာတိတိကို ခေါ်၍ ပြကြည့်ပါ။ ကိုးဆယ်ယောက်က လှသည်ဟု ပြောပါလိမ့်မည်။ ကျန်တစ်ယောက်မှာ မျက်စိကန်းနေသူ ဖြစ်ပါသည်။





တက္ကသိုလ်ကျောင်းတိုက်မှာ တတိယနှစ်ကြီးများတောင် ရောက်နေပြီဆိုတော့ နည်းနည်းတော့ လူကြီးဆန်ရပေတော့ မပေါ့လေ။ ကျွန်တော်၏ ဓိဟ်ရင်းအတိုင်း ပြောရလျှင် ခင်စန်းကို ခုချက်ချင်းပင် ချစ်ခွင့်ပန်လိုက်ချင်ပါသည်။ သို့ရာတွင် ကျွန်တော်တို့သည် လူပျိုပေါက်၊ အပျိုပေါက်ကလေးများ မဟုတ်ကြချေ။ ကျွန်တော်က ခင်စန်းသည် ကျွန်တော်နှင့် ဆယ်တန်းတုန်းကတည်းက သိကျွမ်းခဲ့ပြီးဖြစ်သောကြောင့် သိပ်ပျိုးနေစရာ မလိုဟု ထင်ပါသည်။ ဟိုကောင်တွေကမူ ကျွန်တော်တို့နှစ်ယောက် အဆက်အသွယ် ပြတ်နေသည်မှာ ကြာပြီဖြစ်သောကြောင့် တစ်ကြောင်း၊ ခင်စန်းသည် အေးဆေးသူဖြစ်သောကြောင့် တစ်ကြောင်း၊ အပူတပြင်း မဆောင်ရွက်သင့်ဟု ဆိုကြသည်။ ပွင့်ကောင်း၏ အဆိုအရ 'ဒီပလိုမေစီ' ရှိရမည်ဆိုပြီး အချိန်ယူ၍ စီစဉ်ဖို့ တိုက်တွန်းသည်။

ထို့ကြောင့် ကျွန်တော်သည် စာမေးပွဲမဖြေခင်အတွင်း ခင်စန်းတို့အိမ်သို့ နောက်ထပ်နှစ်ခေါက် ရောက်ခဲ့လေသည်။ ထုံးစံအတိုင်း ဟိုနှစ်ကောင်လည်း ပါသည်။ ဒုတိယတစ်ခေါက်ရောက်တော့ အကြောင်းပြပုံမှာ. . .

မော်ဆရာသည် လုပ်သားများကောလိပ်မှာ စာတုဗေဒ ဒုတိယနှစ်ဖြစ်သည်။ ထို့ကြောင့် ခင်စန်း ဒုတိယနှစ်တုန်းက မှတ်စုစာအုပ်များရှိလျှင် ငှားပါဟု အကြောင်းပြသည်။ ခင်စန်းက "ရှိတော့ ရှိတယ်၊ စာအုပ်အဟောင်းတွေထားတဲ့ အခန်းထဲရောက်နေတယ်၊ ခဏ စောင့်နိုင်ရင်တော့ ရှာပေးမယ်" ဟု ဆိုသည်။ မော်ဆရာကား လွှလည်း။

"နေပါစေလေ၊ အခု မယူသေးပါဘူး။ အချိန်ရရင်သာ ရှာထားလိုက်ပေါ့၊ နောက် လေးငါးရက်လောက်နေမှ ငါတို့ လာယူမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကျွန်တော်တို့ တတိယအခေါက် ရောက်ခဲ့ကြပြန်သည်။ ကျွန်တော်သည် ထိုအခေါက်များတွင် ပထမဆုံးအခေါက်ထက်ပို၍ အတန်ငယ်သွက်လက်လာသည်။ သိပ်တော့ အထင်မကြီးကြပါနှင့်။ ပထမဆုံး အခေါက်က စကားတစ်ခွန်းတည်းသာ ပြောခဲ့ပြီး ဒုတိယအခေါက်တွင် သုံးလေးခွန်း ပြောဖြစ်ပြီး နောက်ဆုံးအခေါက်တွင် အတော်အတန် ပြောဖြစ်ခဲ့ခြင်းမျှသာ ဖြစ်ပါသည်။

သူ့ကို ပြောခဲ့သော စကားများတွင် ရိသဲ့သဲ့ စကားလုံးများ မပါရှိပါ။ စာမေးပွဲနှင့်ဆိုင်သော အကြောင်း၊ ဆယ်တန်းတုန်းက သူငယ်ချင်းတွေ အကြောင်းသာ ဖြစ်ပါသည်။ သူတို့အိမ်သို့ ရက်သတ္တပတ် သုံးပတ်လောက် အတွင်းတွင် သုံးခေါက်တိတိ ရောက်ရှိသော ကျွန်တော်တို့ကို မည်သို့သော သဘောထားမည် မသိပါ။ ဟိုယခင်အခါက သူတို့အိမ်ရှေ့ကပင် ဖြတ်လျှောက်ဖူးခြင်း မရှိခဲ့ပဲ ခုမှ ထူးခြားစွာ အလည်အပတ် ရောက်ရှိနေတတ်ခြင်းအတွက် သင်္ကာယနှိမကင်း ဖြစ်ကောင်း ဖြစ်နေပါလိမ့်မည်။ တစ်ခုပဲ ရှိသည်။ ကျွန်တော်တို့က သုံးယောက်ဆိုတော့ ဘယ်သူကလာ 'ပတ်' နေတာလဲ ဆိုတာ စဉ်းစားစရာ ဖြစ်လာနိုင်သည်။ ဒါလည်း သိပ်ပြဿနာမဟုတ်ပါ။ တစ်ချက်တစ်ချက် အရောင်လက်သော မျက်လုံးများဖြင့် ခိုးကြည့်တတ်သော ကျွန်တော့်ကို သူ သတိထားမိလျှင် ရိပ်မိနိုင်ပါသည်။ သူလည်းလေ မိန်းကလေးပေပဲ။ ကျွန်တော်တို့ဘက်ကလည်း ခင်စန်းနှင့် ပတ်သက်၍ သိထားသင့်သော အချက်တစ်ချက်ရှိသည်။ ခင်စန်းသည် အသက်နှစ်ဆယ် ပြည့်ပြီးသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်၊ ထို့ကြောင့် သူသည် အရွယ်ရောက်နေပြီဖြစ်ကြောင်း ပြောဖို့ပင်မလို။ သူလိုလှပသော မိန်းကလေးမျိုးကို ချစ်လိုသူများ အများအပြားပင် ရှိမည်မှာ သေချာပါသည်။ ဒါက အရေးမကြီးပါ၊ ခု လောလောဆယ် သူ့ထံတွင် ချစ်သူရှိ၊ မရှိဆိုတာသာ။





"ဆယ်တန်းတုန်းကတော့ ရည်းစားမရှိတာ သေချာတယ်ကွ"

မော်ဆရာက ပြောသည်။ ပွင့်တောင်းကလည်း -

"တက္ကသိုလ်မှာလည်း တွဲတာတော့ မတွေ့မိဘူး။ ခုလောလောဆယ်မှာတော့ သူ့မှာ 'အဲ' မရှိတာ သေချာတယ်၊ အရင်ကတော့ မသိဘူး"

"အိုကွာ အရင်က ရှိတာမရှိတာ အရေးမကြီးပါဘူး၊ ခု မရှိဖို့ပဲ အရေးကြီးတယ်"

ကျွန်တော်တို့ ထင်မြင်ချက် မှန်သည်ဟုထင်သည်။ ခုလောလောဆယ်တွင် သူ့ကိုချစ်ချင်နေသူ အများအပြား ရှိနိုင်သော်လည်း သူသည် မည်သူ့ကိုမျှ လက်ခံခြင်း၊ တုံ့ပြန်ခြင်းပြုသေးဟန် မတူ။ နဖူးစာမှန်သူကို စောင့်နေ ဟန်တူသည်။ ကျွန်တော်ထင်၏။

●●●



www.burmeseclassic.com

www.burmeseclassic.com

[၃]

ခင်စန်းနှင့် ကျွန်တော်သည် တစ်မြို့နယ်တည်းတွင် နေကြသူများ ဖြစ်သောကြောင့် တစ်ကျောင်းတည်း ဖြေရသည်။ အ၊ ထ၊ က (၁) မှာ။

တက္ကသိုလ်ရောက်ပြီးနောက် ကျောင်းကို သိပ်မရောက်ဖြစ်တော့ချေ။ ပထမ တစ်နှစ်လောက်ကတော့ ဆရာ၊ ဆရာမတွေဆီ အလည်အပတ် ရောက်ခဲ့သေးသည်။ နောက်ပိုင်းတွင် မရောက်တော့။ ကျောင်းရှေ့က ဖြတ်သွားဖြစ်သော်လည်း ကျောင်းဝင်းထဲသို့ မဝင်ဖြစ်။ ဆယ်တန်းတုန်းက စာများနှင့်အတူ ကျောင်းကို မေ့ထားခဲ့သည်။

ကျောင်းဝင်းတံခါးမှ ဝင်ဝင်ချင်း လက်ယာဘက်ရှိ စာကြည့်တိုက်ကို မြင်သောအခါတွင် ရုတ်ခြည်းချသည့်နေ့က ကျွန်တော်တို့ ကိုယ်တိုင် ခုတ်ထွင်





ရှင်းလင်းသယ်ပိုပြီး တည်ဆောက်ခဲ့ရသည်ကို အမှတ်ရသည်။ ကျောင်းဝင်း အစပ်ရှိ ကုက္ကိုပင်ကြီးသည် မပြောင်းလဲသေး။ ဖြတ်သွားဖြတ်လာ မြဲမြဲဖြစ် သော်လည်း အမှတ်တမဲ့နေခဲ့သော ကျောင်း၏အငွေ့အသက်ကို ခုမှပင် လွမ်းလွမ်းဆွတ်ဆွတ် ခံစားမိသည်။

ကျောင်းဆင်ဝင်အောက်သို့ရောက်လျှင် တိုယခင်အခါဆီက ကျောင်း ဆင်းကျောင်းတက်ချိန်များတွင် လက်နောက်ပစ်၍ ဓားမားကြီး ရပ်နေတတ် သော ဆရာကြီး ဦးငြိမ်းမောင်ကို မြင်ယောင်မိသည်။ ကျောင်းနောက်ကျသူ များကို ဖခက်ပေးသည့်အနေဖြင့် ကျောင်းဝင်းထဲမှာ ငါးမိနစ်လောက် အမှိုက် ကောက်စေပြီးမှ အတန်းထဲ ဝင်ခွင့်ပြုသည်။ တစ်ခါက ကျောင်းနောက်ကျ သဖြင့် အမှိုက်ကောက်ခိုင်းသည်ကို ရှက်ပြီး ထိုင်ငိုသော တင်တင်ဝင်းကို သတိရသည်။

ကျွန်တော်ရယ် မွင့်ကောင်းရယ် ဆယ်တန်းတုန်းက နေခဲ့ရသော အခန်း ၁၁ထဲသို့ ဝင်ခဲ့ကြသည်။ အတန်း၏ ညာဘက်နောက်ဆုံးထောင့်ရှိ အရင်က ထိုင်ခဲ့သော ခုံတန်းမှာ ထိုင်ကြသည်။ အတန်း၏ အခြေအနေသည် များစွာ မပြောင်းလဲသေး။ ကျွန်တော်တို့တုန်းကထက် ခုံတန်းတွေ ပိုများသော ခြားလောက်သာရှိသည်။ အရင်ကထိုင်ခဲ့သော နေရာသည် သစ်သားတိုင်နှင့် ကပ်လျက်ဖြစ်ကြောင်း မှတ်ထားသောကြောင့် နေရာမှန်ကို သိ၏။ ခုဆိုလျှင် ကျွန်တော် ထိုင်နေသောနေရာနောက်မှာ ခုံတန်းသုံးခုလောက် တိုးနေသည်။ အတန်း၏ လက်ဝဲဘက်အစွန် ရှေ့ဆုံးတန်းသည် ခင်စန်းထိုင်ခဲ့သောနေရာ။ ကျွန်တော်က လက်ယာဘက်အစွန် နောက်ဆုံးတန်းဖြစ်သောကြောင့် ကျွန်တော်တို့ နှစ်ယောက်သည် အတန်းထဲတွင် အဝေးဆုံး ထိုင်ခဲ့ကြကြောင်း ခုမှပင် သတိပြုမိသည်။ မကြာမီတွင် ရန်ကုန်တက္ကသိုလ်၌ ကုန်သည်တောမှ တစ်ခုသော ခုံတန်းလျားတွင် ပူးကပ်၍ ထိုင်ရမှုယ်ရှိကြောင်း စဉ်းစားရင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြူးမိပြန်သည်။

သတိရ၍ ကျွန်တော့်ဘေးက တိုင်မှာ မှတ်ဆိတ်ဆွဲခဲ့သော ဆရာကြီးပုံကို ရှာကြည့်သည်။ သံချောင်းနှင့် ဖြစ်၍ ဆွဲထားခဲ့ခြင်း ဖြစ်သောကြောင့် ရှိလိမ့်ဦးမည် ထင်သော်လည်း မတွေ့ရတော့။ တိုင်ကို ဆေးအသစ်သုတ်ထားသောကြောင့် ထင်သည်။

အတန်းရှေ့ကို ငေးကြည့်ရင်း ကျောက်သင်ပုန်းရှေ့တွင် ဆရာ၊ ဆရာမများကို တစ်ယောက်ပြီးတစ်ယောက် မြင်ယောင်မိသည်။ ဆရာ၊ ဆရာမတို့ သင်ကြားခဲ့သော ဟန်ပန်များကိုလည်း သတိတရ မှတ်မိနေ၏။ တချို့ ကျောင်းပြောင်းကုန်ကြပြီ။ တချို့လည်း အငြိမ်းစားယူကုန်ကြပြီ။ တချို့လည်း ဒီကျောင်းမှာပင် ရှိနေဆဲ။ ကိုယ့်ဆရာ၊ ဆရာမများကို မေ့လျော့နေခဲ့မိသည့်အတွက် ဝမ်းနည်းသည်။ စာမေးပွဲနောက်ဆုံးနေ့ကျလျှင် ကျောင်းမှာရှိနေသေးသော ကိုယ့်ဆရာ၊ ဆရာမများကို လိုက်လံနှုတ်ဆက်မည်ဟု ဆုံးဖြတ်လိုက်သည်။

အမှတ်တရများကို တွေးနေရာမှ သတိရသောအခါ ကျွန်တော့်ဘေးမှာ ပွင့်ကောင်းမရှိတော့။ သူသည် အလယ်ခုံတန်းများအနီးတွင် ရပ်နေသည်။ အေးငယ် ထိုင်ခဲ့သော နေရာကလေးကို တွေတွေကြီးစိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ တော်တော်သဲတဲ့ကောင်၊ ခဏနေရင်း အေးငယ်လည်း စာမေးပွဲလာဖြေတော့ တွေ့ရမှာပဲဟာ။

စာမေးပွဲ စတုတ္ထနေ့။

ခင်ဝန်းတို့ ဓာတုဗေဒသမားတွေအတွက် စာမေးပွဲနောက်ဆုံးနေ့။ ကျွန်တော်တို့ ဒဿနိကဗေဒတွေက နက်ဖြန် တစ်ရက်ကျန်သေးသည်။ ကျွန်တော့်အတွက် နက်ဖြန်တစ်ရက် ဖြေဖို့ကျန်တာ မကျန်တာက အရေးမကြီး။ ခင်ဝန်းတို့အတွက် နောက်ဆုံးနေ့ဖြစ်ခြင်းက အရေးကြီးသည်။





ဒီနေ့ ကျွန်တော်တို့ '၃၀၅' မေးခွန်းဖြေရသည်။ သင်္ချာယုတ္တိဗေဒ။ သုံးပုဒ်တိတိ ဖြေနိုင်သည်။ ဒီမေးခွန်းသည် အများကြီး ရေးစရာမလို။ သင်္ချာသင်္ကေတတွေ ပါသောကြောင့် တိုတိုတုတ်တုတ်ဖြေရသည်။ သင်္ကေတများဖြင့် ပြထားသောပုစ္ဆာများကို မှန်မှားတွက်ချက်၍ ရှေ့နောက်ညီမညီ စစ်ဆေးပေးရ၏။ ထို့ကြောင့် အချိန်စောကြီးကတည်းက ဖြေလို့ပြီးနေသည်။ သို့ရာတွင် အတန်းအပြင်သို့ မထွက်ဘဲ နေလိုက်၏။ ကျွန်တော့်မှာက ကိုယ့်အကြံနှင့်ကိုယ်။ လွယ်အိတ်ထဲတွင် စက္ကူဖြူဖြူ၊ သန့်သန့်ကလေးဖြင့် သပ်ယပ်စွာ ဖုံးထားသော စာအုပ်တစ်အုပ်ပါသည်။ ကျွန်တော်ကဲ့သို့ တက္ကသိုလ်ကျောင်းသား တစ်ယောက်သည် စာအုပ်ကို အဖုံး ဖုံး၍ သပ်သပ်ရပ်ရပ် မကိုင်တတ်ကြောင်း သိကြမည်ဆိုလျှင် အကြံအစည်ကို ရိပ်မိနိုင်ပါသည်။ စာအုပ်အဖုံးကြားတွင် စာတစ်စောင်ပါသည်။ ခင်ဝန်းကိုပေးဖို့။

"ဟင် တက္ကသိုလ်ကျောင်းသားလည်း ဆိုသေးတယ်။ စာအုပ်ကြားထဲမှာ စာထည့်ပေးတဲ့ အဆင့်ပဲ ရှိသေးသလား။ ဖုံးလိုက်တာ" ဟု အထင်သေးကြလျှင်လည်း မတတ်နိုင်ပါ။ ပါးစပ်က ပြောဖို့မဆိုထားနှင့် ခုလို စာအုပ်ကြားထဲ ညှပ်ထည့်ပေးလိုက်ဖို့ကိုပင် တော်တော်စွန့်စား ဆောင်ရွက်ရမည် ဖြစ်ပါသည်။

စာမေးပွဲ ပထမနေ့ကတည်းက ထိုစာကို (စာအုပ်ကို) ပေးဖို့ ကြံခဲ့သည်။ အထ မမြောက်ခဲ့ပါ။ ပထမနေ့ မနက်က ပွင့်ကောင်းနှင့်အတူ ဆယ်တန်းတုန်းက အခန်းထဲ သွားနေသောကြောင့် ခင်ဝန်းအလာကို မတွေ့လိုက်ရ။ စာမေးပွဲပြီးတော့လည်း သူငယ်ချင်းတွေနှင့် တရုန်းရုန်းဖြစ်နေသောကြောင့် အခွင့်မသာ။ ဒုတိယနေ့က စာမေးပွဲအချိန်မတိုင်မီ တစ်နာရီလောက် စောလာ၍ ကျောင်းရှေ့ဝင်းတံခါးနားက အုတ်ခုံမှာ သွားထိုင်နေရသည်။ ပွင့်ကောင်းကား အေးငယ်နှင့်အတူ အခန်းတစ်ခုထဲမှာ စာအံကျက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ဟုဆို၏။ ကျွန်တော်တစ်ယောက်တည်း။ သို့ရာတွင် ခဏကြာသော အခါ သူတော်စိန်ရောက်လာသည်၊ ကျွန်တော်သည် စိတ်ပျက်လက်ပျက် ဖြစ်သွားရလေသည်။

"ဟေ့ကောင်၊ သူတော်စိန်၊ မင်းက နေ့လယ်မှ ဖြေရမှာ မဟုတ်လား။ ခုဘာလာလုပ်တာလဲ"

"စာမေးပွဲမဖြေခင် မင်းတို့ စာကျက်မယ်ဆိုတာသိလို့ လာနှောင့်ယှက်တာ"

"လုပ်မနေနဲ့ သူငယ်ချင်း။ စာကျက်ချင်ရင်တောင်မှ ကျက်စရာစာမရှိဘူး"

"ဟဲ့၊ ဟဲ့၊ ဒါဆိုရင်လည်း လက်ဖက်ရည်ဆိုင်သွားရအောင် ငါတိုက်ပါ့မယ်"

မသောက်ချင်ဘူးဆိုလျှင်လည်း သူကတော့ ထထွက်သွားမည် မဟုတ်၊ သူရှိနေလျက် ဘိုကိစ္စကို ဘယ်လိုမှ လုပ်လို့မဖြစ်ပါ။ လူအများမသိစေချင်သော ကိစ္စတစ်ခုကို သူတော်စိန်ရှေ့မှာ မလုပ်သင့်ကြောင်း ပြောခဲ့ပြီးပါပြီ။ ထို့ကြောင့် လက်ဖက်ရည်ဆိုင်သို့ လိုက်သွားရသည်။ ထိုနေ့ကလည်း ထ မမြောက်ခဲ့။

တတိယနေ့က 'ဥဒေ' မေးခွန်းဖြေရသည်။ ကိုယ်ကျင့်တရားပညာ၊ နှစ်ပုဒ်ပဲဖြေနိုင်၏၊ အစောကြီးကတည်းက ပြီးနေသည်။ အကြံတစ်ခုရသည်။ စာမေးပွဲခန်းထဲက စောထွက်မည်။ ပြီးတော့ ခင်စန်းတို့ဖြေရသော အခန်းနား က စောင့်ရမှာ မယောင်မလည်စောင့်မည်။ ခင်စန်းသည် အချိန်စေ့မှ စာမေးပွဲ ခန်းထဲက ထွက်မည်ကို သိပါသည်၊ ထိုမှအထွက်နှင့် အခြားသူငယ်ချင်း တွေနှင့် ပြန်မဆုံမီခင် စပ်ကူးမပ်ကူး ကြားတာလေးတွင် အထမြောက် အောင်ကြံမည်၊ နည်းနည်းတော့ လျှို့ဝှက်သည်းဖိုဆန်သည်၊ စွန့်စားရမည်။





အဖြေစာရွက်ကိုအပ်ပြီး အပြင်ထွက်လိုက်သည်။ စာမေးပွဲပြီးရန် နာရီ ဝက်လိုသေးသည်။ ခင်စန်းတို့အခန်းသည် တစ်ခန်းကျော်မှာရှိသည်။ ဖြည်း ဖြည်းချင်း လျှောက်ရင်း တစေ့တစောင်းကြည့်သည်။ စာမေးပွဲကို စိတ်ဝင် စားစွာ ဖြေဆိုနေသော ခင်စန်းကို တွေ့ရသည်၊ သူ ကျွန်တော့်ကို သတိထား မိမည်မဟုတ်၊ ခုနေခင်စန်းလွယ်အိတ်ထဲကို စာအုပ်ထည့်ခဲ့ရ ကောင်းမလား ဟု စဉ်းစားမိသည်။ သို့ရာတွင် လွယ်အိတ်ထဲက ပစ္စည်းတစ်ခုခုအလစ်သုတ် ပါတယ်ဟု သူများတွေထင်သွားလျှင် ပြဿနာ ရှုပ်ကုန်မည်။ ပြီးတော့လည်း ဒီလိုခိုးကြောင်ခိုးဝှက်လုပ်ရလျှင် ကျွန်တော့်အရှယ်၊ ကျွန်တော့်ပညာအရည် အချင်းနှင့် ဆိုလျှင် သိက္ခာကျဖွယ် ဖြစ်သည်။

တစ်နေရာတည်းမှာ ကြာရှည်ရပ်နေဖို့လည်း မကောင်းသောကြောင့် ဆက်လျှောက်လာခဲ့ရသည်။ ထိုစဉ်မှာပင် လှေကားမှ တက်လာသော ဆရာ ဦးတင်ထွန်းနှင့် ပက်ပင်းတိုးမိတော့သည်၊ ဆယ်တန်းတုန်းက မာတုဗေဒ ဆရာ။

"ဟေ့ကောင် လူလတ်"

"ဟာ ဆရာ၊ မင်္ဂလာပါ"

"ဖြေပြီလား၊ စောလှချည်လား" ဟုဆိုပြီးလျှင် ဒူးယားတစ်လိပ် ထုတ် ပေးသည်။ မီးခြစ်ကိုထုတ်၍ မီးညှိပေးသည်။ ဆယ်တန်းတုန်းကဆိုလျှင် ဆရာ့ ရှေ့မှာ ဆေးလိပ်သောက်ဖို့ မပြောနှင့်၊ ဆရာ့မျက်နှာကိုပင် စေ့စေ့ကြည့်၍ စကားမပြောရဲပါ။ ခုတော့ ဆရာကိုယ်တိုင်ကပင် ဆေးလိပ်ထုတ်တည်သည်။ ဆရာသည် ကိုယ့်တပည့်များ၏ အသက်အရွယ်ကိုလိုက်၍ ဆက်ဆံတတ်သူ သည်၊ ဤသည်ပင် ဆရာများနှင့် ဆရာမများ မတူညီသော အချက်လား မသိ။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မင်းက ဘယ်သူ့စောင့်နေတာလဲ"

ဆရာက ပြုံးစိစိလုပ်ရင်း မေးသည်။ ကျွန်တော်သည် ရုတ်တရက် မလုံမလဲ ဖြစ်သွားပြီးမှ ချက်ချင်းဣန္ဒြေဆည်၍

"ဘယ်သူ့မှ မစောင့်ပါဘူးဆရာ"

"မသိဘူးလေ၊ ဆရာက ပွင့်ကောင်းလိုမ့်များလားလို့"

"ဟာ ဆရာကလည်း၊ မဟုတ်ပါဘူး"

ကျွန်တော်တို့ နှစ်ယောက် ပြုံးတူရယ်သည်။ ဆရာက

"အေးကွ၊ ဒါဆိုရင်လည်း အောက်ကဆင်ဝင်အောက်မှာ သွားနေ၊ စာမေးပွဲဖြေပြီး ထွက်လာတဲ့ ကျောင်းသားတွေ စာမေးပွဲခန်းနားမှာ ရပ်မနေရဘူးလို့ အမိန့်ထုတ်ထားတယ်ကွ"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော် အောက်ထပ်သို့ ဆင်းလာခဲ့ရလေသည်။ ထိုနေ့ကလည်း အကြံအစည် မအောင်မြင်ချေ။

ထို့ကြောင့် ဒီနေ့တော့ မဖြစ်ဖြစ်အောင် ပေးမယ်ဆိုပြီး စာမေးပွဲခန်းထဲမှာ ပေ၍ထိုင်နေလိုက်သည်။ အချိန်စေ့ ခေါင်းလောင်းထိုးတာနဲ့ ထွက်မည်၊ ခင်စန်းတို့ အခန်းရှေ့က စောင့်မည်။ ခင်စန်းထွက်လာလျှင် ဌားထားသော စာအုပ်ပြန်ပေးသလိုလို ဘာလိုလိုလုပ်ပြီးက ပေးမည်။

ကျောင်းက ဦးမိုးကောင်း သံချောင်းခေါက်မည့် အချိန်ကို စောင့်မျှော်ရသည်မှာ မောပန်းဖွယ်ပင် ဖြစ်သည်။ ခုချိန်သာ စာမေးပွဲဖြေနေတုန်းဆိုလျှင် ကုန်လွယ်လိုက်မယ့် အချိန်တွေ။ သိပ္ပံနည်းအရ တိကျစွာ သတ်မှတ်ထားသော စက္ကန့်၊ မိနစ်၊ နာရီတို့ကို စိတ်အလိုဆန္ဒသည် ချုံ့နိုင်၊ ချဲ့နိုင်ခြင်းမှာ အံ့ဩဖွယ်။





"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

သိတယ်မဟုတ်လား၊ သံချောင်းခေါက်သံလေ။ ထိုအသံသည် ဖြေလို့ မပြီးသေးသူများအဖို့ အရှုံနဲ့တကြား ဖြစ်ဖွယ်ရှိသော်လည်း ကျွန်တော့်အတွက်မူ ဝမ်းမြောက်ဖွယ်အသံ။

အဖြေစာရွက်ကို လာသိမ်းသည်အထိ မစောင့်တော့ပဲ အခန်းအပြင်သို့ ထွက်လာခဲ့သည်။ လွယ်အိတ်ထဲက စာအုပ်တွေ ပျောက် မပျောက် စစ်ဆေးသလိုလိုလုပ်ရင်း ခင်စန်းတို့ အခန်းဘက်သို့ ကြည့်သည်။ ခင်စန်း ထွက်လာသည်ကို တွေ့ရသည်။ သူသည် မေးခွန်းစာရွက်၊ ပေတံ၊ ခဲတံ၊ ဖောင်တိန်တို့ကို လွယ်အိတ်ထဲသို့ ပြန်ထည့်နေ၏။ အခွင့်အရေးကို လက်လွှတ်ခံလို့ မဖြစ်၊ ဝင်ရောက်လာသော အကြောက်စိတ်ကို အတင်းနင်ထုတ်ပြီး သူရှိရာသို့ လျှောက်လာခဲ့သည်။ ခဲစိတ်ရဲမာန် သွင်းထားသော်လည်း ကျွန်တော့်ရင်ခုန်သံသည် ကျောင်းသား ကျောင်းသူတို့၏ ခြေသံများကိုပင် တစ်ချက် တစ်ချက် လွှမ်းသွားသည် ဟုထင်၏။ လွယ်အိတ်ထဲက စာအုပ်ကို အသင့်ထုတ်ကိုင်ထားရန် နှိုက်လိုက်စဉ်မှာပင်. . .

"ဟဲ့ကောင်၊ ငလတ်"

ဟိုက်၊ ကိုယ်ကျိုးနည်းပါပြီ။ ဦးနှောက်ထဲတွင် သံမှိုနှင့် နှက်ထားသလို မှတ်မိနေသောအသံ။ ခြေလှမ်းသည် တုံ့ခနဲ ရပ်သွား၏။ ငယ်ကြောက်ဖြစ်သောကြောင့် သူ့ဘက်သို့ ဗျာခနဲ လှည့်ပြီးသား ဖြစ်နေသည်။ အခန်းဝမှာ ရပ်နေသူမှာ ခုနစ်တန်းတုန်းက အတန်းပိုင်ဆရာမ ဒေါ်သန်းညွန့်။

"ဗျာ ဆရာမ၊ မင်္ဂလာပါ"

"ဘာခုမှ မင်္ဂလာပါလဲ၊ ခုနကတော့ မမြင်ချင်ယောင်ဆောင်သွားပြီးတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ မဟုတ်ပါဘူး ဆရာမရယ်။ ကျွန်တော်တကယ် မမြင်တာပါ။ ဆရာမက ဒီနေရာမှာ တာဝန်ကျတာလား။ ဟိုနေ့တွေက ကျွန်တော် လိုက်ရှာသေးတယ်၊ ဆရာမကို တွေ့ချင်လို့"

ဆရာမသည် နည်းနည်းကျေနပ်သွားပုံရသည်။

"မင်းငယ်ရုပ် သိပ်မပျောက်လို့သာ ငါမှတ်မိတာ။ ဟင်း၊ နှင့်ဆံပင်ကြီး က"

ကျွန်တော့်ဆံပင်ကို သုံးခါလောက်ဆောင့်ဆွဲသည်။

"နင်က လူကြီးပုံဖမ်းနေလို့သာပေါ့တယ်။ အရင်ကလိုသာ ငါ့အတန်း ထဲကဆိုရင် ဒီဆံပင်ရှည်ကြီးကို ငါကိုယ်တိုင် ညှပ်ပစ်တယ်"

ကျွန်တော် ရယ်ကျဲကျဲလုပ်နေရသည်။ ခင်စန်းရှိရာသို့ မသိမသာ ခိုးကြည့်သောအခါ ခင်စန်းသည် သူ့သူငယ်ချင်းနှင့် စကားပြောနေသည်ကို တွေ့ရသည်။ ဆရာမကား စကားကို ဆက်နေပြန်သည်။

"သိန်းထွန်းတစ်ယောက်တော့၊ အရင်လို ပေါချာချာပဲလား"

"စုစုတို့နဲ့ ရန်ဖြစ်ကြတုန်းပဲလား"၊ "လှခင်းတော့ အိမ်ကထွက်ပြေး သေးလား"၊ "ဟိုအကောင်မွတ်တာရား၊ သူ့နာမည်ရင်းက ဘယ်သူ၊ အေး မြင့်ဝင်း၊ ဟုတ်ပြီ၊ သူမိန်းမရနေပြီဆို၊ တော်တော်အာကျယ်တဲ့ကောင်" စ သည်ဖြင့် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေလေသည်။ ကျွန်တော်သည် လည်း 'ဟုတ်ကဲ့၊ 'ခုလည်းဒီအတိုင်းပဲ'၊ 'မဖြစ်တော့ပါဘူး'ဆိုပြီး အလိုက်အ ထိုက် ပြန်ပြောနေရသည်။ ဆရာမနှင့် ပြန်တွေ့ရသဖြင့် အလွန်ဝမ်းသာပါ သည်။ သို့ရာတွင် ဖြောင့်ဖြောင့်တန်းတန်း ဝမ်းမသာနိုင်။ ကျွန်တော့်စိတ် သည် ခင်စန်းဆီသို့ ရောက်ရောက်နေသည်။

"ကဲ၊ ကဲ၊ သွားတော့" ဆိုသောအသံကိုကြားသည်နှင့် ဝမ်းမြောက်စွာ သုတ်ခြေတင်ခဲ့သည်။ စောစောတုန်းက နေရာမှာ ခင်စန်းမရှိတော့ချေ။





အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။ ဒီနေ့အဖို့ ဟိုစာအုပ်ကို ပေးရန်မဖြစ် နိုင်တော့ကြောင်း သိပါသည်။ မျက်နှာကလေးကိုပင် မြင်ရဆိုပြီး ဆင်းလာ ခြင်း ဖြစ်ပါသည်။ သို့ရာတွင် ကျောင်းဆင်ဝင်အောက်သို့ ရောက်သောအခါ သူ့ကို အရိပ်အယောင်မျှပင် မမြင်ရတော့။ တိုင်ကိုမှီရင်း စပ်ဖြဲဖြဲကြည့်နေ သော ဖွှင့်ကောင်း၏မျက်နှာကြီးကိုသာ စိတ်ပျက်စဖွယ် တွေ့လိုက်ရလေ သည်။ ကျောင်းပြန်ဖွင့်သည့်တိုင် စောင့်ပေဦးတော့။

ဖွှင့်ကောင်းကို စကားမပြောနိုင်သေးပဲ ကျောင်းဝင်းဝဘက်သို့ လှမ်းမျှော်ကြည့်သည်. သူ့နောက်ကျောကလေးကိုများ မြင်ရမလားလို့၊ သို့ ရာတွင် မတွေ့ရ။

ကျွန်တော့်စိတ်ထဲတွင် ဟိုယခင်ဆယ်တန်းတုန်းက အကျီအဖြူလက် တို၊ ထဘီစိမ်းစိမ်းကလေးဖြင့် ခေါင်းကလေးကို စောင်းငဲ့ရင်း ဆတ်တောက် ဆတ်တောက် လျှောက်ဝင်လာတတ်သော ခင်စန်း၏ပုံသဏ္ဌာန်ကလေးကို အရေးရေး မြင်ယောင်နေမိလေ၏။

အောင်စာရင်းထွက်သည်။

အားလုံးအောင်ကြကြောင်း ပြောဖို့မဝံ့မလိုပါ။ ထိုအတူ ကျွန်တော်တို့ အုပ်စု မည်သူမျှ ဂုဏ်ထူး၊ အထူးအောင်သည်ဖြင့် မပါဝင်ကြကြောင်းကို လည်း ပြောဖို့မလိုပါ။ ခင်စန်းများ အောင်စာရင်း လာကြည့်ဦးမလားလို့ ကြို့နယ်ကောင်စီရုံးမှာ သွားစောင့်သေးသည်။ သူ့အမေကြီးကိုယ်တိုင် လာ ကြည့်သွားသည်ကို တွေ့လိုက်ရသောကြောင့် လက်လျှော့လိုက်ရသည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

[၄]

အခြေအနေအရ သူ့အိမ်သို့ သွားရောက်လည်ပတ်ရန် မဖြစ်နိုင်ပါ။ အကြောင်းပြစရာကလည်း ဘာမျှမရှိတော့။ ပွင့်တောင်းနှင့် မော်ဆရာတို့က 'အကြောင်းပြနေစရာ မလိုပါဘူးကွာ။ အလည်သတ်သတ်လာတာပဲလို့ ပြောပြီးသွားပေါ့'ဟု အားပေးကြသော်လည်း ကျွန်တော်မသွားရဲ။

ကျွန်တော်သည် မိန်းကလေးများနှင့် စကားပြောရမည်ကို ရှက်တတ်ပါသည်။ အမေက ကျွန်တော်တို့အတွက် အစ်မ၊ နှမများမွေးမပေးခဲ့ပါ။ အိမ်မှာဆိုလျှင် ယောကျာ်းကလေးတွေချည်း။ ထို့ကြောင့် ကျွန်တော်တို့နှင့် ပတ်သက်၍ အိမ်ကို လာလည်ကြသော သူငယ်ချင်းများမှာလည်း ယောကျာ်းကလေးချည်း ဖြစ်ကြ၏။ ကျွန်တော့်အဖို့ မိန်းကလေးတွေနှင့် စကားပြောဆို





ဆက်ဆံသော အလေ့အကျင့်နည်းပါးသည်။ ကျောင်းမှာ မိန်းကလေးတွေ ရှိသော်လည်း သိပ်အရောတဝင်မနေခဲ့။ မိတ္တိနှင့် စကားပြောဖြစ်သော်လည်း အာလာပ သလ္လာပ စကားမျိုးမဟုတ်ချေ။ အပြောင်အနောက်၊ အတော့အငေါ့နှင့် ရန်စကားများသာ။ ယခုအခါ ကျွန်တော်အသက်လောက် ချစ်နေပါသည်ဆိုသော ခင်စန်းကိုပင် ဟိုယခင်အခါဆီက စကားငါးခွန်းပြည့်အောင် မပြောခဲ့ဖူးပါဟု ရှေ့ကဆိုခဲ့ပြီးပါကော။ စိတ်ကူးထဲ၌ ခင်စန်းသည် ကျွန်တော်၏ ဇနီးသည် ဖြစ်နေလောက်အောင် ရင်းနှီးနေပြီ ဖြစ်သော်လည်း လက်တွေ့အခြေအနေတွင်မူ ရင်းနှီးကျွမ်းဝင်မှုရအောင် ဖြန့်လည်၍ ကြိုးစားနေရဆဲသာ ဖြစ်သည်။

သူ့အိမ်သို့ သွားမလည်ရဲသောအခါ သူ့အိမ်ရှေ့မှ ဖြတ်လျှောက်ခြင်းကို ပြုလေသည်။ ဒီတော့ ပန်းခြံထဲဆင်းပြီး နှင်းဆီပန်းကလေးတွေခူးနေသော ခင်စန်းနှင့် တွေ့ရောဟုထင်လျှင် မှားပါလိမ့်မည်။ ကျွန်တော်ဖြတ်လျှောက်သောအချိန်မှာ ညလူခြေတိတ်ချိန်သာ ဖြစ်ပါသတည်း။

ညဘက် ဆယ်နာရီလောက်တွင် ပွင့်တောင်းနှင့် မော်ဆရာကို ခေါ်ပြီး သူတို့အိမ်ရှေ့မှ ဖြတ်ဖြတ်လျှောက်ပါသည်။ သူတို့အိမ်မှာ တစ်ခါတစ်ရံမီးပိတ်ထားပြီး၊ တစ်ခါတစ်ရံမီးဖွင့်ထားပါသည်။ ပြတင်းမှန်တွင် လူရိပ်လိုလိုမြင်လျှင် သူများ ဖြစ်နေမလားလို့ မချင့်မရဲလှမ်းကြည့်ရသေးသည်။ တစ်ခါကတော့ ပွင့်တောင်းမြှောက်ပေးသောကြောင့် သီချင်းတစ်ပိုင်းတစ်စကို မရဲတရဲ ဆိုမိသည်။ မာတုဒေဝကျောင်းသူဖြစ်သော ခင်စန်းကို ရည်ညွှန်း၍ 'ဘိမ်ဦးလေပြေ. . . လွှမ်းငွေ့တို့စေ. . . . ဖော်မရုံကြွမ်းလွှမ်းစိတ်တွေမျှော်ချင်တဲ့သူ မာတုကလျာဆွေ. . . လွှမ်းရတဲ့ဖြစ်အင် ထင်မြင်မိပေမယ်'ဟူသော နတ်သျှင်နောင်သီချင်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်ကလေးများသည် နောင်တစ်ချိန် မင်းပန်းနှင့် ကျွန်တော် ချစ်သူတွေဖြစ်လာကြလျှင် ရယ်စရာမောစရာအဖြစ် ပြန်ပြောင်းပြောပြရလျှင် အလွန်အရသာ ရှိလိမ့်မည်ဟု မျှော်လင့်ထားပါသည်။

ကျောင်းပြန်ဖွင့်ပြီ။ တကယ်ပြောတာ။ ရေဒီယိုမှ အမှန်တကယ် ကြေညာခြင်း ဖြစ်ပါသည်။ "ဒီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တို့ကို ဇန်နဝါရီလ ခြောက်ရက်နေ့တွင်လည်းကောင်း . . . "ဟု ကြေညာလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ထိုင်နေရာမှ ခုန်၍ထလိုက်တော့သည်။ အဝတ်အစားပင်မလဲတော့ပဲ ငွေငါးကျပ်နှင့် အကြွေများကို ယူပြီး ပွင့်ကောင်း၏အိမ်သို့ ထွက်လာခဲ့သည်။

"ပွင့်ကောင်းရေ၊ ဟေ့ကောင် ပွင့်ကောင်း"

အိမ်ထဲမဝင်ခင်ကပင် အော်၍လာခဲ့သည်။ အိမ်ရှေ့ခန်းရှိ ပက်လက်ကုလားထိုင်ပေါ်တွင် မှိန်းနေသော ပွင့်ကောင်းကို တွေ့ရ၏။ စောစောက ကျွန်တော်အော်ခေါ်နေတာ သူကြားဟန်မတူ။ "ဟေ့ကောင် ပွင့်ကောင်း" ဟု ထပ်ခေါ်လိုက်တော့မှ သူဆတ်ခနဲ လှည့်ကြည့်သည်။ "ဟင့်အင်း" ဆိုပြီး ခေါင်းထောင်ကြည့်သည်။ ကျွန်တော်က အလောတကြီး ပြောလိုက်၏။

"ကျောင်းဖွင့်တော့မယ်ကွ၊ နောက်လခြောက်ရက်နေ့"

"ဟေ၊ အိမ်း"





ပွင့်ကောင်းသည် ရုတ်တရက်အံ့ဩသွားဟန်၊ ဝမ်းသာသွားဟန်တို့ကို မပြမချေ။ ကျွန်တော်က ဝမ်းသာအယ်လည်း လာပြောတာကို သူ၏တုံ့ပြန်ချက်က အားရှုပယ် မရှိသောကြောင့် အောင့်သက်သက် ဖြစ်သွားရသည်။ သူသည် ပက်လက်ကုလားထိုင် နောက်မှီပေါ် သို့ ခေါင်းကို လေးလေးကြီး ငြိမ့်မှီလိုက်သည်။ မြက်ခင်းကို ငေးကြည့်နေပြန်သည်။ ကျွန်တော် အားမလိုအားမရ ဖြစ်လာပြီး သူ့ကို တစ်ခုခုပြောမည် ကြံလိုက်စဉ် . . .

"အေး၊ ကောင်းတယ်၊ ကောင်းတာပေါ့ကွာ"

သူ့ပြောပုံမှာ အေးစက်စက်နိုင်လွန်းလှသည်။

"မအေပေး၊ မင်းသောက်ပုံက ဘာဖြစ်နေတာလဲ၊ ကျောင်းဖွင့်တာကို မင်းမပျော်ဘူးလား"

"ပျော်တော့ပျော်တာပေါ့ကွာ၊ ဒါပေမဲ့"

"ဒါပေမဲ့၊ ဘာဖြစ်လဲ"

"ဒါပေမဲ့ ကျောင်းက ခြောက်ရက်နေ့မှ ဖွင့်မှာကွ၊ အဝေးကြီးလိုသေးတယ်။ ငါက နက်ဖြန်လောက် ပြန်ဖွင့်စေချင်တာ။ အေးငယ်နဲ့ တွေ့ချင်လှပြီကွာ"

ပွင့်ကောင်းက တဟားဟား ရယ်နေသည်။ ခုမှပင် ဒီကောင် ကျွန်တော့်ကို အကြောင်းနိုက်နေမှန်း သိလိုက်ရသည်။ သူဆက်ပြော၏။

"လူလတ်ရာ၊ ငါလည်း သတင်းကြေညာတာကို ညတိုင်း နားထောင်တာပါကွ၊ ကျောင်းပြန်ဖွင့်မယ့် သတင်းကို ငါလည်း သိပြီးပါပြီ။ မင်းလာပြောပုံက တစ်ခါတည်း အပြေးအလွှား မောကြီးပန်းကြီးနဲ့၊ မျက်နှာကလည်း ပြုံးပြုံးတော့ ဖြဲနေတာပဲ။ ဒါကြောင့် မင်းကို အကြောင်းနိုက်တာ"

"ဒါဖြင့် မင်းလည်း ပျော်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“မပျော်ဘဲ နေပါ့မလားကွာ။ အချစ်နဲ့ ပြန်တွေ့ရတော့မှာပဲဟာ။ ဘာလဲ၊ ဂျာမန်စကားပုံတောင် ရှိသေးတယ်”

“ဘာတဲ့လဲကွ”

“ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခောတဲ့”

“အမယ်၊ ဂျာမန်ဘာသာကလည်း ပါဠိလိုလို ဘာလိုလိုနဲ့။ အဲဒီစကားပုံရဲ့ အဓိပ္ပာယ်က လူမိုက်ကို မပေါင်းသင်းရာတဲ့။ ဟုတ်တယ် မဟုတ်လား”

“နီးတဲ့မှပဲ။ ချစ်သူနှင့် ကွေကွင်းရခြင်းသည် ဒုက္ခပါကွ”

“အေးပါ၊ ငါသိပါတယ်။ နောက်တစ်ခုရှိသေးတယ်။ ရုရှစကားပုံကွ။ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခောတဲ့”

“အဓိပ္ပာယ်က မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖက်ရခြင်းသည် ဒုက္ခတဲ့။ ဒီတော့ မင်းနဲ့ငါ မပေါင်းတော့ဘူး”

“နေပေါ့ကွ။ ငါက မင်းကို လက်ဖက်ရည် တိုက်မလို့ လာခေါ်တာ”

“ဒါဆိုလည်း ပြန်ပေါင်းထုတ်ကြရအောင်ကွာ”

“တဲ၊ ထကွာ။ မှော်ဆရာကို သွားခေါ်ရအောင်”

မှော်ဆရာ၏ အိမ်သို့အဝင် မြောင်းကူးတံတားပေါ် ရောက်ကတည်းက သူ့နာမည်ကို အော်ခေါ်လိုက်သည်။ မှော်ဆရာ ဆင်းလိုက်လာသည်။ ကျွန်တော်တို့ လာခေါ်မည်ဟု ထင်သောကြောင့် အဆင်သင့် စောင့်နေဟန် တူ၏။

“မှော်ဆရာ မင်းသိပြီးပြီလား။ ကျောင်းဖွင့်တော့မယ်”

ကျွန်တော်က ပွင့်ကောင်းထက် ဦးအောင် ပြောလိုက်သည်။ မှော်ဆရာက ခေါင်းညိတ်ပြ၏။ သူ့ပုံစံကလည်း ခုနက ပွင့်ကောင်းလုပ်ခဲ့သလိုပင် အေးစက်စက်။ ကျွန်တော် ရယ်ချင်သွားသည်။





“ပေါ့ကောင်၊ လုပ်မနေနဲ့၊ ဒါတွေ ရိုးသွားပြီ”

“ဘာလဲကွ”

“မင်း၊ ခု အိုက်တင်လုပ်နေတာ မဟုတ်လား”

“ဘာအိုက်တိုင်လဲ”

“ကျောင်းဖွင့်တာကို ဝမ်းသာရက်သားနဲ့ ဘာမှ မဖြစ်ဟန်ဆောင်နေတာ မဟုတ်လား။ မရတော့ဘူး ကိုယ့်လူ၊ ခုန ပွင့်ကောင်းက လုပ်သွားပြီးပြီ”

“ဟာ ဘာတွေပြောနေတာလဲ၊ ဘာဖြစ်လို့ ဝမ်းသာရမှာလဲ”

မှော်ဆရာက တကယ်ပင် ခပ်တည်တည်ပြောနေသည်။

“ကျောင်းပြန်ဖွင့်ရင် မင်းလည်းမြနဲ့ တွေ့ရတော့မှာပါ”

မှော်ဆရာက ခုမှတစ်ခါရယ်သည်။ ပြီးတော့

“ကျောင်းမဖွင့်ရင်လည်း မြနဲ့ငါနဲ့ နေ့တိုင်းတွေ့တာပဲ။ ညနေ သူ ရုံးဆင်းရင် ငါသွားကြိုတာပဲဟာ၊ ငါ့အဖို့ ဘာမှ မထူးပါဘူး။ တစ်ခုပဲ ရှိတယ်။ ကျောင်းပြန်ဖွင့်ပြီဆိုရင် ကျောင်းလခကြွေးကျန်တာတွေ ပေးရတော့မှာပဲ”

“ဟိုက် ဟုတ်သားပဲ၊ ငါလည်း ငွေမသွင်းရသေးဘူး”

ပွင့်ကောင်းက အလန့်တကြား ဝင်ပြော၏။ သူကား အိမ်ကပေးလိုက်သော ကျောင်းလခငွေများကို မသွင်းဘဲ သုံးသုံးပစ်လိုက်တာ မြောက်လှစွာ လောက် ရှိနေပြီဖြစ်သည်။ တကယ့် တကယ်တော့ ကျွန်တော်သည်လည်း ငွေ မသွင်းရသေးပါ။ သို့ရာတွင် ခင်စန်းနှင့် ပြန်တွေ့ရမည်ကိစ္စနှင့်စာလျှင် ကျောင်းလခကိစ္စသည် အသေးအဖွဲ့။ ခဏမျှ စကားမပြောနိုင်ပဲ ဖြစ်သွားကြသော သူတို့နှစ်ယောက်ကို ကျွန်တော်ကပင် စကားစလိုက်ရသည်။

“ဒါဒါတွေ ထားလိုက်စမ်းပါကွာ၊ အိမ်ကို ကျောင်းလခကြွေး တောင်းတဲ့စာရောက်လာရင် လူကြီးတွေ သိသွားမှာပဲ၊ အဲဒီအခါကျမှ



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပါးပါး အဆူခံလိုက်ပေါ့၊ ပြေလည်သွားမှာပါ"

လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး လက်ဖက်ရည်မှာလိုက်သော အချိန်မှာပင် သူတို့သည် စောစောတကကို မေ့သွားကြဟန်တူသည်။ ကျွန်တော်၏ အားမပေးစကားကြောင့်တော့ မဟုတ်နိုင်ပါ။ 'ဘယ်လိုပဲ ဘယ်လိုပဲဖြစ်ဖြစ် ပေးတာတော့ ပေးရမှာပဲ' ဟု စိတ်နှလုံးတုံးတုံးချလိုက်သော ကြောင့်လား အခြေအနေအရ အကြောင်းကြောင်းကို တောက်တားပြီး ကျောင်းလခများကို လျှော့ပစ်ကောင်း လျှော့ပစ်လိမ့်မည်ဟု စိတ်သက်သာရာ ရလိုက်ကြသောကြောင့်လား မသိ။ သူတို့ မျက်နှာတွေ သာသာယာယာ ရှိလာကြသောကြောင့် ဟိုတီစရအတွက် စကားစရန် အခါအခွင့်သင့်လာသည်၊

"အေးကွာ အဲဒါကွာ ကျောင်းပြန်ဖွင့်ရင် ဘာလုပ်ရင် ကောင်းမလဲ"

"ကျောင်းဖွင့်ရင် ကျောင်းတက်ရမှာပေါ့ကွ"

မော်ဆရာက ကျွန်တော့်ဆိုလိုရင်းကို သိလျက်နှင့် စကားလမ်းကို ပြောင်းပစ်သည်။ ပွင့်ကောင်းကလည်း ဒီလိုနေရာတွင်တော့ အသွက်၊ မော်ဆရာ့စကားကို လိုက်နင်း၏။

"အေး ဟုတ်တယ်၊ ကျောင်းမှန်မှန်တက်ရမယ်၊ စာကြိုးစားရမယ်၊ ပညာရေးကလွဲပြီး ဘာကိုမှ စိတ်မဝင်စားသင့်ဘူး"

အတန်ငယ် ညစ်ပတ်သော စကားလုံးဖြင့် သူတို့ကို ဆဲလိုက်သည်။ မော်ဆရာက ပြောသည်။

"မင်းကလည်း အကြောင်းသိ အချင်းချင်းတွေပဲဟာ၊ ခင်စန်းကိစ္စ ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ ပြောလိုက်ရင် ပြီးတာပဲ"

"အေးကွာ ခင်စန်းကိစ္စ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

ပွင့်ကောင်းသည် မေးစေ့ကိုပွတ်၍ စဉ်းစားနေပြီး . .





"ကျောင်းဖွင့်ရင် ခင်စန်းနဲ့ တစ်ခါနှစ်ခါလောက် ထပ်တွေ့လိုက်။ ပြီး မင်းနဲ့ရှုရအောင် ကြိုးစား။ သူတို့အိမ်ကို သွားလည်တုန်းကလို အသေ ...ကောင်ကြီးပုံမျိုးနဲ့ ဘာမှမပြောဘဲတော့မနေနဲ့။ နည်းနည်းရင်းနှီးလာပြီဆိုရင် အအေးဆိုင်ကလေးဘာလေး ခေါ် သွားပေါ့"

"သူက လိုက်ပါ့မလားကွ"

"လိုက်မယ်ထင်တယ်။ ခင်စန်းက ကျွမ်းခြေရှိတယ်ဆိုပေမယ့် ရှေးရိုးဆန်တဲ့ မိန်းကလေးမျိုး မဖြစ်နိုင်ဘူး။ မင်းနဲ့အအေးဆိုင် လိုက်လာလို့ သူ့သိက္ခာထိခိုက်မယ်လို့ ထင်မှာ မဟုတ်ဘူး။ ပြီးတော့လည်း သူတစ်ယောက်တည်းတော့လည်း လိုက်ပါ့မလားကွ။ သူငယ်ချင်းတစ်ယောက်လောက်တော့ ပါလာမှာပေါ့"

မော်ဆရာကပင်ပြောသည်။ သူပြောတာဖြစ်နိုင်သည်။ ခင်စန်းသည် ကျွန်တော့်အပေါ် ပစ်ပစ်ခါခါပြုလိမ့်မည်ဟု ကျွန်တော်မထင်။ ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်ဖြစ်သော ကျွန်တော့်ကို လိုက်လိုက်လျောလျော ဆက်ဆံလိမ့်မည်မှာ သေချာသည်။

"အေးကွာ၊ ဟုတ်တယ်၊ မင်းတို့ပြောသလိုပဲ"

နောက်ဘက်မှ 'ဗီခနဲ' အသံတစ်ခု ကြားလိုက်သောကြောင့် စကားကို မဆက်တော့ဘဲ ရုတ်တရက် ရပ်ပစ်လိုက်ရသည်။ ငှက်ဆိုးထိုးသံလိုလို၊ ပုရွက်ဆိတ်သံလိုလို လုပ်တတ်သူမှာ ဒီကောင်တစ်ယောက်တည်းသာ ရှိသည်။ သူ့တော်စိန်လာပြီ၊

"ပေါ်တွေ ဘာကျိတ်ပြီး ကြံစည်နေတာလဲ"

သူတော်စိန်က ဝင်ထိုင်ရင်း ပြောသည်။ "လက်ဖက်ရည်တစ်ခွက်စာ တစ်ဆက်တည်းမှာသည်။ သူ့ကို ခပ်ချဉ်ချဉ်ရှိသောကြောင့် "မင်းနဲ့မကိုမိုးပြေးမလို့ တိုင်ပင်နေတာ" ဟု ပြန်ပြောလိုက်သည်။ သူတော်စိန်



www.burmeseclassic.com

www.burmeseclassic.com



အဖြတ်ကျွတ်သွားပြီဟု ထင်လျှင် မှားပါလိမ့်မည်။ သူပြန်ပြောသောစကားမှာ

"တကယ်လား။ ဘယ်တော့လဲ၊ ငါမသိချင်ယောင်ဆောင်ပြီး ရှောင်နေလိုက်မယ်"

သူတော်စိန်ကား အဲဒီလိုအကောင်း၊ သူရောက်လာသောကြောင့် ဟိုကိစ္စကို ဆက်မပြောဖြစ်တော့။ မသဗ္ဗါရေစာ လက်ဖက်ရည်တစ်ခွက်သာ ဟိုက်လိုက်ရသည်။

"နေပါဦးကွ။ ခုန မင်းတို့ဘာပြောနေတာလဲ"

သူတော်စိန်က မေးသည်။ မော်ဆာရာက ပြန်ဖြေသည်။

"ဟိုဟာပါကွာ၊ တို့ကျောင်းတွေ ပြန်ဖွင့်ရင် ကျောင်းသားကြေးကျန်တာတွေ ပေးရတော့မယ် မဟုတ်လား၊ အဲဒါ"

သူတော်စိန်က ဖြင်းဟီးသံမျိုးဖြင့်ရယ်လိုက်ပြီး

"ဟီး၊ ဟီး၊ ဒါများ အထူးအဆန်းလုပ်လို့။ အားလုံးဒီလိုချည်းပဲ။ ငါဆိုရင် စာမေးပွဲကြေးတောင် မသွင်းရသေးဘူး။

●

ကျောင်းပြန်ဖွင့်ဖွင့်ချင်း အရေးတကြီး ပြုလုပ်ရမည့် ကိစ္စတစ်ခုရှိသည်။ ကျောင်းသားကြေးကျန်ငွေသွင်းဖို့ လုံးဝမဟုတ်ပါ။ အချိန်စာရင်းကူးဖို့သာ ဖြစ်သည်။ အချိန်စာရင်းဆိုရာ၌ ကျွန်တော်တို့အတန်း အချိန်စာရင်း မဟုတ်ပါ။ ခင်စန်းတို့အတန်း၏ အချိန်စာရင်း။ ပြီးတော့ ခင်စန်းကိုပေးဖို့ စာကိုလည်း လွယ်အိတ်ထဲမှာ အမြဲထည့်ထားရမည်ဟု စိတ်ကူးမိသည်။

ကိုင်း၊ ကျွန်တော့်ဘက်ကတော့ အဆင်သင့်ဖြစ်ပြီ။

●●●



## ၃

ဓာတုဗေဒဌာနအခန်းအမှတ် S.17 သို့ သွားရာစင်္ကြံမြို့အုတ်ခုံပေါ်မှာ ကျွန်တော် ထိုင်စောင့်နေသည်။ ခင်စန်းသည် S.L.9 မှ အတန်းပြီးလျှင် ဒီလမ်းအတိုင်း လာပြီး S.17 သို့ ဝင်ရမည်ဟု ခန့်မှန်းထားသောကြောင့် ဖြစ်ပါသည်။ ခင်စန်း၏ အချိန်စာရင်းသည် ကျွန်တော့်ဆီမှာ ရှိပြီးသား။ ကျောင်းစဖွင့်သည့်နေ့ဖြစ်သော ယမန်နေ့ကပင် သူ့အချိန်စာရင်းကို သွားကူးထားခဲ့သည်။

အချိန်စာရင်းကူးရာတွင် ပြဿနာတစ်ခုတက်သည်။ ဓာတုဗေဒနောက်ဆုံးနှစ် အချိန်စာရင်းမှာ နှစ်ခု ဖြစ်နေသည်။ တန်းခွဲတစ်ခုနှင့် နှစ်။ ခင်စန်းသည် ဘယ်တန်းခွဲကဆိုတာ ကျွန်တော်မသိ။ နှစ်ခုစလုံးကိုပင် ကူးလာခဲ့ရသည်။ သို့ရာတွင် ကျွန်တော်နှင့် ခင်စန်းတို့မှာ ဘာဝဘာဝက နဖူးစာ [illegible] [illegible]သေးမသိ။ တန်းခွဲပြဿနာကို ဖြေရှင်းပေးမည့်သူနှင့် တိုက်တိုက်ဆိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြုံခဲ့ရသည်။ မာတုစေဒဌာနအပေါ် ထပ်မှ အောက်သို့ ဆင်းအလာ လှေကားထိပ်တွင် သိန်းရွှေကို တွေ့ခဲ့ရခြင်းပင်ဖြစ်သည်။ သိန်းရွှေသည် ဆယ်တန်းကုန်းက ကျွန်တော်တို့နှင့် အတန်းချင်းမတူသော်လည်း လူချင်း သိနေခဲ့သည်။ မတွေ့တာကြာလို့ စကားလေးဘာလေးပြောရအောင်ဆိုပြီး လက်ဖက်ရည်ဆိုင်သို့ သူ့ကို ခေါ်လာခဲ့၏။ခင်စန်းအကြောင်းကို သူ သိလို့ မဖြစ်သေး။ ထို့ကြောင့် ဥပါယ်တံမျဉ်ဖြင့် လှည့်ပတ်မေးရသည်။

အရင်ဆုံး တခြား သူငယ်ချင်းတွေ အကြောင်း လျှောက်ပြောနေရသည်။ မော်ဆရာက ကြေးနန်းရုံမှာ အလုပ်လုပ်နေသောကြောင့် လုပ်သားများကောလိပ်တက်နေကြောင်း၊ သူတော်စိန်လည်း လုပ်သားများ ကောလိပ်မှာပင် ဖြစ်ကြောင်း။ ပွင့်ကောင်းက ဘူမိဗေဒယူသောကြောင့် သမိုင်းသဘာဝ သိပ္ပံဘာတ္တသိုက်မှာ တက်ရသော်လည်း အေးငယ်ရှိရာ သချင်္ချာဌာနမှာပင် နေတိုင်းလိုလိုရှိကြောင်း၊ ပြီးမှ စကားကြုံသလိုလိုလုပ်၍. . .

"ဒါနဲ့ မင်းက ဘယ်မေဂျာစာကြီးနော်"

"ကေးလေ"

"စက်ရှင် ဘယ်လောက်လဲ"

"တူး"

ကျွန်တော်သည် လက်ဖက်ရည်ကို ကုန်အောင်သောက်လိုက်ပြီး. . .

"ဟိုး မင်းတို့အတန်းထဲမှာ ငါတို့ကျောင်းက လူတွေရှိတယ်မဟုတ်လား။ ဟိုကောင်လေကွာ"

ကျွန်တော်က ချက်ချင်း စဉ်းစားလို့ မရဟန်ပြုလိုက်သည်။ သူက

"မရှိပါဘူးကွာ။ ငါတို့အတန်းထဲမှာ တို့ကျောင်းက ထွက်တဲ့လူ တစ်ယောက်မှ မရှိဘူး၊ ဇော်ဝင်းဦးက အိုင်စီမှာ"





ကျွန်တော်သည် 'ပြော်ကုတ်သားပဲ' ဟုခပ်ပေါ့ပေါ့ပြောလိုက်သော်လည်း စိတ်ထဲက တော်တော်ဝမ်းသာနေ၏။ သေချာပြီ။ ခင်စန်းသည် တန်းခွဲတစ်က၊ အမယ်၊ သိန်းရွှေကတုံးက ကျွန်တော့်အထင်ကို ထပ်ပြီးသေချာစေပြန်သည်။ သူသည် ကျွန်တော့်အကြောင်းကို မရိပ်မိရှာဘဲ ပြောသည်။

"ပြော်၊ စက်ရှင် ဝမ်းမှာတော့ ခင်စန်းရှိတယ်၊ ဆယ်တန်းတုန်းက မင်းတို့အတန်းထဲက လေကွာ"

"ခင်စန်း၊ ခင်စန်း၊ ပြော် မှတ်မိပြီ၊ မတွေ့တာကြာတော့ မေ့တော့ ဖြစ်နေပြီ"

ကိုင်း၊ မပိုင်လားခင်ဗျာ၊ သိန်းရွှေကတော့ ဘာမှမသိလိုက်ရှာပဲ လက်ဖက်ရည်တစ်ခွက် သောက်ရသဖြင့် ကျေနပ်နေတွေတင်သွားသေးသည်။

●

မိန်းကလေးတစ်ဆိုက် စကားဆူညံစွာပြောရင်း လျှောက်လာသောကြောင့် ခင်စန်းများပါမလားလို့ ကြည့်သည်။ မဟုတ်ပါ။ S.17 ထဲ ဝင်သွားကြသောကြောင့် ခင်စန်းတို့အတန်းက ဖြစ်ကြောင်းသိလိုက်ရ၏။ အတန်းတစ်ချိန်နှင့် တစ်ချိန်ကြားတွင် ဆယ်မိနစ်လောက်သာ အနားရသည်။ S.E. 9 နှင့် S.17 သည် အတန်းဝေးလှမ်းသောကြောင့် ထိုနှစ်ခန်းတစ်ခုနှင့် တစ်ခု အကူးကြားတွင် ဟိုဟိုဒီဒီ ဝင်နေလို့မဖြစ်၊ အိမ်သာဝင်ဖို့ အချိန်ဝင် မရဟု ထင်သည်။ မိန်းကလေးတို့သည် အိမ်သာဝင်လျှင် ကြာတတ်သည် မဟုတ်လား။ ဘာကြောင့် ကြာရကြောင်းကို ကျွန်တော်မသိဖို့အမှန်ပါ (မနောက်ပိုင်းတွင် ဘာကြောင့် ကြာရသည်ကို ကျွန်တော်သိရကြောင်း ဘာဖြစ်နေရာတွင်ဖော်ပြပါမည်)။ မည်သို့ပင်ဖြစ်စေ ခင်စန်းသည် S.17 ဝင် ဘာ‌ဖြစ်သာရမည်။ S.17 သို့ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ ဝင်နေကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်သောကြောင့် ခင်စန်းလာခါနီးပြီဟု သိရသည်။

ယော ပြောရင်းဆိုရင်း ရောက်လာပြီ၊ ခင်စန်းသည် သူ့သူငယ်ချင်း တစ်ယောက်နှင့်အတူ လျှောက်လာနေသည်။ ထုံးစံအတိုင်း ခေါင်းကလေး ခေါင်းငုံ့ရင်း လျှောက်လာသောကြောင့် ကျွန်တော့်ကို သူမမြင်၊ ကျွန်တော် သည် ဓာတ်ခုံပေါ်မှ ဆင်းလိုက်လျှင်ကောင်းမလား။ ဆက်ထိုင်နေရင် ကောင်းမလား။ လှမ်းခေါ်လိုက်ရကောင်းမလား။ စကားမှ လတ်ခံပြောပါ့ မလား။ ဘာလုပ်လို့ ဘာတိုင်ရမှန်းမသိဘဲ ဖြစ်နေသည်။ ထိုအချိန်မှာပင် သူတို့နှစ်ယောက်သည် ကျွန်တော့်ရှေ့တည့်တည့်မှာ ရပ်လိုက်သည်။ ကျွန်တော် လန့်သွား၏၊ အမှန်မှာ ကျွန်တော့်ကို မြင်သောကြောင့် ရပ်လိုက် ခြင်း မဟုတ်ပါ။ ကျွန်တော့်အေးမှာ ထိုင်နေသော လူတစ်ယောက်သည် ဓာတ်ခုံပေါ်မှ ဆင်း၍ သူတို့နားမှာ သွားရပ်သောကြောင့် ဖြစ်သည်။ ခင်စန်းနှင့် ပါလာသော အမျိုးသမီးနှင့် စကားပြောသည်။ ခင်စန်းသည် ဒီဘက်မှာ တစ်ယောက်တည်း သူတို့နှင့် ခပ်ခွာခွာရပ်နေသည်။ ကျွန်တော် သည် ဘယ်လိုက ဘယ်လို ဓာတ်ခုံပေါ်မှ ဆင်းလိုက်မိမှန်း မသိ၊ ခင်စန်း ကျွန်တော့်ကို မြင်သွားသည်၊ ပြုံးပြ၏၊ အမယ် ဘယ်ဆီးလိုလဲကွယ်။ ကျွန်တော်ကလည်း အားကျမခံ ပြန်ပြုံးပြပြီးလျှင် ဘာပြောလျှင် ကောင်း မလဲဟု အပူတပြင်း စဉ်းစားလိုက်သည်။

"ဘယ်သွားမလို့လဲ"

မေးပြီးမှ ကျွန်တော့်စကားသည် သိပ်အဓိပ္ပာယ်မရှိကြောင်း သိလိုက် သည်၊ ခင်စန်းကမူ မည်သို့မျှ သဘောမထားဘဲ ပြန်ဖြေသည်။

"အတန်းရှိတယ်"

S.17 ဘက်သို့ တစ်ချက် လှည့်ကြည့်သည်။ ပြီးတော့ "အတန်း မရှိ ဘူးလား" ဟု မေးသည်။ ကျွန်တော်က "ရှိတယ်" ဟု ယောင်ပြီး ဖြေမိ၏၊





အကယ်လည်း အတန်းရှိပါသည်။ အတန်းရှိလျက် ဖျက်ပြီး လာခြင်းသည် ကြွားခါနီးကလေးတစ်ယောက်ယောက်ကို လာစောင့်ခြင်း ဖြစ်သည်ဟု သူ ထင်သွားမည်ကို ကျွန်တော် စိုးရိမ်မိခြင်းသာ ဖြစ်ပါသည်။

"ဟိုမေ ကိစ္စရှိလို့ ဟိုဥစ္စာ၊ သိန်းရွှေကို လာစောင့်နေတာ" ဟု သူ အထင်မလွဲအောင် ပြောလိုက်သည်။ အမှန်တော့ ကျွန်တော့်ဘာသာ တစ်ယောက်တည်း လျှောက်စိုးရိမ်နေခြင်းပင်။ သူကတော့ ဘယ်လိုမှ ထင်ပုံမရ။ ဟုတ်လည်း ဟုတ်သားပဲ။ သူနဲ့ကျွန်တော် ဘာဖြစ်နေလို့ အထင် လွဲရမှာလဲ။

သူ့ သူငယ်ချင်းနှင့် ဟိုလူနှင့်လည်း စကားပြတ်သွားပြီ။ ခင်စန်းက "သွားမယ်၊ ဟိုမှာ အတန်းချိန်နီးနေပြီ" ဟု နှုတ်ဆက်ပြီး ထွက်သွားသည်။ ကျွန်တော်လည်း ပြုံးပြုံးကြီး ခေါင်းညိတ်ပြလိုက်ပြီးလျှင် သူထွက်သွားရာ သို့ ငေးကြည့်နေရာမှ ဝမ်းသာအားရ နောက်ပြန်လှည့်လိုက်သောအခါ ထိုဘက်မှလာနေသော လူတစ်ယောက်ကို ဝင်တိုက်မိလေတော့သည်။

"ဟာ ကန်တော့ဆရာ"

ရူပဗေဒဌာန ပါမောက္ခဆရာကြီး ဒေါက်တာ ဘဝင်းအောင်သည် ကျွန်တော့်ကို ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

ခင်စန်းကို စာပေးဖြစ်သောနေ့ မတိုင်ခင်က အဖြစ်အပျက်များမှာ သိပ်ထူးထူးခြားခြား မရှိလှပါ။

ကျွန်တော်က ဓာတုဗေဒဌာနဘက်မှအလာ သူက ဓာတုဗေဒဌာန ဘက်မှအလာ အမျိုးသား အပန်းဖြေခန်းတော်နားတွင် ဆုံကြ၏၊

"ဟော ဘယ်သွားမလို့လဲ"

သူက ပြုံးပြီး "ဟိုဘက်" ဟု ပြောသည်။ ကျွန်တော့်ကို ဘာမျှ မမေးသော်လည်း "ဟိုလည်း ဟိုဘက်ပဲ" ဟု ပြောပြီး သူနှင့် အတူသွားရာသို့



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားလိုက်ရ၏။ အမှန်မှာ ကျွန်တော် သူ့ဆီသို့ လာခြင်းသာဖြစ်ပါသည်။ ခပ်လှမ်းလှမ်းရောက်မှ သူ့ကို မသိမသာ လှည့်ကြည့်ရသည်။ ခင်စန်းနှင့် သူ့သူငယ်ချင်းတို့သည် အမျိုးသမီးအိမ်သာထဲသို့ ဝင်သွားသည်ကို တွေ့လိုက်ရသောအခါကျမှ ကျွန်တော်လည်း ရူပဗေဒဘက်မှလှည့်ပြီး လာလမ်းအတိုင်း ပြန်လာခဲ့သည်။

ခုအချိန် ကျွန်တော်တို့ အတန်းရှိသည်။ သင်္ချာ ၄၀၆၊ သမိုင်း ဒဿန နည်းပြတန်း။ စောစောတုန်းက ခင်စန်းဆီ သွားချင်သောကြောင့် လစ်လာခဲ့ခြင်းဖြစ်သည်။ ခုကျတော့ နည်းပြတန်းဟာလည်း အရေးကြီးတာပဲဟု ဆုံးဖြတ်ပြီး အတန်းရှိရာသို့ လာခဲ့သည်။ အတန်းထဲမှာ ဆရာပင် ရောက်နေပြီ။ ဆရာ့ကို အားနာပြုံး ပြုံးပြပြီး နောက်တန်းမှာ ဝင်ထိုင်လိုက်သည်။ ဆရာသည် ပြီးခဲ့သောနည်းပြတန်းက ဖြေဆိုချက်များနှင့် ပတ်သက်၍ ရှင်းပြနေ၏။

သမိုင်းသည် အစဉ်သဖြင့် ဆုတ်ယုတ်နေသလော၊ အစဉ်သဖြင့် တိုးတက်နေသလော၊ ဆုတ်ယုတ်ချည်တစ်ခါ၊ တိုးချည်တစ်လှည့် ဖြစ်နေသလော၊ ချာလပတ် လည်နေသလော၊ သမိုင်းတွင် အစနှင့် အဆုံးဟူ၍ ရှိသလော။ သမိုင်းဖြစ်စဉ်တို့သည် စနစ်တကျ ရှိသလော၊ ပရမ်းပတာ ဖြစ်နေသလော။ ဓမ္မဓိဋ္ဌာန်ကျသော သမိုင်းအမြင်ဟူသည်ကား အုပ်စုလိုက်ခွဲကိုင်ထားသော ဝါဒအစွဲအလမ်းများကို ပယ်ရမည်၊ ပုဂ္ဂိုလ်စွဲဖြင့် ဘက်လိုက်မှု အာဃာတ တရားထားရှိမှုများ မပါဝင်စေရ၊ ကြည်လင်သန့်ရှင်းသော အမြင်ဖြစ်ရမည်။ ထိုအမြင် . . .။

●●●



## [၆]

ကဲ . . . ကျွန်တော် ခင်စန်းကို စာပေးခဲ့သည့် အကြောင်းကို ဆက်ကြဦးစို့။

ခင်စန်းတို့ အတန်းသည် ဒီနေ့ သုံးနာရီခွဲမှာ ပြီးမည်။ သုံးနာရီ မိနစ်နှစ်ဆယ်လောက်တွင် သူတို့အတန်းနားသို့ လာခဲ့သည်။ သို့ရာတွင် စင်္ကြံလမ်းပေါ် ရောက်လာရင်း သူတို့အတန်းကို လှမ်းကြည့်လိုက်ရာ လူတစ်ယောက်မျှ မရှိတော့။ အတန်းစောပြီးတာလား၊ ဆရာမလာလို့ အတန်းမရှိတာလား မသိရ။ အခန်းပေါက်ဝမှ မသိမသာ ကြည့်သောအခါ အထဲမှာ စကားပြောနေသော ကျောင်းသူ သုံးလေးယောက်ကို တွေ့ရသည်။ ထို့ကြောင့် အတန်းပြီးတာ မကြာသေးဟု ခန့်မှန်းလိုက်သည်။ ဝေး ကားမှတ်တိုင် မြန်မြန်လိုက်လျှင် မီနိုင်သည်။ ခုရက်အတွင်း ခင်စန်းတို့ စီးသော ဖယ်ရီကား



www.burmeseclassic.com

www.burmeseclassic.com



ပျက်နေသောကြောင့် ဘတ်စ်ကားဖြင့် ပြန်ကြောင်း ကျွန်တော် သိပြီးသား။ သိပ္ပံကျောင်းဆောင် ဘေးဘက်အပေါက်သို့ ရောက်သောအခါ ခဏရပ်၍ စဉ်းစားသည်။ အင်းလျားဆောင်နောက်ဘက် စားသောက်ဆိုင်တန်းဘက်က သွားမလား၊ အင်းဝ စားသောက်ဆိုင်တန်းဘက်က သွားမလား။ အတွဲမရှိသေးသော မိန်းကလေးတို့သည် များသောအားဖြင့် အင်းလျားဆောင် စားသောက်ဆိုင်များမှာ ထိုင်လေ့ရှိသည်ဟု ပွင့်ကောင်းက ပြောဖူးသည်။ ထို့ကြောင့် ဘယ်ဘက်ကိုကွေ့ပြီး လျှောက်လာခဲ့၏။ စားသောက်ဆိုင်တန်းတွင် စားရင်းသောက်ရင်း စကားဆုညံ ရယ်မော ဟားတိုက်နေကြသော မိန်းကလေးတစ်သိုက်ကို တွေ့ရသည်။ ခင်စန်း မရှိ။ အင်းဝ စားသောက်ဆိုင်တန်းဘက်သို့ ပြန်လှည့်ပြီး ရှာမည်ဟု စိတ်ကူးမိသေးသည်။ ဟိုမဒီ၊ ဒီမဒိ ဖြစ်မည်စိုး၍ ဆက်လျှောက်လာခဲ့သည်။ ပုဂံလမ်းပေါ်တွင် မြေလှမ်းကို သွက်သွက်လှမ်းရ၏။ ရှေ့နားမှာများ သူရှိနေမလားဟု လှမ်းကြည့်သော်လည်း မတွေ့ရ။

ပုဂံလမ်းထိပ်သို့ အရောက်မှာပင် ၁၆ ဘတ်စ်ကားပေါ်သို့ လှမ်းတက်နေသော သူ့ကို တွေ့လိုက်ရလေသည်။ ကားပေါ် ပြေးတက်လျှင် မီနိုင်သော်လည်း မှတ်တရက် ကြောင်၍ ရပ်နေမိ၏။ ကားမှတ်တိုင်တွင် ကျွန်တော့်အပြင် တခြားလူနှစ်ယောက်သာ ရှိသည်။ သူတို့သည်လည်း ကားပေါ်တက်သွားသော ခင်စန်းကို ကြည့်နေကြ၏။ အသားညိုညိုလူက အသားလတ်လတ်လူကို လက်တုတ်ပြီး တစ်စုံတစ်ခု ပြောလိုက်သည်ကို တွေ့လိုက်ရသည်။





အသားလတ်လတ်လူသည် ထွက်လုဆဲဆဲ ဖြစ်နေသော ဘတ်စ်ကား၏ နောက်ပေါက်မှ ခုန်တက်လိုက်လေသည်။ ခုမှပင် ကျွန်တော်လန့်ဖျပ်ပြီး သတိပြန်ဝင်လာသည်။ ဖိုးရိမ်စိတ်သည်လည်း ရောက်ရှိလာ၏။ ထိုသူသည် ခင်စန်းကို ကြံနေသူဖြစ်ရမည်။ ကျွန်တော်ကား အတန်ငယ် နောက်ကျသွားပါသည်။ ခြေလှမ်းပြင်လိုက်သော အချိန်မှာပင် ဘတ်စ်ကားသည် 'ဝူးခနဲ' မောင်းထွက်သွားလေတော့သည်။ အသားညိုညိုလူလည်း ကျွန်တော့်ကို သတိပြုမိဟန်မတူဘဲ လမ်းကို ဖြတ်ကူးသွားသည်။

ကျွန်တော်သည် ထွက်ခွာသွားသော ဘတ်စ်ကားနောက်မြီးကို မျှော်မဲ့ ငေးကြည့်ရင်း ကျန်ရစ်ခဲ့ရှာသည်။ စိတ်ပျက် လက်ပျက်ဖြစ်သွားပြီး ဒီဘက်သို့ လှည့်ကြည့်လိုက်စဉ်မှာပင် ဝမ်းမြောက်ဖွယ် မြင်ကွင်းကို မြင်ရသည်။ အမှန်အားဖြင့် စောစောကကား ကတိုက်ကရိုက် ထွက်သွားခြင်းမှာ နောက်မှ ၁၆ ကားတစ်စင်းကပ်လိုက်လာသောကြောင့် ဖြစ်လေသည်။

ကျွန်တော် လှမ်းတက်လိုက်သည်နှင့် တစ်ပြိုင်နက် ကားလည်း အလျင်အမြန် စတင်ထွက်ခွာ၏။ ဝမ်းသာသွားမိသည်။ ဒီအတိုင်းဆိုလျှင် ခင်စန်းစီးသွားသော ရှေ့က ကားကို တစ်လမ်းလုံး ကပ်လိုက်သွားနိုင်သည်။ တာမွေဈေးကို ရှေ့ဆင့်နောက်ဆင့် ရောက်မည်။ ခင်စန်းအဖို့ ကားနောက်တစ်ဆင့် ပြောင်းမစီးနိုင်ခင် ကျွန်တော်မီမည်။ အမရဆောင်ရှေ့ မှတ်တိုင်တွင် လူအတော်များများ ဆင်းသွားသောကြောင့် ထိုင်ခုံနေရာ ရလိုက်သည်။ လှည်းတန်းဈေး မှတ်တိုင်တွင် ရှေ့က ကားလူရပ်စောင့်နေသည်ကို မြင်ရသည်။ ကားချင်းပြောင်းစီးမည်ဟု စိတ်ကူးလိုက်သော်လည်း ကျွန်တော်တို့ ကားရပ်လိုက်သည်နှင့် ရှေ့က ကားက ထွက်သွားသောကြောင့် ပြောင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချေ။

ကျွန်တော်တို့ကားလည်း ကြာကြာ လူမစောင့်မတော့ဘဲ ရှေ့ကကားကို အမီလိုက်လေသည်။ ရှေ့ကားကလည်း လွတ်အောင်ပြေးသည်။ ကျွန်တော်တို့ကားကလည်း အတင်းကပ်လိုက်သည်။ တစ်ခါတစ်ရံ မီလုမီခင် ဖြစ်၍ တစ်ခါတစ်ရံလည်း အတန်ငယ် အလှမ်းကွာသွားသည်။ အချို့မှတ်တိုင်များတွင် ကားနှစ်စင်းရှေ့ဆင့်၊ နောက်ဆင့် ပြိုင်တူ ရပ်မိကြသည်။ ပြီးတော့ ပြိုင်တူ ပြန်ထွက်သည်။ နီးလိုက်ဝေးလိုက်၊ ကပ်လိုက်ခွာလိုက်။ ကျွန်တော့်စိတ်ထဲတွင် နိုင်ငံခြားရုပ်ရှင်ကားများထဲက ကားချင်းပြိုင်သော အခန်းများကို ကြည့်နေရသလို အားမလိုအားမရဖြစ်ရင်း စိတ်မောနေလေသည်။ မြို့နီကုန်း ဈေးမှတ်တိုင်တွင် ရပ်မိကြသောအခါ ရှေ့ကားမှ လက်မှတ်ရောင်းသည် ကျွန်တော်တို့ ကားနားသို့ လျှောက်လာသည်။

"ဘယ်လိုလဲကွ။ မင်းတို့က တွန်းလုချည်လား"

"ငါတို့က တွန်းတာ မဟုတ်ဘူးကွ။ မင်းတို့က လိမ့်နေတာ"

"ငါတို့လည်း မှန်မှန်မောင်းတာပဲကွ။ ရှေ့မှာက ဟီးနိုးကြီး ကပ်လိုက်သွားရင် ခါလီဖြစ်သွားမှာပေါ့"

"ငါတို့တော့ သိပ်မစောင့်နိုင်ဘူးနော်။ နောက်ကားက ဖင်နားကပ်နေပြီ"

သူတို့ချင်း စကားပြောနေကြတုန်း ရှေ့ကားကို အမြန်ပြောင်းစီးမှ ကျွန်တော် ထရပ်လိုက်သည်။ ထိုအချိန်မှာပင် ရှေ့ကားက စတင်ထွက်ခွာသည်။ ကျွန်တော်တို့ ကားနားမှာ စကားလာပြောနေသော လက်မှတ်ရောင်းလည်း အပြေးအလွှား ခုန်တက်သွားရ၏။ ဒီတစ်ခါလည်း ကားပြောင်းဖို့ အခွင့်မသာပြန်။ ကိုယ့်နေရာမှာပင် ပြန်ထိုင်တော့မည်ဟု လှည့်ကြည့်လိုက်သောအခါ ကျွန်တော့်နေရာတွင် မိန်းမကြီးတစ်ယောက် ထိုင်နေနှင့်လေပြီ။





မတ်တတ်ပင် ရပ်နေလိုက်ရသည်။

ကျွန်တော်တို့ကားသည် တော်တော်နှင့် မထွက်ဘဲ လူစောင့်နေသည်။ မတ်တတ်ရပ်နေရသောကြောင့်လည်းကောင်း၊ ခင်စန်းကို အမီလိုက်လိုသော စိတ်စောနေသောကြောင့် လည်းကောင်း ကြာလှချည်ရဲ့ဟု ထင်နေခြင်းလည်း ဖြစ်ကောင်းဖြစ်ပါမည်။ မည်သို့ပင် ဖြစ်ပါစေ၊ ကျွန်တော့်စိတ်ထဲတွင် စိုးရိမ်မှုများ ဖြစ်ပွား လာလေသည်။ တာမွေဈေးရောက်လျှင် ဟိုလူသည် ခင်စန်းကို နှောင့်ယှက်ချင် နှောင့်ယှက်လိမ့်မည်။ ဗာလေးဖြစ်မည်။ စကားပြောဖြစ်မည်ဆိုလျှင် ကျွန်တော်အဖို့ တစ်ကွက် နောက်ကျပေတော့မည်။

"မောင်းမယ်၊ နောက်ကားလာပြီ"

ဘတ်စ်ကားအိုကြီးဆီမှ "ဂီးခနဲ" ဂီယာထိုးလိုက်သော အသံသည် ဘယ်တုန်းကမှ ဒီတစ်ခါလောက် နားထောင်လို့ မကောင်းခဲ့ဖူးချေ။ကားထွက်ပြီ။ ဆင်းသူတက်သူ မရှိသော မှတ်တိုင်များတွင် ကားမရပ်ဘဲ ဆက်မောင်းသောအခါ ဝမ်းသာအားရ ဖြစ်မိသည်။ ရွှေဂုံတိုင်ကျတော့ နည်းနည်းကြာအောင် လူစောင့်နေပြန်သောအခါ မကျေမနပ် ဖြစ်မိပြန်၏၊ ကားထွက်တော့မှ သုတ်သီးသုတ်ပျာရောက်လာပြီး လက်လှမ်းတားသောကြောင့် ကားအရှိန်ကို ပြန်လျှော့လိုက်ရလျှင် စိတ်ပေါက်လျှော့ကျသွားရသည်။

တာမွေအဝိုင်းကို တွေ့နေစဉ်ကပင် အပေါက်ဝနား ရောက်အောင် ကြိုတင်၍ တိုးထွက်ထားသည်။ မိန်းမကြီးတစ်ယောက်ကပင် "ဘယ်လိုဖြစ်နေတာလဲ။ တိုးနေလိုက်တာ၊ အားလုံးဆင်းမှာပဲ" ဟု ပောက်လိုက်သေးသည်။ ဘယ်လိုပင် ဘယ်လိုပဲ ဖြစ်ဖြစ်၊ ကားရပ်လိုက်သည်နှင့် ကားပေါ်က အရင်ဆုံး ခုန်ဆင်းလိုက်သူမှာ ကျွန်တော်။ ကားနောက်ဘက်မှ တွေ့လေပြီး ဟိုဘက် မှတ်တိုင်သို့ ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့။ ခင်စန်းသည် မှတ်တိုင်မှာ ရှိနေတုန်း။ ပြီးတော့လည်း သူ့အေးမှ ဟိုအကောင်ကို မတွေ့ရ။ နွားနို့ပုံးကြီးနှင့် ကုလားကြီး တစ်ယောက်တို့သာ မလှမ်းမကမ်းတွင် တွေ့ရသည်။ ဟိုလူက နွားနို့ကုလား ယောင်ဆောင်နေတာတော့ မဖြစ်နိုင်။

ကျွန်တော် လမ်းဖြတ်ကူးလိုက်သည်။ ခင်စန်းသည် ကျွန်တော့်ကို မြင်နေသောအခါ နှစ်လိုစွာ ပြုံးပြသည်။ သူတစ်ယောက်တည်း အဖော်မရှိဖြစ်နေတုန်း ကျွန်တော့်ကို တွေ့လိုက်ရသောကြောင့် ဝမ်းသာသွားပုံလည်း ရသည်။ ကျွန်တော် အားတက်သွားမိ၏။

"ကားမရနေသေးဘူးလား"

ကျွန်တော် မေးသည်။

"ဟုတ်တယ်။ ကားတွေက သိပ်ကျပ်တာပဲ။ တက်လို့ မရဘူး"

သူ ဖြေသည်။

ကျွန်တော်သည် ကိုယ့်အကြံနှင့်ကိုယ်ဖြစ်သောကြောင့် စိတ်မလုံချေ။ သူကတော့ ဘာမျှမသိသေးသဖြင့် ရှက်နွံ့နေပုံမရပါ၊ သူ့မျက်နှာကို စေ့စေ့ကြည့်၍ စကားမပြောရဲ၊ ကားလာမည့်ဘက်သို့သာ လှမ်းလှမ်း၍ ကြည့်နေရသည်။

"ကားစောင့်နေတာ ကြာပြီလား"

"နည်းနည်းတော့ ကြာပြီ။ ခုန တစ်စင်းလာသေးတယ်။ သိပ်ကျပ်နေလို့"

"ဒါဆိုရင်"

ကျွန်တော့်စကားကို မဆက်ဘဲ ခဏမျှ စဉ်းစားသည်။ အတင့်ရဲလွန်းရာ ကျမလား၊ အခွင့်အရေး ယူသလို ဖြစ်နေမလား၊ သူကမူ ကျွန်တော့်ရှေ့ဆက်မည့်စကားကို နိုးသားစွာ နားထောင်နေသည်။ ကျွန်တော်စကားကို





ဆက်၏။

"ဟိုဥစ္စာလေ ဟိုဘက်မှတ်တိုင်ကနေ ကြိုပြီးတော့ သွားစီးမလားလို့"

သူခဏမျှ စဉ်းစားသည်။ "ဟိုအထိ လျှောက်ရမှာပေါ့" ဟုပြောသည်။ ကားလာမည့်ဘက်ကို တစ်ချက်ကြည့်သည်၊ သူပြော၏။

"ဒီမှာကတော့ လူသိပ်များတာပဲ"

သူ့စကား အသွားအလာအရဆိုလျှင် ဟိုဘက် မှတ်တိုင်အထိ လျှောက်ဖို့ သဘောတူပုံရသည်။

"ဒါဆိုလည်း သွားရအောင်"

"သွားလေ"

ကျွန်တော် ဝမ်းသာသွား၏။ သူသည် ကျွန်တော်နှင့်အတူတူ လမ်းလျှောက်ရန် မငြင်းဆန်သောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်တို့ နှစ်ယောက် အလယ်ကောင်ပလက်ဖောင်းဆီသို့ ကူးလိုက်သောအချိန်မှပင် သူ့ကို တွေ့လိုက်ရပေသည်။ ကားစောင့်နေသော လူအုပ်ကြားထဲမှာ ဟိုလူ။ မျက်မှောင်ကြီး ကုတ်၍ မခံချိမခံသာ မျက်နှာထားဖြင့် ကျွန်တော်တို့ကို ကြည့်နေသည်။ ခုမှပင် သေသေချာချာ သဘောပေါက်တော့သည်။ ဟိုလူသည် ခင်စန်းတို့ ကားနှင့်အတူတူ ပါလာပြီး မှတ်တိုင်ရောက်သောအခါ ခင်စန်းအနားကို ဝင်မကပ်ရဲသေးသောကြောင့် ခပ်လှမ်းလှမ်းမှ အခြေအနေ စောင့်ကြည့်နေခြင်း ဖြစ်မည်။ ထိုအချိန်တွင် ကျွန်တော် ရောက်လာခြင်းဖြစ်သည်၊ ခင်စန်းသည် ဟိုလူ သူ့ကို ချောင်းနေကြောင်း သိလိမ့်မည်၊ ဘယ်အချိန်များ လာပြီး နှောင့်ယှက်မလဲဟု စိုးရိမ်နေတုန်း ကျွန်တော် ရောက်သွားခြင်း ဖြစ်သည်။ သို့ကြောင့် သူ ကျွန်တော့်ကို မြင်သောအခါ ဝမ်းသာအားရ ဖြစ်သွားခြင်း၊ "ဪသူငယ်ချင်းလာပြီ" ဆိုပြီး ဝမ်းသာအားရ ဖြစ်သွားခဲ့ခြင်း ဖြစ်သည်။ ခုလို ကျွန်တော်နှင့်အတူတူ ဟိုဘက်မှတ်တိုင်သို့ လိုက်လာခဲ့ခြင်းလည်း ဟိုလူ



www.burmeseclassic.com

www.burmeseclassic.com



၏ ရန်မှရှောင်ကြဉ်ရန် သူငယ်ချင်းတစ်ယောက်ကို အားကိုးတကြီး ပြုရခြင်း ဖြစ်ပါ၏။

ကျွန်တော်တို့ နှစ်ယောက်သည် တစ်လံလောက် ခွာ၍ လျှောက်လာကြသည်။ သူက ခွာလျှောက်တာလား၊ ကျွန်တော်က ခွာလျှောက်တာလား မသိရ။ စကားလည်း မပြောမိကြ။ မည်သို့ပင် ဖြစ်ပါစေ၊ သူနှင့် ကျွန်တော်သည် ပထမဦးဆုံးအကြိမ် အတူယှဉ်တွဲ၍ လမ်းလျှောက်နေကြခြင်း ဖြစ်သည်မှာ သေချာ၏။

ခင်စန်းသည် နောက်သို့ မသိမသာ လှည့်ကြည့်သည်။ ဟိုလူများ ထပ်လိုက်လာမလားလို့ စိုးရိမ်မိခြင်း ဖြစ်လိမ့်မည်။ သူသည် တဒင်္ဂအကျပ်အတည်းကို ဖြေရှင်းရန်အတွက် ကျွန်တော့်ကို အသုံးချလိုက်ခြင်း ဖြစ်လေသလားဟု တွေးမိသည်။ သို့ရာတွင် မိမိကိုယ်ကျိုးအတွက် လူတစ်ဖက်သားကို လှည့်စားလိုသော အရိပ်အယောင်များ သူ့မျက်နှာပေါ်တွင် စိုးစဉ်းမျှ မတွေ့ရ။ ပြီးတော့လည်း သူငယ်ချင်းအချင်းချင်း ကူညီကြခြင်းသာ ဖြစ်သည်။

ဟိုဘက်မှတ်တိုင်တွင် လူအနည်းငယ် ရှိနေသည်။ တာမွေဈေးမှတ်တိုင်မှာဆိုလျှင် သူ့ထက်ငါ တိုးဝှေ့တက်ရခြင်းကြောင့် ကားပေါ် ရောက်ဖို့ မလွယ်။ အမှန်အားဖြင့် ဟိုဘက် မှတ်တိုင်တွင်နေလျှင် ကားကျပ်၍ တက်လို့ မရသည်ကို အခွင့်ကောင်းယူပြီး သူနှင့်ပို၍ကြာကြာ စကားပြောခွင့် ရနိုင်သည်။ ဒါကို ကျွန်တော် သတိမပြုမိခဲ့။ ဒီဘက်တွင် သိပ်မဝေးနပ်သော ကြောင့်ဖြစ်မည်။

အမှတ်တစ်ဆယ့်သုံးကားတစ်စီး ဆိုက်လာသည်။ ကားချောင်သည်ဟု မဆိုသာသော်လည်း တက်လို့ ရနိုင်သည်။ သူ့ကို တစ်ချက်ကြည့်လိုက်သောအခါ သူက ခေါင်းညိတ်ပြသည်။ ကျွန်တော်က ကားလက်ကိုင်တန်းကို ကိုင်၍ သူတက်သာအောင် လူကာပေးလိုက်၏။ သူကား ကားပေါ်သို့





လှမ်းတက်သည်။ သူ့ခြေသလုံးသား ဖြူဖြူကလေးကို လှစ်ခနဲ မြင်လိုက်ရသည်။ ခြေသလုံးကို ကြည့်မိသောကြောင့် ကျွန်တော့်ဘာသာ တစ်ယောက်တည်း ရှက်သွားမိသေးသည်။

ကားပေါ်တွင် သူနှင့် ကျွန်တော်သည် ဘေးချင်းယှဉ်ရပ်လျက် ကားလှုပ်သောအခါ လက်မောင်းချင်း ထိမသွားအောင် ကြိုးစား၍ နေရသည်။ အသားယူသည် ဟုမထင်စေလိုပါ။ ခင်စန်း၏ ဟိုဘက်မှ လူတစ်ယောက်၏ တစ်တောင်ဆစ်သည် ကားချိုင့်ဆောင့်လိုက်တိုင်း သူ့ပုခုံးကို ထိတော့မလို ဖြစ်ဖြစ်သွား၏။ အပေါ်တန်းကို ကိုင်ထားသော ကျွန်တော့်လက်ကို သူ့လက်ရှေ့သို့ ပြောင်း၍ကိုင်ရင်း ကာထားလိုက်ရသည်။ ခုလို နီးနီးကပ်ကပ် နေခွင့်ရတုန်း သူ့ထံမှ ကိုယ်သင်းနံ့ကလေးကို ရလိုက်သည် ဟုထင်လျှင် မှားပါလိမ့်မည်။ ကားစက်ဖုံးထဲမှ ထွက်လာသော အညှော်နံ့များကိုသာ တဝကြီး ရှူရှိုက်နေရသည်။

ကျွန်းလမ်းဆုံမှတ်တိုင်ကို ကျော်ပြီး လက်ယာဘက်သို့ ကွေ့လိုက်သော အချိန်ကစ၍ ကျွန်တော့်ရင်သည် တဒိတ်ဒိတ် ခုန်လာ၏။ အဖုံးကြားထဲတွင် စာညှပ်ထားသော စာအုပ်ကို ကိုင်ကြည့်မိသည်။ တာမွေကလေး သံလမ်းပြီးလျှင် ကျွန်တော်ဆင်းရမည့် မှတ်တိုင်။ ခင်စန်းက ကျွန်တော့် နောက်မှ ဆင်းရမည်။ တာမွေကလေး မှတ်တိုင်မှအထွက်တွင် ရင်ခုန်နှုန်း ပို၍ မြန်လာသည်။ ကားကြီးသည် တာမွေခုံးတံတားကြီးကို ပင်ပန်းကြီးစွာ တက်နေသောအချိန်တွင် ကျွန်တော်ကိုယ်တိုင် ပြေးတက်နေရသလို ဘာလုပ်လှုပ် မောဟန်းနေမိသည်။ ဆင်းရမည့်မှတ်တိုင် နီးလာလေ စိတ်လှုပ်ရှားလာလေ။ သူက သူ့သူငယ်ချင်းတစ်ယောက်လို ရိုးရိုးသားသား ဆက်ဆံမှုများကို အခွင့်အရေးယူသလို ဖြစ်သွားမလား။ ကို ဒီလို အခွင့်အရေးမျိုးက ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကားသည် မှတ်တိုင်တွင်ရပ်ရန် အရှိန်လျှော့ လိုက်သည်။ ကျွန်တော်သည် လွယ်အိတ်ထဲမှ စာအုပ်ကို ဆွဲထုတ်လိုက်၏။

"တို့ ဒီမှာဆင်းမယ်၊ ရော့"

သူ့လက်ထဲသို့ စာအုပ်ကို ထည့်ပေးလိုက်သည်။ သူသည် ဘာမျှ နားမလည်သလို အံ့ဩသလို မျက်လုံးကလေး ကြောင်တောင်တောင် ကြည့်နေစဉ်မှာပင် ကားပေါ်မှ တိုးဝှေ့ဆင်းလာခဲ့သည်။

ကိုင်း မပိုင်လားခင်ဗျာ။

ကျွန်တော်သည် ဘတ်စ်ကားပေါ်၌ စာပေးသောနည်းကို အမှတ်မထင် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်လေသည်။ ဘတ်စ်ကားပေါ်မှာဆိုတော့ မယူဘူးဆိုပြီး ငြင်းလို့လည်း မဖြစ်၊ စာအုပ်ကို လွှင့်ပစ်လို့လည်း မဖြစ်၊ လူတွေ အများကြီးကြားထဲမှာ၊ သူသည် ကျွန်တော့်စာကို ဖတ်ဖြစ်အောင် ဖတ်ရပေတော့မည်။

"မိစန်းရေ နင်တော့ လူပေါင်း မှားခဲ့ပြီကောကွယ်"

●●●



©www.poemscorner.com

|၂|

အချစ်သည် ထူးခြားဆန်းကြယ်၏။ အသိရခက်သည်။ သိပ္ပံနည်းကျကျ စနစ်တကျ ခွဲခြမ်းထားခြင်း မဟုတ်။ တိုက်ဆိုင်မှု၊ ကြုံကြိုက်မှုသဘောတွေ အများကြီးပါသည်။ အချိန်ကာလ အကန့်အသတ်မရှိ၊ တိုင်းထွာခြင်း၊ ချိန်တွယ်ခြင်း၊ ခြင်တွယ်ခြင်းလည်း ပြုလုပ်၍မရ၊ လက်မ၊ ပေ၊ မိုင်၊ ကီလို၊ အောင်စ၊ ပိဿာ၊ ဂါလံ စသည်တို့မရှိ၊ တစ်နည်းအားဖြင့် အချစ်တွင် 'ယူနစ်' မရှိ။

သို့ရာတွင် ကျွန်ုပ်တို့ နေထိုင်သော လူ့ဘောင်လောကကြီးသည် အလွန်မှပင် ကျယ်ဝန်းလှပေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်တို့၌ လှုပ်ရှားနေရသောလူသည် အချစ်၏ ရိုးသားရှင်းလင်းမှုကို မလွှဲမရှောင်သာ ရှုပ်ထွေးစေရလေတော့၏။ အိမ်ထောင်မှုပြုခြင်းတွင် အချို့သည် ပဓာန



©www.poemscorner.com

www.burmeseclassic.com

www.burmeseclassic.com



ကျသော်လည်း အခြေအနေနှင့် အချိန်အခါအရ အခြားကိစ္စများကိုလည်း ပစ်ပယ်၍ မရချေ။ တစ်နည်းအားဖြင့် အချစ်အတွက် တာမျှမလိုအပ်သော်လည်း အိမ်ထောင်ရေးအတွက်မူ လိုအပ်ချက် (ထောက်ကူချက်) များ ရှိနေပေသည်။

လူတို့တွင် ရုပ်အဆင်းနှင့် ခြေလက်အင်္ဂါတို့ကို ကြည့်၍ လူကဲခတ်သော အလေ့အထ ရှိပါသည်။ ထိုအလေ့အထမှာ လုံးဝ မှန်ကန်သည်ဟု မဆိုနိုင်သော်လည်း များသောအားဖြင့် မှန်တတ်သည်ဟု ကျွန်တော့် အမေက ပြောဖူးလေသည်။ ဗေဒင်လက္ခဏာ၊ အကြားအမြင်ရခြင်း၊ ဓာတ်စီးခြင်း၊ ဓာတ်ပေါက်ခြင်းတို့ကို မဆိုလိုပါ။ လူတစ်ယောက်၏ စိတ်နေသဘောထားကို ထိုသူ၏ ကိုယ်ကာယအင်္ဂါအစိတ်အပိုင်းများ၏ ပုံသဏ္ဌာန်၊ အရွယ်အစားကိုကြည့်၍ အကဲခတ်ခြင်းကို ဆိုလိုပါသည်။ တကယ်ဟုတ်သည် မဟုတ်သည်ကို အသာထား၍ ကျွန်တော် ကြားဖူးသမျှ ပြောပြပါမည်။

လက်အနေအထား။

လက်မတိုလွန်းလျှင် ရက်စက်တတ်သည်။ လက်ချောင်းများ ရှည်လျားလွန်းလျှင် စိတ်ကူးယဉ်တတ်သည်။ လက်ညှိုးက လက်သူကြွယ်ထက် ရှည်လျှင် သူတစ်ပါးအပေါ် ဩဇာညောင်းသည်။ လက်သူကြွယ်က လက်ညှိုးထက်ရှည်လျှင် စိတ်ထားနူးညံ့ပြီး အနုပညာကို မြတ်နိုးသောစိတ်ရှိတတ်သည်။ လက်သည်းများ၏ အလျား (လက်သည်း ညှပ်ထားပြီးသော အချိန်) တိုလွန်းလျှင် တစ်ကိုယ်ကောင်း ဆန်တတ်သည်။ လက်သည်းရှည်





လျှင် အများအကျိုးကိုလည်း ကြည့်တတ်သည်။

ခြေထောက်အနေအထား

ဖနောင့်တိုခြင်းသည် သူယုတ်မာ လက္ခဏာတွင် ပါဝင်သည်။

ဖနောင့်ချွန်လျှင် မြင့်မြတ်သည်။ ခြေမနှင့်ကပ်လျက် ရှိသော ခြေချောင်းက ခြေမထက်ရှည်လျှင် သူတစ်ပါးအပေါ် အနိုင်ရလိုသောစိတ် ရှိသည်။ ထိုခြေချောင်းသည် အလွန်အမင်းရှည်ပြီး ခြေမက တိုနေလျှင် (ခြေထောက်မြားဦးပုံ) တစ်ဖက်သတ် နိုင်ထက်စီးနင်း ပြုလိုသောစိတ်ရှိသည်။ ခြေမက အလွန်အမင်းရှည်လျားပြီး ခြေမနှင့်ကပ်လျက် ခြေချောင်းက တိုလွန်းနေလျှင် နုံအသောစိတ်ရှိ၍ ဆင်ခြင်တိုင်းထွာတတ်သော ဉာဏ်မျိုး မရှိတတ်ချေ။ ခြေမနှင့် ကပ်လျက်ရှိသော ခြေချောင်းနှင့် ခြေမတို့၏ အလျား ခိုင်းကျညီပြီး ကျန်ခြေချောင်းများသည် အလိုက်သင့် အဆင်တပြေဖြစ်နေလျှင် သမမျှတသောစိတ်ထားရှိမည်ဟု ဆိုပါသည်။

မျက်နှာ

မျက်နှာရှည်လျှင် စိတ်ထားအပြောင်းအလဲရှိတတ်ပြီး မျက်နှာဝိုင်းလျှင် စိတ်ထား တစ်သမတ်တည်း ထားတတ်သည်။ နှုတ်ခမ်းပါးလျှင် အကောင်းဘက်တွင်ဖြစ်စေ အဆိုးဘက်တွင်ဖြစ်စေ ပြတ်သားမှုရှိပြီး နှုတ်ခမ်းထူလျှင် အကောင်းနှင့်အဆိုး တစ်ဖက်ဖက်သို့ လွန်ကဲမှုမရှိဘဲ ခွန်တွဲ၍ နေတတ်သည်။ နှုတ်ခမ်း ပြည့်တင်းလျှင် သစ္စာရှိခြင်းသဘောကို ဆောင်သည်။



www.burmeseclassic.com

ww.burmeseclassic.com



မျက်လုံး

အရေးအကြီးဆုံး အစိတ်အပိုင်းဖြစ်သည်။ ပါးစပ်မှ ထုတ်ဖော် မပြောလိုသော စကားကို မျက်လုံးဖြင့် ပြောနိုင်သည်။ အသံတိတ် စကား ပြောခြင်းပင်ဖြစ်သည်။ အတွင်းစိတ်ကို မျက်လုံးပေါ်တွင် ရှာဖွေကြည့်နိုင် သည်။ မျက်လုံးတစ်လုံးနှင့် တစ်လုံး ကွာဝေးလွန်းလျှင် စိတ်ထားမမှန်ကန်။ မျက်လုံးအရောင် မှိန်လွန်းလျှင် စိတ်ဓာတ်ကြံ့ခိုင်မှုမရှိ၊ အရောင်လက်လွန်းပြီး မျက်စိ တစားလွန်းလျှင် စိတ်တည်ငြိမ်မှု မရှိ၊ အပြောင်းအလဲများတတ်သည်။ မျက်စိမှေးပြီး တစ်စုံတစ်ခုကို မသိမသာ စူးစူးစိုက်စိုက် ကြည့်တတ်လျှင် ဆင်ကြံကြံတတ်သည်။ မျက်လုံးပြူးပြီး နီရဲနေလျှင် ဒေါသကြီးတတ်သည်။ မျက်လုံးကြည်လင်ပြီး အရွယ်အစား မှန်ကန်လျှင် စိတ်ကောင်းရှိတတ်သည်။

အထက်ပါ တင်ပြချက်များအပေါ် နားရှုပ်ကုန်ကြလိမ့်မည်ဟု ထင် ပါသည်။ အမှန်မှာ ...ည်း တမင်တကာ ရှုပ်အောင်လျှောက်ပြောခြင်း ဖြစ် ပါသည်။ ခင်စန်းကို ကျွန်တော်ချစ်ရသည့်အကြောင်း ပြောရာတွင် လူတစ် ဖက်သား အထင်ကြီးမလားလို့ ကြီးကြီးကျယ်ကျယ်တွေ ပြောနေမိခြင်း ဖြစ် ပါသည်။ ကျွန်တော်ဆိုလိုချင်သည်မှာ လက်သည်းများရှည်ခြင်း၊ လက်ချောင်း များသွယ်လျခြင်း၊ ဖနောင့်ချွန်ခြင်း၊ ခြေချောင်းများညီညာခြင်း၊ နှုတ်ခမ်းပြည့် တင်းခြင်း၊ မျက်လုံးများကြည်လင်ခြင်း၊ မျက်နှာရှင်းလင်းလှပခြင်းစသော ကောင်းမြတ်သည့် မင်္ဂလာလက္ခဏာများသည် ခင်စန်းတွင်ရှိနေခြင်းပင် ဖြစ် ပါသတည်း။

'ခင်စန်းနဲ့ ပတ်သက်လာရင် နည်းနည်းလေးတော့ပိုလိုက်ရမှ' ဟု ကျွန်တော့်သူငယ်ချင်းများ ပြောလည်း ပြောစရာပါပဲ။ ဒို့ သူတို့ကို လုံးဝ





ဂရုမစိုက်လို့ ပြောတယ်ဗျာ။ ဘာဖြစ်လဲ။

တကယ်တော့ ဒီလောက်ထိတောင် ပြောနေစရာမလိုပါ။ ရှင်းရှင်း ကလေးရယ်။

မေး - သင်သည် ခင်စန်းကို အဘယ်ကြောင့် ချစ်ခဲ့ပါသနည်း။

ဖြေ - ချစ်ချင်လို့ ချစ်ခဲ့ခြင်း ဖြစ်ပါသည်။

●

သူ အတန်းထဲမှ ထွက်လာသည်ကို မြင်သောအခါ ကြိုအုတ်ခုံပေါ် တွင် ထိုင်နေရာမှ အောက်သို့ဆင်း၍ ရပ်လိုက်သည်။ သူသည်လည်း ကျွန်တော့်ကို တစ်ချက်မျှ စိုက်ကြည့်ပြီး မျက်နှာကို သူ့လွယ်အိတ်ဆီသို့ လွှဲလိုက်သည်။ ကျွန်တော့်နားမှာ သူလာရပ်၏။ လွယ်အိတ်ထဲက စာအုပ် တစ်အုပ်ကို ဆွဲထုတ်သည်။ ကျွန်တော် စာထည့်ပေးလိုက်သော စာအုပ်။

"သူ့စာအုပ်ပြန်ယူပါ။ တို့ သူ့ကို သူငယ်ချင်းလိုပဲ ခင်ချင်တယ်"

ကျွန်တော့်ကို မကြည့်ဘဲ သူပြောသည်။ သူပေးနေသော စာအုပ်ကို ယူလိုက်သည်။ အဖုံးကြားကို ယောင်၍စမ်းမိသည်။ အထဲမှာ ကျွန်တော့်စာ ကို မတွေ့။ ကျွန်တော့်စာကို သူ ယူထားလိုက်ဟန်တူသည်။ အခြေအနေ သိပ်မဆိုးလှဟု ယူဆမိသောကြောင့် စကားတစ်ခွန်းကို ကျွန်တော်ပြောမိ သွားသည်။

"တို့ကို စိတ်ဆိုးလား"

"စိတ်တော့ဆိုးချင်တယ်။ ဒါပေမဲ့ မဆိုးတော့ပါဘူး။ နောက်တစ်ခါ အဲဒီလို လုပ်ရင်တော့ စိတ်ဆိုးမိလိမ့်မယ်" သူ့မျက်နှာကို အကဲခတ်ကြည့် သောအခါ ဒေါသတကြီး ပြောဆိုနေခြင်း မဟုတ်ကြောင်း တွေ့ရသ... သို့ရာတွင် ရှက်ရွံ့သော၊ မျှော်ရွန့်ကန်ဖြစ်နေသော အမူအရာ...ည်း



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရချေ။ သူသည် ကျွန်တော့်အပေါ် လုံးဝစိတ်ဝင်စားမှုမရှိသောကြောင့် ရေးမဖြစ်ဘဲ ရှိနေလေသလား။ သို့တည်းမဟုတ် သူငယ်ချင်း အချင်းချင်းဖြစ်သော ကြောင့် ရှက်ကြောက်ခြင်း မရှိဘဲ ဖြစ်နေသလား။ ခုနတုန်းက စာအုပ်အဖုံး ကြားက စာကို စမ်းကြည့်ခြင်းကို သူ သိပ်မိသွားဟန်တူသည်။

"သူ့ စာကိုတော့ ပြန်မပေးလိုက်တော့ဘူး"

"မိန့်ရှိပစ်လိုက်ပြီလား"

သူ ခုတန်ငယ်ပြုံး၍ ခေါင်းခါသည်။

"အိမ်မှာရှိပါတယ်"

"ဖတ်ကော ဖတ်ကြည့်ရဲ့လား"

ခေါင်းညိတ်သည်။ ကျွန်တော့်စိတ်ထဲက မချင့်မရဲဖြစ်လာ၏။ ဘယ်လို လဲ ခင်စန်းရယ်။

"တို့မှာ မျှော်လင့်ချက်မရှိတော့ဘူးလား"

ခဏမျှစဉ်းစားပြီး 'မသိဘူး' ဟုပြောသည်။ ကျွန်တော် ဘာဆက်ပြော လျှင်ကောင်းမလဲဟု စဉ်းစားရင်း ခေါင်းကုပ်သည်။ ဘာမျှ မပြောနိုင်သေး ခင်မှာပင် 'သွားမယ်' ဆိုပြီး သူထွက်သွားသည်။ ကျွန်တော်လည်း သူ့ဘေးမှ ယောင်ချာချာ လျှောက်လိုက်လာမိသည်။ ခပ်လှမ်းလှမ်းမှာ စောင့်နေကြ သော သူ့ သူငယ်ချင်းများနှင့် ဆုံသည်။ သူတို့ကလည်း ဟိုဘက်ဘေးမှ ကပ်လျှောက်နေကြ၏။ ခင်စန်းသည် ကျွန်တော့်ကို လုံးဝ စကား လှည့်မပြော တော့ဘဲ သူ့သူငယ်ချင်းတွေနှင့်သာ ဒီနေ့ သင်ခဲ့ရသော စာများအကြောင်းကို ပြောနေသည်။

အင်းလျားဆောင်ဘေးဘက် စည်းမိုးနားမှကပ်၍ လျှောက်လာကြ သည်။ မြောင်းကူးတံတားဆီသို့ ရောက်သည်။ အမှန်မှာ တံတားမဟုတ်၊ သံပေါင်ကြီးတစ်ခုကို ခင်းထားခြင်းဖြစ်သည်။ နှစ်ယောက် ယှဉ်တွဲ၍





မလျှောက်သာ။ သူ့ သူငယ်ချင်းတွေက အရင်တန်းစီ၍ ကူးသည်။ ခင်စန်းက နောက်ဆုံး၊ ခင်စန်း၏နောက်က ကျွန်တော်။ ဟိုဘက်ကို ရောက်သောအခါ နောက်ဆုံးမှာ တစ်ယောက်တည်းကျန်နေသော ခင်စန်း၏ဘေးသို့ ကျွန်တော် ဝင်ယှဉ်လိုက်သည်။ သို့ရာတွင် ကျွန်တော် စကားမစနိုင်ခင်မှာပင် ရှေ့ကို လှမ်း၍ ခေါ်လိုက်သည်။

"မဦး တို့ကို စောင့်ဦး"

ကျွန်တော် နည်းနည်းအောင့်သွားသည်။ သူသည် ကျွန်တော့်ကို အလို မရှိပြီ။ အင်းဝလမ်းပေါ် အရောက်တွင် ကျွန်တော်ရပ်လိုက်သည်။ ထိုအခါကျမှ သူ ကျွန်တော့်ကို တစ်ချက် လှည့်ကြည့်သည်။

"တို့ သွားတော့မယ်"

သွားတော့မယ်ဆိုသော စကားကို ကျွန်တော်က ပြောသော်လည်း အမှန်တကယ် ထွက်သွားသူက ခင်စန်း။ သူ သွားနေသည်ကို နောက်ကနေ ခဏမျှ ကြည့်နေမိသည်။ မျက်နှာလွှဲလိုက်သည်။ အဓိပတိလမ်းဘက်သို့ လျှောက်လာသည်။ ပန်းချီခန်းမဘက်သို့ သွားပြီး နံရံကပ်စာစောင်အတွက် ကဗျာသွားပို့လျှင် ကောင်းမလားဟု စဉ်းစားသည်။ မသွားချင်၊ ဟိုရောက် လျှင် သက်ဖက်ရည်ဆိုင် ထိုင်မိဦးမည်။ လောလောဆယ်တွင် ပွင့်ကောင်းကို ဖြစ်စေ၊ မော်ဆရာကိုဖြစ်စေ တွေ့ချင်သည်။ သို့ရာတွင် ပွင့်ကောင်း ဒီနေ့ လာမည်မဟုတ်။ ဒေးငယ်တို့ အတန်းမှ မရှိဘဲ။ မော်ဆရာကလည်း ရုံး ဘက်နေလိမ့်မည်။ မြို့ထဲသွားပြီး မော်ဆရာရုံးကို ဝင်လျှင်ကော၊ ဒီအကြိမ် က ရုံးမှာ ရှိချင်မှရှိမည်။ အပြင်ထွက်နေတာက များသည်။ အိမ်ကိုပဲပြန် မည်။ ညကျမှ ပွင့်ကောင်းတို့ဘက်သွားမည်ဟု စိတ်ကူးလိုက်သည်။ အဓိ ပတိလမ်းအတိုင်းလျှောက် မန္တလေးဆောင်၊ အမရဆောင်တို့ကို ဖြတ်ပြီး ကားမှတ်တိုင်ရှိရာသို့ လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်တိုင်မှာ ဖမှတ်ဆယ့်ခြောက် ကားတစ်စင်း ရပ်ထားသည်။ ကားစပယ်ယာသည် နောက်ပေါက်နားမှာရပ်ရင်း ကျွန်တော့်ကို လှမ်းကြည့်နေသည်။ ကားက ကျွန်တော့်ကို စောင့်နေခြင်းပင်။ ကျွန်တော့်ခြေလှမ်းတွေက နှေးနေသောကြောင့် သူတို့ကားနှင့် လိုက်လိမ့်မည် မဟုတ်ဟု ထင်သွားဟန်တူသည်။ စပယ်ယာသည် နောက်ခြေနင်းပေါ် တက်ရပ်လိုက်၏။ ကားထွက်သွားသည်။ ထိုအခါကျမှပင် နောက်ဆုံးခုံတန်းတွင် ထိုင်နေသော ခင်စန်းကို မှိန်ခနဲ လှမ်းတွေ့လိုက်ရလေတော့သည်။ ယမ်းခွဲခဲ့ပြီးမှ ဆိုဖြစ်အောင် လာဆုံသေးသည်။

နဖူးစာက မကုန်သေးဟု ထင်၏။

●

"မင်းလုပ်ပုံက ဟုတ်ကို မဟုတ်သေးဘူးကွာ"

မော်ဆရာက ပြောသည်။

"တက္ကသိုလ်မှာ နောက်ဆုံးနှစ်ပဲ ရောက်နေပြီကွာ။ နှစ်ကြီးသမားလုပ်နေပြီး ဒီလောက်မှ အထာမညက်သေးဘူးလား"

ဖွင့်တောင်းက ဝေဖန်သည်။

"ဘာ အထာမညက်တာလဲကွ၊ ငါက ဘာလုပ်နေလို့လဲ"

"မင်း စဉ်းစားကြည့်လေ၊ မိန်းကလေးတစ်ယောက်ဟာ ပထမဆုံးပေးတဲ့စာအတွက် ပထမဆုံး အကြောင်းပြန်ရမယ့်နေ့မှာ ဒီလောက်ပဲ ပြောမှာပေါ့ကွ"

"မင်းကို ကောမလွှတ်ဘူး ဆိုကတည်းက အခြေအနေ မဆိုးဘူးဆိုတာ သိသာပါတယ်"

သူတို့ နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ပြောသည်။





"ဒါကတော့ သူငယ်ချင်းတစ်ယောက်အနေနဲ့ သိပ်ပြင်းပြင်းထန်ထန်ငြင်းလို့ မကောင်းဘူး မဟုတ်လား၊ ဒါကြောင့်လို့ပဲ ထင်တယ်။ ပြီးတော့ သူ့ဘေးက ငါလျှောက်လာတော့ ငါ့ကို ရှိတယ်လို့တောင် ထင်ရဲ့လား မသိဘူး။ လုံးဝမှ အဖက်မလုပ်တာ"

"အဲဒါ မင်းမှားတာပေါ့၊ သူက မင်းကို သူငယ်ချင်းလိုပဲ ခင်ချင်တယ်လို့ ပြောတယ်၊ စိတ်တော့ ဆိုးချင်တယ်၊ မဆိုးတော့ပါဘူးလို့ ပြောတယ်၊ အဲဒီလောက်နဲ့ပဲ မင်းပြန်သင့်ပြီ။ နောက်တစ်နေ့ ထပ်သွားပြီး ထပ်မေးပေါ့ကွာ၊ ခုဟာက မင်းက သူ့ဘေးကနေ အတင်းကပ်လိုက်သွားတော့ သူ့သူငယ်ချင်းတွေရှေ့မှာ ရှက်မှာပေါ့ကွ။ သဒ်ရည်းစားလည်း မဟုတ်ဘဲနဲ့၊ ကိုယ့်ကို စာပေးထားတဲ့ လူတစ်ယောက်က ဘေးကနေ ကပ်လိုက်လာတာကို ဘေးတွေ မောင်လောက်အောင်လှည့်ပြီး ပြောနေရဦးမှာလားဟ"

ခုမှပင် ကျွန်တော်အမှားကို နိုင်မိသည်၊ ဆန္ဒ လောကြီးသွားခြင်းသာ ဖြစ်သည်။ သူ့ကို ချစ်သောစိတ်သည် သတိတရားတို့ကိုပင် လက်လွှတ်စပယ် ဖြစ်သွားစေအောင် ကြီးမားသောကြောင့်သာ ဤကဲ့သို့ ဖြစ်မှုမိကြောင်း ခင်စန်း နားလည်နိုင်ပါစေ။

"အေးကွာ ဟုတ်တော့ ဟုတ်သားပဲ"

"ငါလခွေး ဘာခုမှ တုတ်သားပဲလဲ"

"မင်းတို့က ဘယ်လိုလဲကွ၊ ငါမှားသွားလို့ ဝန်ခံတော့လည်း"

"ဟုတ်ပါပြီ ဟုတ်ပါပြီ။ ကဲ ဒါနဲ့ ပြောစမ်းပါဦး၊ သူ့ မျက်နှာထားက ဘယ်လိုလဲ"

"ဘာလဲ"

"ဒီလိုလေကွာ၊ မင်းကိုတွေ့တော့ သူ့ ဟန်ပန်အမူအရာကို ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ကောင်း၏ အမေးကို ဖြေရန် ကျွန်တော် စဉ်းစားကြည့်သည်။ သူ့ မျက်နှာထား ရှက်ရွံ့နေပုံလည်း မရ၊ ကျွန်တော့်ကို အဖက်မလုပ် ဝရ မထားသည့် ပုံစံလည်းမဟုတ်။ အေးအေးဆေးဆေးတည်ငြိမ်စွာ ပြန်မေးခဲ့သည့် အကြောင်း ပြောပြလိုက်သည်။

"အေးကွာ အဲဒါ ကောင်းတယ်"

မော်ဆရာ့စကားကို ကောင်းကောင်း နားမလည်သောကြောင့် သူ့ကို ကြည့်လိုက်သည်။ မော်ဆရာက ဆေးလိပ်ကို မီးညှိလိုက်ပြီးမှ . .

"ဒီလိုလေကွာ ခင်စန်းဟာ ရည်းစားစကား အပြောခံရတာ ခဏခဏ ကြုံဖူးလို့ သူ့အတွက် အထူးအဆန်း မဟုတ်တော့ဘူး။ မင်းသူ့ကို စာပေး တဲ့နေ့ကတောင် ဟိုတစ်ကောင်က ဝင်တပ်ဖို့ ကြံသေးတယ်လို့ မင်း ပြော တယ် မဟုတ်လား၊ အဲဒီတော့ကွာ မင်းက စာပေးတဲ့ကိစ္စကိုလည်း သူ အထူးအဆွေ တုန်လှုပ်မှာ မဟုတ်ဘူးလို့ ထင်တယ်"

"မင်းပြောပုံဆိုရင် သူက ငါ့ကိုပဲ တခြားကောင်တွေလိုပဲ သဘော ထားတယ်လို့ ဆိုလိုတာပေါ့"

"ဒါက ဒီလိုရှိတယ်ကွာ"

မွှင့်ကောင်းက ဆက်လက်ရှင်းလင်းသည်။

"အချစ်ဆိုတာ တကယ်ခံစားဖူးမှ သိနိုင်တာကွ။ သဘောတစေ့ ကွာ လေးငါးနှစ်အရွယ်ကလေးတွေကို ကြည့်ပါလား၊ သွေးသားတရင်းအချာ မဟုတ်တဲ့ ကောင်လေးနဲ့ ကောင်မလေး တစ်ယောက်နဲ့ တစ်ယောက် ဖက် နမ်းချင် ဖက်နမ်းကြတာပဲ။ ဒါပေမယ့် သူတို့အရွယ်မှာ ယောင့်ငါးရာ အချစ် ဆိုတာ မရှိကြတော့ ရှက်တာတို့ ဘာတို့ မရှိကြဘူးပေါ့ကွာ။ ဒီလိုပဲ အချစ် အကြောင်းကို မသိဖူးသေးတဲ့ ယောက်ျားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ





မခံစားရဖူးသေးတော့ ဟိုဟာပေါ့ကွာ၊ ငါပြောမယ့် စကားတောင် ဘယ် ရောက်သွားမှန်း မသိဘူး"

မော်ဆရာ ပွင့်ကောင်းကို ဟားသည်။ ပွင့်ကောင်းက 'ကျွတ်' ဆို လုပ်ပြီး ခေါင်းကုတ်နေပြန်သည်။ နိဂုံးကို မော်ဆရာက ဝင်ပြောသည်။

"ဆိုလိုတာကတော့ ခင်စန်းမှာ အချစ်နဲ့ ပတ်သက်တဲ့ အတွေ့အကြုံ မရှိသေးဘူး၊ ရည်းစားစကား အပြောခံရတာတို့ စာပေးခံရတာတို့ကို တုန် လှုပ်မှုကောင်းမှန်း မသိသေးဘူး။ လိုက်အနှောင့်အယှက် ခံရတဲ့အတွက် စိတ်ညစ်တာလောက်ပဲ သူနားလည်မယ်"

"ဟုတ်တယ်။ သူ ဘယ်သူ့ကိုမှ မချစ်ဖူးသေးတာ သေချာတယ်"

ပွင့်ကောင်းက ဝင်ပြောသည်။ မော်ဆရာက မင်းခုမှ ဝင်ပြောမနေနဲ့ ဆိုသော သဘောဖြင့် ပွင့်ကောင်းကို ကြည့်သည်။ ကျွန်တော့် စိတ်ထဲတွင် အားလည်း လျော့သွားသည်။ ဝမ်းလည်း သာသွားသည်။

ခင်စန်းသည် ကျွန်တော်၏ ချစ်ရေးဆိုမှုအပေါ် တုန်လှုပ်မှု မရှိ၊ ထို့ကြောင့် သူသည် ကျွန်တော့်အပေါ် စိတ်ဝင်စားမှုမရှိသေးဟု ဆိုနိုင်ဖွယ် ရှိသည်။ နောက်တစ်နည်းမှာ သူသည် အချစ်နှင့် ပတ်သက်သော အတွေ့ အကြုံမရှိသေး မည်သူ့ကိုမှလည်း မချစ်ခဲ့ဖူးသေးသောကြောင့် မတုန်မလှုပ် ဘဲ ရှိနေခြင်းဖြစ်နိုင်သည်။ ခင်စန်းသည် အချစ်ကို မခံစားဖူးသေးဟု ဆိုနိုင် ပါသည်။

ခင်စန်းသည် ဘယ်တော့ကျလျှင် တုန်လှုပ်မည်နည်း။

●

ကျောင်းပြင်နှင့် ကျောင်းတွင်းသည် အဘယ်ကြောင့် မ[illegible]နည်း၊ ဘတ်စ်ကားနှင့် လာခဲ့စဉ်က ဂွတ္တလစ်၊ ရန်ကင်း၊ ကုက္ကိုင်း[illegible]တက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ရိုင်သာလမ်းတစ်လျှောက်တွင် နေရောင်သည် တောင်းစွာ ဖြာကျလျက်ရှိနေခဲ့သည်။ ဘတ်စ်ကားပေါ် ကဆင်းပြီး ကျောင်းဝင်းထဲ သို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် စိမ့်ခနဲဖြစ်သွား၏။ အထဲတွင် နှင်းမကျဲသေးချေ။ ပုဂံလမ်းပေါ်တွင် မြူနှင်းကို ဝေ့ဝေ့ဝဲဝဲ ကျနေသည်။ ဤနေရာ၌ ဆောင်း မနှောင်းတတ်သေး။ ခပ်သွက်သွက် လျှောက်လိုက်လျှင် အချမ်းသက်သာမည်ဟု စိတ်ကူးမိသည်။ ခြေလှမ်းကို မြန်လိုက်သည်။ ပုဂံလမ်းပေါ်တွင် လူရှင်းနေ၏။ ကျွန်တော်နှင့်တူတူ ကားပေါ်မှ ဆင်းလာသော လူလေးငါးယောက်သာ ရှိသည်။ ရှေ့ကို လှမ်း၍ ကြည့်သောအခါ ဟင် ခင်စန်းနဲ့ တူလိုက်တာ။ နှင်းနှင့် အလိုက်ဖက်ဆုံး အရောင်ကို ဆင်မြန်းထားတဲ့သူ။ အဆက်အောက်ပန်းရောင်။ တောတောတုန်းက မြူနှင်းတို့ဖြင့် ဝိတ်ဖုံးနေသောကြောင့် မမြင်ဘဲ ရှိခဲ့ခြင်းဖြစ်မည်။ ခြေလှမ်းသည် ပို၍ သွက်လာ၏။ လမ်းလျှောက်ပုံကတော့ ခင်စန်းနှင့် တော်တော်တူသည်။ ဟုတ်မှာပါပဲ၊ ဆရာ ဦးသော်တောင်း ဇိမ်ရှေ့သို့ ရောက်သောအခါ သူနှင့် ကျွန်တော် ဆယ်လှမ်းစာလောက်သာ ကွာတော့သည်။ အင်းလေး လွယ်အိတ်ခရမ်းရောင်ကလေး လွယ်ထားကြောင်း သိရသောအခါ သူဖြစ်မှန်း ပို၍ သေချာသွားလေသည်။

လေးငါးလှမ်းအကွာလောက်တွင် ကြောက်စိတ်ဝင်လာ၏။ သူ့ဘေးသို့ ဝင်၍ ယှဉ်လျှောက်ရန် မရဲတော့ပြန်။ သတ္တိကို ခဲခဲယဉ်းယဉ်း မွေးယူလိုက်ပြီးနောက်။

"ဟော့ ဟော့"

သူ ဆတ်ခနဲ ဖြစ်သွား၏။ ဟော သူ တုန်လှုပ်သွားပြီ ထင်တယ်။ မဟုတ်ပါ။ မြန်းခနဲ ခေါ် လိုက်သောကြောင့် လန့်သွားခြင်းသာ ဖြစ်ပါသည်။ သူ လှည့်ပြီး ပြောသည်။





"ဘယ်သူများလဲလို့"

"အတန်း မရှိဘူးလား"

"ရှိတယ် ရှစ်နာရီမှာ"

ဘာမျှ ထပ်မပြောဖြစ်ပဲ လျှောက်နေကြပြန်သည်။ သူ့အမူအရာကို မသိမသာ အကဲခတ်ကြည့်သည်။ ဟိုတစ်နေ့ကလိုပါပဲ။ ကြွေနွှေမပျက်သည့် မျက်နှာ။ ခုနေခါ သူ့ကသာ ကျွန်တော့်ကို အကဲဖမ်းကြည့်လျှင် ကတုန်ကယင် ဖြစ်နေကြောင့် သူ တွေ့ရမည်။ "ဪ ငါ့ကို တုန်နေအောင် ချစ်ရှာပါလား" ဟု သူနားလည်သင့်ပါသည်။ အင်းဝလမ်းကို ချိုးကွေ့လိုက်သော အချိန်ကမှ စကားတစ်ခွန်းကို ပြောဖြစ်သည်။

"နှင်းတွေ သိပ်ကျတာပဲနော်"

"ဟုတ်တယ် အမြင်မှာ ဒီလောက် မကျဘူး"

ဟု သူက ပြန်ပြောသည်။

"ဖယ်ရီ မစီးဘူးလား"

"အရင်ကတော့ စီးတယ်၊ ခု ပျက်နေလို့ နောက်လလောက်တော့ ပြန်ဆွဲမယ်လို့ ပြောတာပဲ"

တစ်နေ့ကလိုပင် အင်းလျားဆောင်ဘေးက လမ်းကို သူချိုးကွေ့ပေလိမ့်မည်။ သူနှင့် အတူတူ လိုက်သွားရမလား။ အင်းဝလမ်းအတိုင်း တည့်တည့်ဆက်လျှောက်ရမလား စဉ်းစားရသည်။ ဟိုကိစ္စပြောဖို့ ကျန်နေသေးသောကြောင့် သူနှင့်တူတူ လျှောက်ခဲ့သည်။ အရဲကိုး၍ ပြောသည်။

"ဟိုတစ်နေ့က ကိစ္စအတွက် တို့ တောင်းပန်ပါတယ်"

"ကိစ္စ မရှိပါဘူး၊ နောက်ကိုသာ အဲဒီလို မလုပ်ရင် ပြီးတာပဲ"

ကျွန်တော် ပြောတာတစ်မျိုး သူပြောတာက တခြားဖြစ်နေသည် ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ၊ ဟိုတစ်နေ့က ခင်စန်းရဲ့အေးက ကပ်လိုက်လာမိတဲ့ အတွက်"

"အခုကော ဘာဖြစ်လဲ"

"အဲ"

ကျွန်တော်သည် ဆက်ပဲ လိုက်ရမလို၊ ရပ်နေခဲ့ရမလို နောက်ကြောင်း ပြန်လှည့်ရမလို ယောင်ချာချာဖြစ်သွား၏၊ ဤပုံကို ကြည့်၍ သူရယ်ချင်သွား ဟန်တူသည်၊ ရယ်၏၊ ကျွန်တော် ရှက်သွားသည်၊ သူက သနားသွားပြန် သလားမသိ၊

"တို့က အလကားနောက်တာပါ၊ သူငယ်ချင်း တစ်ယောက်လိုပဲ နှိုး နှိုးစကားမျိုး ပြောမလို့ဆိုရင်တော့ ရပါတယ်"

"တို့ အခု တောင်းပန်မလို့ပါ"

"တို့ကလည်း ပြန်တောင်းပန်ပါတယ်"

"ဟင် ဘာအတွက်လဲ ဟို"

ကျွန်တော်သည် သူ မတောင်းပန်ခင်ကပင် ခွင့်လွှတ်စကား ပြောမိ မလို ဖြစ်သွားသည်၊ စကား မဆက်မိအောင် အနေဆာတလျှင် ထိန်းထား လိုက်ရ၏၊ သူပြောသည်၊

"မြော် ဟိုတစ်နေ့က သူလိုက်လာတုန်းက ဘာစကားမှ မပြောဘဲ နေလိုက်လို့ သူကြောင်တောင်တောင် ဖြစ်သွားတယ် မဟုတ်လား"

"ကိစ္စမရှိပါဘူး"

"တို့စိတ်ထဲကတော့ ထင်မိသေးတယ်၊ သူများ စိတ်ဆိုးသွားသလား လို့"

"ဟာ ဘာဆိုးစရာ ရှိလို့လဲ"

ဝမ်းသာသွားမိသည်၊ သူ့ အရိပ်အကဲကို ကြည့်သောအခါ တနွဲ့





ကလျှကလေး ပြောလိုက်ခြင်း မဟုတ်ကြောင်း တွေ့ရသည်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် စိတ်ခုသွားမည်ကို သူစိုးရိမ်တတ်ကြောင်း သိရပြီ၊ သူသည် ကျွန်တော့်အပေါ် သံယောဇဉ် ငြိတွယ်နေလေသလောဟု သံသယ ဖြစ်မွယ် ရှိသည်ဟု ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိလေ၏၊

"ခင်စန်းရယ်၊ နင့်ကို တို့ အသက်ယက် သုံးဆလောက်ပိုပြီး ချစ်ပါ တယ်၊ တို့ချစ်တာရဲ့ သုံးပုံတစ်ပုံလောက် ပြန်ချစ်ရင် ကျေနပ်ပါပြီ"

ဟု ညက စဉ်းစားထားသည့်အတိုင်း မပြောဖြစ်လိုက်ချေ၊

●●●



www.burmeseclassic.com

www.burmeseclassic.com

|၈|

စကားစကား ပြောဖန်များ၊ စကားထဲက ဇာတိပြသတဲ့။

ကျွန်တော်သည်း သူနှင့် စကားပြောရင်းကပင် သူ၏ ဇာတိသည် သုံးခွမြို့ဖြစ်ကြောင်း သိလိုက်ရလေသည်။ ဟင် ဘာဆိုင်လို့လဲ၊ မဟုတ်သေးပါဘူး။

ကျွန်တော် ပြောလိုသည်မှာ သူနှင့် စကားတွေ ပြောကြည့်ရာမှ သူ ကျွန်တော့်အပေါ် ထားရှိသောသဘောထားကို တစ်စတစ်စ သိလာခဲ့ရခြင်း ဖြစ်သည်။ သူက "နောက်တစ်ခါ ဒီလိုလုပ်ရင်တော့ စိတ်ဆိုးမိမလား မသိဘူး" ဟု ပြောခဲ့သည်။ ထို့ကြောင့် သူ့ကို နောက်တစ်ခါ စာမပေးတော့ပါ။ စကားဖြင့်ပဲ ပြောပါသည်။ နေ့တိုင်းသွား တွေ့တိုင်း အတင်းလိုက်၊ ဟိုအကြောင်း တွေကိုချည်း တွင်တွင်ပြောသောနည်းကို ကျွန်တော် မသုံးပါ။ ဤသို့ ပြု လိုက်ခြင်းသည် ခင်စန်းကဲ့သို့ မိန်းကလေးမျိုးအတွက် အနေခက်အယုက် ပေးရာကျသည်။ ကျွန်တော့်ကို 'ချဉ်' သွားလိမ့်မည်ဟု ထင်သည်။ ထို့ကြောင့်





သူ့ဆီကို သုံးရက်တစ်ကြိမ်လောက်သာ သွားသည်။ အချို့နေ့များတွင် နှုတ်ဆက်ရုံလောက်သာ နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ အချို့နေ့များတွင် ခဏတဖြုတ် စကားပြောဖြစ်သည်။ တစ်ခါတလေကျမှ သူနှင့်တူတူ လိုက်ပြန်ရင်း သူ့ယဉ်မှုတွေအကြောင်း ဟိုအကြောင်း ဒီအကြောင်း အာလာပ သလ္လာပ ပြောသည်။ စကားကြုံသလိုလုပ်၍ 'ဟိုကိစ္စ' ကို တစ်ခွန်းတလေ ပြောဖြစ်သည်။ တွေ့ဖန်များတော့မှ တဖြည်းဖြည်းချင်း ပို၍ ပြောကြည့်ရ လေသည်။ ဤသို့ ပြောရင်းက လွှတ်ခနဲ ထွက်လာသော သူ့စကား တစ်ခွန်းတစ်စကို အဓိပ္ပာယ်ကောက်ယူရ၏။ ယခုအခါတွင် သူသည် ကျွန်တော်၏ စကားများကို အလေးထား လက်ခံဆွေးနွေးသော အဆင့်သို့ ရောက်နေပြီ မှတ်ထားကြပါရန်။

"တို့အကြောင်းကို စုစုတို့ သိလားဟင်"

"သိတော့ မသိဘူး။ ဒါပေမဲ့ ဟိုတစ်နေ့က သူနဲ့တို့နဲ့ ကားဂိတ်မှာ ကားရပ်စောင့်နေတာ စုစု တွေ့သွားတယ်။ တို့ကိုတောင် မေးသေးတယ်၊ တို့က ကားမှတ်တိုင်မှာဆုံလို့ ကားစောင့်ရင်း စကားပြောနေတာပါလို့ ပြောလိုက်တယ်"

ကြည်... ကျွန်တော်က သူ့ကို စာပေးထားကြောင်း သူ့အချစ်ကို မျှော်လင့်နေသူဖြစ်ကြောင်း သူများတွေ သိမှာကို သူ စိုးရိမ်သည်။ စုစုကို လိမ်ပြောခဲ့သည်။ ဒါ ထူးခြားမှု တစ်ခု။

"အဲဒါ စုစုကပြောတယ်၊ တကယ်လို့များ နင့်ကို လူလတ်က စကား လာရင် လက်မခံနဲ့တဲ့"

"ဟင် ဘာဖြစ်လို့တဲ့လဲ"

"သူ့ ပုံကြည့်ရတာ ရှုပ်မယ်ထင်လို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘယ်ကလာရှုပ်ရမှာလဲ။ သူတို့နဲ့ မတည့်လို့ သတ်သတ် သီးသန့်ချထား ဖြစ်မှာပေါ့"

"မသိဘူးလေ၊ ဟုတ်ချင် ဟုတ်နေမှာပေါ့၊ ဘယ် ယုံရပါ့မလဲ"

မိန်းကလေးများက စိတ်ချရပါ့မလား၊ ယုံရမှာလားရှင် စသဖြင့် ပြောလာလျှင် အခြေအနေ ကောင်းသည်ဟု ဆိုနိုင်ကြောင်း သမ္မာရင့်နေသူတို့က ပြောလေ့ရှိသည်။

"တို့ ခင်စန်းကို တစ်ခုမေးချင်တယ်"

သူက 'မေးလေ' ဆိုသော သဘောမျိုး ခေါင်းဆတ်ပြသည်။

"ခင်စန်းမှာ ရည်မှန်းထားတဲ့သူ ရှိနေလို့လား"

ခေါင်းခါပြသည်၊

"အိမ်က သဘောတူထားတဲ့သူ ရှိနေလို့လားဟင်"

"မရှိပါဘူး"

တိုးတိုးဖြေသည်။

"ဒါဆို တို့မှာ မျှော်လင့်ချက် ရှိသေးတယ်ပေါ့နော်"

ခဏမျှ စဉ်းစားသည်။

"မသိဘူးလေ"

"ဘယ်လိုလဲ ခင်စန်းရယ်"

"တို့ သဘောတစ်ခုတည်းနဲ့ မပြီးဘူး၊ လူကြီးတွေ သဘောတူဖို့လည်း လိုသေးတယ်"

"ဒါဆို တို့မိဘတွေခေါ်ပြီး လာတောင်းရမလား"

"သူ့ မိဘတွေကကော တို့နဲ့သဘောတူပါ့မလား"

ဟော တွေ့လား သူပြောတာ၊ သူ့မိဘတွေက သဘောတူမတူ၊ ကျွန်တော့်မိဘတွေက သဘောတူမတူ ဆိုသော တိစ္စကို သူထည့်သွင်း





စဉ်းစားနေပြီ၊ စကားအဖြစ် ပြောတာပင်ဖြစ်စေ ဒါလည်း ထူးခြားချက်တစ်ခု၊ ဒီလောက်တင်လား၊ မဟုတ်ပါဘူး။ ဆက်နားထောင်ကြည့်၊

"မေမေနဲ့ မေမေက ခင်စန်းနဲ့ဆို သဘောတူမှာပါ၊ မေမေ သဘောကျတတ်တဲ့ မိန်းကလေးမျိုးဟာ ခင်စန်းလို မိန်းကလေးမျိုးပဲ"

"သူ့အမေက အရုပ်ဆိုးဆိုး မိန်းကလေးမျိုးကို ရှာရမယ်လို့ ပြောလို့လား"

"ဟာ မဟုတ်တာ၊ မေမေပြောတာက လှလည်း လှရမယ်၊ ပြီးတော့"

"တို့က လှမှ မလှဘဲ" ဟု သူဖြတ်ပြောသည်၊ မိန်းကလေးတို့သည် သူတို့ကို လှသည်ဟုပြောလျှင် ဒီလိုပဲ ပြန်ပြောလေ့ရှိသောကြောင့် ထပ်မရှင်းပြတော့ပါ။ ကျွန်တော့်စကားကိုသာ ဆက်သည်။

"ပြီးတော့လည်း မေမေက ပြောတယ်၊ လက်ချောင်းကလေးတွေ လက်သည်းကလေးတွေ လှတာကိုး"

သူသည် စကြီအုတ်ခုံပေါ်တွင် တင်ထားသော လက်ကလေးကို မသိမသာ တွယ်ဖက်လိုက်သည်။ လက်ကိုင်ပဝါကို ဆုပ်ကိုင်ထားသလိုလို လုပ်လိုက်၏။ သို့ရာတွင် သူ့လက်ကလေးတွေ သွယ်လျကြောင်း၊ သူ့လက်သည်းကလေးတွေ လှပညီညာကြောင်း ဟိုယခင်အခါဆီကပင် ကျွန်တော် ခိုးကြည့်ခဲ့သောကြောင့် သိပြီးသား။

"နောက်ပြီးတော့ ဂုဏ်ရှိသိက္ခာ ရှိရမယ်တဲ့"

ဒီတစ်ခါတော့ 'တို့က ဂုဏ်ရှိမှ မရှိဘဲ' ဟု သူမပြောတော့ပါ၊ သူ့အလှအပများနှင့် သူ့ ဂုဏ်သိက္ခာကို မြှင့်တင်၍ ပြောခြင်းအတွက် သူ ကျေနပ်လိမ့်မည် ထင်ပါသည်။ ကျွန်တော် မျက်နှာထားမှာလည်း 'အ[illegible] အနေလိုချင်လို့ ဖားသောမျက်နှာမျိုး' မဟုတ်ကြောင်း သူသိမည်[illegible]၏။

"ဟို ပြီးတော့လည်း အိမ်ထောင်ထိန်းသိမ်းမှုကို ကျွမ်း[illegible]ရမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက မကျွမ်းကျင်ပါဘူး"

"အမယ် ကျွမ်းကျင်ပါတယ်"

"ဘယ်လိုလုပ် သိလဲ"

"သိတာပေါ့၊ ဟိုတစ်ခါ ခင်စန်းတို့အိမ်ကို ကိုသာလည်တုန်းကလေ၊ ခင်စန်း လက်ဖက်နဲ့ ဧည့်ခံတယ် မဟုတ်လား၊ လက်ဖက်ရယ်၊ ကြက်သွန်ကြော်ရယ်၊ နှမ်းရယ်၊ ပဲခြမ်းကြော်ရယ်၊ ပုစွန်ခြောက်ရယ်ကို သူ့အဝိုင်နဲ့သူ ပြင်ဆင်ထားတာ သိပ်အဆက်တန်းကျတာပဲ၊ အဲဒီတုန်းက အိမ်ထောင်ထိန်းသိမ်းမှု စနစ်ကျတယ်ဆိုတာ သိပြီးသားပဲ"

"တခြား မိန်းကလေးတွေကိုလည်း ဒီလိုပဲ လိုက်ပြီး မြှောက်ပင့်နေတတ်တာပဲလား"

"ခင်စန်းကမေတာ၊ တခြား ယောကျ်ားကလေးတွေကို ဒီလိုပဲ ကြီးရှည်ရှည်နဲ့ လှန်ထားတာပဲလား"

"တခြားလူဆို ဒီလောက်တောင် ကြာကြာ လက်ခံစကား ပြောမနေဘူး"

ကိုင်း ဘယ်နှယ်ရှိစ၊ ကြားရဲ့ မဟုတ်လားဗျာ၊ သူ့ စကားတွေကို လျှော်ခနဲ ကျွံသွားသော ထိုစကားကို အလေးအနက် ပြောခြင်းမဟုတ်ဟု မြင်နိုင်သည် ဟန်ဆောင်ကြည့်ဖို့ ကြိုးစားသည်။ ရယ်သွမ်း သွေးလိုက်ခြင်းဖြင့် သူ့စကားကို ပေါ့သွားရန် ပြင်ကြည့်၏၊ သို့ရာတွင် ကျွန်တော် သိပါသည်။ နောက်ပိုင်း ချစ်တာ မချစ်တာ အပထား၍ သူ ကျွန်တော့်အပေါ် နည်းနည်းကလေး စိတ်ဝင်စားစ ပြုလာပြီ။ တခြားလူတွေနှင့် ကျွန်တော့်ကို ခွဲခြား၍ထားသည်၊ ကျွန်တော့်ကို အထူးအခွင့်အရေး ပေးထားသည်၊ ဒီလိုနေရာမျိုးကျတော့လည်း အထူးအခွင့်အရေးဆိုသည်မှာ စိတ်သန့် ရှင်းစွာ လက်ခံသင့်သည်ဟု ကျွန်တော်ထင်သည်။





ချစ်ခင် လေးစားအပ်သော လူကြီးမင်းများ သိတော်မူကြသည့်အတိုင်း ကျွန်တော့် အခြေအနေသည် 'မအောင်မှတ်' ကျော်လာပြီဟု ယူဆနိုင်ပါသည်။ နောက်ထပ် ဆယ့်ခြောက်မှတ်တန် တစ်ပုဒ်လောက် မှန်အောင် တွက်နိုင်လျှင် ဂုဏ်ထူးရပါတော့မည်။ ကျွန်တော်တို့ သူငယ်ချင်းအချင်းချင်း ပြောနေကျ စကားမျိုးဖြင့် ပြောရလျှင်

"အိုကေး ဘိုကေ"။

●

မတ်လ၏ အလယ်နေ့များ။

ကျောင်းဝင်းတစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ ကျောင်းသားများသည် အရေးတကြီး မျက်နှာထားများနှင့် ရှိနေကြ၏။ သူတို့သည် ဇနောမငြိမ်ကြ။ အခန်းတွေထဲမှာ၊ လက်ဖက်ရည်ဆိုင်မှာ၊ အဆောင်မှာ၊ ခုံတန်းလျားမှာ၊ စင်္ကြံမှာ၊ စာမေးပွဲအတွက် ပြင်ဆင်နေကြခြင်းပင် ဖြစ်လေသည်။ စာရေးကျက်ဖို့ တိုင်ပင်နေကြသူတွေ၊ ဆရာ/ဆရာမတွေဆီမှာ စာမေးဖို့ ကြိုးစားနေကြသူတွေ၊ မတက်လိုက်ရသော သင်ခန်းစာများကို မြန်ကူးဖို့ သူငယ်ချင်းတွေဆီ စာအုပ်လိုက်ငှားနေကြသူတွေ။

ကျွန်တော်သည်လည်း ငါတော့ဖြင့် စာကူးဖို့ အချိန်တန်ပြီဟု ကိုယ့်ကိုယ်ကိုယ် သိနေပါပြီ။ ဟိုကိစ္စက ခေါင်းထဲမှာ အစဉ်သဖြင့် ရှိနေသော်လည်း အမကျူးလို့ မဖြစ်တော့ပါ။ ခင်စန်းကို ခဏတော့ မေ့ထားရပါတော့မည်။ သူ့ကို မေ့ထားဖို့ မလွယ်၊ စဉ်းစားကြည့်ပါ။ ဥပမာ ကိုယ်အလွန်ဖတ်ချင်နေသော စာအုပ်တစ်အုပ်၊ ဆိုပါတော့ သုမောင်၏ 'အချစ်' ဆိုသော ဝတ္ထုမျိုးစာအုပ်ကို မဖတ်ရမချင်း စိတ်ထဲက တနုံ့နုံ့ဖြစ်နေမည်၊ ဒါတောင် စာအုပ်ပဲ ရှိသေးတာသိနော်။ ခင်စန်းဆိုသည်ကား ကျွန်တော့်...သည်း



www.burmeseclassic.com

www.burmeseclassic.com



မကာ အသက်မျှပင် ချစ်ရကြိုင်ရသောသူ၊ အစွဲလမ်းဆုံးသော အချစ်၊ သူ့ကို အဖျပ်ဖျပ် သတိရနေတော့သည်။ ဘာပဲဖြစ်ဖြစ် လောလောဆယ်မှာ တော့ ခင်စန်းနှင့် ကျောင်းစာကို ခွဲခြားထားဖို့ ကြိုးစားရပါမည်။

ကိုရက်တွေတုန်းက ကျောင်းအပျက်များခဲ့သည်။ ခင်စန်း၏ အချိန် စာရင်းနှင့် ကျွန်တော်၏ အချိန်စာရင်းသည် တိုက်ဆိုင်မှုမရှိ။ ကျွန်တော် အတန်းအားသောအချိန်တွင် သူက အတန်းတက်နေသည်။ သူ အတန်း အားသော အချိန်ကျတော့ ကျွန်တော်က အတန်းရှိသည်။ ဘာလုပ်မလဲ၊ 'ငါ စကား ပြောစရာရှိလို့ နင် အတန်းမတက်နဲ့ဟာ' ဟု သူ့ကို သွားပြောလျှင် ဖြင့် ကျွန်တော့်ကို ပြန်မကြိုက်သည့်အပြင် သူတို့လက်တွေ့ခန်းထဲက အက်ဆစ်ရေမှီးရည်ဖြင့်ပင် အပက်ခံရမည်ထင်သည်။ ဒီတော့ ကျွန်တော့် အတန်းကို ဖျက်ပေါ့။

ဗုဒ္ဓဟူးနေ့ကိုပင် ကြည့်။ ကျွန်တော့်အတန်းက ဆယ့်နှစ်နာရီကျမှ ပြီးသည်။ သူ့အတန်းက ဆယ့်တစ်နာရီကတည်းက ပြီးသည်။ ထိုအခါ ဆယ်နာရီမှာစသော အတန်းကို ကျွန်တော် မတက်ဖြစ်တော့၊ ထိုအတန်း ကိုတက်လျှင် သူနှင့် ကျွန်တော် ဆယ့်တစ်နာရီမှာ အတန်းပြိုင်တူပြီးမည်၊ သူ ကျွန်တော့်ကို စောင့်နေလိမ့်မည် မဟုတ်ပါ၊ ကျွန်တော်ကသာ သူ့အတန်းရှေ့မှာ အတန်းမပြီးခင် အနည်းဆုံး ဆယ်ငါးမိနစ်စော၍ သွား စောင့်နေရမည်။ စိတ်ချလက်ချ စောင့်နိုင်ရန် ဆယ်နာရီ အတန်းကို ကျွန်တော် မတက်ဘဲနေသည်မှာ ကြာပြီ။

မနေ့ကတော့ စာမေးပွဲအတွက် အရေးကြီးတာတွေ သင်မည်ဆို၍ သွားတက်၏။ ဆရာမသည် သင်ခန်းစာအချို့ကို ပြန်နွှင်းပြသည်၊ လိုအပ် သလောက်သာ ရှင်းပြသောကြောင့် ကျွန်တော့်အဖို့ ရုပ်ရှင်ကတ်ကား နမူနာ ဝိုင်းကြည့်ရသလို အဆက်အစပ်ကို နားမလည်နိုင်ဘဲ ဖြစ်နေရလေသည်။





ဆရာမကလည်း ကျောင်းမတက်ဘဲနေသော 'မျက်နှာသစ်' များ ဒီနေ့မှ ပုဂ္ဂလေးတေး ရောက်လာကြောင်း သိနေ၏။ "တစ်ခါမှ မမြင်ဖူးတဲ့ မျက်နှာ တွေ ခုမှပဲ မြင်ရတော့တယ်" ဆိုပြီး စာ မေးလေတော့သည်၊ သူနှင့် မျက်နှာစိမ်းနေသူများကိုသာ ရွေး၍မေး၏၊ ဘယ်သူမှ မဖြေကြ။ ကျွန်တော လည်း စာလိုက်မှတ်သလိုလို လုပ်၍ ခေါင်းကို ခပ်ငုံ့ငုံ့ထားရင်းနေသည်။

"ကဲ. . . ဟိုတစ်ယောက်"

ထိတ်ခနဲ ဖြစ်သွားသည်၊ ဆရာမ၏ လက်ညှိုးသည် ကျွန်တော့် ထိုင်နေရာဘက်သို့ ဝဲလာသည်။ ကျွန်တော့်ရှေ့မှာ ထိုင်နေသော ကိုသန်း ဇော က ထရပ်လိုက်၏။

"မဟုတ်ဘူး မဟုတ်ဘူး၊ မင်းနောက်က အကျႌအဖြူနဲ့"

ကျွန်တော် မသိချင်ယောင်ဆောင်၍ နောက်ကို လှည့်ကြည့်လိုက် သည်၊ ကျွန်တော့် နောက်မှလည်း စာမေးမည်စိုး၍ ကျွန်တော့် ကိုယ်နှင့် ကွယ်၍ ပုန်းနေသော ကျော်ညွန့်၊ သူက အကျႌအပြာနှင့်။

"နောက်ကို လှည့်မကြည့်နဲ့လေ၊ မင်းကို ပြောတာ"

မတ်တတ်ရပ်လိုက်ရသည်။

"ကဲ ပြောစမ်းပါဦး၊ ကော်ရက်စ်ပွန်းဒင့် သီအိုရီဆိုတာ"

ကျွန်တော် မသိ၊ ကော်ရက်စပွန်းဒင့်၏ အဓိပ္ပာယ်ကို ကျွန်တော် သိထားသည်မှာ 'စာပေးစာယူ'။ ဒါတော့ မဖြစ်နိုင်။ ဘာမျှမပြောဘဲ ယောင် ပေပေ လုပ်နေလိုက်၏။

"ပြောလေကွယ် ကော်ရက်စ်ပွန်းဒင့် သီအိုရီကို မင်း ဘယ်လိုသဘော ရသလဲ"

"ကျွန်တော် ဘယ်လိုမှ သဘောမရပါဘူး ဆရာမ"

လွှတ်ခနဲ ပြောမိသည်၊ ကျွန်တော့်လို ကောင်လေးချည်းသာများ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် သိဂ် အဟားမခံလိုက်ရ။ အဲ အဲဒါကိုသာ ကြည့်ပါတော့။ ကျွန်တော့် အခြေအနေ။

ဒီတော့ ကျွန်တော် စာကူးရတော့မည်။ စာအုပ်တွေ လိုက်ငှားရသည်။ အချစ်ရေးတွင် ကံကောင်းမကောင်း မသိရသော်လည်း ပညာရေးဘက်တွင် ကံကောင်းလှသည်။ ခုလည်း ကျွန်တော့်ကို ကူညီမစမည့်သူတွေ ပေါ်လာ၏။ ကိုတင်မြင့်နှင့် ကိုဇော်လင်းတို့က စာအုပ်တွေငှားသည်။ ကိုသန်းဝေနှင့် ကိုကြွင်ဆောင်တို့က နားမလည်သော အပိုင်းများကို ရှင်းပြသည်။ ကျွန်တော်၏ ကမ္ဘာ့ကျေးဇူးရှင်များပင် ဖြစ်ပါသည်။ ဒါတောင် ကျွန်တော်က ဈေးဆစ်လိုက်သေးသည်။ စာတော့ မကူးနိုင်၊ စာမေးပွဲမှာ ပါမယ်ထင်တာလောက် ရွေးကူးချင်သည်။ သူတို့က "ခင်ဗျားကလည်းဗျာ ပါမယ့် လေးပုဒ်အတိအကျတော့ ဘယ်သိပါ့မလဲဗျ။ အနည်းဆုံး ခြောက်ပုဒ်စီလောက်တော့ ကူးပါဗျ" ဟု တောင်းတောင်းဝန်းဝန်း ပြောသောကြောင့် သူတို့ ခန့်မှန်းပေးသော မေးခွန်းခြောက်ပုဒ်စီလောက် ရွေးပြီး ကူးရသည်။

ကူးပြီးပြီဆိုပါဒို့ မထင်ကြပါနှင့်။ ကျွန်တော့်အကြောင်းလည်း သိကြသားနဲ့။ စာကူးနေရင်းကပင် 'ခုလောက်ဆို ခင်စန်းတစ်ယောက် စာတွေ တော်တော်ကျက်ပြီးလောက်ရောပေါ့' ဟု တွေးမိသည်။ 'ဆန်းသစ်လာသော အတွေးအခေါ်များ' ကို 'စန်းသစ်လာသော အတွေးအခေါ်များ' ဟု စာလုံးပေါင်း မှားရေးမိသည်။ ဖောင်တိန်ကို ကိုင်ထားသော်လည်း ဘာမှ မရေးဖြစ်ပဲ သူနှင့် ပြောဆိုခဲ့သော စကားများကို တမ့်မြုံ ပြန်စဉ်းစားရင်း ငေးငိုင်နေမိပြန်၏။ ကျွန်တော့်ကိုယ် ကျွန်တော်သိသည်။ စာဆက်ကူးလို့ မဖြစ်နိုင်တော့။ ဖောင်တိန်ကို အိတ်ထဲ ထည့်လိုက်သည်။ စာအုပ်ကို သိမ်းသည်။ စိတ်ကို ချုပ်တည်း၍ မထားနိုင်တော့ပါ။ သူ့ထံတွင် 'ကြိမ်စကြာ' ရှိမည်မဟုတ်သော်လည်း မသွားဘဲ မတွေ့ဘဲ မနေနိုင်သည်မှာ ထူးဆန်းလှသည်။





အဓိဗိတိလမ်းကိုဖြတ်၍ သူတို့ သိပ္ပံဆောင်ဘက်သို့ လာခဲ့၏။ ခုရက်များတွင် အတန်းမှိန်နေတွေ အတိအကျမရှိ။ အရေးကြီးလျှင် ကြီးသလို သင်ပြီး တစ်ခါတလေလည်း သင်နေကျ အချိန်တွင် အတန်းမရှိဘဲ ဖြစ်ချင် ဖြစ်နေတတ်သည်။ စိတ်ထဲ၌မူ ခင်စန်းကို တစ်နေရာမဟုတ် တစ်နေရာမှာ တွေ့ရလိမ့်မည်ဟု ထင်နေမိသည်။ အခန်း (S. 17) ရှေ့သို့ ရောက်သောအခါ တင်းသင်းဖြစ်နေသော ထိုင်ခုံများက ဆီးကြိုသည်။ အင်းလျားဆောင်နားက စားသောက်ဆိုင်တန်း၊ ကျောင်းသူများ အပန်းဖြေခန်း၊ အင်းဝဆောင် စားသောက်ဆိုင်တန်း (ဆိုင်ယင့်ကင်တင်း) တို့မှာလည်း သူ့ကို မတွေ့ရ။ ခုမှပင် ကျွန်တော့်မှာ အားငယ်စိတ်တွေ ဝင်ရောက်လာသည်။ စာကျက်လို့ မရကြောင်း၊ စာကူးလို့ မရကြောင်း သူ့ကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြချင်သည်။ သူကသာ 'စာကျက်တော့ကွယ်' ဟု တစ်ခွန်းပြောလျှင် တစ်နေ့တည်းမှာပင် ဘာသာရပ် ငါးခုစလုံးကို အပြီးတိုင် အာဂုံဆောင်နိုင်လိမ့်မည်ဟု ထင်၏။ အနည်းဆုံး သူ့ မျက်နှာလေးကို မြင်လိုက်ရလျှင်ပင် ခွန်အားသစ်များ ဖြစ်ပေါ်စေလိမ့်မည်။ ခင်စန်းရယ် ဘယ်မှာလဲကွယ်။

ဟိုမှာ။

ဟုတ်လိုက်ပါရဲ့လေ။ စာကြည့်တိုက်ထဲက ထွက်လာတာ ခင်စန်း မဟုတ်လျှင် နတ်သမီးကြား တဆက်အနွယ် တစ်ပါးပါးသာ ဖြစ်ရပါမည်။

သူသည် ကျွန်တော့်ကိုမြင်လျှင် ပြုံးနေကျ အပြုံးမျိုးဖြင့် ပြုံးပြသည်။ ဘယ်လို အပြုံးမျိုးဟူ၍ တိတိကျကျ မပြောတတ်ပါ။ ကျွန်တော့်ကို တစ်သက်လုံး ချုပ်ကိုင် စိုးမိုးသွားနိုင်မည့် အပြုံးမျိုးဟူ၍သာ ပြောလိုပါသည်။ ကျွန်တော်ကလည်း ရာသက်ပန် ကျိုးနွံပါမည်ဆိုသော အပြုံးမျိုးဖြင့် ပြန်ရင်း

"ဘယ်ကလာတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"စာကြည့်တိုက်ထဲက၊ သူငယ်ချင်းတွေနဲ့ စာစုကျက်ပြီး ထွက်လာတာ"

"ခု ပြန်တော့မလို့လား"

"မပြန်သေးပါဘူး။ မဦးနဲ့တူတူပြန်မလို့၊ သူ့ကို စောင့်ရဦးမယ်"

"သူက ဘယ်အချိန်လာမှာလဲ"

"နှစ်နာရီခွဲ"

နာရီကို ကြည့်သည်၊ တစ်နာရီ သုံးဆယ့်ငါးမိနစ်ပဲ ရှိသေးသည်၊

"ဘယ်နားက စောင့်မှာလဲ"

"ဟို တရုတ်စကားပင်အောက်မှာ"

သူနှင့်တူတူ လျှောက်လိုက်လာခဲ့သည်။ သူပြောသော တရုတ်စကားပင်နားသို့ ရောက်လာ၏။

"ကို့ပါ ကူစောင့်ပေးမယ်နော်"

သူ ဘာမျှ ပြန်မပြော၊ ပင်ခြေမှာ ဝိုင်းထားသော အင်္ဂတေခုံပေါ်မှာ ထိုင်လိုက်သည်၊ သူသည်လည်း ကျွန်တော်နှင့် ခပ်ခွာခွာ ဝင်ထိုင်လိုက်သည်၊ အားနာသောကြောင့်လား၊ တစ်ယောက်တည်း မစောင့်လိုသောကြောင့်လား မသိ၊ ကျွန်တော် ထိုင်လိုက်သည်ကို သူ မကန့်ကွက်ချေ၊

"ဟိုလေ မဦးဆိုတာ ဟို ခင်စန်းနဲ့ အမြဲတွဲတဲ့ အသားညိုညို ခပ်သွယ်သွယ်ကို ပြောတာ မဟုတ်လား"

သူ ခေါင်းညိတ်ပြသည်။

"အဲဒီ မဦးကလည်း ချောတာပဲ"

"ဘာလဲ ပြောပေးရမလား"

"ဟင့်အင်း မဦးက ခင်စန်းလောက် မလှဘူး"

ရယ်ကြသည်။





"ဒါပေမဲ့ သူနောက်ကျသွားပြီ၊ မဦးမှာ ရှိပြီးသား"

"ဟုတ်လား"

"ခုန စာကြည့်တိုက်ထဲမှာ စာတူတူကြည့်နေရင်း လာခေါ်သွားတာပေါ့"

"ကြော်သိပြီ၊ ကျောင်းဖွင့်စက တို့ခင်စန်းကို လာစောင့်ရင်းနဲ့ တွေ့ဖူးတယ်၊ သူကလည်း မဦးကို လာမစောင့်တာလေ၊ သူနဲ့ မဦးနဲ့ စကားပြောနေတုန်း ခင်စန်းက ရပ်စောင့်နေတာလေ၊ အဲဒီမှာ တို့နဲ့ တွေ့တာမဟုတ်လား"

သူ စဉ်းစားသလိုလိုလုပ်ပြီး 'ဟုတ်မှာပေါ့' ဟု ပြောသည်၊ အမှန်အားဖြင့် ကျွန်တော် ပြောချင်နေသော စကားမျိုးသည် ထိုကဲ့သို့ မဟုတ်ချေ၊ သို့ရာတွင် ကျွန်တော် လိုချင်သော အကြောင်းအရာသို့ ရောက်အောင် စကားကို ဆွဲယူဖို့ ခက်နေသည်၊ စကားအကွက်ဝင်လာအောင်သာ စောင့်ရပေတော့အံ့၊ ထို့ကြောင့် စာကျက်လို့ မရကြောင်း သူ့ကို ပြောပြနိုင်ရန် စကားလမ်းခင်းလိုက်သည်၊

"စာတွေ တော်တော်ကျက်ပြီးပြီလား"

"ပေပါသုံးလောက်တော့ ကြည့်ပြီးပြီ၊ တစ်ခု ကျန်သေးတယ်၊ အဲ့ဒါပြီးရင် အားလုံးကိုမှပြီး ပြန်ကြည့်ရဦးမယ်"

ထို့နောက် "သူကော တော်တော်ကျက်ပြီးပြီလား" ဟု ပြန်မေးသည်၊

"စာကူးလို့တောင် မပြီးသေးဘူး"

"ဟင် ဒီလိုဆို ဘယ်အချိန်ကျမှ စာကျက်မလဲ"

"ဘယ် တတ်နိုင်မလဲ၊ အချိန်ရသလောက်တော့ ကျက်မှာပေါ့။ ဒါမှ မဟုတ်လည်း ကျရုံပဲ ရှိတာပဲ"

"စောစောစီးစီးတုန်းကတော့ ကြိုကြိုတင်တင် ပြင်မထား[illegible]ဘာတွေ လျှောက်လုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ကာဒေါ်သောလေသံမျိုးဖြစ်ကြောင်း အမှတ်ထားမိသည်၊ သူသည် ကျွန်တော့်အတွက် စိုးရိမ်ပူပန်၍ နေပါသလော။

"စိတ်အနှောင့်အယှက် ဖြစ်စရာတွေ ရှိနေလို့ပါ"

ဟု ခပ်တိုးတိုး ပြန်ပြောဖြစ်ပါသည်။

"စိတ်အနှောင့်အယှက် ဟုတ်လား၊ ဘာတွေလဲ"

"ခင်စန်း သိမှာပါ"

သူသည် တခြားမိန်းကလေးတွေလို သိရက်သားနဲ့ မသိချင်ဟန်ဆောင်၍ 'ကို မသိပါလား၊ ဘာကိုပါလိမ့်' ဟု မပြောချေ။ သူ့ ဝသီအတိုင်း နိုးနိုးစင်းစင်း။

"ကိုကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေတာလား။ ဒါဆိုလည်း မေ့ထားလိုက်ပါလား"

"ခင်စန်းကြောင့်လို့ မဆိုလိုပါဘူး၊ ခင်စန်းရဲ့ အဖြေကိုစောင့်မျှော်ရလို့ စိတ်ပင်ပန်းတာကို ပြောတာပါ။ ပြီးတော့လည်း ခင်စန်းကို မေ့ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးလေ။ ကိုရဲ့နာမည်ကိုသာ ကို မေ့ချင်မေ့မယ်၊ ခင်စန်းကိုတော့ ဘယ်တော့မှ မေ့လို့မရပါဘူး"

ဥပြဲငှက်အသံထက်ပင် ပို၍လွမ်းမောဖွယ် ကောင်းသောအသံဖြင့် ကျွန်တော်ပြောသည်၊ သူ ကျွန်တော့်ကို လှတ်ခနဲကြည့်ပြီး မျက်လွှာပြန်ချသွားသည်။ ကျွန်တော့်စကား တာသွားသည် မသွားသည်ကို သေချာစွာမသိရ၊ မူထားမပျက်သောလေသံကိုမူ သူ နားလည်တန်ကောင်းပါသည်။

"ကိုကို အဖြေပေးပါတော့ ခင်စန်းရယ်၊ ကိုတာပေးပွဲကို စိတ်ဖြောင့်ဖြောင့်ဖြေပါရစေ"

ခေါင်းငုံ၍နေမြဲ၊ ဘာမျှမတုံ့ပြန်။

လေသည် ထူးခြားစွာ ငြိမ်သက်နေ၏၊ လေရှူးကို ရှာမတွေ့၊ အပင်





အားလုံးလှုပ်လှုပ်ရှားရှား မရှိချေ။ စာကြည့်တိုက်ပညာဌာနအဆောင်ရှိ ရေကာမာပင်ခြေရင်းမှ မီးပုံငယ်ကလေးသည်သာ မီးနိုးငွေ့ တလူလူလွင့်လျက် ရှိ၏။ မြင့်မြင့်မားမား ရပ်နေသော ပင်လယ်ကတိုးပင်၏ အရွက်ဖျားတို့ကို ကလူကျီစယ်သည်၊ အပင်တိတ်ဖျားကား ဘယ်ညာ မယိမ်းမယိုင် ငြိမ်မတ်လျက်။

"ဘယ်လိုလဲဟင်"

"ကို့ အဲ့ဒါတွေ မစဉ်းစားချင်သေးဘူး"

"ဘယ်တော့ကျမှ စဉ်းစားမှာလဲ"

"မသိဘူး"

မသိဘူးဆိုသည်မှာ သူ၏ လက်သုံးစကား ဖြစ်ဟန်တူသည်၊ "ကို စောင့်နေရတာ မောလှပါပြီ" ဟု အားလျော့သော လေသံဖြင့် ပြောမိသည်။

"ကို စဉ်းစားတဲ့အချိန်ထိ မစောင့်နိုင်တော့ဘူးလား"

သူ့အသံသည်လည်း တိုးညင်းလွန်းလှ၏၊ သို့ရာတွင် ကျွန်တော့်အတွက် အားတက်ဖွယ်စကား။

"စောင့်တော့ စောင့်နိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်ကျရင် ပေးမယ့်အဖြေက ဘယ်လိုမှန်းမှ မသိဘဲ၊ မရေရာဘူးလေ။ တကယ်လို့ ခေါင်းခါတဲ့အဖြေမျိုးဆိုရင် ဘယ်လိုလုပ်မလဲ"

သူ့ဘာမျှ ပြန်မဖြေဘဲ ပြုံးနေသည်၊ ကျွန်တော်ပင် စကားစသည်။

"တကယ်လို့ ခင်စန်း စဉ်းစားတဲ့အခါကျရင် ကိုကို ပထမဦးစားပေးအဖြစ် စဉ်းစားမလား"

ပြုံးရာမှ ရယ်သည်၊ "နိမိတ်ပြ မေးခွန်းတွေ မမေးနဲ့လေ" ဟု [illegible]ရင်းပြောသည်၊ စကားကုန်ပြီဟု ယူဆနိုင်၏၊ ဆက်လက်၍ [illegible]ရန် မသင့်တော့။ သူလို မိန်းကလေးမျိုးအဖို့ ဒီလောက်ထိ အခွင့်အ[illegible]တာပဲ လွန်လှပြီဟု စိတ်ထဲက တွေးလိုက်သည်။



www.burmeseclassic.com

"အေးလေ ကိုကတော့ မျှော်လင့်တကြီး စောင့်နေရမှာပဲ၊ ကိုအချိန်ကျရင်သာ ကောင်းသော သတင်းစကား ဖြစ်ပါစေလို့ ဆုတောင်းပါတယ်"

ကျွန်တော့်ကိုယ် ကျွန်တော် ပြောသလို ပြောသည်၊ သူ့ကို မကြည့်ဘဲ သိပ္ပံဆောင်ဘက်သို့ ငေးနေလိုက်၏။ သစ်ပုပ်ပင်ကြီး၏ အကိုင်းများတို့တွင် အစိမ်းနုရောင်တို့ ဝေနေသည်၊ အဖူးလား၊ ရွက်နုလား ခွဲခြား၍ မသိ။ သစ်ပုပ်ပွင့်ကို ညိုတိုတိုဟုလည်း ကြားဖူးသည်၊ တက္ကသိုလ်၏ အထိကရ ဖြစ်သော ကျွန်တော်တို့ တဖွဖွတသသ ပြောဆိုနေကြသော သစ်ပုပ်ပင်ကြီး၏ အပွင့်ကို သတိထား၍ မကြည့်မြင်ခဲ့ဖူးသဖြင့် ဝမ်းနည်းမိသည်။

ကျွန်တော့်အတွေးနှင့် ကျွန်တော်နေသည်၊

သူသည်လည်း သူ့အတွေးနှင့်သူ။

ကျောင်းစာအကြောင်း၊ စာမေးပွဲအကြောင်းသည် ကျွန်တော့်အတွေးထဲ၌ လောလောဆယ်တွင် ရှိမနေကြောင်း သေချာသည်၊ သူတော့ဖြင့် မသိ။

လေပွေလိုင်းတစ်ခု ရုတ်တရက် ဝင်ရောက်လာ၏။

ကျွန်တော်တို့၏ ဆံစများကို လှုပ်ခါသွားစေသည်၊ ငုစပ်ပွင့်တို့ကို ခြွေချရန် ကြိုးစား၏၊ ကံ့ကော်ရွက်တစ်အုပ်သည် လေပွေလိုင်းနှင့်အတူ အဓိပတိလမ်းတစ်လျှောက် လွင့်မျော၍ ပါသွားကြလေသည်။

●●●



## ၉

ထိုအချိန်မှာပင် ကျောင်းပိတ်သည်။

ခင်စန်းကို ကျွန်တော်လွမ်းသည်၊ ထို့အပြင် ဘာများကော တတ်နိုင်ဦးမည်နည်း၊ ခုလိုအခါတွင် သူ့ကို တွေ့ရဖို့ဆိုသည်မှာ မဖြစ်နိုင်၊ သူသည် မနေ့ညနှင့်အမျှ အပြင်ထွက်၍ လမ်းသလားတတ်သော အမျိုးမဟုတ်ပါ၊ သူ့ဆီကို စာရေးဖို့ကလည်း စိတ်မချရ၊ သူ့အိမ်က ဖောက်ဖတ်ကောင်း ဖတ်နိုင်သည်၊ မြို့ထဲကို သွားရင်း တစ်နေရာရာမှာ ကြုံကြိုက်ချင် ကြုံကြိုက်နိုင်သည်ဟု မျှော်လင့်၍သာ နေရသည်၊ မြို့ထဲထွက်လျှင် သူနှင့်များ ဆုံမလားဟု ဟိုဟိုဒီဒီ ရှာကြည့်တတ်သော အကျင့်ကို စွဲစပြုလာပြီ၊ သူ့အိမ်ကို သွားမလည်ရဲတော့သောကြောင့် ညလူခြေတိတ်ချိန်လောက်ကျမှ အိမ်ရှေ့က ဖြတ်လျှောက်ရသည်၊ သူ့ကိုကား အရိပ်အယောင်မျှ မတွေ့ရ၊ နှစ်ထပ်အိမ်၊ မီးရောင်ဟပ်နေသော မှန်ပြတင်းများ ပိတ်ထားသော

www.burmeseclassic.com



ဝင်းတဲခါး ခြံထောင့်ရှိ စွယ်တော်ပင် စသည်တို့ကိုသာ သူ့ကိုယ်စား အလွမ်းပြေကြည့်ပြီး ပြန်ခဲ့ရသည်။

လွမ်းခြင်းကို အချိန်မရွေး၊ နေရာမရွေး ပြုလုပ်နိုင်ခွင့်ရှိသော်လည်း လွမ်းလို့ ကောင်းသော အခြေအနေမျိုးဆိုလျှင် တော်သေးသည်။ လေညင်းကလေးက သစ်ရွက်ကလေးတွေနှင့် စကားပြောနေသောအချိန်၊ မိုးစက်ပွင့်တို့က မြက်ပင်ကလေးများပေါ် မှာ တမ်းချင်းသီနေသောအချိန်၊ အိပ်ရာမှ နိုးခါစ နှင်းဆီပွင့်ကလေးသည် နှင်းရည်စက်တို့ဖြင့် မျက်နှာသစ်နေသော အချိန် ဆိုလျှင် လွမ်းလို့ ကောင်းလိမ့်မည်ထင်သည်။

ခုတော့

အပူငွေ့တို့ တရှိန်ရှိန် ဖုံထသော နွေညများတွင် ခွေးသံတို့ ရှဲရှဲဝိုလျက် အိပ်ရာပေါ်၌ လူးလူးလှိမ့်လှိမ့်နေရင်း သူ့ကို တသသ တမ်းတနေရသည်မှာ ကြီးစွာသောဒုက္ခ။

လွမ်းရသည့်ပင် မသက်သာ၊ မလွတ်လပ်သော ကာလပင်တကား။

သူ့ကို ပြောချင်တာတွေ အများကြီး။ နေ့စဉ် နေ့တိုင်းပင် ပြောလိုစိတ်တ ရှိနေသည်။ ပြောနိုင်ခွင့်တား မရချေ။ ထိုအခါ မနေ့က စကားသည် ဒီနေ့ထိ ကျန်နေသည်။ မနေ့ကနှင့် ဒီနေ့စကားတို့သည် နက်ဖြန်အထိ ပါလာဦးမည်။ ဖွင့်ဟခြင်းမရှိဘဲ ထပ်မံ တိုးပွားလာသော စကားတို့သည် တစ်နေ့ပြီးတစ်နေ့ များပြားလာသည်။ ရင်နှင့် မဆံ့လောက်အောင် စုပြုံနေ၏။ စိတ်ကူးထဲတွင်၊ အိပ်မက်ထဲတွင်သာ ပြောခွင့်ရနေသော အခြေအနေကို အားမရတော့။ အချစ်အကြောင်း၊ အလွမ်းအကြောင်း၊ အကြင်နာအကြောင်း၊ ကံ့ကော်ပွင့်ကလေးတွေ၊ အင်းလျားကန်ရေပြာ၊ သစ်ပုပ်ပင်ပေါ်မှ ဥသြမိသားစု စသည်တို့ကို ပေထက် အက္ခရာတင်မိသည်။ ထိုစာအပေါင်းစုတို့သည် ကဗျာကလေးတွေ ဖြစ်လာ၏။ အချို့လည်း ဝတ္ထုငယ် အပိုင်းအစ





များ။ အတတ်ပညာအားဖြင့် ပြောင်မြောက်သည် မပြောနိုင်သော်လည်း အသက်ဝင်လှသော အကြောင်းအရာတွေဖြစ်ကြောင်း သေချာသည်။

●

လမြည့်ဝန်း၏ အချစ်ဦးသည် ကန်ရေပြင်
နေမင်းကြီး၏ အချစ်ဦးသည် အရှေ့မိုးကောင်းကင်
ပန်းကလေး၏ အချစ်ဦးသည် ရွှေလိပ်ပြာ
မိုးစက်များ၏ အချစ်ဦးသည် မြေသင်းနံ့
နှင်းပွင့်များ၏ အချစ်ဦးသည် မြမြက်ခင်း
နွေသစ်ရွက်၏ အချစ်ဦးသည် ဥသြငှက်ကလေး
အကယ်၍ ဖြစ်ခဲ့လျှင်
အချစ်၏ အချစ်ဦးသည်
ငါ၏ မျက်လုံးများ ဖြစ်လိုပါ၏။

●

ဒီနေ့သည် ကျွန်တော့်ကို တစ်ခုခု ဖြစ်စေလိမ့်မည်။

ရှေ့ဆက် သွားရမည့် လမ်းစကို ရှာဖွေမိသည်။ စာပေသမား ဖြစ်ရန် ကြိုးစားလိုစိတ် ပေါ်ပေါက်လာခြင်းပင် ဖြစ်သေးသည်။ စာပေဝါသနာကား ယခုမှ ရှိသည်မဟုတ်၊ ငယ်စဉ်ကပင် စာဖတ်အား ကောင်းခဲ့သည်။ စာတတ်ခါစအရွယ် ပုံပြင်ကာတွန်းတွေ ဖတ်ခဲ့သည်ကို အကျယ်မပြောလိုတော့ပါ။ ကျွန်တော် ငါးတန်းကျောင်းသားဘဝတုန်းက "တိုက်ဖိုက်" ရောဂါ ဖြစ်သည်။ အိပ်ရာထဲတွင် တစ်လလောက် လဲနေသည်။ ဤသို့ နေရသည်ကို ပျင်းရိငြီးငွေ့လာသောအခါ စာတွေဖတ်တော့သည်။ မှတ်မှတ်ရရ ကျွန်တော် ပထမဦးဆုံးဖတ်ဖူးသောဝတ္ထုမှာ ဆရာကြီးရွှေဥဒေါင်း၏ ဆုတ်ဖြိုနှင့် ဖြစ်



www.burmeseclassic.com

သည်၊ ထို့နောက် စုံထောက်မောင်စံရှား၊ ဇော်ဟိတ်၊ မျှော်တလင့်လင့်၊ ထိုအခါမှ စ၍ စာမဖတ်ရလျှင် မနေနိုင်သော အခြေအနေသို့ ရောက်လာသည်။ နေကောင်း၍ ကျောင်းပြန်တက်နိုင်သောအခါတွင်လည်း ထိုအကျင့်သည် မပျောက်တော့။

ကျောင်းက ပြန်ရောက်၍ ရေချိုး၊ ထမင်းစားပြီးသည်နှင့် စာအုပ်တစ်အုပ်ကို ကောက်ဖတ်လိုက်ရမှ၊ ကျောင်းစာဘက်တွင် လျော့သွားမည်စိုး၍ အိမ်က တားလာသလားဆိုတော့ မတားသည့်အပြင် အားပေးအားမြှောက်ပင် ပြုသေးသည်။ ဖေဖေက စာအုပ်တွေ ဝယ်လာပေး၏။ ကျွန်တော် ခုနစ်တန်းအောင်သောအခါ မေမေက သူစုထားသော စာအုပ်တွေ ထည့်ထားသည့် ဗီရိုသော့ကို ကျွန်တော့်လက်ထဲ အပ်လိုက်သည်။ ဆယ်ငါးနှစ်စာမျှရှိသော မဂ္ဂဇင်းပေါင်းစုံနှင့် ဝတ္ထုစာအုပ်များ၊ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်တို့၏ ခေတ်စမ်းဝတ္ထု၊ ကဗျာစာပေများ၊ မောင်သင်၊ သိန်းဖေမြင့်၊ သော်တာဆွေ၊ ဝန်းမော်တင်အောင်၊ မန်းတင်၊ တင့်တယ်၊ မင်းရှင်၊ သာခု၊ အောင်ဗလ၊ သာဂဒိုး၊ အောင်လင်း၊ သန့်ဆွေတို့၏ ဝတ္ထုတိုရှည်များကို စာအုပ်တစ်အုပ်ပြီးတစ်အုပ်၊ တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်တိုက်ဖတ်ဖြစ်သည်။ နောက်ပိုင်းတွင် ဝတ္ထုများသာမက တက္ကသိုလ် မောင်မောင်ကြီး၊ မြကေတုတို့၏ မြန်မာစာပေဆိုင်ရာ စာအုပ်များကိုပါ ဖတ်ဖြစ်လာသည်။ စာဖတ်များခြင်းသည် စာရေးခြင်းကို အထောက်အကူပြုပါသည်ဟု ကျွန်တော် ကြားဖူးပါသည်။

စာဖတ်နာလာလျှင် စာရေးချင်စိတ် ပေါ်လာသည်မှာ ဓမ္မတာပင်။ ခြောက်တန်း၊ ခုနစ်တန်းလောက်က ကဗျာအတိုအစလေးတွေ ရေးဖူးသည်။ ရှစ်တန်းတုန်းက ဝတ္ထုအတိုတစ်ပုဒ်စမ်းရေးဖူးသည်။ ဆယ်တန်းတွင် နံရံကပ်စာစောင်မှာ ကဗျာရေးဖူးသည်။ ဆယ်တန်းမှသည် တက္ကသိုလ်





တက်သည့်နှစ် အထိအတွင်း ဝတ္ထုတိုလေးငါးပုဒ် ရေးဖြစ်သည်။ ကိုယ့်ဘာသာပင် မကြိုက်သောကြောင့် ဘယ်မဂ္ဂဇင်းကိုမှ မပို့ဖြစ်။ ခု နွေကျောင်းပိတ်ရက်အတွင်းမှာတော့ ဝတ္ထုတွေရေးပြီး မဂ္ဂဇင်းတွေကို ပို့ကြည့်မည်ဟု ဆုံးဖြတ်ထားသည်။

ဤနေရာတွင် စကားအလျဉ်းသင့်သောကြောင့် တစ်ခုတော့ ပြောပါရစေ။ "ဟင် လာပြန်ပြီ။ နော ဂ်ဆုံးတော့ ရန်ကုန်ဘူတာကြီးကိုပဲ ပြန်ဆိုက်တာပါပဲလား" ဟု ဆိုကြမည့်မှန်း သိပါသည်။ အကြောင်းမှာ ကျွန်တော် ယခုပြောမည့်ကိစ္စသည် ခင်စန်းနှင့် ပတ်သက်နေသောကြောင့်ပါတည်း။

တခြားမဟုတ်ပါ။ စာရေးဆရာတစ်ယောက်အတွက် သင့်လျော်သော ဇနီးတစ်ယောက်တွင် ရှိသင့်သည့် အရည်အချင်းများပင် ဖြစ်ပါသည်။ "စာရေးဆရာဆိုတာ လူတစ်မျိုးတွေ။ တစ်ခါတလေ အသိရခက်တယ်။ ဘယ်လိုဟာတွေမှန်း မသိဘူး" ဟု ပြောသည်မှာ မှန်ပါသည်။ စာရေးဆရာ ရင့်မကြီးတွေ မပြောနှင့်။ ကြိုးစားဆဲဖြစ်သော ကျွန်တော်ပင် တစ်ခါတစ်ရံ လူတစ်မျိုး ဖြစ်နေတတ်ပါသည်။

ကျွန်တော် ကြားဖူးသမျှ ပြောရလျှင် စာရေးဆရာတို့သည် တစ်ခါတစ်ရံ မည်မည်ရရ အကြောင်းမရှိဘဲ စကားတွေ ဖောင်လောက်အောင် ပြောတတ်ပြီး တစ်ခါတစ်ရံ တစ်နေ့လုံးနေမှ စကားတစ်ခွန်းတလေကို မပြောချင်ပြောချင် ပြောတတ်သည်။ တစ်ခါတစ်ရံ အရည်မရ အဖတ်မရ စကားတွေကို အချိန်ကုန်ခံ သည်းညည်းခံ၍ နားထောင်တတ်သော်လည်း တစ်ခါတစ်ရံ နေကောင်းရဲ့လားဆိုသော မေးခွန်းကလေးပင် ပြန်မဖြေချင် နေတတ်သည်။ တစ်ခါတစ်ရံ အသေးအဖွဲ့ ကိစ္စကလေးကို [illegible] ဝင်စား ရှိတတ်သော်လည်း တစ်ခါတစ်ရံ သူများတကာအဖို့ [illegible]လေး တကျော်ဖြစ်နေသော ကိစ္စမျိုးကို မသိသလို ဘာသိဘာသာ နေတတ်၏။

www.burmeseclassic.com



ဒါကို ဇနီးဖြစ်သူက နားလည်သဘောပေါက်တတ်ရမည်။

စာရေးဆရာက စာပေရေးရာ သဘောတရားတွေ၊ အနုပညာ ပုံသဏ္ဍာန်တွေအကြောင်း ပျင်းစရာ ကောင်းလောက်အောင် လေရှည်နေသောအခါ ဇနီးဖြစ်သူသည် နားမလည်သည်ပင် ဖြစ်စေ သည်းခံ၍ နားထောင်တတ်ရမည်ဆိုင်၏။

စာရေးဆရာသည် တစ်နေကုန် ဘာစကားမျှမပြောဘဲ တွေးနေဝေးနေလျှင် အပျင်းထူသည်၊ စိတ်ကောက်နေသည်ဟု မထင်ပါနှင့်။ ထိုသို့ တွေးဝေနေရာမှ ဂန္တဝင်မြောက် အနုပညာများ ရုတ်တရက် ထွက်ပေါ်လာတတ်ပါသည်တဲ့။

လင်မယားနှစ်ယောက် အတူတူသွားလာရင်း စာရေးဆရာက အလေးအဖွဲ့ကလေးတစ်ခု (ဥပမာ လမ်းဘေးမှာ မှုလဲနေသော အရက်သမား) ကို ဂရုတစိုက် ရပ်ကြည့်ချင်ကြည့်တတ်သည်။ မငြူစူပါနှင့်၊ သူ စိတ်မဝင်စားတတ်သေးသော ရည်ခံပွဲများ၊ အပျော်အပါး ပွဲလမ်းသဘင်များ၊ မင်းပွဲစိုးပွဲများသို့ မရမက မခေါ်ပါနှင့်။

စာရေးဆရာသည် တစ်ခါတစ်ရံ လမ်းဘေးက ရေခဲရေရောင်းသော ကောင်ကလေးနှင့် အချိန်ကြာမြင့်စွာ စကားလက်ဆုံ ကျချင်ကျနေတတ်သည်။ မတားမြစ်သင့်ပါ။

စာရေးဆရာအလုပ်သည် အခြားအလုပ်များနှင့် မတူချေ။ အထူးသဖြင့် ဌာနဆိုင်ရာ လုပ်ငန်းများကဲ့သို့ အလုပ်ချိန်၊ အနားယူချိန်၊ စားသောက်ချိန် စသည်ဖြင့် အတည်တကျ မရှိ။ အိပ်ချင်သည့်အချိန်အိပ်၊ ထချင်သည့်အချိန်ထ၊ စားချင်သည့်အချိန် စား သတ်သတ်မှတ်မှတ် မရှိသော်လည်း စာရေးဆရာ၏ ဦးနှောက်သည် နှစ်ဆယ့်လေးနာရီပတ်လုံး အလုပ်လုပ်နေသည်။ လျှောက်ခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ လမ်းလျှောက်ခြင်း စသည်းတူသော





ဣရိယာပုထ် လေးပါးစလုံးတွင် အတွေးတစ်ခုခု ရှိနေတတ်သည်။

အခြားအချိန်များတွင် အရေးမကြီးသော်လည်း စာရေးနေသော အချိန် သို့တည်းမဟုတ် စာရေးတုန်း အရှိန်ယူနေသောအချိန်တွင် မနှောင့်ယှက်ရန် အရေးကြီးဆုံးဖြစ်ပါသည်။ ထိုအချိန်မျိုးတွင် နားပူနားဆာ လုပ်သည်ကို မကြိုက်ချေ။ အချို့ မိန်းမများရှိသည်။ စာရေးနေသောအချိန်တွင် ဘေးနားကနေ၍ "ရှင်ကတော့ စာချည်းပဲ ရေးနေတာပဲ။ ဘာအလုပ်မှလည်း မလုပ်ဘူး။ ရှင် စာရေးတာဟိုဘက် ခန်းက ဖန်အိုးဖန်ခွက် ပဲလော့နဲ့ လဲတဲ့ မုရင်းလောက်တောင် ဝင်ငွေမရှိဘူး" ဟု ဂျီတိုက်တတ်သည်။ မလုပ်သင့်ပါ။

နောက်တစ်ခု ရှိသေးသည်။ စာရေးနေတုန်း လာပြီး ပွတ်သီးပွတ်သပ် လုပ်ခြင်းကိုလည်း မကြိုက်ပါ။ လင်ကိုနဲ့ခြင်းကို မည်သည့်ယောကျ်ားမဆို ကြိုက်နှစ်သက်သည်မှာ မှန်ပါသည်။ တခြားအချိန်များမှာ ဟုတ်ပါလိမ့်မည်။ စာရေးနေသော အချိန်မှာတော့ ရှောင်နိုင်လျှင် အကောင်းဆုံး ဖြစ်ပါ သည်။ တစ်ခါက စာပေဟောပြောပွဲတစ်ခုမှာ နားထောင်လိုက်ရသည်။ "ကျွန်တော် စာရေးနေတဲ့အချိန်မှာ ဘာစကားမှ လာပြောတာ မကြိုက်ဘူး။ 'ယခုအခါတွင် သူစိမ်းများကဲ့သို့ ပါတကား' ဆိုတဲ့ စာအုပ်ရေးနေတုန်းကပေါ့။ ကျွန်တော်က အရေးကြီးတဲ့ အခန်းတစ်ခန်းမှာ စကားလုံးတွေ သေသေချာချာရွေးပြီ စဉ်းစားနေတုန်း ကျွန်တော့်ဇနီးက အနားလာလာပြီး "အစ်ကိုရေ မေလ၊ အစ်ကိုရေ့ေလ" လို့ လာပြောတယ်။ သူကတော့ တကယ့် စေတနာအရိုးခံနဲ့ ကျွန်တော့်ကို လာအားပေးတာပဲ။ ဒါပေမယ့် ကျွန်တော့်မှာ အတွေးတွေပျောက်ပြီး ဆက်ရေးလို့ မရတော့ပဲ ဖြစ်သွားရတယ်" ဟု စာရေးဆရာ မောင်မောင်ငြိမ်းကြော (နွားထိုးကြီး) က ပြောဖူးပါသည်။

အမှန်တော့ ဇနီးသည်များ နားလည်သင့်သည်မှာ စာရေးဆရာသည်



www.burmeseclassic.com

www.burmeseclassic.com



စာရေးနိုင်ပါမှ ငွေရမည်ဖြစ်သည်။ ထို့ကြောင့် စာရေးခြင်းကို အနှောင့်အယှက် မပေးဘဲ အားပေးရာသည်။ (ခုနပြောသော အားပေးခြင်းမျိုး မဟုတ်) စာရေးနေစဉ် အတတ်နိုင်ဆုံး အဆင်ပြေအောင် ဖန်တီးပေးဖို့ပင် ဖြစ်ပါသည်။

ခုလောက်ပြောလျှင်ပင် ကျွန်တော် ဘာကို ဆိုလိုချင်မှန်း ရိပ်မိလောက်ပါပြီ။ ဟုတ်ကဲ့ ခင်စန်းအကြောင်း လာပါပြီ။ ကျွန်တော်သည် စာရေးဆရာဖြစ်ရန် ကြိုးစားသူဖြစ်ပါသည်။ ထိုအခါ ကျွန်တော့်အတွက် လိုက်ဖက်ညီသော ဇနီးကောင်းတစ်ယောက် လိုလာပါသည်။ ထိုသူကား ခင်စန်းတည်း။

ခင်စန်းသည် စကားနည်းခြင်း အေးချမ်းသော စိတ်ထားရှိခြင်း၊ နားလည်မှုရှိခြင်း၊ အလိုက်သိတတ်ခြင်းတို့ဖြင့် ပြည့်စုံသော ပါရမီဖြည့်ဖက် ဖြစ်လာလိမ့်မည်ဟု ကျွန်တော်အမှန် ယုံကြည်သည်။

●

သကြီန်ရက်များသည် ဘာမှန်းမသိဘဲ ကုန်လွန်သွား၏။

ဓါတ်ပိုင်းနှစ်များလိုပင် ရေပက်ခြင်း၊ ရေပက်ခံခြင်း၊ ရန်ဖြစ်ခြင်း၊ တားတိုက်ခြင်း၊ ရေနှစ်ခြင်းတို့ ဖြစ်မြဲအတိုင်း ဖြစ်လျက် ပြီးဆုံးသွားပြန်သည်။ သကြီန်ရက်များအတွင်း ကျွန်တော်အပြင်မထွက်မိ။ ချစ်ချစ်တောက်နေသော နေပူထဲတွင် တစ်ကိုယ်လုံး ရွှဲရွဲစိုလျက် လျှောက်သွားရသည်ကို မနှစ်သက်ချေ။ ညပိုင်းကျမှ အပြင်ထွက်ရ၏။ မဏ္ဍပ်တွေ လျှောက်သွားပြီး မြိုင်ပွဲဝင် အလှပြကားတွေ၊ သံချပ်ထိုး သရုပ်ပြသည်ကို ကြည့်သည်။ နေ့ဘက်တွင် စာရေးသည်။ ကြိုးစားပမ်းစား ရေးလိုက်၊ ဖြင်လိုက်၊ အသစ်ထပ်ရေးလိုက်ဖြင့် နောက်ဆုံး ဝတ္ထုတိုတစ်ပုဒ် ပြီးသွားသည်။ ဝတ္ထုကို အချော





ပြန်ကူးသည်။ နှစ်ခေါက်သုံးခေါက် ပြန်ဖတ်ကြည့်သည်။ ကိုယ့်အရေးအသားကိုယ် ကျေနပ်အားရမိသည်။ အရင်ကထက်စာလျှင် အများကြီး တက်လာသည်ဟု ထင်မိ၏။

ထိုဝတ္ထုတိုကလေးကို မဂ္ဂဇင်းတစ်ခုခုသို့ ပို့မည်ဟု စိတ်ကူးသည်။ အရင်က မဂ္ဂဇင်းတိုက်တွေကို စာရာတွေ ပို့ဖူးသည်။ စာတိုက်က ပို့ခြင်းဖြစ်ပါသည်။ မဂ္ဂဇင်းတိုက်များသို့ လူကိုယ်တိုင် မသွားဖူးပါ။ ခုတစ်ခါတော့ ဝတ္ထုဖြစ်နေသောကြောင့် ကိုယ်တိုင်သွားပို့လျှင် ကောင်းမည်ထင်သည်။ ဘယ်မဂ္ဂဇင်းကို ပို့လျှင် ကောင်းမလဲ။ မေမေ့စာအုပ်စင်ရှိထဲက တစ်ဆယ့်ငါးနှစ်စာမျှ ဖတ်ဖူးနေသောမဂ္ဂဇင်းကိုပင် ပို့ချင်နေသည်။ 'ရှုမဝ'။

နှစ်ဆန်းနှစ်ရက်နေ့တွင် မြို့ထဲသို့ထွက်လာခဲ့သည်။ ရှုမဝသို့ စာမူသွားပို့ရန်ဖြစ်သည်။ သကြီန်၏ အကြွင်းအကျန်ဖြစ်သော အပိုင်းအစများကို လမ်းတစ်လျှောက် တွေ့နေရတုန်းပင်။ ခွက်ပိန်ခွက်စုတ်များ၊ မြေပေါ်တွင် ပြန့်ကျဲ နွမ်းခြောက်နေသော ပိတောက်ပန်းများ၊ ပြန်ဖျက်နေသော ရေပက်ခံမဏ္ဍပ်၊ ဆုပေးမဏ္ဍပ်များ။ လူများကား သကြီန်တွင်းတုန်းကနှင့် မတူတော့ပဲ နှစ်သစ်တွင် လူသစ်စိတ်သစ် ဖြစ်နေကြဟန်တူသည်။ သကြီန်တွင်းတုန်းက လွှတ်ချင်တိုင်း လွှတ်ခဲ့ကြသည့် အကြောင်းတို့ နှစ်ဟောင်းနှင့်အတူ ထားပစ်ခဲ့ကြပြီ။ ဒါဒီတုန်းကဟာတွေ မမှုလိုက်ကြစို့။

ကြည့်ပါ။

အဲဒီတုန်းက ဂျစ်ကားပေါ်မှာ 'ဒိုးဒိုးဒန့်ဒန့်' ကခဲ့သော ကောင်မလေးသည် ဒီနေ့တော့ ဘုန်းကြီးရုပ်။

အဲဒီတုန်းက ရေစိုနေသော အဝတ်အစားများက အသားမှာ ကပ်နေသောကြောင့် ကိုယ်ခန္ဓာ အချိုးအစားကို အရှိအတိုင်းမြင်သာခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးသည် ဒီနေ့ကျတော့ မျက်လွှာလေးချလို့။

ထိပ်ပြောင်နေသောကြောင့် နေပူထဲတွင် အရောင်မလက်အောင် ကက်ဦးထုပ်ကိုဆောင်း၊ တာဝေယံအကျႌကိုဝတ်၊ တော်ရုံတန်ရုံလူ မမှတ်မိအောင် နေကာမျက်မှန်တပ်၊ ပါးစပ်က ဘီယာနံ့ တသောင်းသောင်းထလျက် မြင်မြင်သမျှ မိန်းကလေးတွေကို "ဟေ့ ညီမလေး ဟေး ညီမလေး" ဟု လိုက်အော်ခဲ့သော လူကြီးသည် ဒီနေ့ကျတော့ တိုက်ပုံအကျႌကို သပ်သပ်ရပ်ရပ်ဝတ်လျက် မုန့်ဆိုင်၏ ရှေ့ခန်းတွင် တည်တည်ခန့်ခန့် မျက်နှာထားတင်းတင်းကြီး ထိုင်လို့ဗျ။

ဒါတွေကို အပြစ်ကြီးတစ်ခုဟု ပြောဆိုရန် ခက်နေပြန်၏။ လူတို့သည် တစ်နှစ်တာပတ်လုံး မိမိတို့နှင့် တန်ရာတန်ရာ ဣန္ဒြေသိက္ခာတွေကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရ၏။ ဒါတွေကို ခဏတဖြုတ် ဘေးဖယ်ထားပြီး ဒီရက်ကလေးအတွင်း လွတ်လွတ်လပ်လပ် နေကြပါစေ။ စည်းကမ်းဘောင်အတွင်းမှာချည်း အမြဲမနေဘဲ တစ်ခါတစ်ရံ ထွက်ပေါက်ပေးသည့်သဘောပေါ့ဟု ဆိုသူတွေလည်း ရှိပါလိမ့်မည်။

တစ်ဖက်ကလည်း မိုးရာမမြှက်သော သင်္ကြန်ကို နှစ်သက်သူတွေ၊ သင်္ကြန်တွင် သောက်စားမူးယစ်ပြီး ရမ်းကားမှုများ၊ နှမချင်း မစာနာ နောက်ပြောင်ဆဲဆိုမှုများ၊ ရေပက်ကြမ်းသည့်ကိစ္စ၊ ရေမွှန်နေသောကြောင့် မိမိကိုယ်ကို မကာကွယ်နိုင်သော မိန်းကလေးများ။ ယင်းကို အခွင့်ကောင်းယူချင်သူများ (ကာနယ်ဟုခေါ်သည်) ထားတော့။ သူ့အယူအဆနှင့်သူ အမျိုးမျိုး တောက်ချက်ချကြပေလိမ့်မည်။

ကျွန်တော့်အဖို့မူ သင်္ကြန်နှင့် ခပ်ကင်းကင်းသာ နေလေ့ရှိခဲ့ပါသည်။ စိတ်မဝင်စားခြင်း၊ လျစ်လျူရှုခြင်း သဘောမျိုးကား မဟုတ်။ ချစ်ချစ်တောက်





ပူမနေသော နေရောင်အောက်တွင် ရေစိုခံ၍ မနေလိုခြင်းသာ ဖြစ်သည်။ မြို့ပွဲဝင် အလှပြကားများက သံချပ်ထိုးခြင်း၊ သရုပ်ပြခြင်းတို့ကိုမူ ကျွန်တော် ကြိုက်သည်။ သင်္ကြန်နှင့် ပတ်သက်၍ ကျွန်တော် အနှစ်သက်ဆုံးအရာမှာ ချေသင်းနံ့ပင် ဖြစ်သည်။ မိုးဦးတစ်ကြိမ်၊ မိုးနှောင်းတစ်ကြိမ် ရခဲ့ဖူးသော ချေသင်းနံ့ကို ဆောင်းကာလတစ်လျှောက်လုံးနှင့် နွေဦးတွင် မတွေ့ဆုံခဲ့ရ၊ သင်္ကြန်အခါကျမှပင် ပြန်ဆုံရတော့သည်။ မည်သို့ပင် ဖြစ်ပါစေ၊ တစ်ခုသော သင်္ကြန်သည် ကုန်လွန်ခဲ့ပြန်လေသည်။

သိမ်ကြီးဈေး မှတ်တိုင်မှာဆင်းသည်။ လေဟာပြင်ဈေးထဲက ဖြတ်လျှောက်လာခဲ့သည်။မိုးညွန့်ကို ဆေးဆိုင်ကို ဝင်သည်။ သူနှင့် လက်ဖက်ရည် ဆိုင် သွားထိုင်ပြီး ခဏတဖြုတ် စကားပြောသည်။ ပြီးတော့ ဗိုလ်ချုပ်ဈေး ဘက် လျှောက်ခဲ့၏။ ရှမဝတိုက်သို့ တန်းမသွားသေးဘဲ ဗိုလ်ချုပ်ဈေးထဲမှာ ဟိုဟိုဒီဒီ လျှောက်ကြည့်နေလိုက်သေးသည်။ အဖိုးတန်ပစ္စည်းတွေ အချို့ အတွယ် အဖိုးမတန်သော်လည်း အဖိုးတန်ချင်ယောင် ဆောင်ထားသော ပစ္စည်းတွေကို စိတ်ဝင်တစား လိုက်ကြည့်နေခြင်း မဟုတ်ပါ။ ဝယ်လည်း မဝယ်နိုင်ပေါင်ပါ။ အမှန်ကား ရှမဝသို့ သွားရမှာ သန့်နေသောကြောင့် အချိန်ဆွဲနေခြင်းသာ ဖြစ်ပါသည်။ ပြီးတော့လည်း ခင်စန်းများ ဒီကို လာမလားလို့ တစ်နေရာရာမှာများ တွေ့ခနဲ ဆုံမလားလို့၊ ဈေးတစ်ပတ် ပြည့်သွားသည်အထိတော့ သူနှင့်မဆုံမိပါ။

'သတ္တာဆွေ အပ်ချုပ်ဆိုင်' ကို ငုံကျော်လာပြီးသောအခါ အနောက် ဆက်တန်း ဆုံးသွား၏။ ရှေ့ဆက်လျှောက်လျှင် အိမ်သာပဲရှိတော့သည်။ မြောက်ဘက်တန်းအတိုင်း လျှောက်လာသည်။ ကုန်ပဒေသာဆိုင်ပင်ပြီး ဈေးမှ ထွက်လိုက်သေးသည်။

မီးရထားလမ်းကိုကျော်၍ ဆောက်ထားသော တံတားကြီး၏



www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်များပေါ်သို့ တက်နေသော ကျွန်တော့်ခြေလှမ်းများသည် လေးကန်နေ၏။ ရွှမဝ မဂ္ဂဇင်း၏ သက်တမ်းသည် ကျွန်တော့်အသက်ထက်ပင် များစွာ ကြီးရင့်နေသည်။ လွန်ခဲ့သော နှစ်သုံးဆယ်လောက်က စတင် တည်ထောင်ခဲ့သော ယခုတိုင် စာဖတ်သူများအပေါ် ဩဇာညောင်းနေသေးသော မဂ္ဂဇင်းကြီးတစ်ခု။ ကျွန်တော့်အဖေ အရွယ်လောက်ရှိ၍ ကျွန်တော်၏ အသည်းစွဲဖြစ်သော ဆရာသော်တာဆွေသည်ပင် ရွှမဝက မွေးထုတ်ပေးလိုက်သော စာရေးဆရာဖြစ်သည်ဟု ဖတ်ဖူးသည်။ ဒီတော့ ကျွန်တော့်လို အကောင်လေးမျိုး၏ စာမူဆိုလျှင်။

တံခါးအဆင်း လှေကားထစ်ပေါ်တွင် ရပ်နေမိသည်။ ဝတ္ထုကလေးကို ရေးပြီးစ ကာလက ကိုယ့်ဘာသာကိုယ် အလွန်ကြိုက်နှစ်သက်ခဲ့သည်။ ခုအခါတွင်မူ ဒီဝတ္ထုဟာ သိပ်မကောင်းလှပါဘူးဟု ထင်နေမိပြန်သည်။ ငါ့ဝတ္ထုကို ရွေးဖို့နေနေသာသာ ဖတ်တောင် ကြည့်ပါ့မလားမသိဘူး ဟု အားငယ်စိတ် ဝင်လာသည်။ မပို့တော့ပဲ လှည့်ပြန်ချင်စိတ်ပင် ပေါ်လာ၏။ ဒီနေရာရောက်နေမှတော့ မထူး။ ရွေးတာ မရွေးတာထား၊ ပို့ဖြစ်ဖို့သာ အရေးကြီးသည်။

အားတင်းပြီး လာခဲ့သည်။ စိုးရွံ့စိတ်ကား ရှိနေတုန်း။ သူတို့သည် ကျွန်တော့်ကိုဘယ်လို သဘောထား၍ ဆက်ဆံမည်မသိ။ နှစ်ထပ်တိုက်ကြီးကို ကျော်လာပြီးနောက် အုတ်တိုက်နီနီကလေးကို တွေ့ရသည်။ ဝင်းတံခါးဝ အုတ်တိုင်တွင် 'ရွှမဝ' ဟု ရေးထား၏။ ချက်ချင်း မဝင်သေးပဲ ယောင်ပေပေ လုပ်နေသေးသည်။ ပြီးမှ အရဲစွန့်၍ ဝင်လိုက်သည်။ အပြင်ဘက် ဆင်ဝင်သေးသေးရှိ ခုံတန်းလျားပေါ်တွင် လူနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်၍ စစ်တုရင်ထိုးနေသည်။ သူတို့ကို မေးကြည့်မည်ဟု ကြံလိုက်စဉ် ဆံပင်ပါးပါး အသားဖြူဖြူလူက အသားညိုညို ခပ်ပိန်ပိန်လူ၏ 'ကွင်း' ကို စားလိုက်ပြီး





"မြင်းဆွဲ မောင်းရင် ကိုယ့်ကို မနိုင်တော့ဘူး" အသားညိုညို လူက "ကိုဆွေရာ ပွဲပြီးအောင်လည်း ကြည့်စမ်းပါဦး" ဟု ပြန်ပြောသည်။ အသားဖြူဖြူလူသည် ကိုဆွေတင့်ဖြစ်၍ အသားညိုညိုက စာရေးဆရာ တစ်ယောက်ယောက် ဖြစ်မည်ဟု ခန့်မှန်းမိသည်။ သူတို့ ကစားနေသည်ကို မနှောင့်ယှက်လိုသောကြောင့် အထဲကိုပင် မရဲတရဲ ဝင်လာခဲ့သည်။ အခန်း၏ထောင့်ရှိ စားပွဲတစ်လုံးတွင် အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်း၊ မျက်မှန်နှင့် လူတစ်ယောက်ကို တွေ့ရသည်။ တာဝန်ခံ အယ်ဒီတာ ကိုမြင့်မြတ် ဖြစ်မည် ထင်သည်။ သူ့ဆီသို့ ကျွန်တော်လျှောက်သွားသည်။ ကျွန်တော့်ကိုမြင်လျှင်။

"ဘာကိစ္စ ရှိလို့ပါလဲ၊ ထိုင်ပါ"

ခရီးဦးကြို ပြုသောကြောင့် အားတက်သွားသည်။ မထိုင်တော့ပဲ လွယ်အိတ်ထဲကစာမူကို ဆွဲထုတ်လိုက်သည်။

"ကျွန်တော် ဟို စာမူလာပို့တာပါ"

"ဪ ဟုတ်ကဲ့ ရပါတယ်၊ ကိုဘာကီ စားပွဲမှာ ပေးခဲ့ပါ၊ ဦးလေး ဒီမှာ စာမူလာပို့တယ်"

ကျွန်တော့်ဘာသာ ကျွန်တော်တစ်ယောက်တည်း စိုးရိမ်နေမိခဲ့ခြင်း ဖြစ်သည်။ တကယ့်တကယ်ကျတော့လည်း မဂ္ဂဇင်းကို စာမူပို့ရတာ လွယ်လွယ်ကလေးပါကလား။ အမှန်တော့ ဒီနေ့ နာမည်ရသော စာရေးဆရာများသည်လည်း တစ်ချိန်က ခုလို ကလောင်သစ်ဘဝက စတင်ခဲ့ကြရသည် မဟုတ်လား။

ရွှမဝတိုက်ထဲက စိတ်လက် ရွှင်လန်းပေါ့ပါးစွာ ထွက်လာခဲ့သည်။ ခုကျတော့လည်း စိတ်က တစ်မျိုးပြောင်းသွားပြန်သည်။ ကျွန်တော့်ဝတ္ထုကလေးကို ရွှမဝက ရွေးကောင်းရွေးလိမ့်မည်ဟု ထင်မိခြင်းပင်။ ကလောင်သစ် ဆိုပေမယ့် အရည်အချင်းရှိလျှင် သုံးချင်သုံးမပေါ့ဟု



www.burmeseclassic.com

www.burmeseclassic.com



မှောင်လင့်ချက်ထားမိပြန်၏။

သံတံတားကြီးပေါ်မှ လွတ်လပ်စွာ ဖြတ်လျှောက်လာခဲ့သည်။ ဤ တော့ ဖြစ်ဖူးကြလိမ့်မည်ထင်သည်။ တစ်ခုခု အဆင်ပြေပြီဆိုလျှင် ဆက်တိုက် အဆင်သင့်တတ်ခြင်းကို။

ခုလည်း . . .

ဈေး၏ အလယ်လမ်းက လျှောက်လာခဲ့ရင်း စားသောက်ဆိုင်တန်းတွေနား ရောက်လာသောအခါ အထဲမှ ထွက်လာသော ခင်စန်းတို့နှင့် ဘွားခနဲ ဆုံမိခြင်းပင် ဖြစ်လေသည်။ သူ့ သူငယ်ချင်း မဦးဆိုသူလည်း ပါသည်။

"ဟင် ခင်စန်း"

"ဪ"

ကျွန်တော်သည် ဝမ်းသာအားရ နှုတ်ဆက်လိုက်မိသည်။ နောက်မှ သူ့သူငယ်ချင်းကို သတိရ၍ မျက်နှာပိုးသတ်လိုက်ရသည်။

"တို့လည်း ရှမဝတိုက်ကို သွားရင်းနဲ့ ဒီထဲက ဖြတ်ပြန်လာတာ"

ယောကျ်ားလေးတစ်ယောက်အနေဖြင့် ဗိုလ်ချုပ်ဈေးထဲကို လာခြင်းသည် တစ်ခုခုဝယ်ဖို့ မဟုတ်လျှင် ဈေးထဲကို လာတာ မိန်းကလေးတွေကို လာကြည့်ခြင်းဖြစ်သည်ဟု သူထင်သွားမည် စိုးသောကြောင့် ပြောလိုက်ခြင်းဖြစ်၏။ သူကမူ ကျွန်တော်အကြောင်း ဤသို့ ပြောသည်ကို သိပုံမရ။ မဦးနှင့် ကျွန်တော့်ကိုသာ မိတ်ဆက်ပေးနေ၏။

"သူက လူလတ်တဲ့၊ ဖလော်က၊ တို့နဲ့ ဆယ်တန်းတုန်းက တစ်တန်းတည်းပဲ၊ သူ့ကိုတော့ သိပြီးသား မဟုတ်လား၊ မဦးလေ"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ခင်စန်းသည် မဦးဘက်လှည့်၍ "သူက မဦးကိုသိပြီးသား" ဟု ပြောပြီး ရယ်သည်။ ဟိုတစ်ခါ သူနှင့်





ကျွန်တော် စကားပြောခဲ့ပုံက မဦးတစ်ယောက်သားပဲဟု ကျွန်တော်ပြောခဲ့သည်ကို ပြန်အစဖော်၍ နောက်ခြင်းဖြစ်သည်။ ဒါကို မဦးကလည်း သိပြီးသား ဖြစ်နေသလားမသိ၊ ရှက်သလိုလို မျက်နှာထားမျိုး ဖြစ်သွားသည်။ ကျွန်တော်လည်း ရယ်နေလိုက်ရ၏။

"အအေး သောက်ပါလား"

"ခုပဲ သောက်ပြီးထွက်လာခဲ့တာ"

"ဪ ဟုတ်လား၊ ဒါနဲ့ ခုပြန်တော့မလို့လား"

သူပြန်မယ်ဆိုလျှင် ကျွန်တော်နှင့် တူတူပြန်ဖို့ ပြောမလို့မေးခြင်း။

"ဟင့်အင်း မပြန်သေးပါဘူး၊ သူငယ်ချင်းတစ်ယောက်ဆီ သွားဦးမယ်"

ကျွန်တော်တို့ သုံးယောက်သည် ဈေးအပြင်သို့ အတူတူထွက်လာခဲ့ကြသည်။ မဦးကို ကျွန်တော် တစ်ခုခု ပြောသင့်သည်။ မိတ်ဆက်ပေးထားပြီးမှ တစ်စကားမျှ မပြောဘဲ နေလိုက်လျှင် ရိုင်းရာကျမည်ဟုထင်သည်။ သို့ရာတွင် တစ်ခုခုပြောလိုက်လို့ ကမောက်ကမ ဖြစ်သွားလျှင် သူ ထပ်ရှက်သွားမည်စိုး၍ မပြောဖြစ်တော့၊ ခင်စန်း၏ လက်ထဲတွင် အထုပ် တစ်ခု ပိုက်လာသည်ကို တွေ့ရသည်။ သူ့အထုပ်ကိုကူ၍ သယ်ခဲ့လျှင် ကောင်းမလားဟု စဉ်းစားမိသည်။ မဦးရှေ့မှာဒီလိုလုပ်လို့ ကောင်းပါ့မလားဟု တွေးမိပြန်သည်။ ဘာပဲဖြစ်ဖြစ် ကူညီတဲ့သဘောပဲလေ ဆိုပြီး . . .

"အဲဒီ အထုပ် ပေးလေ၊ တို့ ကိုင်ခဲ့မယ်"

"ကိစ္စ မရှိပါဘူး၊ ရပါတယ်"

မဦးဘက်သို့ သူလှည့်ကြည့်သည်။ သူတို့နှစ်ယောက် ရယ်ကြ၏။ ကျွန်တော် ရှက်သွားသည်။ ဒါကို ခင်စန်းက သိသွားသည်၊ အားနာသွားဟန်တူ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ကိုင်နိုင်းရမှာ အားနာလို့ ဖိနပ်ဝယ်လာတာ မို့လို့ပါ"

"ကိစ္စ မရှိပါဘူး အသစ်ပဲဟာ"

"နေပါစေ အားနာစရာကြီး"

မဦးသည် တစ်ဖက်သို့လှည့်၍ ရယ်နေသည်ထင်၏။ ကျွန်တော်ဟာ ခင်စန်းရဲ့ ဖိနပ်ကိုပင်ဖြစ်စေ ဂုဏ်ယူဝင့်ကြွားစွာ ကိုင်မည့်သူဖြစ်ကြောင်း ခင်ဗျား မသိဘူးလား အသင်မဦး၊

အချစ်ရယ်
ဖိနပ်ဝယ်နေစရာ မလိုပါဘူး
ငါ့ကို ပြန်ချစ်လိုက်ရင်လည်း
ဖိနပ်ဝယ်တာနဲ့
အတူတူပါပဲ။

အိမ်ပြန်ရောက်လျှင် အထက်ပါကဗျာကလေးကို ဆက်ရေးမည်ဟု စိတ်ကူးမိသည်။ ခင်စန်းသည် ကျွန်တော့်အတွက် ကဗျာအတွေးတစ်ခုကို ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ ကျွန်တော့်အဖို့ကတော့ ခင်စန်း နှင့် ပတ်သက်သမျှသည် ကဗျာတွေချည်း။

တကယ်တော့ ခင်စန်းကိုယ်တိုင်ကပင် အလွန်လှပသော ကဗျာ တစ်ပုဒ် မဟုတ်လား။

●●●



|၁၀|

ခင်စန်းတို့ အတန်းရှိရာသို့ လာခဲ့သည်။ ဆယ်နာရီထိုးရန် မိနစ်နှစ်ဆယ်လိုသေးသည်။ ကျောင်းစဖွင့်ဖွင့်ချင်းနေ့ ဆိုတော့ အတန်းစောစော ပြီးချင်ပြီးနိုင်သည်။ ကျောင်းကို မနက်အစောကြီးကတည်းက ရောက်နေသည်။ ခင်စန်းတို့ ကျောင်းကြီးကားအလာကို စောင့်နေခဲ့ခြင်း ဖြစ်ပါသည်။ ခုနစ်နာရီလေးဆယ့်ငါးမိနစ်လောက်မှာ သူတို့ ကျောင်းကြီးကား လာသည်။ သို့ရာတွင် ခင်စန်းနှင့်အတူ ကျောင်းကား အတူတူစီးသော သူငယ်ချင်းတွေ ပါလာသောကြောင့် သွားမနှုတ်ဆက်ရဲတော့။ ခပ်လှမ်းလှမ်းမှသာ ငေးကြည့်နေရသည်။ သူ ကျွန်တော့်ကို လှည့်ကြည့်လျှင် ပြုံးပြမည်ဟု စိတ်ကူးထား၏။ သူကား ကျွန်တော့်ကို မမြင်ချေ။ သူတို့နောက်က မသိမသာ လိုက်သွားပြီး လူစုကွဲမှ နှုတ်ဆက်မည်ဟု ကြံသေးသည်။ စိတ်မရဲသောကြောင့် မလိုက်ဖြစ်။ ကျောင်းကားစီးသော အုပ်စုရှေ့တွင် သူ့နောက်ကို လိုက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ချင်မှ ကြိုက်မည်။ ထို့ကြောင့် မနက်က နှုတ်မဆက်လိုက်ရပဲ ခုမှ တစ်ခေါက်လာခြင်း ဖြစ်ပါသည်။

သူ့ကိုတွေ့လျှင် အဓအေးဆိုင်သို့ ခေါ်မည်၊ ဘာပြောလျှင် ကောင်းမလဲ၊ ကျောင်းပိတ်ရက်တုန်းက သူ့ကို သတိရကြောင်း၊ စာတည့်ဖို့ စိတ်ကူးသေးကြောင်း အိမ်က မထောက်ပံ့မည်စိုးသောကြောင့် မထည့်ဖြစ်ကြောင်း သကြိန်တွင်းတုန်းကလည်း မပျော်ကြောင်း ပြောပြရမည်။ ဟုတ်ကဲ့လို့ အအေးဆိုင်ကို မဦးပါ လိုက်လာလျှင် ထိုစကားများ ပြောလို့ရမည် မဟုတ်သည်ဖြင့် စဉ်းစားနေဆဲ. . .

"ဟေ့ကောင် လူလတ်"

ကျွန်တော် လန့်သွားသည်။ ကျွန်တော့်မျက်နှာသည် ရုတ်ခနဲ ညိုးကျသွား၏။ ဒီယောက်ပြောလျှင် နောက်က လှမ်းခေါ်နေတာ ဘယ်သူလဲလို့ သိလောက်ပါပြီ။ သူတော်စိန် မဟုတ်လား။ ဟုတ်ပါတယ်။ စိတ်ပျက်လက်ပျက်ဖြစ်နေခြင်းကို ဖုံးဖိ၍ သူနှင့် မျက်နှာချင်းဆိုင်လိုက်ရသည်။ အမယ်၊ သူတစ်ယောက်တည်းမဟုတ် မော်ဆရာနှင့် ဖျူးပိုပါပါသည်။ သူတော်စိန်က မေးသည်။

"မင်းကို လိုက်ရှာနေတာ။ ခု ဘယ်သွားမလို့လဲ"

"ဟို ဟိုဘက်ကွာ၊ ဟိုဘက်"

"ငါနဲ့ လိုက်ခဲ့ကွာ"

"ဘယ်လဲ"

"ကောင်မလေးတွေ လိုက်ရှာပြီး မှန်တွေ့ခိုင်းမလို့"

"ဟာ မကောင်းပါဘူးကွ"

"ကောင်းတယ်ကွာ"





အကြောင်းသိသော မော်ဆရာက ပြုံးစိစိ လုပ်နေသည်။ ဖြင်းလို့လည်း ရမည့်ပုံမပေါ်။ ဒီကောင်က လုပ်ချင်တာ ဇွတ်လုပ်တတ်တာ။ ထို့ကြောင့် သူတို့နှင့် လိုက်လာခဲ့ရ၏။ ဖျူးပိုသည် အစတစ်စကို ဆောင်ပြသည်။

"ဟေ့ကောင်တွေ၊ ပွင့်ကောင်းကို လိုက်ရှာရအောင် ဒီကောင် တစ်နေ့ရာရာမှာ အေးငယ်နဲ့ အတူတူရှိနေလိမ့်မယ်"

"အေးအေး ကောင်းတယ်။ ဒီကောင်ကြီးကို နည်းနည်းချွတ်ပေးရမယ်"

ကျွန်တော်လည်း သူတို့နှင့် အတူတူ ကန့်လန့်ကန့်လန့် ပါသွားလေသည်။ ကျွန်တော် မကြည့်တာက မော်ဆရာ၊ ဒီကောင်က လာချင်ရင် နှစ်ယောက်တည်း အေးအေးဆေးဆေး လာပါလား။ ဟု အမှုနှစ်ကောင်ကို ခေါ်လာသည်။ သူတို့ ပါလာသောကြောင့် ဒီနေ့အဖို့ ဇာတ်လမ်းဆုံးတော့မည် မဟုတ်ကြောင်း သေချာသွားပြီ။ ခင်ဝန်းနှင့် အေးအေးဆေးဆေး စကားပြောဖို့တော့ လုံးဝ စိတ်မကူးနှင့်။

"ဒါနဲ့ လူလတ်၊ ပွင့်ကောင်းတို့က ဘယ်နားမှာ ထိုင်တတ်လဲကွ"

မသိဘူးဟု ပြောမည်စိတ်ကူးသေးသည်။ စိတ်ပေါက်ပေါက်၏ ရှိလာသောကြောင့် အမှန်အတိုင်း ပြောလိုက်သည်။ ကျွန်တော်တို့အုပ်စုသည် အင်းဝလမ်းအတိုင်း ချိုးတက်ခဲ့ကြ၏။ အင်းဝလမ်းနှင့် အင်းလျားလမ်းဆုံရာနားက ပိန္နဲပင်ကလေးများအောက်မှာ ပွင့်ကောင်းတို့ စတည်းချနေကျ။ ဒီနေ့အဖို့ ပွင့်ကောင်းကြီးသည်လည်း ကံဆိုးရှာပါသည်။ သူတို့ကို အဲဒီနေရာမှာ တန်းခနဲ တွေ့ရသည်။ ပိုဆိုးတာက သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ထမင်းခွံ့ကျွေးနေတုန်း ပက်ပင်းမိလိုက်ခြင်းပင်။

"ဟာ ငါက တက္ကသိုလ်ကဆိုတော့ လူကြီးတွေ မှတ်နေတာ။ ခုမှ ထမင်းခွံ့ကျွေးရတဲ့ အဆင့်ပဲ ရှိပါသေးလားဟ"

သူတော်စိန်၏အသံကို ကြားသောအခါ ပွင့်ကောင်း၏ မျက်နှာသည်



www.burmeseclassic.com

နေကြတ်သလို ဖြစ်သွားပြီး အေးငယ်၏ မျက်နှာသည် လငပုပ်ဖမ်းသလို ဖြစ်သွား၏။ သူတော်စိန်အား မကျေနပ်သေး။

"အစာမကျေမှာ စိုးရတယ်။ ထမင်းကို ဝါးပြီးတွေးပါလား ဟဲဟဲ"

"တောက်..ကို မပြောဘူးလား။ ခုန ချုံထဲက ပုရစ်အော်သံ ကြားတော့ နိမိတ်မကောင်းပါဘူးလို့"

ပွင့်ကောင်းက သူတော်စိန်ကို ပြန်တွယ်သည်။ ပြီးတော့လည်း သူတို့ နှစ်ယောက် ရှုံ့ရှုံ့မဲ့မဲ့ ပါလာသည်။

"ဒီနေရာကို မင်းလိုက်ပြတာ မဟုတ်လား။ မင်းသိမယ်"

ပွင့်ကောင်းက ကျွန်တော်တို့ကို တိုးတိုးတိတ်တိတ် ကြိတ်၍ ငြိမ်း ပြောက်သည်။ ကျွန်တော်ကလည်း "ဟာကွာ မော်ဆရာပြောတာပါ" ဟု လွှဲချလိုက်ရ၏။

"ဟဲ ပွင့်ကောင်းနဲ့ အေးငယ်နဲ့ ကင်တင်းမှာစောင့်နေ။ ငါတို့ တိုဘက်သွားပြီး လိုက်ခေါ်ဦးမယ်။ အဲ ဒီလိုဆို သူတို့လစ်ထွက်သွားမှာ စိုးရတယ်။ ဂျူဗို မင်းသူတို့ကို ကြည့်ထား။ ဘယ်မှ မထနေနဲ့"

ပထမဆုံး စုစုဆီသွားသည်။ အတန်းပြီးခါစပဲ ရှိသေးသည်။ စုစုသည် အတန်းထဲမှ ထွက်လာပြီး သူတော်စိန်ကို မြင်လိုက်ရသည်နှင့် တစ္ဆေသရဲ တစ်ကောင်ကို တွေ့လိုက်ရသလို မျက်နှာဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

"ဟဲ၊ ဟဲ လူစုံပြီမဟုတ်လား သွားကြစို့"

ကျွန်တော်သည် ခင်စန်းကို မေ့ချင်ယောင်ဆောင်လိုက်သည်။ ခင်စန်းကိုပါ ဝင်ခေါ်လျှင် သူတို့ရှေ့မှာ မျက်နှာထားရခက်လိမ့်မည်။ ပြီးတော့ စကားတစ်လုံးတလေ မှားသွားလျှင်မကောင်း။ သို့ရာတွင် မအောင်မြင်။ စုစုက သူတစ်ယောက်တည်းဆိုလျှင် ကြောင်စီစီဖြစ်နေမည်စိုး၍လား မသိ။

"ခင်စန်းကို ဝင်ခေါ်မယ်"





မတတ်သာတော့သောကြောင့် ဝင်ခေါ်ရသည်။ ခင်စန်းကလည်း အတန်းပြီးလို့ ထွက်အလာ ဆုံကြခြင်းဖြစ်သည်။ အင်းဝစားသောက်ဆိုင်မှာ အားလုံးထိုင်မိကြပြီးနောက် သူတော်စိန်က. . .

"ဟဲ၊ အိမ်ရှင်တွေက ကျွေးရမယ်နော်။ ငါတို့က ဧည့်သည်တွေ"

"ဟာ၊ ငါလည်း ဧည့်သည်ပဲ။ ငါကသမိုင်းမှာ တက်ရတာ"

ပွင့်ကောင်းက ဝင်ပြောသည်။ ဂျူဗိုကလည်း သူက ဗိုလ်တထောင်မှာ တက်ရတာမို့လို့ ဧည့်သည်ပဲဟု ဆိုပြန်၏။ သူတော်စိန်နှင့် မော်ဆရာက လုပ်သားများ ကောလိပ်ကဆိုတော့ ဧည့်သည်အစစ်တွေ။ ဒီတော့ ကျွန်တော်ရယ်၊ ခင်စန်းရယ်၊ စုစုရယ်၊ အေးငယ်ရယ် အိမ်ရှင်တွေပေါ့။

ကျွန်တော်က "ငါပဲကျွေးပါမယ်ကွာ"။ သဘောကတော့ သိပ်ရှုပ်ယှက် ဆင်းယှက် မနောက်ပြောင်ကြဖို့ ပွင့်ကောင်းနှင့် မော်ဆရာကို မျက်နှာချိသွေးခြင်း။ ဟိုနှစ်ကောင်ကတော့ ဘာမှမသိသေးလို့ ကိစ္စမရှိ။ စားချင်တာတွေ တစ်ယောက်တစ်မျိုး မှာကြသည်။ စားရင်းသောက်ရင်း ပြောကြဆိုကြ နောက်ကြပြောင်ကြ၊ ပျော်စရာအကောင်းသား။ ဂျူဗိုကတော့ ထုံးစံအတိုင်း တစ်ကွက် ကောင်းသမား။

"မော်ဆရာ မင်းက ကြေးနန်းရုံမှာ အလုပ်လုပ်တာနော်"

မော်ဆရာက ခေါင်းညိတ်ပြသည်။

"ငါတို့မြို့နယ်က စာတိုက်မှာ ဖြစ်သွားတာ မင်းသိလိုက်ရဲ့လား"

"ဘာလဲကွ"

"ဒီလိုကွာ။ ငါပြောပြမယ်"

ဂျူဗိုက ရေနွေးကြမ်းတစ်ခွက် ငုံ့သောက်နေပြန်သည်။

ဒီကောင် တစ်ခုခု တွယ်တော့မည်ကို သိ၍ အားလုံးငြိမ်ပြီး နားထောင်နေကြ၏။

www.burmeseclassic.com



"ဒီလိုကွ၊ တစ်နေ့ကျတော့ စာတိုက်ကို လူတစ်ယောက်ရောက်လာတယ်။ အဲဒီလူက ကြေးနန်းတစ်စောင်များ မလာဘူးလားလို့ မေးတာ။ ဘယ်ကရိုက်တာလဲဆိုတော့ ဘန်ကောက်ကနေ ရိုက်လိုက်တာတဲ့။ အဲဒါ ကြေးနန်းအော်ပရေတာကလည်း ဒီနေ့အဖို့ နိုင်ငံခြားက ကြေးနန်းတစ်စောင်မှ မရသေးပါဘူးလို့ ပြန်ပြောတယ်။ လာမေးတဲ့သူက ဘန်ကောက်ကဆိုက်မယ့် လေယာဉ်ပျံကို မင်္ဂလာဒုံလေယာဉ်ကွင်းမှာ လာကြိုဖို့ ရိုက်လိုက်တာပါဆိုတော့။ ဒါနဲ့ အဲဒီကြေးနန်းကို ဘန်ကောက်ကနေ ဘယ်သူကရိုက်လိုက်တာလဲလို့ အော်ပရေတာက ပြန်မေးတော့မှ အဲဒီလာမေးတဲ့သူက ကျွန်တော်ကိုယ်တိုင်ရိုက်လိုက်တာပါပဲတဲ့ကွာ"

ရယ်သံတွေ ဆူညံသွားသည်။ သူတော်စိန်က စားလျက်တန်းလန်းက ရယ်လိုက်သောကြောင့် ပါးစပ်ထဲက မုန့်ဟင်းခါးဖတ်တွေက ပွဲ့ကောင်းလက်ပေါ် သွားကပ်ကုန်သည်။ ပွဲ့ကောင်းက သူတော်စိန်၏ လက်မောင်းကို တစ်ချက်ထိုးပြီးနောက် မုန့်ဖတ်များကို ခါထုတ်လိုက်သည်။ နောက်သူ့လက်ကိုအေးငယ်ရှေ့သို့ ဆန့်တန်းပေးလိုက်၏။ အေးငယ်က ပေနေသော ဟင်းရည်စများကို လက်ကိုင်ပဝါကလေးဖြင့် သုတ်ပေးသည်။ အဲဒါ ကြွားတာကြွားတာ၊ တတ်နိုင်ရင်း လုပ်ထားဦးပေါ့ကွာ။

"အဲဒါတော့ သက်သက် သိကွာချတာပါကွာ"

မှော်ဆရာက ငြင်းချက်ထုတ်သည်။

"တကယ်ဖြစ်တာပါလို့ဆို"

"တို့အရင်ကတော့ ဟုတ်ချင်ဟုတ်မယ်။ အခုတော့ မဟုတ်နိုင်ပါဘူးကွာ။ ငါတို့ဌာနက ခုဆိုရင် ခေတ်မီစက်ကိရိယာတွေ သုံးနေပါပြီကွ"

မှော်ဆရာက တစ်ထစ်လျှော့လိုက်သည်။

ထို့နောက် စကားဝိုင်းသည် ခဏမျှ ငြိမ်သက်သွားပြန်သည်။





အပြောင်းအလဲနောက်၊ အရွှန်းအပြက်တွေ နည်းနည်းလျော့သွားခြင်းကို ဆိုလိုပါသည်။ ဆယ်တန်းကျွန်းက တစ်တန်းတည်းနေခဲ့ပြီး ခု လူစုကွဲတုန်းကြသော သူငယ်ချင်းများအကြောင်းကို ပြောသည်။ စုစုသည် သူ့ရဲ့ဘော်များဖြစ်သော မိုင်းအေးတို့ ကြည်တို့ မပါသောကြောင့်လား မသိ။ ဒီနေ့ သိပ်မစွာဘဲ ရှိနေသည်။ ခင်စန်းသည်လည်း ကျွန်တော့်လိုပင် တစ်ခုခုပြောလိုက်လျှင် စကားများမည်စိုးသောကြောင့်လားမသိ။ ခပ်မဆိတ်ပင် နေနေ၏။ သူသည် အရင်ကတည်းက စကားနည်းသူဖြစ်သောကြောင့် သိပ်မသိသာလှချေ။ သူတော်စိန်ကား မုန့်ဟင်းခါးပန်းကန်ကို လက်စသတ်လိုက်၏။ ပါးစပ်အားသွားသောကြောင့် တစ်ခုခုပြောတော့မည်မှန်း သိသည်။ ထင်တဲ့အတိုင်းပဲ။

"ဟေ့၊ ဒီမှာ မိစု"

"ဘာလဲ"

စုစု၏ဟန်မှာ ကြောက်တန်တန်သည့် ပုံမျိုး။

"မိစုများနှင်ကတော့ ခုထိ တစ်ယောက်တည်းပါနော်။ တစ်ကိုယ်တည်း အပျိုကြီး လုပ်မလို့လား"

"စုစုက ရတာမလို လိုတာမရွေးနိုင်နေတာ"

ခင်စန်းက ဝင်ပြောသည်။ သူ့အလှည့်ရောက်လာမည်စိုးသောကြောင့် စုစုဘက်လှည့်နေသော စကားမြားဦးကို ထပ်တည့်ပေးလိုက်ခြင်းဖြစ်သည်။ သို့ရာတွင်

"မိစန်းကတော့ လိုတာရနေပြီလို့ ဆိုလိုတာလား"

အေးငယ်က ဝင်ပြောလိုက်သည်။ ကျွန်တော် အေးငယ်ကို လှမ်းကြည့်မိသည်။ အေးငယ်၏ အမူအရာသည် တစ်စုံတစ်ခုသိထားသည့်ဟန် မျိုးရှိ မရှိ၊ ပွဲ့ကောင်းနှင့် မှော်ဆရာသည် တစ်ယောက်နှင့် တစ်ယော



www.burmeseclassic.com

www.burmeseclassic.com



မသိမသာ ကြည့်လိုက်ကြသည်။ ခင်စန်းသည် ကျွန်တော့်ရင်ဘတ်ဆီလောက်ကို မျက်ခနဲ ကြည့်လိုက်လိမ့်မည်ထင်သည်။ သူမျက်နှာပျက်သွားသလားဟု စုံစမ်းချင်သော်လည်း မကြည့်ရဲ။ ကိုယ့်ဘာသာ အမူအရာမပျက်အောင် သတိထားနေရသည်။ ကျွန်တော်၏ စိတ်ထဲတွင် ရှက်ရှက်သဲသဲ ဖြစ်နေ ချိန်မှာပင် သူတော်စိန် တစ်ခေါင်းထသည်။

"ခင်စန်း၊ နင်ဘယ်သူ့ကိုမှ မကြိုက်နဲ့ဦးသိလား၊ ငါရှာပေးမယ်"

"ဘယ်သူလဲ၊ ဘယ်သူလဲ"

စုစုက စိတ်အားထက်သန်စွာ မေးသည်။

"ဟိုတာလေ၊ အသားညိုညို၊ ခပ်သွယ်သွယ်"

ထိတ်ခနဲ ဖြစ်သွား၏။ ဒီကောင် သိများ သိနေပြီလား။ ဒီကောင်က ပါးစပ်စည်းကမ်းရှိတာ မဟုတ်။ ပြောချင်တာ စွတ်ရွတ်ပြောတတ်တာ။ ခင်စန်းက "တော်စမ်းပါဟာ"ဟု ဝင်ဟန့်လိုက်သေးသည်။ မရ။

"တကယ်ပါ၊ နင်တို့ ဖယ်ရီကားထွက်သွားပြီဆိုရင် တွေတွေကြီးငေးကြည့်ပြီး ကျန်ရစ်ခဲ့တတ်တဲ့ကောင်လေ"

ဣန္ဒြေမပျက်စေရန် ဆေးလိပ်ကို ပါးစပ်မှာမြှန်မြှန်တပ်၍ မီးညှိနေလိုက်ရသည်။ ခင်စန်းကား မည်သို့ဖြစ်မည်နေမသိ။ သူတော်စိန် စကားဆက်၏။

"အဲ၊ အဲဒီကောင်က ကျောကုန်းမှာ ဘုကြီးထွက်နေတာ တစ်ခုပဲ ပြောစရာရှိတယ်"

ဟင်း၊ တော်ပါသေးရဲ့။ "သစ်ပုပ်ပင်ကြီးကို ပြောတာ မဟုတ်လား" အလျှင်အမြန် ဝင်ပြောလိုက်ရသည်။ အားလုံးရယ်ကြသည်။ ကျွန်တော်တား ခုမှ လွတ်လပ်သွားသောကြောင့် သူများထက်ပို၍ ရယ်မိသည်။ ဣန္ဒြေကြီး





သော ခင်စန်းပင်လျှင် ရယ်ရင်းက စုစု၏လက်မောင်းကို ဆွဲဆိတ်လိုက်သည်ကို မြင်လိုက်ရ၏။

"အေး၊ ငါလည်း မိစုအတွက် ရှာထားတယ်"

ဂျူဗိုကလည်း တစ်မျိုး။

"ပြောစမ်းပါဦး"

"ငါတွေ့ထားတာမှ တကယ့်လူအစစ်"

"အေးကွာ၊ ငါ ထင်တယ်"

သူတော်စိန်က အမှတ်ဝင်ယူနေသောကြောင့် ဝိုင်းဟောက်ထားလိုက်ရသည်။ စုစုက သူတော်စိန်ကို မျက်စောင်းတစ်ချက် ထိုးသည်။

"တကယ် ပြောတာပါ။ အဲဒီလူက ဝိဇ္ဇာဆောင်က ကင်းကွ။ မသိတဲ့လူ မရှိဘူး။ အောင်းဘီတို ဖတ်တာတစ်ခုပဲ ပြောစရာရှိတယ်။ သူ့နာမည်က အနန္တသော်နီတဲ့"

ဝိုင်းဟားကြသည်။ စုစုက "အဲ့ဒါ ငါ့အတွက်မဟုတ်ဘူး။ နင့်နှမအတွက်" ဟု ပြန်ပြောသည်။ အနန္တသော်နီဆိုသည်မှာ ဝိဇ္ဇာဆောင်က အစောင့်ကုလားအဘိုးကြီး။

"ငါတို့ကျတော့ ပြောတယ်။ နင်တို့ကတော့ ရှိသေးလို့လား"

စုစုက ပြန်မေးသည်။

"ဟာ ငါ့ကို ကြိုက်မယ့်လူမှမရှိဘဲ။ ပြီးတော့ ငါကလည်း အဲဒီဘက်မှာ သိပ် သတ္တိနည်းတာဟ။ ဂျူဗိုဆိုတဲ့ကောင်ကလည်း လူတစ်ယောက်ကို တုံးခနဲနေအောင် ကိုင်ပေါက်နိုင်ပေမယ့် မိန်းကလေးတစ်ယောက်ကိုတော့ ကျွေအောင်လုပ်နိုင်တာ မဟုတ်ဘူး။ ချိန်လိုက်ရင် ပါသွားတာချည်းပဲ"

"လူလတ် မင်းကတော့"



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ ဟဲဒါတွေ စိတ်မဝင်စားသေးဘူး၊ စာပဲ ကြိုးစားချင်တယ်"

ပွင့်တောင်းနှင့် မျှော်ဆရာထံမှ "ဪကန့်" အသံထွက်လာသည်။ ထိုရယ်သံသည် ကျွန်တော်တို့အချင်းချင်းသာ နားလည်သော အဓိပ္ပာယ်၊ ခင်စန်းကား 'ဟင်း သူလား စိတ်မဝင်စားတဲ့လူ' ဟု စိတ်ထဲက ကြိတ်၍ ပြောနေမည် လားမသိ။

●

"ဟေ့ကောင် မင်း ငါ့အကြောင်းတွေ အေးငယ်ကို ပြောလိုက်ပြီလား"

ဟိုကောင်တွေ မြန်မာစာ ပွင့်တောင်းကို မေးကြည့်ရသည်။

"အေးကွ၊ ပြောလိုက်ပြီ"

"ဟာ ဘာဖြစ်လို့ ပြောရတာလဲ"

"မပြောလို့ မဖြစ်ဘူးကွ၊ ကျောင်းမပိတ်ခင်က မင်းတို့နှစ်ယောက် တရုတ်စကားပင်အောက်မှာ စကားပြောနေတာ တွေ့သွားတယ်၊ အဲဒါ ငါ့ကို အတင်းမေးလို့ ပြောလိုက်ရတာ"

"ဟာကွာ အေးငယ်က လျှောက်ပြောရင် ဒုက္ခပဲ"

"မပြောပါဘူး၊ ငါ သေသေချာချာ မှာထားတယ်၊ အေးငယ်က နှုတ်လုံပါတယ်ကွ"

"စုစုတော့ နိုင်ငံမီလား မသိဘူး"

"နိုင်မီမယ်ထင်တယ်၊ သူတော်စိန်က အသားညိုညို ခပ်သွယ်သွယ် လို့ ပြောလိုက်တော့ မင်းကို စုစုက တစ်ချက်လှမ်းကြည့်တာ တွေ့လိုက်တယ်"

"အေးကွာ တဖြည်းဖြည်းနဲ့ သိတဲ့လူတွေတောင် တော်တော်များလာ ပြီ၊ သူတော်စိန်တို့ မသိသေးတာပဲ တော်သေးတယ်"

"ဘာပဲဖြစ်ဖြစ် မင်းတို့ကို တစ်ယောက်မဟုတ် တစ်ယောက်ကတော့





တွေ့မှာပဲ၊ တာမှ မဟုတ်သေးပဲနဲ့ သိတဲ့လူတွေ သိပ်များလာရင်တော့ မကောင်းဘူး"

"အဲဒီတော့လည်း လူတွေတောင် သိကုန်ပြီဆိုပြီး အမြန်ပြန်ပြန် တောင်းရတာပေါ့"

"မဆိုင်ဘူးကွ၊ မိန်းကလေးတွေဟာ တကယ်မဖြစ်သေးပဲနဲ့ လူသိ မခံချင်တတ်ကြဘူး၊ မင်းတောင် သူတော်စိန်တို့သိမှာ ကြောက်သေးတာပဲ"

"ဒီတော့"

"ဒီတော့ သိပ်လူသိမများခင် မင်း အဖြေရအောင် ကြိုးစားတော့၊ ပြီးတော့လည်း မင်းက လူရှေ့သူ ရှေ့မှာဆို သိပ်ကွန်မြူးဖျက်တာပဲ၊ တန် ဆောင်မကောင်းဘူး၊ ခုနှ ဟိုကောင်တွေ လောင်နေတုန်းက မင်းပုံက အမေ့ တွေ အများကြီးချန်ထားခဲ့တဲ့ ယောက္ခမနဲ့အသူဘ လိုက်ပို့ရသလိုပဲ"

"ဘာလဲကွ မင်းစကားက"

"ပြောင် ဖျက်နှာ အဆားရမက်နေတာကို ပြောတာပါ"

"ချီးတဲ့မှပဲ ဥပမာပေးစရာ ရှားလို့ကွာ"

"ဟုတ်တယ် ဟေ့ကောင်၊ တချို့ ငွေမက်တဲ့ကောင်တွေလေ၊ ပိုက်ဆံ ရှိတဲ့ ယောက္ခမကသေရော၊ အမွေတွေ ရတော့မှာမို့ ဝမ်းလည်းသာတယ်၊ ဒါပေမဲ့ မိန်းမကျေနပ်အောင် ဝမ်းနည်းဟန်လည်း ဆောင်ပြရသေးတယ်"

"တော်စမ်းပါကွာ၊ ငါ့ကို အဲဒီကောင်မျိုးတွေနဲ့ မနှိုင်းစမ်းပါနဲ့၊ ငါက ယောက္ခမပိုက်ဆံမပြောနဲ့ မိန်းမပိုက်ဆံတောင် အားကိုးချင်တဲ့ကောင် မဟုတ်ဘူး"

"ဟုတ်ပါတယ်ကွာ၊ မင်းအကြောင်း ငါသိပါတယ်၊ ငါက စကား အဖြစ် နောက်တာပါ၊ ဒါပေမဲ့ ငါ အတာပ်ပြောမယ်၊ မင်း ခင်စန်းနဲ့ ကြိုက် ပြီးကြတဲ့အခါ တစ်နေ့နေ့တော့ လက်မက်ရည်သောက်စရာ မရှိလို့ ...



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဖိုးထဲက မင်းဈေးရမှာပဲ၊ သေချာတယ်"

"ဘာဖြစ်လို့ ဈေးရမှာလဲကွ၊ တောင်းမှာပေါ့"

ကျွန်တော်တို့နှစ်ယောက် ပြိုင်တူရယ်လိုက်ကြ၏။

●●●



[၁၁]

God is Dead. Man is left alone in the Universe.

(Nietzsche)

ဘုရားသခင်ကား မရှိတော့၊ လူသည် လောကအလယ်၌ အထီးတည်း ခိုကိုးရာမဲ့ချေပြီ။

(နစ်ချေ)

ဆရာဦးခင်မောင်ဇင်သည် အထက်ပါစာတန်းကို ကျောက်သင်ပုန်းပေါ်တွင် ရေးလိုက်သည်။ သင်ရိုးအမှတ် ၄၀၄၊ မျက်မှောက်ခေတ် ဒဿနိကဗေဒသမိုင်း။

ဒီလိုဆိုဒီဟု လူသိများကြသော ဒဿနိကဗေဒကို အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ အချို့ကလည်း ဒီလိုဆိုဒီဆိုသည်မှာ 'မျက်စိကန်းနေသူကဘာဖြစ်ညာဖြစ်' ဆိုပြီး တတ်ယောင်ကား ပြောတတ်ကြပါသည်။ အချို့ကလည်း ကြောင်တောင်တောင် အလုပ်ပဲဟု ချိုးနှိမ်ဖွဲ့ ပြောတတ်ကြပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နားမယောင်ကြပါနှင့်၊ ဗုဒ္ဓ၏ အတိမ္ဗာမှာများသည် ဒဿနိကဗေဒ ဖြစ်သည်ဟု ပညာရှင်များက လက်ခံထားကြသည် မဟုတ်လော။ ဗုဒ္ဓ မျက်တွန်းဟု မည်သူဆိုဝံ့ပါသနည်း။

အမှန်တော့ ဒဿနိကဗေဒ(ဖီလိုဆိုဖီ) သည် ရှိုးရိုးရှင်းရှင်းက ဖြစ်ပါသည်။ သတ္တဝါတွေထဲတွင် လူသည် အသိဉာဏ် အရှိဆုံးဖြစ်သည် ဟို့ကြောင့် သိချင်စိတ်အကဲဆုံးဖြစ်သည်၊ ထိုအခါ အသိပညာကို အမြဲမ ရှာဖွေတော့သည်။ လူ၏အစ ကြွေဝဠာ၏အစ၊ အစစ်အမှန်တာများ၊ ကိုး ကျင့်တရား၊ အရာဝတ္ထုတို့၏ အဓိပ္ပာယ်တို့ကို လိုက်လံရှာဖွေသည်၊ လူတိုး လူတိုင်းတွင် ရှိနေသော လောကအပေါ် မြင်သည့် အသိတရားသည် ဒဿနိကဗေဒပင်ဖြစ်သည်၊ တစ်နည်းအားဖြင့် ဒဿနိကဗေဒသည် မြည်သူ ပိုင် ဖြစ်ပါသည်။

"ဆောက်ခရက်၊ ပလေတို၊ အရစ်ကိုတယ် တို့တစ်တွေ၊ လူသား အမြင့် မြတ်ဆုံးဆိုတဲ့ အကြောင်းကို ပြောခဲ့ကြတယ်။ တိုလမီရဲ့ ကမ္ဘာဗဟိုပြုဝါဒက ဆိုရင် နေနဲ့တကွ ကြယ်နက္ခတ်တာရာတွေဟာ ကမ္ဘာကို ဗဟိုပြုပြီး လှည့် ပတ်နေကြရတယ်လို့ဆိုတယ်။ ဘာသာရေးများသခင်က အရာရာကို ဖန်ဆင်း ခဲ့ကြောင်း လူသား အမြင့်မြတ်ဆုံးလို့ ပြဋ္ဌာန်းခဲ့ကြောင်း ယုံကြည်ခဲ့ကြတယ်။ အဲဒီလို လူတွေဟာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေကြတဲ့ အချိန်မှာပဲ ကိုပါနီကတ်ဆိုတဲ့ ပုဂ္ဂိုလ်က နေဗဟိုပြုဝါဒကို ဖော်ထုတ်လိုက်တယ်။ ခုခေတ် မှာ လက်ခံနေတဲ့ ကမ္ဘာကြီးဟာ နေကို ဗဟိုပြုလှည့်ပတ်နေတယ်ဆိုတဲ့ အယူအဆပေါ့။ အဲဒီအခါ လူတွေက ငါတို့ဟာ တကယ်တကယ်တော့ အညတရသတ္တဝါလေးတွေပါလားလို့ သိလာကြတယ်။ ဘာသာတရား အပေါ် သံသယ ဝင်လာကြတယ်။ ဘယ်ဟာကို အားကိုးရမှန်း မသိဘဲ အားငယ် ဝိုးရွံ့လာကြတယ်"





ဆရာသည် အသင်အမြဲ အလွန်ကောင်းသည်၊ သူ သင်နေသော အကြောင်းအရာ တစ်ခုသည် စိတ်ထဲ၌ စွဲစွဲလမ်းလမ်း ခံစားရစေသည်။ သူ၏ ကြီးကျယ်မြင့်မြတ်ပုံအကြောင်း ပြောနေသောအချိန်တွင် ကိုယ့်ကိုယ် ကိုယ် 'လူကွ' ဟု စိတ်ကြီးဝင်မိသော်သည်း ကိုပါးနီကပ်ကြောင့် လူတို့၏ သေးနုပ်သောဘဝကို သိရှိမြန်သောအခါ ရင်ထဲက ဟာသွားပြီး ဝမ်းနည်းရ လေတော့သည်။

ကျဆင်းသွားသော လူ၏သိက္ခာကို ပြန်လည်ဆယ်ယူရန် ကြိုးစားကြ မြန်သည်။ လူ၏ အခန်းကဏ္ဍကို မြင့်တင်သော အယူအဆများကို ဖော်ထုတ် လာကြမြန်၏။ ဟေဂယ်သည် အသည်းဆုံးဖြစ်သည်။ ဟေဂယ်က လောကကြီးသည် အနန္တဝိညာဉ်တော်၏ စီမံချက်အရ လိုက်လျောညီထွေ ဖြစ်လာခဲ့ရသည်။ အရာခပ်သိမ်းတို့၏ အဆုံးသတ်သည် အနန္တဝိညာဉ်တော် ပင် ဖြစ်သည်ဟု ဆို၏။ လူ့သမိုင်းသည် အစဉ်သဖြင့် တိုးတက်ကောင်းမွန်နေ သည်ဟု ဆိုသည်၊ သို့ရာတွင် ကမ္ဘာစစ်ကြီး၌ ဟေဂယ်တို့ ဂျာမန်များ စစ်ရှုံးသည်။ ကမ္ဘာစီးပွားရေးကပ်ကြီးများ ဖြစ်ပေါ်လာသည်၊ ထိုအခါ ဟေဂယ်၏ အကောင်းမြင်ဝါဒအပေါ် သံသယဖြစ်လာကြမြန်သည်။ ဟေဂယ်၏ ဘာကြီးမှန်းမသိသော အနန္တဝိညာဉ်တော်ကို စိတ်ပျက်စ ပြုလာ ၏။

ထိုအချိန်တွင် ဒါဝင် ပေါ်ပေါက်လာသည်။ သူ၏ အဆင့်ဆင့် ဖြစ်ပေါ်တိုးတက်မှု သီအိုရီသည် ဟေဂယ်ဝါဒကို စောင်လွှင့်ခဲ့လိုက် လေသည်။ လူဟူ၍ ဖြစ်ပေါ်လာရခြင်းမှာ ဟေဂယ်ပြောသလို အနန္တဝိညာဉ် တော်၏ ပြဋ္ဌာန်းမှုကြောင့် မဟုတ်၊ သတ္တဝါတို့၏အစသည် ဆဲလ်တစ်ခု တည်းသာရှိသော အခြေအနေမှ အဆင့်ဆင့် တိုးတက်လာခြင်းပင်၊ ထိုသို့ ဖြစ်လာရာတွင်သည်း ခနစ်ထက်ကျ ခွဲခြားသတ်မှတ်ထားမှုကြောင့် မဟုတ်။



www.burmeseclassic.com

ww.burmeseclassic.com



မတော်တဆ တိုက်ဆိုင်ကြုံကြိုက်သွားရာမှ ဂုဏ်ရည်အသစ်များ ဖြစ်ပေါ်လာပြီး မျောက်တစ်မျိုးမှ လူဟူ၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဒါဝင်၏အဆိုအရ မတော်တဆ တိုက်ဆိုင်မှုသည် ယခုကဲ့သို့ မဖြစ်ဘဲ တစ်မျိုးတစ်မျိုးဖြစ်ခဲ့ပါက လူဟူ၍ ဖြစ်မလာဘဲ အခြားလူနှင့်မတူသည့် သတ္တဝါတစ်မျိုးမျိုး ဖြစ်ချင် ဖြစ်လာနိုင်သည်။

အခြား ပညာရှင်များကလည်း . .

အကြောင်းမဲ့ မှန်ကန်မှု တစ်ခုတည်းသော အစစ်အမှန်တရားတို့သည် မရှိဟု ဆိုသည်။

လူတို့တွင် အားကိုးရာမရှိ၊ မိမိကိုယ် မိမိ ပြန်လည်တည်ဆောက်ရန်သာဖြစ်သည်။

သက်သေပြချက်မပေးနိုင်သော၊ အတွေ့အကြုံဖြင့် မမြင်တွေ့မစစ်ဆေးနိုင်သော အယူဝါဒများကို ငြင်းပယ်လာကြသည်။

ဒဿနိကဗေဒဟူသည် အသိတရားများကို ခွဲခြမ်းစိတ်ဖြာ၍ ယုတ္တိရှိမရှိ ရှေ့နောက်ညီညွတ်မှု ရှိမရှိ အဓိပ္ပာယ် တိကျနိုင်မှု ရှိမရှိ စစ်ဆေးဝေဖန်ပေးရန်ဟု လက်ခံလာကြ၏။

ကားလ်မာ့က်စ်၏ ဒိုင်ယာလက်တစ်နည်းသည် လူသားတို့အတွက် မျှော်လင့်ချက်များပေးလာသည်။

လူ့၏ အဘိဓမ္မာအပါအဝင် အရှေ့တိုင်းဒဿနများသည် ပြဿနာအဖြေကို ပေးနိုင်မည်လောဟု မျှော်လင့်စုံစမ်းလာကြသည်။

ဤသို့ဖြင့် ဟေဂယ်ကြီးကို ရုတ်ပြတ်သွားအောင် ဝိုင်းဆော်လိုက်ကြပြီးနောက် ခေတ်သစ်ဒဿနိက ပညာရှင်ကြီးများ ပေါ်ပေါက်လာခဲ့ကြလေသည်။





ထိုသူတို့ကား

ဒါဝင်၊ ခနိုဒ်၊ ဗီလျံဂျိမ်း၊ နစ်ရှေး၊ ဆာတဲ၊ ကားလ်မာ့စ်၊ ဂျီအီးမိုး၊ ဗိုင်စတိုင်း၊ ဘာထရန်ရပ်ဆယ်၊ ခင်စန်း အဲ၊ မဟုတ်ပါဘူး။

ခင်စန်းရယ်

လူကနေမယ့် အချစ်ကမနေတော့ ခက်လှသကွယ်၊

ခင်စန်းကို ကျွန်တော်နောက်ဆုံးပေးသောစာ၊

ခင်စန်း

ဒီစာကို ရေးဖို့အတွက် တို့ သိပ်ဝမ်းနည်းခဲ့ရတယ်ဆိုတာ သိစေချင်ပါတယ်။

ဒီစာကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးဆက်တွေကို ခံရဲပါ့မလား၊ ခံနိုင်ပါ့မလားလို့။

ဝမ်းသာစရာ အကျိုးအမြတ်တွေ ဖြစ်လာခဲ့ရင်တော့ အရေးမကြီးဘူးပေါ့။

ဝမ်းနည်းစရာ ဆိုးကျိုးတွေဖြစ်လာခဲ့ရင် ဘယ်လိုခံစားရလိမ့်မလဲလို့ ကြိုတင်တွေးဆကြည့်မိပါတယ်၊

စိတ်ကူးထဲမှာတောင်

တော်တော်ထိခိုက် ကြေကွဲစရာကောင်းပါလား ခင်စန်းရယ်၊

ခင်စန်းရဲ့ အချစ်ကို စောင့်မျှော်နေရတဲ့ ဇူကျူဟာ

တို့တစ်သက်တာအဖို့ အကြီးမားဆုံးပါပဲ၊

အဲဒီ ဇူကျူဟာလည်း ဒီတစ်ခါ နောက်ဆုံးအကြိမ် ဖြစ်ပါစေလို့ ဆုတောင်းပါတယ်၊

ဒီတစ်ခါတော့ သေသေချာချာ စဉ်းစားစေချင်တယ်၊

ပြီးတော့ တိတိကျကျ အဖြေပေးစေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်နိုင်မယ်ဆိုရင်

'ချစ်တယ်'လို့ ပြောပါ။

မချစ်နိုင်ဘူး ဆိုရင်တော့

သူငယ်ချင်းလို့ပဲ ခင်ချင်တယ်လို့ မပြောပါနဲ့တော့။

'မုန်းတယ်'လို့သာ ပြောလိုက်ပါ။

မသေချာ မရေရာကဲ့အဖြေကို စောင့်နေရတာ ဘယ်လောက် ဒုက္ခကြီးမားတယ်ဆိုတာ ခင်စန်းသိစေချင်ပါတယ်။

ခင်စန်းက 'မုန်းတယ်' လို့ ပြောရင်လည်း

ဒုက္ခ ခံစားရမှာပါပဲ။

ဒါပေမဲ့

ဘယ်နေ့ဘယ်ရက် သေရမယ်ဆိုတာ တိတိကျကျ သိပြီးတဲ့ သူတစ်ယောက်ဟာ သေမလား၊ ရှင်မလား မသေချာတဲ့ လူတစ်ယောက်ထက်တော့ ပိုပြီး စိတ်ချလက်ချ နေနိုင်တယ်လို့ ထင်ပါတယ်။

စိတ်တထင့်ထင့် နေရတာထက် စိတ်တုံးတုံးချလိုက်တာက ပိုပြီး သက်သာမယ် မဟုတ်လား။

'ချစ်တယ်' လို့ ပြောရင် သိပ်ပျော်ရမှာပါ။

'မုန်းတယ်' လို့ ပြောရင်တော့

ခင်စန်းကို နောက်တစ်ခါ ဘယ်တော့မှ ထပ်ပြီး မနှောင့်ယှက်တော့ပါဘူး။

ဘာပဲဖြစ်ဖြစ်

'မုန်းတယ်'လို့ ပြောခဲ့ရင်တောင်မှ အဲဒီ 'မုန်းတယ်' ဆိုတဲ့ စကားလေးကိုပဲ တို့ တစ်သက်လုံး အမြတ်တနိုး ချစ်နေပါ့မယ်။





ဒါပေမဲ့ ခင်စန်းရယ်၊

ဝမ်းနည်းအားငယ်နေတဲ့ အချိန်မှာ သတင်းကောင်းကလေးများ ကြားရရင် သိပ်ဝမ်းသာရတတ်ပါတယ်။

တို့ ဝမ်းသာရမှာလား။

လူသစ်

●●●



www.burmeseclassic.com

www.burmeseclassic.com

## [၁၂]

ဒီစာကို ရေးမိတာ မှားလေပြီလားဟု ထင်နေမိပြန်သည်။

စာထဲမှာ နောက်ဆုံးအကြိမ်ဆိုသော စကားကို ကျွန်တော်သုံးထားခဲ့သည်။ ထိုကတိကို တည်ရပေတော့မည်။ သူငယ်ချင်းတွေနှင့် လောင်းကြေးစားကြေးလုပ်သလို ကိုယ်ရှုံးသည့်အခါ 'အလကားပြောတာ' ဟူ၍ လုပ်ရန် မဖြစ်နိုင်။ သူ့ထံမှ 'မှန်းတယ်' ဆိုသော စကားကိုသာ လက်ခံရရှိခဲ့လျှင် ထိုစကားကိုပင် တစ်သက်ပန်လုံး ရင်ဝယ်ပိုက်ထားရပေတော့မည်။

သူကတော့။ ကျွန်တော့်စာအပေါ် ဘယ်သို့သဘောထားမယ်မသိ။ သူ ချစ်နိုင်မှုမှန်လျှင် ခုတစ်ကြိမ်သည် ကျွန်တော့်အတွက် အဖြေမှန်ရမည့်အချိန် ဖြစ်သည်။ သူသည် ကျွန်တော့်ကို စိတ်ဝင်စားမှု လုံးဝမရှိခဲ့လျှင် ဤဇာတ်လမ်းသည် ဆက်ရန် မရှိတော့ပါ။ အကယ်၍ သူသည် ကျွန်တော့်ကို ချစ်လျက်နှင့် နှုတ်မှ မပြောဝံ့ဘဲ ရှိနေခဲ့လျှင်လည်း ထိုအဖြစ်မျိုးကိုဖြင့် ကျွန်တော် လုံးဝ မလိုလားနိုင်ပါ။ ခင်စန်းသည် ကျွန်တော့်အတွက်





ဝမ်းမြောက်ဖွယ်သတင်းကိုသာ ယူဆောင်ခဲ့ပါစေသတည်း။

ခင့်စန်းတို့ အတန်းနေအက ကြေး အုတ်ခုံပေါ်မှာ ထိုင်စောင့်နေသည်။ တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့် စသည်ဖြင့် အချိန်တွေ ကုန်လွန်သွား၏။ အတွေးထဲတွင် နစ်ဝင်နေဆဲ ရှေ့တွင်လာရပ်သော ခြေအစုံကို အရင်မြင်သည်။ နှင်းလက်မ ဒေါက်မြင့်ဖိနပ်တလေး။ ဖြူဖွေး အိစက်သောခြေခုံ၊ သွယ်လျညီညာလှပသော ခြေချောင်းကလေးများ။ မျက်စိကို အပေါ်သို့ တစ်ဆင့်ချင်း မြှင့်တင်သည်။ ထဘီအစိမ်းရင့်၊ အကျီအစိမ်းနု၊ ပြီးတော့ မျက်နှာ။ အဝတ်အစားမှ အစိမ်းရောင်များသည် သူ့မျက်နှာပေါ်မှာ ရောင်ပြန်ဟပ်နေသည်။ အစိမ်းရောင်၏ ဆန့်ကျင်ဘက်အရောင်သို့ ရုတ်ခြည်း ပြောင်းလဲသွားပြန်၏။ အပူရောင်၊ အနီရဲရဲ၊

"တိကျတဲ့အဖြေကို လိုချင်လို့ဆို"

သူ့ အသံ၌ပင် အရောင်ပါဝင်သည်။ ဒေါသအရောင်၊ ကျွန်တော့် စကားတုံ့မပြန်မီ၊ ဦးခေါင်းကို မရဲတရဲ ညိတ်သည်။

"နင့်ကိုမုန်းတယ်၊ ဒါဟာ အတိကျဆုံးအဖြေပဲ"

ထိုစကားသည် နှလုံးသားကို ထုတ်ချင်းခပ်သွား၏။ သူ လှည့်ထွက်မည်ပြုသည်။ သူ့လက်မောင်းကို ကျွန်တော် ဖမ်းဆွဲထားလိုက်သည်။

"နေပါဦး ခင်စန်းရယ်"

"လွှတ်နော်၊ ရမ်းကားလှချည်လား"

"မလွှတ်နိုင်ဘူး ခင်စန်း။ ခုနစကားကို နောက်တစ်ကြိမ် ထပ်ပြောစမ်းပါဦး"

နှုတ်ဖြင့် မပြေ၊ လက်ဖြင့်ပြေသည်။ သူ့လက်သွဲ့မြှောက်လိုက်သည်ကို မြင်သည်။ နားနှင့် အနီးဆုံးနေရာမှ 'ဖြန်း'ခနဲ မြည်သံကို ကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးထဲက ပြာခနဲ ဖြစ်သွားသည်။

"ခင်စန်းတို့ကို ပါးရိုက်တယ်။ တို့ကို ပါးရိုက်တယ်။ ရိုက်ပါပြီး ခင်စန်း။ နောက်ပါးတစ်ဖက်ကို ရိုက်စမ်းပါဦး။ ခင်စန်း ရိုက်ရက်တယ်ဆိုရင် အချက် တစ်ရာလောက် ထပ်ဦး"

သူ့ ဘယ်လက်မြောက်တက်သွားပြန်သည်။

'ဖြန်းခနဲ' နောက်တစ်ခါ။

နောက်တစ်ခါ 'ဖြန်းခနဲ'၊

'ဖြန်းခနဲ'

နောက်တစ်ခါ။

နောက်တစ်ခါ။

ဆယ်ခါ၊ တစ်ရာ၊ တစ်ထောင်။

အလကားပြောတာ။ အဲဒါ တကယ်ရိုက်တာမဟုတ်ဘူး။ သူတို့ အတန်းအဖြိုးကို စောင့်နေရင်း 'အဲဒီလိုများ ဖြစ်နေရင်တော့ ဗုက္ခပဲ' ဆိုပြီး စိတ်ကူးယဉ်ကြည့်နေတာပါ။ တကယ်သာ အဲဒီလို အရိုက်ခံရရင် ငါတော့ သိပ်သနားစရာ ကောင်းမှာပဲလို့ တွေးကြည့်နေတာလေ။

တကယ့်တကယ်ကတော့ ဒီလို။

စကြီအုတ်ခုံပေါ်တွင် ငြိမ်သက်စွာ ထိုင်နေသော်လည်း စိတ်ထဲက ယောက်ယက်ခတ်နေသည်။ သေသေချာချာ ကြည့်လျှင် ဂနာမငြိမ်သော ကျွန်တော့်မျက်လုံးများကို မြင်နိုင်သည်။ အတန်းထဲက ပြီးထွက်လာသော ကျောင်းသားကျောင်းသူတို့အကြားတွင် ကျွန်တော့်အကြည့်အမြင်များ ကစားနေ၏။ လူရှင်းသွားသော်လည်း သူ့ကိုမူ မတွေ့ရ။ စိုးရိမ်စိတ်နှစ်မျိုး ဖြစ်လာသည်။ သူ ကျောင်းမှတက်ရဲ့လားဆိုသော စိတ်တစ်ခုခု ပိုလာသည်။





အပေါက်ဝတွင် ရိပ်ခနဲ မြင်သည်။ မြင်ကွင်းထဲသို့ ကိုယ်တစ်ခြမ်း အရောက်တွင် ရပ်လိုက်၏။ နောက်သို့ လှည့်၍ တစ်ခုခုပြောနေဟန် တူသည်။ မျက်နှာသည် ဝ ခါးအောင်နှင့် ကွယ်နေ၏။

အခန်းအပြင်သို့ သူထွက်လာသည်။ မည်းသည် သူ့ကို နှုတ်ဆက်ပြီး အင်းလျားဆောင်ဘက်သွားသော လမ်းသို့ ချိုးသွားသည်။ ခင်စန်း ဒီဘက် ကို လျှောက်လာ၏။ အုတ်ခုံပေါ် မှဆင်းသည်။ သူနှင့်ယှဉ် လျှောက်လိုက် သည်။ သူ့ ခြေလှမ်းသည် မြန်လည်းမမြန်၊ နှေးလည်း မနှေး ပုံမှန် အတိုင်း။ ကျွန်တော်မှ ခြေလှမ်းမမှားအောင် ဂရုတစိုက် ထိန်းသိမ်းနေရသည်။

သူ့မျက်နှာကို တစ်ချက် အငဲခတ်ကြည့်သည်။ မူထားမမှန်သော အရိပ်လက္ခဏာ မတွေ့ရ။ တည်တည်ငြိမ်ငြိမ်ပင်။ သူသည် ဟန်ဆောင် ကောင်းလွန်း၍လော၊ ကျွန်တော့်ကို ပေးရမည့်အဖြေကို ပြတ်ပြတ်သားသား တွေ့ရှိပြီးသောကြောင့်လော၊ ကျွန်တော့်စာသည် သူ့နှလုံးသားကို ဆွဲကိုင် လှုပ်ယမ်းနိုင်လောက်အောင် အစွမ်းမထက်သောကြောင့်လော။ မသိရ။

စိတ်လှုပ်ရှားလွန်းသောကြောင့် စကားစဖို့ ကြံစားမရဘဲ ရှိနေ၏။ ငွေစာရင်းဌာနတိုင်ပင် ကျော်လွန်လာသည်။ သိပ္ပံကျောင်းဆောင်၏ ဆင်ဝင် အောက်အရောက်တွင် မြင်ကွင်းသည် ရုတ်တရက် ညှို့မှိုင်းသွားသည်ကို သိလိုက်၏။ မိုးအုံ့သွားခြင်းပင် ဖြစ်လိမ့်မည်။

"ဖတ်ပြီးပြီလား ဗျာ"

အသံကို အတတ်နိုင်ဆုံး ပုံမှန်အောင် ကြိုးစားနေသော်လည်း မရ။ တုန်ခါ ထစ်ငေါ့ခြင်းသည် ပါဖြစ်အောင် ပါသွားသေးသည်။ သူကမူ ခေါင်းကို ညိတ်ပြရုံဖြင့် ကိစ္စပြီးနိုင်၏။

"ဘယ်လိုလဲ ခင်စန်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်မဖြေဘဲ နေသည်။ စိတ်စောလွန်းသောကြောင့် ထင်၏။ နှုတ်ဆွံ့နေခြင်းမျိုး မဖြစ်တော့၊ တုံ့ဆိုင်းထစ်ငေါ့ခြင်းနှင့် မဝံ့မရဲဖြစ်ခြင်းက မေ့သွားပြီ။

"ဖြေပါ၊ ဖြေလိုက်ပါ"

"မသိဘူး"

"မသိလို့မရဘူးခင်စန်း၊ ဒီတစ်ခါတော့ သိကိုသိရမယ်"

သူကျွန်တော့်ကို မော့ကြည့်လိုက်၏။ ကျွန်တော်သည် ခုလိုအတင်းအကျပ်ဖြစ်လိမ့်မည် မဟုတ်ဟု သူ ယူဆထားခဲ့ဟန်တူသည်၊ ပြီးတော့ "သိကို သိရမယ်"ဆိုသောလေသံကို သူမကြိုက်ဘဲ ဖြစ်သွားသလားမသိ။ သို့ရာတွင် မတတ်သာတော့၊ ခုနေခါ၌ သူစိတ်ခုသွားမည်စိုး၍ မပြောဝံ့ မပြောဝံ့ဝံ့နေ၍ မဖြစ်တော့ပါ။

"မသိဘူးဆိုတဲ့ စကားကို မပြောပါနဲ့တော့၊ ခုလောက်ဆို သိလောက်ပြီ ထင်ပါတယ်"

"တို့ စဉ်းစားတဲ့အချိန်အထိ မစောင့်နိုင်တော့ဘူးလား"

"စောင့်ခဲ့ရတာ ကိုးလရှိပါပြီ"

"ကိုးလဆိုတာ ကြာတာမှ မဟုတ်ဘဲ"

"ဘဝတစ်သက်တာနဲ့ တာရင်တော့ မကြာဘူးပေါ့၊ ဒါပေမဲ့ တို့အတွက်တော့ ခင်စန်းရဲ့ အတန်းပြီးချိန်ကိုစောင့်ရတဲ့ ဆယ်မိနစ်လောက်ကိုတောင် တစ်သက်လောက် ကြာတယ်လို့ ထင်မိတယ်"

ကျွန်တော်တို့နှစ်ယောက်သည် ကဏ္ဍရာလမ်းဘက်မှ မသွားဘဲ မြက်ခင်းပေါ် ဖြတ်လျှောက်နေကြကြောင်းကို သတိထားမိသည်၊ ညောင်ကြတ်ပင်ကြီးအောက် ရောက်သောအခါ ကျွန်တော် ရပ်လိုက်သည်။





"ထိုင်ပါဦးလား"

"မထိုင်ချင်ဘူး၊ မယ်ရီတာတော့မယ်"

မထိုင်သော်လည်း ဆက်မလျှောက်ဘဲ ရပ်နေသည်၊ ကျွန်တော့်အပေါ် သံယောဇဉ်ရှိနေသေးသောကြောင့်လား၊ ပြောချင်တာပြောပါစေဟု နောက်ဆုံးအခွင့်အရေးပေးခြင်းလား၊ ဘယ်ဟာမှန်း မသေချာ။

"တို့ကို အဖြေပေးပါတော့"

သူဘာမျှ ပြန်မပြောချေ၊ ကျွန်တော့်စိတ်ထဲက အရင်လိုအဖြစ်မျိုး အဖြစ်မခံတော့ဟု ဆုံးဖြတ်ထားသည်။ အမြဲအမည်း တစ်ခုတည်းသော အဖြေကိုသာ လိုချင်တော့သည်။ သူသည် ကျောင်းကြီးကား ရပ်ထားရာဘက်သို့ လှမ်းကြည့်နေသည်၊ ကားရောက်နေပြီ၊

"တစ်ခုခုတော့ ပြောပါခင်စန်း"

ခေါင်းကိုသာ အတန်ငယ်ခါယမ်းသည်၊ မိုးဖွားကလေးတွေ ကျလာ၏။ ကျွန်တော်တို့အပေါ် သို့မှ မိုးစက်တို့ ကျမလာသေး၊ သစ်ရွက်များပေါ် ကျသံ တဖြောက်ဖြောက်သာ ကြားရသည်၊ မိုးရွာသည့် အကြောင်းကို နှစ်ယောက်စလုံး စကားမစမိကြ၊

"ဘာဖြစ်လို့ ဒီလောက်အလျင်စလို ဖြစ်နေရတာလဲလို့ ခင်စန်းက ထင်ချင်ထင်လိမ့်မယ်၊ ဘာဖြစ်လို့လဲ ဆိုတာ ကိုယ်တိုင်လည်း ရေရေရာရာ ရှင်းမပြတတ်ဘူး၊ ဒါပေမဲ့ ခုလိုခန့်မှန်းလို့မရတဲ့ အခြေအနေကို စောင့်ရတာစိတ်မောလှပါပြီ၊ ခုလိုနေနေတာ ခင်စန်း တို့အပေါ်မှာ ညည်းဆဲရာ ရောက်နေပါတယ်"

ငေးနေရာမှ ကျွန်တော့်ဘက်သို့ လှမ်းကြည့်သည်၊

"တို့က ညှဉ်းဆဲနေတာလို့ ထင်လို့လား"

"အဲဒါကတော့ ခင်စန်းကိုယ်တိုင်သိပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်များသည် သစ်ရွက်များပေါ်သို့ ကျပြီး ဖြာထွက်သွားကြ၏။ မိုးမှုန်ကလေးများအဖြစ် ကျွန်တော်တို့ ကိုယ်ပေါ်သို့ ဖွဲဖွဲကျသည်။ သူသည် လက်ထဲမှ ထီးကို ကြည့်ပြီးမှ ဖွင့်မဆောင်းဘဲ နေ၏။

"တို့ပြောချင်တာကတော့ သူငယ်ချင်းလိုပဲ ခင်ချင်တယ်လို့"

ကျွန်တော်သူ့စကားကို ဖြတ်၍ ပြောမည်ပြင်သော်လည်း သူကပင် ဆက်ပြောပြန်သည်။

"ဒါပေမဲ့ သူက အဲဒီလိုမပြောစေချင်ဘူးမဟုတ်လား"

ကျွန်တော် ခေါင်းညိတ်ပြသည်။ သူက စကားတဆက်ပဲ နေပြန်သော ကြောင့် ကျွန်တော်ကပင်. . . . .

"ဒါဆို တို့ထင်ချင်သလို ထင်လိုက်ရမလား"

"ဘယ်လိုထင်ချင်လို့လဲ"

"တို့ကို ချစ်တယ် မဟုတ်လား၊ အဲဒါဟုတ်လား"

သူသည် တွေတွေငေးငေး ပြန်မြစ်သွားပြန်သည်။ ခေါင်းခါသည်။ ဖြည်းဖြည်းလေးလေး။ ကျွန်တော်စိတ်အားငယ်သွားသည်။ ရိုးမြေကြီးပွဲ့ တစ်ပုဒ်လို အဖြေကို သိပြီးသားဖြစ်ပါလျက် ထိုအဖြေကို မရရအောင် လိုက်လံ ရှာဖွေရသလိုမျိုးပင်။

"ဒါဖြင့်၊ ဒါဖြင့် မုန်းတယ်ပေါ့"

အလွန်မောပန်းစွာ မေးဖြစ်၏။ မိုးစက်တို့သည် မျက်ရည်ပေါက်များ ကဲ့သို့သစ်ရွက်များပေါ်မှ လိမ့်ဆင်းလာသည်။ သူငိုင်နေရာမှ ထီးဖွင့်ဆောင်း သည်။ တိုးညင်းပြေးလေးသော အသံဖြင့်. . .

"တို့ အဲဒီစကားကို မပြောချင်ပါဘူး၊ ဒါပေမဲ့"

စကားဆက်မပြောဘဲ နေသည်။ ခဏကြာမှ. . .

"တို့သွားတော့မယ်"





ခြေလှမ်းပြင်သည်။

"နေပါဦးခင်စန်း"

ရပ်နေပြန်သည်။

"ပြောပါဦးလေ၊ မုန်းတယ်ပေါ့၊ မုန်းတယ်လို့ ပြောလိုက်စမ်းပါ"

သူကျွန်တော့်ကို ဆတ်ခနဲ မော့ကြည့်သည်။ နှုတ်ခမ်းကို ကိုက်လိုက် သည်။ သူ့အကြည့်၏ အဓိပ္ပာယ်ကို မဝေခွဲနိုင်ခင်မှာပင် ချာခနဲလှည့်ထွက် သွားသည်။ မိုးရေထဲမှာ ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။ မိုးစက် များသည် ရင်အုံကို ထိမှန်သောအခါ 'ရှဲကနဲ' မြည်သွားသည် ထင်၏။

သူပျောက်သွားသည်ကို ငေးစိုက်ကြည့်နေမိ၏။ အမြင်သည် မှုန်ဝါး သွားပြန်သည်။ မိုးမှုန်တို့ကြောင့်လား၊ မျက်လုံးထဲမှ ပူနွေးသော မိုးစက် တို့ကြောင့်လား။

ရင်ထဲ၌ကား နွေရာသီ။

သွေးကြောထဲမှာ ဆောင်းရာသီ၊

တကယ့်မိုးနှောင်းသည်လည်း ကျွန်တော့်ကို မညှာတာချေ။ ကျောင်းကားသည် တရွေ့ရွေ့တောင်ထွက်ခွာသည်။ ဝိတ်ထားသော ကားမှန် တခါးတို့သည်လည်း ကျွန်တော့်မျက်လုံးများလိုပင် မှုန်ဝါးနေသည်။ အထဲကို မမြင်သာ။ ဘယ်သောအခါမှာမှ ထပ်မံ မနှောင့်ယှက်တော့ပါဆိုသော ကတိကို ဖိုက်မိရဲတင်းစွာပေးသော ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မဆုံး ရှိနေဆဲမှာပင်။

ဟင်၊ သူ၊

ဟုတ်တယ်။ သူကားနဲ့ ပါမသွားဘူး။ ဟိုမှာ ရပ်နေတယ်။

ရင်သည် တလှပ်လှပ်ဖြစ်လာပြန်သည်။ တောတောက်နှင်းကနှင့် မ[illegible] အုံ့ဖြိုင်းသာလွန်းသောကြောင့် ခုန်သောရင်။ သူကျွန်တော့်ဆီသို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လာနေပြီ။ အာရုံကင်းမဲ့စွာ ရပ်နေရာမှ ဆတ်ခနဲ သတိရလာသည်။ ဟန်ဆောင်နိုင်ပဲ သူ့ဆီသို့ပြေးသွား၏။ စိတ်က သူ့ဆီအရင်ရောက်သွားသည်။ စိတ်ကို မီအောင် မလိုက်နိုင်သော ခန္ဓာကိုယ်ကို အပြစ်တင်မိသည်။

သူ့ရှေ့မှာ ကျွန်တော်ရပ်လိုက်သည်။ သူ့ကို စိုက်ကြည့်နေ၏။ စကားကို ဘယ်လိုစရမှန်းမသိ။ မျက်လုံးသည်သာ စကားတွေ အဆောင်အသယ် မက ပြောဖြစ်နေလေသည်။

သူကိုယ်တိုင်လည်း အဘယ်ကြောင့် ဤသို့ ဖြူမိမှန်းမသိဘဲ ဖြစ်နေ ဟန်တူ၏။ အံ့သြခြင်းနှင့် အတူ အကြောင်းအရင်းကို မရမကလိုက်လံ ရှာ နေရပုံသည် အထင်းသားမြင်သာသည်။ အမှန်တော့ အချစ်သည် သူ့ကို ပထမဆုံးအကြိမ် ထိတ်လန့်တုန်လှုပ်ခြင်းကို ပေးလေပြီ။

“မိုးတွေ့စိုကုန်ပြီ၊ ထီးအောက်ကို လာပါလား”

အလို၊ သူ့အသံသည် မကြုံဖူးအောင် တုန်ခါ၍ နေပါပေါ့လား။

ရှက်သွေးတို့ကား သူ့မျက်နှာပေါ်တွင် တရိပ်ရိပ်ဖြတ်ပြေးလျက်။

•

ဘတ်စ်ကားပေါ်မှ ဆင်းပြီးနောက် အိမ်ကို အမြန်လျှောက်သည်။ အတော်လှမ်းလှမ်းရောက်မှ ဆေးလိပ်ဝယ်ဖို့ သတိရသည်။ မှတ်တိုင်ဘက်သို့ ပြန်လျှောက်သည်။ ဆေးလိပ်ဝယ်သည်၊ အိမ်ဘက်သို့ ပြန်လျှောက်သည်။ အိမ်တံခါးဖွင့်ထားသည်ကို မြင်ပါလျက် “မေမေ”ဟုအော်ခေါ်သည်။ မီးဖိုချောင်ထဲမှ မေမေ၏ထူးသံကို သဲ့သဲ့မျှ ကြားရ၏။ အိမ်ပေါ် ပြေးတက်သွားသည်။ မီးဖိုရှေ့မှာ ထိုင်နေသော မေမေ့ကိုနောက်မှ သိမ်းဖက်လိုက်၏။

“ဟဲ့ဟဲ့၊ ဘယ်လိုဖြစ်လာတာလဲ”

သေသေချာချာကြည့်မှ မေမေသည် ဟင်းအိုးထဲကို အချိုမှုန့်ခပ်နေ





ခြင်းဖြစ်ကြောင်း တွေ့ရလေသည်။ ကျွန်တော်က မြှုန်းခနဲ ဝင်ဖက်လိုက်သောကြောင့် မေမေလက်တုန်သွားဟန်တူသည်။

“ဟင်းအိုးထဲကို အချိုမှုန့်တွေ အများကြီး ကျသွားပြီ”

“ပိုချိုတာပေါ့ မေမေရာ”

ကျွန်တော်သည် အိမ်မှာဆိုလျှင် စကားလည်းနည်းသည်။ ကိုယ့်အခန်းထဲမှာသာ စာဖတ်ချင်ဖတ်၊ စာရေးချင်ရေး တသိတ်သာ နေလေ့ရှိသည်။ ဖေဖေ့ကိုလည်းကောင်း၊ မေမေ့ကိုလည်းကောင်း ပွတ်သီးပွတ်သပ် မနေခဲ့သည်မှာ ကြာပြီ။ ဆယ်တန်းအောင်ပြီးစလောက်ကတည်းက ဖြစ်မည်ထင်သည်။ ခုမှ ကလေးငယ် တစ်ယောက်လို ရုတ်တရက် ပြန်ဖြစ်သွားသည့်အတွက် မေမေအံ့သြသွားမလားမသိ။ ကျွန်တော်လည်း ခုမှ ကိုယ့်ကိုယ်ကိုယ် သတိရသွားလေ၏။ မျက်နှာပိုးသတ်လိုက်ပြီး မေမေ့ဘေးမှာ ဝင်ထိုင်လိုက်ရသည်။ မေမေက ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်။ ပျော်လည်းပျော်၊ ရှက်ကိုးရှက်ကန်းလည်း ဖြစ်နေသော ကျွန်တော့်မျက်နှာကို မေမေများ ရိပ်မိသွားမလားဟု စိုးရိမ်မိပြန်သည်။ သို့ရာတွင် မေမေသည် ကျွန်တော့်မျက်နှာထားထက် ပိုအရေးကြီးသော အရာကို မြင်သွားလေသည်။ အမေပီသပါပေ့။

“ဟဲ့၊ တစ်ကိုယ်လုံးရွှဲလို့ပါလား။ မိုးမိလာတယ် ထင်တယ်။ ခေါင်းတွေကော။ ကြည့်စမ်း။ သွားသွား၊ အဝတ်အစားမြန်မြန်လဲ၊ ခေါင်းကို သေသေချာချာသုတ်”

ကျွန်တော်ကလည်း ယစ်ချင်ချင်ဖြစ်သောကြောင့် ကျွန်တော့်အခန်းထဲသို့ ထပြေးတော့သည်။ “အနွေးထည်ဝတ်နော်” ဟု လှမ်းအော်လိုက်သော မေမေ့အသံကို ကြားရသည်။ဆံပင်ကို ခြောက်အောင်သုတ်၊ အဝတ်အစား လဲပြီး ပြန်ထွက်လာသည်။ ထမင်းစား စားပွဲဝိုင်းပေါ်တွင် ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတစ်ခွက် တင်ထားသည်ကို တွေ့ရ၏၊ ရေနွေးမသောက်လျှင်လည်း ကျွန်တော့်ရင်သည် နွေးနွေးထွေးထွေးပင် ရှိနေမည် ဖြစ်သော်လည်း မမမေ ကျေနပ်အောင် ထိုင်သောက်နေလိုက်သည်။

မမမေက ထမင်းပွဲ ပြင်ပေးသည်။ ဟင်းကတော့ ကျွန်တော့်အကြိုက် ငါးမယ်ငါးဆုပ်ဆီပြန်၊ အချိုမှုန့်ကဲသွားသောကြောင့် မန်ကျည်းရည် ထပ်ထည့်ပြီး အချဉ်ဆီပြန် ဖြစ်အောင် လုပ်ထားသည်။

"မေမေကော"

"ထုံးစံအတိုင်းပဲ" ဟု မမမေက ဖြေသည်။

ထုံးစံအတိုင်း ဆိုသည်မှာ ဤသို့ ဖြစ်ပါသည်။ ကျွန်တော်တို့ အိမ်ဝင်းထောင့်၌ ဂိုဒေါင်သည် မေမေ၏ အလုပ်ရုံ ဖြစ်သည်။ 'ဝပ်ရှော့' ဟု ခေါ်သော ကားပြင်သည့်အလုပ်။ အမှန်အားဖြင့် ထိုအလုပ်များကို မေမေ ကိုယ်တိုင် ဝင်လုပ်နေဖို့ မလို၊ သူ့တပည့်ကျော်များသည် ကားတစ်စင်းလုံးကို ဖိုလိုခွဲ ရေလိုနှောက် ပြင်နိုင်လောက်အောင် ကျွမ်းကျင်ကြပြီ ဖြစ်သည်။ သို့ရာတွင် မေမေကား နည်းနည်းဖြစ်ဖြစ် သူကိုယ်တိုင် ဝင်လုပ်လိုက်ရမှ ကျေနပ်တတ်သည့်လူမျိုး။ အသေးအဖွဲ့မှ တပည့်များနှင့် လွှတ်ထားရသော အခါမျိုးတွင် စက်ကိရိယာ တစ်ခုခုကို စမ်းသပ်ခြင်း၊ သုတေသနပြုခြင်း လုပ်နေတတ်၏။ မေမေ့မှာကလည်း ပြင်လက်စ၊ ဖြုတ်လက်စ၊ တပ်လက်စ မရွှည်းတွေ အဆင်သင့် ရှိနေတတ်စမြဲ။ နောက်ဆုံး အိမ်က တိုင်ကပ်နာရီ အစုတ်ကြီး ဖြုတ်၍ ချေးဆေးတာ ဖြစ်ဖြစ် လုပ်လိုက်ရမှ။

ကျွန်တော်ကြိုက်သော ဟင်းဖြစ်သော်လည်း ထမင်း မစားနိုင်။ လေခံနေသည်။ တစ်ခါတစ်ရံ 'စကား'ကို 'လေ' ဟု ဆိုတတ်ကြသည် မဟုတ်လား၊ ကျွန်တော့်ရင်ထဲမှာ စကားတွေနှင့် ပြည့်နေ၏။ လူတို့သည် ဝမ်းသာစရာ ဖြစ်ဖြစ်၊ ဝမ်းနည်းစရာဖြစ်ဖြစ် ထူးထူးခြားခြား ကြုံခဲ့ရလျှင် တစ်ယောက်





ယောက်ကိုတော့ ပြန်ပြောလိုက်ရမှ ကျေနပ်တတ်သည်။ ထို့ကြောင့် သတိရနေကျ လူနှစ်ယောက်ဆီ သွားချင်လာ၏။ အဝတ်အစား ထပ်လဲ မနေတော့ဘဲ ပိုက်ဆံယူပြီး ထွက်လာခဲ့သည်။ မေမေ့ကားပြင်ရုံရှေ့က ဖြတ်သွားရင်း ကြည့်သေးသည်။ ကားအောက်ထဲ ဝင်၍ တစ်ခုခု နှိုက်နေသောကြောင့် မေမေ့ ကိုယ်တစ်ခြမ်းကိုသာ မြင်ရသည်။ မေမေ့ဆီ ဝင်မနေတော့ဘဲ ပွင့်တောင်းအိမ်သို့ သွား၏။

အိမ်အထိပင် မသွားလိုက်ရ။ သူတို့လမ်းထိပ်မှာပင် ပွင့်တောင်းကို တွေ့ရသည်။ သူက "ငါလည်း ခုပဲ မင်းအိမ်ကို လာမယ်ဆိုပြီး ထွက်လာတာ" ဟု ပြော၏။ ကျွန်တော်သည် ဟိုကိစ္စကို ပြောချင်လွန်းလွန်း အားကြီးသောကြောင့် ခဏမျှပင် မဆိုင်းနိုင်တော့။ သူ့လက်မောင်းကို တစ်ချက် လှမ်းဆိုးလိုက်ပြီး . . .

"ဟေ့ကောင်"

"ဘာလဲ"

တကယ်တကယ်ကျတော့ ဘယ်လို ပြောရမှန်းမသိ၊ 'ငါနဲ့ ခင်စန်းနဲ့ ကြိုက်သွားကြပြီကွ' ဟု တဲ့တိုးကြီး ပြောပြန်လျှင်လည်း တန်ဖိုးလျော့မည်၊ ပေါ့ကန်သွားမည်ဟု ထင်မိသည်။ သွယ်သွယ်ဝိုက်ဝိုက် ပြောရအောင်လည်း စကားလုံး ရှာမရ၊ အမှန်တော့ ကျွန်တော့်မျက်နှာသား မြင်ရုံနှင့် ဒီကောင် သိဖို့ ကောင်းပြီ။

"ပွင့်တောင်း"

"ဘာလဲ"

"ဟဲ ဟဲ"

"အဲဒါ ဘာဖြစ်တာလဲ"

"ဒီလိုကွာ၊ မင်း ဘယ်လို ထင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ကောင်းသည် ခဏမျှ တွေ၍ စဉ်းစားနေပြန်သည်။

"ငါ့စိတ်ထင်တော့ ခင်စန်းက မင်းကို ဖိနပ်နဲ့ ရွှတ်ရိုက်လိုက်တယ်လို့ ထင်တာပဲ"

"အောင်မာ သောက်ပေါ၊ မင်းငါ့ကို ဒီလောက်ပဲ အထင်သေးလား"

"သောက်ရူး၊ မင်းကတော့၊ ဘယ်လို ထင်သလဲ၊ ဘာလဲနဲ့ မင်း စကားကို တန်ဖိုးရှိအောင် မြှင့်နေတာ မဟုတ်လား၊ ပြောစရာရှိတာ ပြောလိုက်ပါလားကွ"

ကျွန်တော် ပြုံးဖြဲဖြဲ လုပ်နေလိုက်ပြီးမှ

"အေး၊ အေးကွာ၊ မင်းထင်တဲ့အတိုင်းပဲ"

"ဘာလဲ၊ ဖိနပ်နဲ့ ရိုက်တာလား"

"ဟာ၊ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ"

"အဲဒါပဲကွာ၊ သူနဲ့ငါနဲ့ အဆင်ပြေသွားပြီ"

"မင်းနှယ် ဒီစကားလေးတစ်ခွန်း ပြောဖို့အရေးများ ခုတိုက်နေလိုက်ရတာ၊ အမှန်က မင်းပြောမယ့်ဟာကို ငါ သိပြီးသား"

"ဟင်၊ ဘယ်လိုလုပ်သိသလဲ"

"မင်း ပုံစံကို မြင်ကတည်းက သိတာပေါ့ဟ၊ မင်းကို ကုပ်ချောင်း ချောင်း အကောင်က ရင်ကိုကော့ပြီး မျက်နှာကလည်း ဖြူရာမင်း ဘီစီ ဆေးပြားလိုပဲ"

"ဘာလဲကွ၊ မင်းစကားက"

"သကြားအုပ်ထားတာကို ပြောတာကွ၊ မျှော်ဂါးတုတ်တက်လေး အမယ် အဲဒါတောင် ရိုးရိုး မဟုတ်ဘူး၊ ရက်လွန်နေတဲ့ ဆေးပြား၊ သကြား ရည်တွေ ပျော်ပြီး စီးကျနေတာ"





"တော်တော့ကွာ၊ ပေါက်ကရတွေ၊ မော်ဆရာဆီ သွားရအောင်"

"အေးပါ၊ သွားတာပေါ့၊ ငါက မင်း အဆင်ပြေသွားတာကို ဝမ်းသာလို့ ပျော်စရာတွေ လျှောက်ပြောနေတာပါ၊ မင်း မလာခင်တုန်းကတော့ စိတ်ပူ သွားမိလို့ မင်းဆီ လာမယ်ဆိုပြီး ထွက်လာခဲ့တာ"

မော်ဆရာ့အိမ်ဘက်သို့ လျှောက်လာခဲ့ကြသည်၊ မော်ဆရာနှင့် တွေ့လျှင် ပွင့်ကောင်းလို မရိပ်မိသွားအောင် ဟန်ဆောင်လျှင် ကောင်းမလား စိတ်ကူးမိသေးသည်၊ မျက်နှာကို ညှိုးညှိုးငယ်ငယ် ထားလိုက်မည်၊ မော်ဆရာက 'ဘယ်လိုဖြစ်တာလဲ သူငယ်ချင်းရယ်' ဆိုပြီး ကရုဏာသံဖြင့် မေးတော့မှ တစ်ခုချက် အံ့ဩသွားအောင် ပြောလိုက်မည်၊ ကျွန်တော်သည် ဟန်ဆောင်ကောင်းသူ မဟုတ်ကြောင်း ကိုယ့်ကိုယ်ကိုယ် သိသည်၊ မော်ဆရာကို မြင်သည်နှင့် ကျွန်တော့်မျက်နှာ ဝင်းဖြိုးဖြိုး ဖြစ်လာမည်မှာ သေချာသည်။

မော်ဆရာ့ အိမ်ဝင်းပေါက်ကို ရောက်လျှင်ပင် "မော်ဆရာရေ၊ ဟေ့ကောင်ကြီး" ဟု ကျွန်တော် အော်သည်၊ မော်ဆရာသည် ကျွန်တော့်ကို မျှော်နေခြင်းဖြစ်ကြောင်း သိသာသည်၊ နှစ်ခွန်းပင် မခေါ်ရသေး၊ အိမ်ပေါ်မှ ပြေးဆင်းလာသည်၊ အဝတ်အစားလဲပြီး အသင့်စောင့်နေခဲ့ခြင်း ဖြစ်မည်၊ သူ ကျွန်တော့်မျက်နှာကို အကဲခတ်သလို လှမ်းကြည့်သည်၊ အနားသို့ လျှောက်လာပြီး ကျွန်တော့်အကျႌအိတ်ထဲသို့ လက်နှိုက်၍ ပိုက်ဆံ ထုတ် ကြည့်သည်၊

"အိုကေ၊ ငါးကျပ်တန် နှစ်ရွက် တွေ့တယ်၊ သွားကြစို့"

"ဘယ်ကို သွားမှာလဲကွ" ဟု ကျွန်တော် အကြောင်းမိုက်လိုက်သည်။

"လက်ဖက်ရည်ဆိုင်လေကွာ"

"ဘာဖြစ်လို့လဲကွ"

"အောင်မာ၊ ဝေပါ၊ မင်းမျက်နှာ မြင်ကတည်းကတည်း ဘာဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ သိတယ်"

"ငါက လက်ဖက်ရည် မတိုက်ဘူး ဆိုရင်ကောကွာ"

"ရပါတယ်၊ ဒီလိုဆိုရင်လည်း သူတော်စိန်ကို ဝင်ခေါ် လိုက်တာပေါ့"

အကောင်းဆုံး ခြိမ်းခြောက်နည်းပင် ဖြစ်သည်။ သူတော်စိန်ကို မင်းအကြောင်း ပြောလိုက်ရမလား ဆိုသော သဘော၊ ဆိုစကားသည် 'ဖမ်းထားတဲ့ ခါးစာခံတွေ သတ်ပစ်လိုက်မယ်' ဟု ခြိမ်းခြောက်သည်ထက်ပင် ပို၍ လန့်စရာ ကောင်းသည်၊ ထို့ကြောင့်

"ငါက အလကား နောက်တာပါကွာ၊ ခုဟာက လက်ဖက်ရည် တိုက်ချင်လို့ လာခေါ်တာပဲဟာ"

ကျွန်တော်တို့ သုံးယောက်သည် လက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်လာခဲ့သည်။ မီးရထားသံလမ်းကို ကျော်ဖြတ်ပြီးတော့မှ "တဲ ပြောစမ်းပါဦးကွ" ဟု မော်ဆရာက မေးသည်။ ကျွန်တော်ကလည်း ပြောပြချင်လိုက်တာမှ လွန်ပါရော။ ခုန ပွင့်ကောင်းနှင့် နှစ်ယောက်တည်းတုန်းကတည်းက ပြောမလို့၊ သူက မော်ဆရာပါ သုံးယောက်ဆုံမှ ပြောဟု ညှိုးထားသောကြောင့်သာ ခုထိ အောင့်အည်းနေရခြင်း ဖြစ်သည်၊ ဖြစ်ပျက်ခဲ့သမျှကို တစ်ခုမကျန် အသေးစိတ် ပြောပြသည်၊

"အဲဒါ ငါတို့နှစ်ယောက် ဘတ်စ်ကား တုတုစီးပြီး ပြန်လာကြတယ်၊ မိုးရွာလို့လား မသိဘူး၊ ကားကလည်း ကြပ်တယ်၊ အဲဒါ ငါတို့ နှစ်ယောက် ပခုံးချင်းတောင် ထိနေသေးတယ်"

"ဟေ့ကောင်၊ အဲဒါတော့ မင်းလိုမိုတားသူနဲ့မင်းနဲ့ အရပ်ချင်းမှ မတူတာ ဘယ်လိုလုပ် ပခုံးချင်း ထိမလဲ"

"မဟုတ်ဘူးလေ၊ သူ့ပခုံးနဲ့ ငါ့လက်မောင်းနဲ့ ထိတာ ပြောတာပါ"

"အေး ဒါဆိုရင်တော့ ဖြစ်နိုင်တယ်၊ ဒါနဲ့ မင်းတို့ နှစ်ယောက် ဘာ





တွေ ပြောကြသေးလဲ"

"ဘာမှမပြောကြဘူးကွ၊ ဘာပြောရမှန်း မသိလို့"

"ထင်သားပဲ" ဟု မော်ဆရာက ဝင်ပြောသည်။

"အဲ၊ မဟုတ်သေးဘူး၊ ပြောတယ်ကွ၊ ငါဆင်းရမယ့် မှတ်တိုင်နားရောက်တော့ သူက ငါ့ကို ပြောတယ်။ သူတို့အိမ်ဘက်အထိ လိုက်မလာနဲ့တဲ့၊ ပြီးတော့ အဟဲ"

"ဘာဖြစ်တာလဲ၊ အဟဲဆိုတာက"

"ဒီလိုလေ၊ ငါ မိုးတွေ စိုနေလို့ အအေးမိမှာ စိုးလို့တဲ့ကွ"

"သိပ်ချစ်နေကြတာပေါ့လေ"

"ဒါပေါ့ သူငယ်ချင်းရ"

ပွင့်ကောင်းက ဖြန့်၍ ခေါင်းတစ်ချက် ဆတ်လိုက်ပြီး. . .

"ဒါပေမဲ့ ငါတို့ကိုတော့ မမီသေးဘူး၊ တစ်ခါက နွေဘက်ကြီးပေါ့၊ ငါတို့နှစ်ယောက် ထိုင်နေရင်း ငါက ဖိုက်တယ်ဆိုတော့ အေးငယ်က ငါ့ကို သူ့စာအုပ်နဲ့ ယပ်ခတ်ပေးတယ်ကွ"

မော်ဆရာက "ဒါ ဘာဟုတ်သေးလို့လဲ" ဆိုပြီး ပြောပြန်၏။

"ဒီလို၊ တစ်ခါတုန်းက မြနဲ့ငါနဲ့ ချိန်းထားလို့ သွားတာ၊ လမ်းမှာမိုးမိရော၊ မြဆီရောက်တော့ ရွှဲနေပြီး အဲဒါ မြက ငါချမ်းနေမှာစိုးလို့ ဆိုပြီး"

"ဘာလဲ၊ ထဘီကို ခြုံခိုင်းထားလို့လား"

"ဟွာ၊ ဘယ်ကလာ ဟုတ်ရမှာလဲ၊ ငါ အချမ်းပြေအောင် ဖက်ထားပေးတာ"

လောလောဆယ်၌မူ ကျွန်တော့်မှာ သူတို့လို ပြောစရာ မရှိ[illegible]သောကြောင့် မကျေမနပ် ဖြစ်မိသည်၊ စကားတစ်ခွန်းကိုတော့ [illegible]အောင် ပြောလိုက်၏၊



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မဟူကောင်တွေ၊ မင်းတို့ ကောင်မလေးတွေကို မင်းတို့ ချစ်တယ်ဆိုတာ ငါ ခင်စန်းကို ဖေါသဖြစ်နေသလောက်ပဲ ရှိမယ်။ ပြီးတော့ မင်းတို့ ကောင်မလေးတွေက မင်းတို့ကို ချစ်တယ်ဆိုတာငါ့ကို ခင်စန်း စိတ်ကောက်နေသလောက်ပဲ ရှိမယ်ကွ၊ မှတ်ထား"

သူတို့နှစ်ကောင်သည် ကျွန်တော့်ကို မြှင်တူလို စိုက်ကြည့်လိုက်ကြသည်။

မော်ဆာရာက "တိုက်၊ သွားရှာပြီ" ဟု ဆို၏။

ပွင့်တောင်းကမူ "အင်း၊ ဒီနမောကြီးကတော့ တော်တော့်ကို ခိုင်မယ်ထင်တယ်" ဟု ကျွန်တော့်ကို မကြည့်ဘဲ ပြောလေသည်။ မည်သို့ပင်ဖြစ်ပါစေ။

ကျွန်တော်နှင့် ခင်စန်းတို့၏ အချစ်နှင့် နှိုင်းစာလျှင် သူတို့၏ အချစ်များသည် မြူမှုန်တမျှ သေးနုပ်သွားမည် ဖြစ်ကြောင်း၊ တစ်နေ့သောအခါတွင် သင်းတို့ဝန်ခံကြရပေအုံး။

●●●



|၁၃|

မိုး ရုတ်တရက် ရွာချလိုက်သောကြောင့် အကွက်ကောင်း ရသွားသည်။ အခန်း တစ်ခုခုထဲမှာ ဝင်ထိုင်ဖို့ သူ့ကို ပြောရန် အခွင့်သာသွားခြင်း ဖြစ်ပါသည်။

သူ အတန်းပြီးချိန်ကို စောင့်ခေါ်ခဲ့ပြီး စားသောက်ဆိုင်သို့ လာခဲ့သည်။ ခင်စန်းက သူတို့ သိပ္ပံဆောင်ဘက် စားသောက်ဆိုင်တွေမှာ သိပ်ထိုင်ချင်ပုံ မရ။ သူ့သူငယ်ချင်းတွေ တွေ့သွားမှာကို ရှက်ဟန်တူသည်။ ထို့ကြောင့် ကျွန်တော်တို့ ဝိဇ္ဇာဆောင်ဘက်က စားသောက်တန်းဆိုင်သို့ ခေါ်သွားရသည်။ ကျွန်တော်ကမူ ကျွန်တော့်သူငယ်ချင်းတွေ မြင်သွားမည်ကို မရှက်သည့်အပြင် သူနှင့် တွဲသွားရသည့်အတွက်ပင် ဂုဏ်ယူနေမိသေးသည်။ [illegible]တ်ကြေးကလေးနှင့် မိန်းကလေး အဲဒီ ကွာတာပဲ ထင်သည်။

စားသောက်နေကြတုန်းတွင်လည်း နောက်ဆိုလျှင် စား[illegible]စရိုတ်[illegible]စ်သောက်စာ ကုန်တော့မည်ဟု တွေးမိသေးသည်။ [illegible]သောအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားကလေးက ငွေရှင်းရမြဲ မဟုတ်လား၊ ထိုသို့ တွေးမိသည်မှာ အတွေးသက်သက်သာ ဖြစ်ပါသည်။ သူ့ကို ကျွေးမွေးရမည့်အတွက် နမြော တွန့်တိုစိတ် လုံးဝ မဝင်မိသည်မှာ အမှန်ပါ။ ကျွန်တော့်မှာ ငွေမလောက်လျှင် ကျွန်တော် မစားဘဲ နေမည်။ သူ့ကိုသာ ကျွေးမည်၊ သူကကော ဒီအတိုင်း နေပါ့မလား။ သူတစ်ယောက်တည်း စားရလို့ မျိုကျပါ့မလား။ ကျွန်တော့်မှာ ငွေမရှိလျှင် သူက ပြန်ကျွေးလိမ့်မည် အမှန်။ ကျွန်တော်တို့ ကျောင်းသား ကျောင်းသူများ အချင်းချင်း သမီးရည်းစား ဖြစ်ကြသောအခါ တစ်ယောက်နှင့် တစ်ယောက် မာနမထားတတ်ကြပါ၊ သူမရှိ ကိုယ်ကျွေး၊ ကိုယ်မရှိ သူကျွေးပေါ့။ ပြဿနာမဟုတ်ပါ၊ ကျွန်တော့် သူငယ်ချင်းအချို့ဆိုလျှင် ထမင်းဖိုး ဘယ်တော့မှ ယူမလာဘဲ သူတို့ ကောင်မလေးတွေ ပါလာသော ထမင်းဘူးကိုပင် ကပ်ရပ် စားကြသေးသည်ပဲ (ပွဲ့ကောင်းကို ခံစင်းပြောခြင်း မဟုတ်ပါ)။ ဘာပဲဖြစ်ဖြစ် ခင်စန်းကို ကျွေးမွေးရသည့်အတွက် ကျွန်တော် စေတနာမကွက်ခဲ့ဖူး အမှန်ပါ။ ပြီးတော့လည်း ကျွန်တော်တို့ လက်ထပ်ပြီးကြပြီဆိုလျှင် ကျွန်တော် ရသမျှ ဝင်ငွေတွေကို သူ့လက်ထဲကိုပင် တစ်ပြားတစ်ချပ်မကျန် အပ်ရဦးမည် မဟုတ်လား။ ခု လောလောဆယ်တွင်လည်း ကျွန်တော်၏ နှလုံးသားအပြင် အသက်အသွေးတို့ကို သူ့အား အပ်နှံထားပြီးပါပြီ မဟုတ်လား။

စားသောက်ပြီးကြတော့ ကျွန်တော်တို့နှစ်ယောက် ဆိုင်ထဲက ပြန်ထွက်လာခဲ့ကြသည်၊ အမှန်က သူ့ကို ကျောင်းကြီးကားဆိုက်မည့် နေရာကို လိုက်ပို့ရန်။ သို့ရာတွင် ကျောင်းကားထွက်ဖို့က တစ်နာရီကျော်ကျော်လောက် လိုသေးသည်၊ တစ်နေရာရာမှာ ခဏထိုင်ချင်သည်၊ သူ့ကို ပြောရန်လည်း မရဲတရဲ ဖြစ်နေတုန်း ဖြူးခနဲ မိုးရွာချလိုက်ခြင်းဖြစ်သည်၊ ထိုအချိန်တွင် ကျွန်တော်တို့ ရောက်နေသော နေရာက ကျွန်တော့် စာသင်ခန်းဖြစ်သော





ခန်း ၁၉ နားမှာ။

"ဟော မိုးတောင် ရွာလာပြီ"

သူက ဘာမှပြန်မပြောဘဲ ခေါင်းကိုသာ ညိတ်ပြသည်။

"ဟို၊ အခန်းထဲမှာ ခဏ ထိုင်ရအောင်၊ မိုးတိတ်မှ သွားတာပေါ့"

ခဏမျှ စဉ်းစားပြီး 'ထိုင်ချင်ထိုင်လေ' ဟု သူ ပြောသည်။ အပေါက်ဝနားက ရှေ့ဆုံးခုံတန်းမှာပင် ထိုင်ကြသည်၊ အမှန်အားဖြင့် နောက်ဆုံးထောင့်ဆုံး ခုံတန်း သို့တည်းမဟုတ် ဘေးက အုတ်နံရံကာနေသော ခုံတန်းမှာ ထိုင်သင့်သည်၊ သို့ရာတွင် ခုအချိန်မှာ ကျွန်တော် မပြောရဲသေး။ ဒီအခန်းထဲ ဝင်ထိုင်ဖို့လောက်ကိုပင် ကျွန်တော် စွန့်စား၍ ပြောရခြင်း ဖြစ်ပါသည်။ ခုလောလောဆယ်မှာတော့ ဘယ်နေရာမှာပင် ထိုင်ရထိုင်ရ သူနှင့် အတူတူ ထိုင်ရလျှင် ပြီးရော၊ တွဲထိုင်သည်ဆိုသော်လည်း ပူးပူးကပ်ကပ် မဟုတ်ပါ။ တစ်ယောက်နှင့်တစ်ယောက် တစ်ပေလောက် ခွာ၍ ထိုင်နေခြင်း ဖြစ်ပေသည်။

သူက လွယ်အိတ်ကို စားပွဲပေါ်တွင် တင်လိုက်သောအခါ 'ခေါက်'ခနဲ မြည်သွားသည်၊ လွယ်အိတ်ထဲက ထီးလက်ကိုင်နှင့် စားပွဲကို ထိသောအသံဖြစ်သည်၊ ထိုအခါကျမှ သူ့မှာ ထီးပါလာကြောင်း သိလိုက်ရသည်။ ခုန ကျွန်တော် ပြောခဲ့သည့် မိုးရွာနေသောကြောင့် အခန်းထဲ ဝင်ထိုင်ရအောင်ဆိုသော ဆင်ခြေသည် အဓိပ္ပာယ်မရှိမှန်း စဉ်းစားမိသည်၊ သို့ရာတွင် 'ထီးပါသားပဲ' ဟု သူ မပြောခဲ့၊ ကျွန်တော့်ကို အားနာသောကြောင့်လား၊ ကျွန်တော့်ဆန္ဒကို လိုက်လျောချင်သောကြောင့်လား၊ သူကိုယ်တိုင်ကပင် ခုလို ကျွန်တော်နှင့်တူတူ ထိုင်ချင်သောကြောင့်လား၊ မည်သို့ပင် ဖြစ်စေ သူ မငြင်းဆန်ဘဲ အသာတကြည် ဝင်ထိုင်သည့်အတွက် ကျေးဇူးတင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သူ၏အချစ်ကို ထိုက်တန်စွာ ရရှိခဲ့ပြီးနောက် တို့၏ ထုံးစံအတိုင်း နှစ်ယောက်ချင်း တွေ့ကြရမည် ဖြစ်ပါသည်။ နှင့် ပတ်သက်၍ ကျွန်တော်၏ လက်ဦးဆရာများ သို့တည်းမဟုတ် ပင်ခံ အရာရှိများဖြစ်ကြသော ပွဲ့ကောင်းနှင့် မော်ဆရာတို့ကို ဆွေးနွေး ပါသည်။ သူတို့က 'ဒါ ဝင်၏ အဆင့်ဆင့် ဖြစ်ပေါ်တိုးတက်မှု သီအို နမူနာပေးကြလေသည်။ တဖြည်းဖြည်းချင်း အဆင့်မြှင့်ယူဖို့ အကြံ သည်။ ခင်စန်းလို တည်ငြိမ် အေးချမ်းသော မိန်းကလေးတစ်ယော စတွေ့တွေ့ချင်း နေ့မှာပင် အတင်း ဖက်နမ်းသော နည်းမျိုး မသုံးသ ဆိုသည်။ ပြောသာ ပြောရတယ်။ တကယ့်တကယ်တော့ ကျွန်တော်တ မနမ်းရဲသေးပေါင်ဗျာ။

ထို့ကြောင့်

သူနှင့် တွေ့သော ပထမပိုင်း သုံးလေးရက်လောက်တွင် သူ့အ မှ ကျောင်းကြိုကားစောင့်သည့် နေရာအထိ အတူတွဲလျှောက်ရုံမျ ကျေနပ်ရပါသည်။

တစ်ပတ်လောက်ကြာတော့မှ စားသောက်ဆိုင်တန်းများဆီသို့ သွားရပါသည်။

ထို့နောက် သူနှင့်ကျွန်တော် ဆွတ်ပျံ့ဖွယ် ဇတ်လမ်းကို စတင်ခဲ့သော ညောင်ကြတ်ပင်ကြီးအောက်မှာ နှစ်ခါသုံးခါလောက် ထိုင်။

ဒီနေ့ကျတော့မှ ခုလို အခန်းလွတ်ထဲမှာ ထိုင်ဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။ အထက်အဆိုပါ ကာလများအတွင်း

"ထမင်းစားပြီးပြီလား"

"ဘာသောက်မလဲ၊ သံပုရာသောက်ပါလား"





"မှာချင်တာ မှာလေ"

"မိုးကုန်တော့မယ်ဆိုတာနဲ့ အိုက်လာတာပဲနော်"

ဝသော စကားများသာ ပြောဖြစ်ကြလိမ့်မည်မှာ ယုံမှားသံသယ ဖြစ်ဖွယ် မရှိချေ။ 'ချစ်' ဆိုသော စကားလုံး ပါတာဆိုလို့ 'ဦးချစ်ဆိုင်ကို ရောက်ဖူးလား' ဟု ကျွန်တော် မေးတာတစ်ခုပဲ ရှိသည်။ ဤနေရာတွင် အချစ်ကိစ္စနှင့် ပတ်သက်၍ တိုးတက်သော အယူအဆရှိသည်ဟု ဆိုသူများက ကျွန်တော့်ကို 'အောင်ကြူကြူ' ဟု ဆိုကောင်း ဆိုကြပါလိမ့်မည်။ ကျွန်တော်တော့ သိပ်ရဲရဲတင်းတင်း မပြုံ့သေးတာ အမှန်ပါ။

ခု လက်ရှိ အခြေအနေကိုပဲ ကြည့်။

စကားတစ်ခွန်း ပြောဖို့ကို တော်တော် အချိန်ယူရသည်။ သူနှင့် တွေ့လျှင် ဘာတွေ ပြောလိုက်မည်ဟု ညကတည်းက ကြိုတင် စဉ်းစားထားသော်လည်း တကယ်တမ်း တွေ့ကြပြီဆိုတော့ နှုတ်က ဆွံ့နေသည်။ ဝတ္ထုတွေထဲမှာ ဤသို့ ဖတ်ဖူးခဲ့သည်ကို လက်တွေ့ကြုံမှပင် တကယ် မှန်ကန်ကြောင်း သိရ၏။ ကျွန်တော့်စိတ်ကူးထဲမှာတုန်းက စကားလုံးများသည် အလွန် လှပသော်လည်း ခုတျတော့ ဘယ်က ဘယ်လို မေ့ကုန်သည်မသိ။ ဒီလိုကိစ္စမျိုး ဆိုတာကလည်း တုံးတိတိကြီး ပြောလို့ဖြစ်တာမှ မဟုတ်ဘဲ။ သတင်းပို့သလိုမျိုး 'နင့်ကို ငါချစ်၊ ငါ့ကို ချစ်သလား၊ ကြားရင် အကြောင်းပြန်၊ ဒါပဲ" ဟု မပြောသင့်ကြောင်း အားလုံးသိပြီးသား။ သို့ရာတွင် ကျွန်တော်လိုချင်သော အကြောင်းအရာကို ရောက်အောင် စကားကို တဖြည်းဖြည်း လမ်းကြောင်းသွင်းဖို့ကိုလည်း မကျွမ်းကျင်ပဲ ရှိနေသည်။

"ပွဲ့ကောင်းကြီးအကြောင်း ကြားပြီးပြီလား" ဆိုပြီး အေးငယ်က ပွဲ့ကောင်းကို စိတ်ကောက်သည့်အကြောင်း ပြောပြသည်။ သူတော်စိ



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့မလုပ်ဘဲနေသောကြောင့် ဒွာနမှုက ခေါ်ဆုသည်။ သူတော်... ဒွာနမှုကို လက်ဆောင်ပေးဖို့ အရက်တစ်ပုလင်း ဝယ်သွားသည်။ ဒွာနမှု... ပုတီးသမားဖြစ်နေ၍ ဝိုဆိုးပုံကို ပြောပြသည်။ သူ ရယ်သည်။ ပြီးတော့ စကားစ ပြတ်သွားပြန်သည်။ တော်တော် ခဲရာခဲဆစ် တွေးပြီးမှ ပြောရ... တစ်ခုတလေ ရသည်။

"တို့အကြောင်းကို မဦး သိသွားပြီလား"

"သိမယ် ထင်တယ်"

"ဟုတ်လား" ဟု မေးပြီး သူ့စကားကို စိတ်ဝင်စားသလို သဘော... သူ့ဘက်သို့ သုံးလက်မလောက် တိုးထိုင်လိုက်သည်။ သူကလည်း "မဦး... တော့ မေးတယ်" ဟု ပြန်ပြောရင်း ဟိုဘက်သို့ မသိမသာ ရွှေ့သွား၏။

"ဘာမေးတာလဲ"

နည်းနည်း တိုးလိုက်ပြန်သည်။

"အဲဒီအကြောင်းပေါ့"

ဟိုဘက် ရွှေ့သွားပြန်၏။

"ဘာ ပြန်ပြောလိုက်လဲ"

"တို့က ဝန်မခံသေးဘူး။ မဦးကတော့ မသက်ဘူးတဲ့။ ဟုတ်မှာပါလို့ ပြောနေတယ်"

"ဟုတ်တယ်လို့ ပြောလိုက်ပေါ့"

"မပြောချင်ပါဘူး"

"ဘာလို့လဲ။ ရှက်လို့လား"

သူ မပြောဘဲ နည်းနည်းပြုံးသည်။ အမှန်တော့ မဦး သိပသိဆိုသော ကိစ္စသည် အရေးကြီးသည် မဟုတ်။ ပြောစရာ စကားဆင်းရဲနေသောကြောင့် သာ ဒါကလေးကို ရေကြီးခွင်ကျယ် လုပ်၍ ပြောနေခြင်းပင်။ နောက်ပိုင်း...





တဖြည်းဖြည်းတော့ ချစ်စကားလှလှကလေးတွေ ပြောရဲဆိုရဲ ရှိလာလိမ့်မည် ထင်သည်။ ခုလောလောဆယ်တော့ . .

"စုစုကော သိလား"

"ခုရက်ပိုင်း မတွေ့သေးဘူး။ တွေ့ရင်တော့ မေးမှာပဲ ထင်တယ်"

"စုစုကတော့ သဘောမတူဘူးလို့ ပြောမှာပဲ"

"အဲဒီတော့လည်း"

သူ စကားမဆက်ဘဲ နေသည်။

"ဘာလဲ၊ အဆက်ဖြတ်ပစ်လိုက်မယ်ပေါ့။ ဟုတ်လား"

"အဲဒါ သူ ဖြစ်စေချင်တာ မဟုတ်လား"

"ဘယ်ကလာ ဟုတ်ရမှာလဲ"

ဒီလောက်ဆို မဆိုးပါဘူးနော်။ ကျွန်တော်တို့ ပြောတဲ့ စကားတွေကို ပြောပါတယ်။ ချစ်လှချည်ရဲ့၊ ကြိုက်လှချည်ရဲ့ဆိုသော စကားမျိုးတွေ မဟုတ်သော်လည်း ထိုအကြောင်းကို သွယ်ဝိုက်သောနည်းဖြင့် အခြား စကား လုံးတွေ သုံး၍ ပြောခြင်း ဖြစ်သည်ဟု ကျွန်တော် ထင်သည်။

ကျွန်တော်က စကားပြောရင်း သူ့ဘက်ကို နည်းနည်း တိုးလိုက်၊ သူက တစ်ခုခုပြန်ပြောရင်း ဟိုဘက်ကို မသိမသာ ရွှေ့လိုက်၊ နောက်ဆုံး သူသည် ထိုင်ခုံစွန်းအထိ ရောက်သွားသည်။ ဆက်ရွှေ့လျှင် သူ ပြုတ်ကျဖို့ ရှိပါ တော့သည်။ ထိုအချိန်တွင် သူနှင့် ကျွန်တော်အကြားတွင် လက်လေးလုံး လောက်သာ ကွာမည်။ ကျွန်တော်သည်လည်း ထိုထက်ပို၍ ဆက်မတိုးရဲ တော့ပါ။

ကျွန်တော်က သူ့သူငယ်ချင်းတွေ သိ မသိ မေးပြီးနောက် သူက တစ်ခန်း ပြန်မေးဖို့ အလှည့်ရောက်လာ၏။

"ပွဲကောင်းတို့၊ မော်ဆရာတို့ သိသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း၊ သိသွားပြီ"

"ဘာဖြစ်လို့ သွားပြောရတာလဲ"

"မပြောလို့ မဖြစ်ဘူးလေ၊ တို့ ဟိုအရင် စလိုက်တတည်းက ... သိပြီးသား၊ နောက်လည်း သိမှာပဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တာပေါ့၊ လူတိုင်းကိုတော့ လျှောက်မပြောရ... ဘူး"

"မပြောပါဘူး၊ သူတို့နှစ်ယောက်တည်းကိုပဲ ပြောရသေးတယ်... ဖြစ်ဖြစ် တဖြည်းဖြည်းတော့ သိကုန်မှာပဲ၊ မပြောတဲ့နေ့ သူ့အလိုလို သိ... ကြမှာပဲ"

"အင်းလေ၊ အိမ်က မသိရင် ပြီးတာပဲ"

"ဘာဖြစ်လို့လဲ၊ အိမ်က သိသွားရင် သဘောမတူဘူး ထင်လို့လား"

"အဲဒါတော့ တိတိကျကျ မပြောနိုင်သေးဘူး"

ကျွန်တော့်စိတ်ထဲတွင်မူ သူ့မိဘများသည် ကျွန်တော်တို့ နှစ်ယောက်ကို သဘောတူလိမ့်မည်ဟု ယုံကြည်ပါသည်၊ ကျွန်တော့်မိဘများကလည်း သဘောတူလိမ့်မည် အမှန်ပါ၊ ကျွန်တော်သည် ဆံပင်နည်းနည်း ရှည်ခြင်း၊ အကျီနည်းနည်းကျပ်ခြင်းတို့က လွဲလျှင် သူသည် ဆံပင်ဖားလျား ချထားခြင်း၊ အကျီလက်ဖောင်းကလေး ဝတ်ခြင်းတို့က လွဲလျှင် လူကြီးတွေ သဘောမကျ စရာ မရှိဟု ထင်သည်။

သူလည်း ကျွန်တော်လိုပင် စဉ်းစားနေသလား မသိ၊ စကားမပြောဘဲ ငြိမ်နေပြန်သည်၊ ကျွန်တော်သည် ကျောက်သင်ပုန်းပေါ်မှာ ရေးထားသော စာများ၊ အခန်းနံရံများ၊ မျက်နှာကြက်၊ မှန်ပြတင်း စသည်တို့ကို အဓိပ္ပာယ်မရှိ လျှောက်ကြည့်နေမိသည်၊ သူ့ဘက်သို့ ပြန်လှည့်ကြည့်သောအခါ သူ့မျက်နှာ ကို ဘေးတိုက်အနေအထားမြင်ရသည်၊ သူနှင့် စတင် တွေ့ဆုံခဲ့သော အချိန်





...၏ ...ကြိုင်သည် အနီးကပ်ဆုံး မြင်ရခြင်းပင် ဖြစ်သည်၊ မိန်းကလေး ...ယောက် တကယ်လှ မလှဆိုတာ အနီးကပ်ကြည့်မှ သိသာတယ်ဟု ကြားဖူးပါသည်၊ တချို့ မိန်းကလေးတွေ ရုတ်တရက် ကြည့်လျှင် လှတယ်ဟု ...ရသော်လည်း သေသေချာချာကြည့်လျှင် မလှတော့ကြောင်း တွေ့ဖူး ပါသည်၊ ခင်စန်းကျတော့ သေသေချာချာကြည့်လေ လှလာလေပင်၊ အနီးကပ် ကြည့်ရတော့မှ သူ့အသားအရေ၏ ကောင်းခြင်းကို ပို၍ သိလာရ ၏၊ သူ့ပါးပြင်သည် ချောမွတ်ပြီး တင်းတင်းကလေး၊ ပြီးတော့ မိန်းကလေး တစ်ယောက်၏ အလှအပကို ညွှန်းရာတွင် လူတော်တော်များများက ချန်လှပ် ထားခဲ့တတ်သော အရာတစ်ခု ရှိသေးသည်။

နားရွက်။

ယင်းသည်လည်း မျက်နှာ၏ ပုံသဏ္ဌာန်တွင် အရေးပါသော နေရာမှ ပါဝင်သည်၊ အချို့ မျက်နှာကလေး လှသော်လည်း နားရွက် တားလွန်းသော ကြောင့် အကြည့်ရ ဆိုးသွားတတ်ကြောင်း တွေ့ဖူးကြပါလိမ့်မည်၊ ထို့အပြင် နားရွက် ကပ်လွန်းကားလွန်းလျှင်လည်း မျက်နှာ၏ ချိန်သားကိုက်မှု (Balance) ကို ထိခိုက်စေပါသည်၊ အရွယ်အစား အတန်အသင့် ကြီးမား၍ တွန့်လိမ် ခြင်း၊ တုပ်ကပ်ခြင်း၊ ကားခြင်းတို့ကင်းသော နားရွက်သည်သာ အဆင့်အတန်း မြင့်ခြင်း၊ ဉာဏ်ပညာကြီးမားခြင်း သဘောကို ဆောင်ပါသည်၊ ဥပမာ- ခင်စန်း၏ နားရွက်မျိုး၊ (ပိုင်သကွာ)။

ပြီးတော့ လည်တိုင်၊

လှပကြော့ရှင်းသည်၊ အရွယ်အစားသည် သူ့ခန္ဓာကိုယ်နှင့် လိုက်ဖက် သော အချိုးအစားရှိသည်၊ ဖားလျားချထားသော ဆံပင်အကြားမှ မြင်နေရ သည့် သူ့လည်ကုပ်သား ဖွေးဖွေးပေါ်တွင် မွေးညင်း နုနုစိမ်းစိမ်းကလေးများ ကို မြင်ရသည်၊ နမ်းချင့်စဖွယ်၊ သို့ရာတွင် ဒီအဆင့်အထိ မမှန်းရဲသေး။



www.burmeseclassic.com

www.burmeseclassic.com



ခုလောလောဆယ်မှာတော့ သူ့လက်ကလေးကို ဆုပ်ကိုင်ထားနိုင်လောက် ဆိုလျှင် ကျေနပ်ပါပြီ။

သူ့လက်ကလေးသည် စားပွဲပေါ်၌ ငြိမ်ငြိမ်ကလေး ရှိနေ၏၊ လက်ကိုင်ပဝါကလေးကို ဆုပ်ကိုင်ထားသည်။ လက်သည်းကို အနီရဲရဲ ဆိုးထားသည်။ ထိုလက်သည်း နီနီရဲရဲကလေးကပင် သူ့လက်ကို ကိုင်ကြည့် ချင်စိတ်ကို ပို၍ လှုံ့ဆော်နေသည်။ လက်ခုံကလေးကို ကိုင်ကြည့်လျှင် အိအိ ကလေးနေမည် ထင်သည်။ ခုနေခါ သူ့လက်ဖဝါးကို အပ်ဖြင့် ထိုးကြည့်လျှင် မိုးပျံပူဖောင်းလို ဖောင်းခနဲ ပေါက်ထွက်သွားမလား မသိ။

ပထမအဆင့်အဖြစ် ကျွန်တော့်လက်ကိုလည်း စားပွဲပေါ် သို့တင်လိုက် သည်။ "မိုးကလည်း မစဲသေးဘူးနော်" ဟု ပြောရင်း လက်ကိုနည်းနည်းတိုး လိုက်သည်။ နောက် မသိမသာ ထပ်ရွှေ့သည်၊ နောက် ကျွန်တော့်လက် ချောင်းကလေးများသည် ကဏန်းကောင်တဲ့သို့ တဖြည်းဖြည်းရွေ့လျားလိုက် ရပ်လိုက်၊ နီးလာပြီ။ သူ့လက်နှင့်ဆိုလျှင် လက်တဝါးစာလောက်သာကွာတော့ မည်။ တကယ်သတ္တိရှိလျှင် ဖျတ်ခနဲ လှမ်းကိုင်လိုက်ပင် ရနေပြီ။ မင်းမကိုင်ရဲ ဘူးလား။ ကိုင်လိုက်ပါတော့လား။ ကိုင်မယ်ကွာ။ ဟော။

ကိုင်တော့မည်ဟု လက်ကိုကြွလိုက်သောအချိန်မှာပင် သူ့လက်ကို ဆတ်ခနဲ ရုပ်သိမ်းပြီး လက်ပိုက်ထားလိုက်သည်။ ကျွန်တော်လည်း ရှက်သွား သောလက်ကို စားပွဲပေါ်တွင် စန္ဒရားခေါက်သလိုလုပ်ရင်း အရှက်ပြေနေ လိုက်ရလေသည်။

သူသည် ထိုအဖြစ်ကို ရယ်ချင်နေသလားမသိ၊ ဟိုဘက်ကို မျက်နှာ လှည့်နေလိုက်သည်။ ကျွန်တော်ကမူ နောက်တစ်ကြိမ် ထပ်ကြိုးစားဖို့ သင့် မသင့် စဉ်းစား၍ မရနိုင်အောင် ရှိနေ၏။ လက်ပိုက်ထားပြီဆိုတော့ လက်ဝါး





ကို ကိုင်ဖို့မဖြစ်နိုင်တော့။ လက်မောင်းကို ကိုင်လျှင်ဖြစ်မဖြစ်၊ ခုန လွတ် သွားခဲ့ရသော သူ့လက်ကလေးကို တလွမ်းပြေလှမ်းကြည့်လိုက်သောအခါ။

ကဲ၊ ကံမှား မကောင်းချင်တော့လည်းကြည့်၊

သူ့လက်ဖျံပေါ်တွင် ပုရွက်ဆိတ်ကလေးတစ်ကောင် သွားနေသည်ကို မြင်လိုက်ရ၏။ ဒီကောင်ကို ရှင်းပစ်ရမည်။ မတော်တဆကိုက်လျှင်၊ ကျွန်တော့်ကိုယ် ကျွန်တော် 'လဠန်းအိမ်'ကဲ့သို့ သဘောထား၍ သတ္တိမွေး လိုက်၏။ ကျွန်တော့်လက် လှမ်းလိုက်သောအချိန်တွင် သူကလည်း ကိုယ်ကို နည်းနည်း စောင်း၍ ကာကွယ်လိုက်သည်။

"မဟုတ်ဘူးလေ၊ ပုရွက်ဆိတ်"

သူ့လက်ကို သူငုံ့ကြည့်လိုက်၏။ သူကိုယ်တိုင် မဖယ်နိုင်ခင်မှာပင် ကျွန်တော့်လက်ရောက်ရှိသွားသည်။ ပုရွက်ဆိတ်ကို လက်ဖြင့် တောက်ထုတ် လိုက်သည်၊ ပြီးတော့ သူ့လက်ပေါ်သို့ ချပ်၍ ကိုင်ထားလိုက်၏။

"မကိုင်နဲ့"

သူတိုးတိုးပြောသည်။ အင်အားမသုံးပဲ နည်းနည်းရုန်းဖယ်သည်။ သိတဲ့အတိုင်းပဲ၊ ကျွန်တော်က မစခင်သာ သတ္တိနည်းတာ။ သူ့လက်ကို မလွှတ်ဘဲနေသည်။ ကိုယ့်လက်ကို ကိုယ်ပြန်ကိုင်ကြည့်ခြင်းနှင့် သူများလက် ကို ကိုင်ရခြင်းသည် အဘယ်မျှကြောင့် မတူညီပါသနည်း။

●

ခင်စန်းသည် နာရီဝက်လောက်ကြာမှ ရောက်လာ၏။ မိုးသည်း ပါလာသည်၊ သူတို့ကို ပြုံးပြုံးနှုတ်ဆက်လိုက်သည်၊ ဒီနေ့ ဗုဒ္ဓဟူးနေ့ဖြစ်၍ သူတို့ အတန်း ဆယ့်တစ်နာရီမှာ ပြီးသည်၊ အင်းလျားဆောင်သို့ သွားစရာ ရှိသောကြောင့် ဆယ့်နှစ်နာရီကျမှ ဆုံမည်ဟု သူမှာထားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အပန်းဖြေခန်းမရှေ့မှ စောင့်ရန်၊ ကျွန်တော့်ထုံးစံအတိုင်း ဆယ့်ငါးမိနစ် စောရောက်သည်။ သူက ဆယ့်ငါးမိနစ် နောက်ကျသည်။ ထို့ကြောင့် စောင့်ရချိန် စုစုပေါင်း နာရီဝက်။

သူတို့ ကျွန်တော့်နားရောက်လျှင် ကျွန်တော် ထရပ်လိုက်သည်။ ခင်စန်းက မဦးကို "လိုက်ဦးမလား" ဟုမေးသည်။ မဦးက "မလိုက်တော့ပါဘူး" ဆိုပြီး ပြုံးကြည့်နေလိုက်၏။ ငါလိုက်လာရင် နင်တို့ အနှောင့်အယှက် ဖြစ်နေမှာပေါ့ ဟူသော အမြုံးမျိုး။ ပြီးတော့မှ မဦးက ခင်စန်းကို ပြန်မေးသည်။

"မိစန်း နင်ဝန်ခံပြီလား"

"ထင်ချင်သလို ထင်လေ"

ခင်စန်းက ပြန်ပြောသည်။ မဦးက ခင်စန်းကို ကျွန်တော်နှင့် ဖြစ်နေကြပြီဟု ဝန်ခံပြီလားဟု မေးခြင်း၊ ခင်စန်းကလည်း သွယ်ဝိုက်သော စကားကို ဆိုလိုက်ခြင်းဖြစ်သည်။

မဦး နှုတ်ဆက်ထွက်ခွာသွားပြီးနောက် ကျွန်တော်တို့ ဦးချစ်ဆိုင်ဘက်သို့လျှောက်လာခဲ့ကြသည်။ ခင်စန်းက ဦးချစ်ဆိုင် မရောက်ဖူးဘူးဆိုသောကြောင့် လိုက်ပို့ခြင်း ဖြစ်ပါသည်။ ရွှေတိုဆောင်နားရောက်မှ သူစကားစသည်။

"စောင့်နေတာ ကြာပြီလား"

"ကိုးလေလောက်ရှိပြီ"

သူ့အချစ်ကို ရရန် ကိုးလေလောက်စောင့်ခဲ့ရခြင်းကို ရည်ရွယ်၍ ပြောသည်ကို သိသောကြောင့် သူပြုံးသည်။

"အကောင်းမေးတာ"

"နာရီဝက်လောက်ရှိပြီ"





"အကြာကြီးစောင့် ရတာပေါ့"

"နာရီဝက်ကို ကိုးလေလောက်ထင်တယ်လို့ပြောတာ"

"ဆောရီးပဲနော်၊ နောက်ကျသွားတာ"

"ရပါတယ်၊ ခင်စန်းက ဆယ့်ငါးမိနစ်တည်း နောက်ကျတာပါ၊ တို့က ဆယ်မိနစ်စောရောက်နေလို့ နာရီဝက်ဖြစ်သွားတာ"

"အင်းလျားဆောင်က ပြန်ထွက်လာတော့ ဆယ့်နှစ်နာရီထိုးဖို့ ဆယ်မိနစ်လောက် လိုသေးတယ်၊ ဒီကိုတန်းလာမလို့ဘဲ၊ မဦးက အင်္ကျီထရပ်ရှင်မတွေ ကူးချင်တယ်ဆိုလို့ အပေါ်ထပ် ခဏတက်နေလို့ နည်းနည်း နောက်ကျသွားတာ"

"အိမ်သာထဲ ဝင်သေးတယ် မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ဒါကြောင့်ကြာတာ။ ခင်စန်း အိမ်သာဝင်ရင် သိပ်ကြာတာပဲ"

"ကြာတာပေါ့။ အထဲမှာအခန်းမအားလို့ စောင့်စောင့်နေရတာပဲဟာ"

ခုမှပင် သေသေချာချာ သဘောပေါက်တော့သည်။ ဟုတ်သားပဲ၊ ပြီးတော့လည်း တချို့မိန်းကလေးတွေ လူရှေ့သူရှေ့မှာ အလှပြင်ရမှာ ရှက်တတ်ကြသည်။ ခင်စန်းလည်း ဒီလိုပဲ၊ သူအိမ်သာထဲက ပြန်ထွက်လာလျှင် အတန်းတစ်ချိန်နှင့် တစ်ချိန်အကူး၊ တစ်ခန်းမှတစ်ခန်းသို့ပြေးလွှား ရွှေ့ပြောင်းရသောကြောင့် ချွေးစို့နေသော မျက်နှာကို ခရင်ပတ်ဓော် တို့ပတ်ကလေးဖြင့် ပြန်ဖို့လာခြင်း၊ နှုတ်ခမ်းနီပါးပါး ဆိုးလာခြင်း၊ အဝတ်အစားကို ပြန်ပြုပြင်ရန် ရန် သပ်သပ်ရပ်ရပ် ဖြစ်အောင် ပြင်ဝတ်လာခြင်းတို့ကို တွေ့ရတတ်သည်။ ဒါကြောင့်ကြာတာ။

တောင်ငူဆောင် ဝင်းတံခါးကို ကျော်ပြီးနောက် ကားလမ်းအတိုင်း



www.burmeseclassic.com

မသွားသေး ညာဘက်သို့ ဂျက်ပျောတော်ကြားမှ လမ်းကြားအတိုင်း မလျှောက်ဘဲ၊ ဦးချစ်လက်ဖက်ရည်ဆိုင်ကို ရောက်လာသည်။

"အပြင်မှာ ထိုင်မလား၊ အတွင်းမှာ ထိုင်မလား"

"အထဲမှာပဲ ထိုင်မယ်"

အတွင်းဘက်က စားပွဲလွတ်တစ်ခုမှာ ဝင်ထိုင်သည်။ နံရံနှင့် ကပ်လျက် စားပွဲ။ ကျွန်တော်တို့နှင့် တစ်စားပွဲအကျော်တွင် ကျောင်းသားနှစ်ယောက်နှင့် ကျောင်းသူနှစ်ယောက် ထိုင်နေကြသည်။

ကျွန်တော့်အတွက် လက်ဖက်ရည်နှင့် ခင်စန်းအတွက် ဆီးဖျော်ရည် မှာသည်။

"ဒီဆိုင်ကို ခင်စန်း တစ်ခါမှ မရောက်ဖူးဘူးလား" သူမခေါင်းခါပြသည်။

"ဒီလောက်နာမည်ကြီးတာ"

"ဒီဆိုင်က အတွဲတွေမှ လာတယ်ဆို၊ မဦး ပြောတယ်။ ခုနဦးချစ်ဆိုင် သွားမလို့ လို့ပြောတော့ မဦးက ဂါဆို နင်တို့နှစ်ယောက်တွဲနေတာ သေချာပြီလို့ ပြောတယ်"

"သူငယ်ချင်းတွေလည်း လာကြတာပဲ၊ အတွဲမှရယ် မဟုတ်ပါဘူး"

"များသောအားဖြင့်တော့ အတွဲတွေပဲ"

တစ်စားပွဲကျော်က ကျောင်းသားကျောင်းသူများကို ကြည့်ရင်း သူပြောသည်။

"ဘာလဲ၊ ခင်စန်းက အရင်က အတွဲမရှိခဲ့ဖူးလို့ မရောက်လာတာလို့ ပြောချင်လို့လား"

"သူကတော့ အရင်က ခဏခဏရောက်ဖူးတယ်ပေါ့"

"အင်းလေ၊ သူငယ်ချင်းတွေနဲ့ လာတာပါ။ ပွင့်ကောင်းတို့ မော်ဆရာ တို့နဲ့"





သူပြုံးသည်။ ဘေးကနံရံကို မော့ကြည့်သည်။ ကျွန်တော်တို့ကဗျာ စာအုပ်ကြော်ငြာကို တွေ့သွား၏။ 'ရွှေနုလုံးသား' ကဗျာစာအုပ်။

"ကိုသူငယ်ချင်းတွေ စုထုတ်မယ့်ကဗျာစာအုပ်လေ၊ သုံးလေး ရက်နေရင် ထွက်တော့မယ်။ ဖယောင်းစက္ကူပေါ်မှာတော့ ရေးပြီးနေပြီ၊ တပ်နေကြမှ တို့ ကဗျာအုပ်စုနဲ့ မိတ်ဆက်ပေးဦးမယ်"

လက်ဖက်ရည်နှင့် ဆီးဖျော်ရည်ခွက်များ ရောက်ရှိလာသည်။

"ပေါက်စီစားပါလား"

"တို့မှ ဝက်သားမစားတာ"

"ကုလားမ မို့လို့လား"

"ဘယ်ကလား၊ ငယ်ငယ်ကတည်းက မစားတာ၊ ဝက်သားတင်မဟုတ် ဘူး။ ခြေလေးချောင်းသားဆိုရင် မစားဘူး"

"ဒါကြောင့်တိုး"

"ဘာလဲ"

"ခြေလေးချောင်းသား မစားတဲ့ လူတွေက အသားအရည်ပိုနုညံ့တယ် လို့ ပြောတယ်။ ပြီးတော့"

"ဘာဖြစ်လဲ"

"ဟိုဟာလေ၊ ကိုယ်နံ့လည်း သင်းတယ်တဲ့"

"သူက နည်းနည်းဖြစ်ဖြစ်ပိုတယ်" ဟုပြောပြီး ဆီးဖျော်ရည်တစ်ငုံ သောက်သည်။

"ဒါဖြင့် စမူဆာစားမလား"

"ဟင့်အင်း"

"ဘာစားလာလို့လဲ"

"အသွင်၊ သူကော ဘာစားပြီးပြီလဲ"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"တို့ဘာမှ မစားရသေးဘူး"

"အဲဒါဆို တစ်ခုခု စားပါလား"

ပြောပြီးမှ သူက ကျွန်တော်နှင့်တွေ့သည်အထိ မစောင့်ဘဲ အရင်ဦးအောင် စားသွားနှင့်သည်ဟု ကျွန်တော်စိတ်ခုသွားမည်ကို စိုးရိမ်၍လား မသိ။

"အစကတော့ ဒီရောက်မှ တစ်ခုခုစားမလို့ကွဲ။ အင်းလျားဆောင်က သူငယ်ချင်းက စားရမယ်ဆိုပြီး အတင်းလိုက်ကျွေးလို့။ မစားရင်လည်း မကောင်းဘူး မဟုတ်လား။ သူ တခုခုစားလေ"

"ဟင့်အင်း၊ ခင်စန်းမှ မစားတာ"

"ကဲပါ၊ တို့စမူဆာစားမယ်၊ သူလည်း တစ်ခုခုစား"

ကျွန်တော့်ကို ချစ်ဖွယ်အကြည့်လေးတစ်မျိုးကလေးဖြင့် ကြည့်သည်။ အမှန်က ပေါက်စီစားချင်သော်လည်း သူစားသော စမူဆာကိုပင် လိုက်စား လိုက်၏။

ဆိုင်က အလုပ်သမားတွေ စားပွဲတစ်ခုနှင့်တစ်ခု မြေးလွှားကူးပြောင်း လိုက်၊ ကောင်တာကိုပြေးလိုက်၊ လက်ဖက်ရည်ဖျော်သည့် နေရာကို သွားလိုက်လုပ်နေကြသည်ကို မြင်ရသည်။ ခင်စန်းသည် လက်ဖက်ရည်ဆိုင် မှာ ထိုင်သောအလေ့အထ မရှိခဲ့သောကြောင့်လားမသိ၊ လက်ဖက်ရည် ပန်းကန် နှစ်လုံးပေါ်မှာ နောက်တစ်လုံးဆင့်ပြီး လက်တစ်ဖက်တည်းနှင့် ကိုင် ကာ၊ နောက်တစ်ဖက်ကလည်း ယင်းအတိုင်း တစ်ပြိုင်နက်တည်းတွင် လက် ဖက်ရည်ခြောက်ခွက် သယ်လာသော စားပွဲထိုးကို ဟအံ့တကြ ကြည့်နေ သည်။

"မတော်တဆ ကျကွဲကုန်ရင်"

"မကွဲပါဘူး၊ သိပ်ကျွမ်းကျင်ကြတာ"





ပြီးတော့ ဒီဆိုင်က အမှုထမ်းတွေ လျှင်မြန်ပါးနပ်ပုံကို ပြောပြသည်။ တချို့ ခပ်နောက်နောက် ကျောင်းသားတွေရှိသည်။ ပေါက်စီထဲက အသားတွေကို အောက်ဘက်ကဖောက်၍ လိုက်စားပြီး စက္ကူကို ပုံစံမပျက် အောင် အသာပြန်ကပ်ထားလိုက်သည်။ ပြန်ခါနီး ငွေရှင်းသောအခါ စားပွဲထိုးက ပေါက်စီဖိုးပါ ထည့်ရှင်းလိုက်သည်။ ကျောင်းသားတွေက 'မော၊ လက်ဖက်ရည်သုံးခွက်ထည့်လေကွာ'၊ စားပွဲထိုးအမှုထမ်းက 'ပေါက်စီတစ်လုံး ပါသေးတယ်လေ ဆရာရဲ့' ဟု ပြန်ပြောလိုက်ကြောင်း။

"စားပွဲထိုးက ပေါက်စီစားတာ ဘယ်လိုလုပ်သိတာလဲ၊ မြင်လိုက်လို့ လား"

"ဘယ်ဟုတ်မလဲ၊ ပေါက်စီဆိုတာက မစားဖြစ်ဘူး ဆိုရင် ပေါင်းအိုး ထဲ ပြန်ထည့်ရတာမဟုတ်လား။ အဲဒီလို ပြန်ထည့်မယ်လို့ ပန်းကန်ကို မလိုက် ကတည်းက အလေးချိန် လျော့နေတယ်ဆိုတာ သိသွားတာပဲ၊ သူတို့က ကျင့်သားရနေတော့ ပေါက်စီပန်းကန်ရဲ့ ပုံမှန်အလေးချိန်ကို သိနေပြီလေ။ အသားတွေ နှိုက်စားထားတော့ အလေးချိန် နည်းနည်းလျော့သွားတာပေါ့။ အဲဒီလောက် လျော့သွားတာကိုပဲ သူတို့က သိနေတာ။ ကဲ၊ ဘယ်လောက် လျင်သလဲလို့"

"အင်း၊ တချို့ကျောင်းသားတွေကလည်းနော်၊ အဲဒီလို လုပ်ဖို့ မကောင်းဘူး"

"ဟာ၊ တမင်လုပ်တာ မဟုတ်ပါဘူး၊ နောက်တာပါ။ စားပွဲထိုးတွေက မသိဘူးဆိုရင်လည်း ပေါက်စီတစ်လုံး စားသေးတယ်ကွ။ မင်းက လျှင်မှမလျှင် ပဲဆိုပြီး စားထားတဲ့ ပေါက်စီကို အောက်ဘက်က ဖွင့်ပြပြီး ပိုက်ဆံ ထပ်ပေး လိုက်တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားကျောင်းသူအချင်းချင်း အထင်သေးသည့်စိတ်မျိုး ခင်စန်းထွင် ဖြစ်မသွားစေချင်။

●●●

BURMESE CLASSIC .com

[၁၄]

ကျွန်တော်လှမ်းပေးသော မျက်ခုံးမွှေးဆွဲခဲတံကို လှမ်းယူရင်း "ဘယ်လောက်ပေးရလဲ" ဟုမေးသည်။

"တစ်ကျပ်ခွဲ"

"ဈေးကတော့ မဆိုးပါဘူး၊ ဈေးမှန်ပဲ"

ကျွန်တော်ဝမ်းသာသွား၏။ သူ့အတွက် ကျွန်တော်ဝယ်လာသော ပစ္စည်းသည် ဈေးနှုန်းမှန်ကန်သည် ဆိုသောကြောင့်ဖြစ်သည်။ "အဲဒါ နှစ်ကျပ်ပြောတာ၊ ပထမ ငါးမတ်ဆစ်သေးတယ်၊ ဆိုင်က မတ်တင်းတဲ့၊ တစ်ကျပ်ခွဲဆစ်တာ မရလို့ အိုက်တင်ခံပြီး ထွက်လာတော့မှ လှမ်းခေါ်ပြီး ပေးလိုက်တာ"

"ဝယ်တတ်သားပဲ"

ကျွန်တော့်ကိုယ်သည် မတ်ခနဲ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မြို့ထဲမှာက မလွယ်ဘူး။ ပစ္စည်းတွေကို နှစ်ဆနီးပါးလောက် ဈေးတင်ထားတတ်တာ။ မဝယ်တတ်လို့ ဆိုဈေးထက် နည်းနည်းပါးပါးလျှော့ဆစ်မိရင် ဈေးကြီး မိတော့တာပဲ၊ သူတို့ကလည်း ဝယ်တဲ့လူပုံကို ကြည့်သေးတယ်။ ခပ်နုံနုံပုံဆိုရင်တော့ အချဉ်ဖမ်းတော့တာပဲ"

"ဟုတ်တယ် ဧကော့ဈေးက အဆိုးဆုံးပဲ"

"ဟော စကားစပ်မိလို့ ပြောရဦးမယ်၊ အဲဒီဈေးနဲ့ ပတ်သက်လို့ ရန်ကုန်ရာဇဝင်သမိုင်း ဆိုတဲ့ စာအုပ်ထဲမှာ ဖတ်ဖူးတာ။ အင်္ဂလိပ်ခေတ်က ရန်ကုန်မြို့ မြူနီစီပယ်မင်းကြီး မစ္စတာ ဧဝင်စကော့ကို အစွဲပြုပြီး စကော့ဈေးလို့ ခေါ်တာ။ နောက် ဂျပန်ခေတ်မှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်ကို ဂုဏ်ပြုတဲ့အနေနဲ့ ရန်နိုင်ဈေးလို့ ပြောင်းလိုက်တယ်၊ လွတ်လပ်ရေးခေတ်ကျတော့ ဗိုလ်ချုပ်အောင်ဆန်းဈေးလို့ ပြောင်းလိုက်တာ။ ဒါကြောင့် စကော့ဈေးလို့ မခေါ်သင့်ဘူး။ ဗိုလ်ချုပ်ဈေးလို့ပဲ ခေါ်သင့်တယ်"

ကျွန်တော့်ကို ဗဟုသုတစုံလင်သူ၊ စာဖတ်နာသူ တစ်ယောက်အဖြစ် သူလေးစားသွားလိမ့်မည် ထင်သည်။ "အစက မသိလို့ စကော့ဈေးလို့ နှုတ်ကျိုးနေတာ။ သူပြောမှပဲ သိတော့တယ်။ နောက်ဆိုရင် ပြင်ပြောမှ" ဟု သူ ပြောသည်။

ထို့နောက် မျက်နှံမွေးဆွဲ ခဲတံအဖုံးကို ချွတ်လိုက်သည်။ လက်ဝါးပေါ်တွင် ဆွဲကြည့်၏။ သူ့အတန်ငယ် မျက်မှောင်ကုတ်သွားသည်။ ကျွန်တော်လည်း သူ့လုပ်သမျှကို ငေးကြည့်နေမိလေသည်။ လက်သည်းပေါ်တွင် ခြစ်ကြည့်ပြန်၏။ ဘာအရာမျှ မထင်၊ ခပ်ဖိဖိ ဆွဲလိုက်ဟန်တူသည်။ ခဲသားမှဲ့ထွက်သွား၏။

"ဟင် အတုကြီး"

"ဟုတ်လား"





သူ့ လက်ထဲမှ ခဲတံကို ယောင်ယောင်တန်းတန်း ဆွဲယူလိုက်သည်၊ လွယ်အိတ်ထဲမှ ခပ်ဟောင်းဟောင်း လျှောထွက်နေသော စာအုပ်၏အဖုံးပေါ်တွင် ခြစ်ကြည့်သည်၊ အစင်းရာ ထင်သွားသည်။

"ရသားပဲ"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

ကျွန်တော့်လက်ထဲက ခဲတံကို ပြန်ဆွဲယူလိုက်ပြီး သူပြောပြန်သည်၊

"အစစ်ဆိုရင် သိသာတယ်။ လက်ဝါးပေါ်မှာ ခြစ်ခြစ်၊ လက်သည်းပေါ်မှာခြစ်ခြစ် ခြစ်ကြည့်ရင် ကောင်းကောင်း ထင်တယ်။ ပြီးတော့ ခဲသားကလည်း ပျော့တယ်။ ခုလို မာဆတ်ဆတ် မဟုတ်ဘူး"

ကျွန်တော့်ကို တစ်ချက်ကြည့်၍. . . .

"ဒါနဲ့ ဘာစိတ်တူးရလို့ ဝယ်လာတာလဲ၊ တို့ဘာသာ ဝယ်လည်း ရသားပဲ"

"ဟိုလေ၊ ဟိုတစ်နေ့က ဆေးလိပ်ဝယ်ဖို့ အကြွေမရှိတာနဲ့ ခင်စန်းရဲ့ ပိုက်ဆံအိတ်ထဲ နှိုက်လိုက်တော့ မျက်ခုံးမွေးဆွဲခဲတံ တိုတိုလေးကျန်တော့တာ တွေ့လို့ ဝယ်လာတာ။ အရင်ကတစ်ခါမှ မဝယ်ဖူးတော့ တို့လည်း အတုအစစ် မခွဲတတ်ဘူးပေါ့"

ကျွန်တော်သည် သူနှင့် ပတ်သက်လျှင် အသေးအဖွဲ့ဖြစ်သော မျက်ခုံးမွေးဆွဲခဲတံကအစ ဂရုတစိုက်ရှိသည်ကို သိရသောကြောင့် တစ်ကြောင်း အလျင်က မဝယ်ဖူးဘူး ဆိုခြင်းကြောင့် ရည်းစားမရှိခဲ့ဖူးသည်မှာ သေချာသည်ဟု သိရသောကြောင့်တစ်ကြောင်း သူကျေနပ်စွာ ပြုံးလိုက်၏။ နောက်ပြီး မျက်နှာကောင်းများရမလားလို့ ဝယ်လာသော ခဲတံသည် အတုကြီးဖြစ်နေသောကြောင့် ကျွန်တော် စိတ်မကောင်း ဖြစ်သွားရရှာသည်ဟု သူနားလည်ပေလိမ့်မည်။ ခဲတံအကြောင်းကို မဆက်တော့ဘဲ တခြား စကား



www.burmeseclassic.com

www.burmeseclassic.com



လွှဲလိုက်သည်။

"အသုဝ်စားနေတုန်းက ပြောတာ ဘာလဲ၊ သူတော်စိန်က ဘာ ပြောတယ်ဆိုလား"

"ခြြာ် ဟိုဟာပါ။ မနေ့က ညနေ သူတော်စိန်ရယ်၊ ကျွန်ုပ်ရယ် မှတ်ဆိတ်ရယ် အိမ်ကို ရောက်လာတယ်။ သူတော်စိန်က လက်ဖက်ရည် တိုက်ချင်လို့ လာခေါ်တာဆိုတာနဲ့ လိုက်သွားတာ။ ဘယ်ဟုတ်မလဲ ဆိုင်လည်း ရောက်ရော ဗိုင်းတောကြပါလေရော"

"ဘာကိုလဲ"

"တို့နဲ့ခင်စန်းနဲ့ကိစ္စကို သူတို့ကို မပြောဘဲ လျှို့ထားရ ကောင်းလား ဆိုပြီးတော့"

"သူတို့က ဘယ်လို သိသွားတာလဲ"

"ဒီလိုလေ၊ ခင်စန်းရဲ့ အတန်းရှေ့မှာ တို့ လာလာ စောင့်တာကို သိန်းရွှေက တွေ့သွားတယ်။ သူက ချိုသန်းကို ပြောပြလိုက်တာ။ ချိုသန်းက တစ်ဆင့် သူတော်စိန် သိသွားတာပဲ"

"မသိတဲ့လူ ဘယ်သူမှား ကျန်တော့လို့လဲ"

"နှစ်ဖက်မိဘတွေပဲ ကျန်တော့တယ်။ ဖွင့်ပြောကြတော့မလား"

သွေးတိုးစမ်းသောစကား ဟုတ် မဟုတ် သူ အကဲခတ်သည်။ ကျွန်တော် နောက်ပြောင်ခြင်းမြစ်ကြောင်း သိသွားတော့မှ-

"ပြောလိုက်မယ်လေ"

ရယ်သံစွက်ပြောသည်။

"တို့ဘက်က ပြဿနာ မရှိနိုင်ဘူးနော်။ ခင်စန်း မိဘတွေက သဘော မတူဘူးဆိုရင်ကော"

မျက်လုံးထောင့်ကပ်ကြည့်သည်။





"ခိုးပြေးကြတာပေါ့နော်"

"ခိုးပြေးတယ်ဆိုတာ လွယ်လွယ်လေးများ မှတ်နေသလား"

"အမယ်၊ မလွယ်ဘူးဆိုတော့ ခင်စန်းက ခိုးရာ လိုက်ဖူးလို့လား"

သူသည် လက်သီးကလေးကို ဆုပ်၍ ရွယ်လိုက်သည်။ သို့ရာတွင် ကျွန်တော့်လက်မောင်းကို မထုဖြစ်၊ လက်ပြန်ရုပ်သွားသည်။

သူကတော့ ဘာတွေ တွေးနေမလဲ မသိ၊ ကျွန်တော်ကဖြင့် သူနှင့် ကျွန်တော် ခိုးပြေးကြလျှင် ဘယ်လိုတွေ၊ ဘာတွေ ဖြစ်ကြမလဲဟု တသီ တတန်းကြီး စိတ်ကူးယဉ်မိလေ၏။ ခဏကြာအောင်ပင် သူတို့ စကားမပြော ဖြစ်ပဲနေမိသည်။ စကားအဆက်အစပ် ပြတ်သွားသည်။ စောစောက စကား ကို ပြန်မကောက်ကြတော့။ သူ့ကို ပြောမည် ပြောမည်ဟု စိတ်ကူးခဲ့ပြီး မပြောဖြစ်ဖန်များခဲ့သော စကားကို စိတ်ကူးရသည်။ အလျှင်က နှုတ်မရဲ သောကြောင့် မပြောဖြစ်ခဲ့။

"ဟိုဥစ္စာ"

သူ ကျွန်တော့်ကို ကြည့်သည်။

"ဘဲ့ါ"

"ဘာလဲ၊ ဘာမှန်းလဲ မသိဘူး။ ပြောချင်လည်း ပြော"

သူနှင့်ကျွန်တော် တစ်ယောက်ကို တစ်ယောက် ဘယ်လို ခေါ်ဝေါ် သုံးနှုန်းကြမလဲ ဆိုသော ကိစ္စ ပြောချင်သည်။ ကျွန်တော့်ဘက်ကတော့ ကိစ္စမရှိ။ သူ့ကို 'ခင်စန်း' ခေါ်တာလောက် နှုတ်အရသာ တွေ့လိမ့်မည် မထင်။ ဒီနာမည်ကပင် အလှဆုံးဟု ထင်သည်။ သူကသာ ကျွန်တော့်ကို ဘယ်လိုခေါ်မလဲ ဆိုသော ပြဿနာ။

"ဟိုဟာပါ၊ ခင်စန်းက တို့ကို ဘယ်လိုခေါ်မလဲဆိုတာ"

"လာဦးလို့ ခေါ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး သူ ရယ်သည်။ အသံ သိပ်မထွက်။

"ခင်စန်းလည်း နောက်တတ်နေပြီပဲ"

"အင်းလေ၊ သူနဲ့ ပေါင်းနေတာကို"

"မပေါင်းရသေးပါဘူး၊ တွဲ့ရုံးမှ ပေါင်းရမှာ မဟုတ်လား"

သူ့ကို ပြန်နောက်လိုက်သည်။

"ခုပေါင်းလည်း ရပါတယ်။ ကောက်ညှင်းပေါင်းနဲ့ ပေါင်းချောင်ပဲ လိုတာပဲ"

"ဟင်း တော်တော့။ တော်တော့။ အဲဒါနဲ့ နောက်လို့ဆုံးမှာ မဟုတ်တော့ဘူး။ ပြောမယ့်စကားတောင် မေ့သွားဦးမယ်"

"ကဲ၊ ပြောပြော"

"ဒီဆိုလေ၊ ခင်စန်းကိုတော့ ခင်စန်းလို့ ခေါ်တာပဲ ကောင်းပါတယ်လေ။ ကိုကိုသာ ခင်စန်းက ဘယ်လိုခေါ်မလဲလို့"

"ခုလိုပဲ ပြောနေရင်လည်း ရတာပေါ့။ ဒါပေမဲ့ ခု အရင်လို မဟုတ်တော့ဘူး မဟုတ်လား။ တစ်ယောက်နဲ့ တစ်ယောက် သမီးရည်းစား၊ အင်း၊ အဲဒါ ဖြစ်နေကြတော့"

"အဲဒီတော့"

"အဲဒီတော့"

ညကတည်းက စဉ်းစားကြည့်ပြီးသား။ သူ ကျွန်တော့်ကို ဘယ်လို ခေါ်နိုင်းရင် ကောင်းမလဲ ဆိုတာ။ ကျွန်တော့်နာမည် လူလတ်၊ ကိုလတ် ဆိုလျှင်လည်း ရှိသည်။ မောင်လို့လည်း မခေါ်စေချင်၊ မကြိုက်။

"ကိုကိုလို့ ခေါ်ပါလားဟင်"

"ခေါ်စေချင်လို့လား"





"အင်း" ဟု ခေါင်းညိတ်ပြလိုက်သည်။ သူသည် ခဏမျှ ငြိမ်သက်နေ၏။ စိတ်ထဲက ခေါ်ကြည့်နေသလားမသိ၊ သူသည်လည်း ထိုအသုံးအနှုန်းကို သဘောကျဟန်တူသည်။

"ခေါ်လေ"

"ခေါ်မှာပေါ့။ နောက်တော့"

"ခုပဲ ခေါ်ကြည့်ပါ"

"ခုတော့ ပါးစပ်က မရဲသေးဘူး"

"ဘာဖြစ်လဲ၊ ခုကတည်းက ခေါ်ကြည့်ပေါ့။ ဒါမှ နောက်ဆို ကျင့်သားရသွားမှာ"

"ဟင့်အင်း၊ နောက်မှ ခေါ်မယ်"

"ခု ခေါ်ကြည့်ပါဆို"

"သူများကျတော့ အတင်း ခေါ်နိုင်းနေတယ်။ သူ့ကိုယ်သူ့ပဲ အဲဒီလို ပြောကြည့်ပါဦး"

ကျွန်တော် တွေသွား၏။ ဟုတ်သားပဲ။ သူကတင် မဟုတ်။ ကျွန်တော်ကလည်း သူ့ကို စကားပြောရာတွင် 'ကိုကို ကလေး' ဆိုပြီး ကျွန်တော့်ကိုယ် ကျွန်တော် 'ကိုကို' ဟု သုံးနှုန်းရပေတော့မည်။ ပြောဖို့ ကြိုးစားကြည့်သည်။ နှုတ်က မရဲ၊ သူ ကျွန်တော့်ကို ကြည့်နေရာမှ 'ပြောလေ' ဆိုသော သဘော ဖြင့် မေးငေါ့ပြသည်၊ ကျွန်တော် ပခုံးကို တွန့်ပြီး ပြုံးနေလိုက်ရသည်။

"ဘယ်လိုလဲ"

သူ မေးသည်။

"အေးလေ ခု မခေါ်ရဲသေးရင်နေပေါ့။ နောက်ဆိုရင်တော့ ကိုကိုလို့ ခေါ်ရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သူကလည်း သူ့ကိုယ်သူ ကိုကိုလို့ပဲ ပြောပေါ့"

ဥပမာအဖြစ် ပြောသောအခါတွင်မှ 'ကိုကို' ဆိုသော စကားလုံးကို အသုံးပြုရန် မေ့ကဲ့ခဲ့မိကြချေ။

●

ကျွန်တော်တို့နှစ်ယောက် ရောက်ရှိသွားသောအခါ စားသောက်ဆိုင်တွင် ချိန်းဆိုထားသူအားလုံး စုံညီနေကြပြီ။ ခဲမှ ယာသို့ လေ့ကား၊ ပွင့်ကောင်း၊ ဇာတ်ဆရာ၊ အုန်းချူကူး၊ သားကြီး၊ (နောင်တွင် ဟိုးမိုး၊ မြင့်ကောင်း၊ မျိုးရာဇသွန်၊ မောင်မောင်စနေ၊ သားကြီးမောင်ဝေယျ ဟူ၍ စာပေနယ်တွင် ကျော်ကြားလာမည့်သူများ) ကျွန်တော်တို့ တဖျာအုပ်စု ဖြစ်သည်။ ခင်စန်းနှင့် မိတ်ဆက်ပေးရန် စောင့်ခိုင်းထားခြင်း ဖြစ်၏။

"ရောက်ကုလှချည်လားကွ"

ပွင့်ကောင်းက လှမ်းမေးသည်။

"သူ့ အတန်းပြီးအောင် စောင့်နေရသေးလို့"

အုန်းချူကူးက "လွယ်အိတ် ပွတ်နေသလားမှ မသိတာ" ဟု မကြားတကြား ပြော၏။ ဟိုးအရင်က ခင်စန်းနှင့် ရပ်စကားပြောနေတုန်း ကျွန်တော် ရှိုးတိုးရှန့်တန့်ဖြစ်ပြီး လက်ကို ဘယ်လိုထားရမှန်း မသိသဖြင့် လွယ်အိတ်ကို ပွတ်မိနေစဉ် ဒီကောင် တွေ့သွားဖူးသည်။ ဒါကို ရည်ရွယ်၍ နောက်ခြင်း ဖြစ်လေသည်။

ကျွန်တော်တို့ နှစ်ယောက် ဝင်ထိုင်သည်။ စားပွဲပေါ်တွင် စားပြီးသား မုန့်ဟင်းခါး ပန်းကန်တွေနှင့် သောက်ပြီးသား လက်ဖက်ရည်ပန်းကန်တွေ၊ ကျွန်တော် မေးလိုက်၏။

"ဘယ်သူ တကာလဲကွ"





"မင်းပေါ့ကွ၊ မင်းပဲ စောင့်ခိုင်းထားတာပဲဟာ"

"ဟာ ငါ့မှာတော့ ခြောက်ကျပ်လောက်ပဲ ရှိတယ်"

လေ့ကားက "ရှိတဲ့လူဆီက ချေးပေါ့ကွ" ဟု ပြောရင်း ခင်စန်းကို တစ်ချက်လှမ်းကြည့်သည်။ ဇာတ်ဆရာက "သိပ် မပိုင်ဘူး ထင်ပါရဲ့ကွာ" ဟု သူတို့အချင်းချင်း ပြောသလို ပြောသည်။ ခင်စန်းသည် ကျွန်တော့် အကျီစကို မသိမသာ လှမ်းဆွဲရင်း "တို့ဆီမှာ ပါပါတယ်" ဟု တိုးတိုး ပြော၏။

"ဟဲဟဲ အလကားပြောတာပါ၊ မင်းတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ တွေ့ဖို့ ငါတို့ ပိုက်ဆံစုထားပါတယ်ကွ"

"ဟုတ်လား ဒါဆိုရင်တော့ ငါ ဆီချက်ခေါက်ဆွဲစားမယ်။ ခင်စန်းကော ဖျော်မနှားခေါက်ဆွဲ မဟုတ်လား"

"နှစ်ကောင် တော်တော်လည်တယ်။ သူ ပိုက်ဆံ မပေးရဘူး ဆိုတာနဲ့ ဈေးကြီးတာတွေချည်း မှာတယ်"

ခင်စန်းက ဘာမှ ဝင်မပြောဘဲ ပြုံး၍သာ နေသည်။ ကျွန်တော်သည် ခပ်လှမ်းလှမ်းက စားပွဲနားသို့ ရောက်နေသော 'တရုတ်မ' ကို လှမ်းခေါ်လိုက်၏။ 'တရုတ်မ' သည် ကောက်ကလေး ကားရားဖြင့် ပြေးလာသည်။

"ဆီချက်လား အစ်ကိုကြီး"

ကျွန်တော့်က သူ့ခေါင်းကို တစ်ချက်ပုတ်လိုက်ပြီး . . .

"အေး နေဦး၊ ပြီးတော့ ရွှေမန်းက ခေါက်ဆွဲတစ်ပွဲ မှာပေးနော်"

ကျွန်တော်တို့တား ဒီ စားသောက်ဆိုင်က လူအားလုံးလိုလိုနှင့် ရင်းနှီးနေကြပြီ။ ဈေးသည် လူကြီးများသာမက သူတို့၏ သားသမီးများဖြစ်သော ကလေးများနှင့်ပါ သိကျွမ်း ခင်မင်နေကြ၏။ ခုန ဆီချက်ခေါက်ဆွဲဆိုင်က 'ဖိုးဆောင်'၊ 'တရုတ်မ'၊ ဘမင်းဆိုင်မှ 'ဦးတင်ရွှေ၊ ဒေါ်သောင်း' တို့၏သား 'ဖိုးရွှေ'၊ ကျွန်တော့်တို့ စားပွဲနားမှာ စီးကရက် လာလာရောင်းတတ်သော 'မြရွှေ'။



www.burmeseclassic.com

www.burmeseclassic.com



ဆီချက်နှင့် ခေါက်ဆွဲသုပ်တို့ကို စောင့်နေရင်း မိတ်ဆက်ပေးရ သထိရသည်။ တစ်ယောက်စီကို နာမည်ရင်းရော၊ ကလောင်အမည်ရော နာမည်ပြောင်များပါ ပြော၍ မိတ်ဆက်ပေးလိုက်သည်။ သူတို့ကလည်း တစ်ယောက် တစ်မျိုးစီ ပြန်ပြောကြသည်။

"ဟုတ်ကဲ့ သိရတာ ဝမ်းသာပါတယ်။ နောက်လမ်းမှာ တွေ့ရင်လည်း မိုက်ဆဲချေးပေါ့"

"ကျွန်တော်တို့ကိုလည်း သူငယ်ချင်း အရင်းအချာလို သဘောထား ပါ။ လူလတ် မအားတဲ့အခါ ကျွန်တော်တို့ကို ခိုင်းစရာရှိရင်လည်း ခိုင်းပါ။ ကျွန်တော် မျက်ခုံးမွေးဆွဲ ခဲတံအစစ် ဝယ်ထားတာပါတယ်"

လူစေ့တက်စေ့ မိတ်ဆက်ပေးပြီးတော့မှ ခင်စန်းဘက်သို့ တစ်ချက် လှည့်ကြည့်၍

"သူ့ကိုတော့ မင်းတို့အားလုံး သိပြီးကြပြီ မဟုတ်လား"

"ငါ မသိသေးဘူး"

ပွင့်တောင်းက ဝင်ကြောင်သည်။

"ဟုတ်လား၊ သန်္တာ တတိယနှစ်က အေးငယ်ကိုရော မင်းသိလား။ အန်ဆော်နီနဲ့ တွဲနေတာလေ"

ပွင့်တောင်း အဟားခံလိုက်ရ၏။ (အန်ဆော်နီအကြောင်းကို ရှေ့ပိုင်း တစ်နေရာတွင် ဖော်ပြပြီး)

စားသောက်ပြီးကြတော့ ကျွန်တော်က လက်ဖက်ရည်၊ ခင်စန်း အတွက် သံဘူးမှာသည်။ သံဘူးဆိုသည်မှာ ဆီးနည်းနည်း၊ ယိုမျှော်နည်းနည်း၊ သစ်ခွနည်းနည်း ရောစပ်၍ သံပုရာသီးကလေးတစ်စိတ် ထည့်ထားသော ဖျော်ရည်ဖြစ်သည်။ တက္ကသိုလ် စားသောက်ဆိုင်များမှသာ တွေ့ရတတ် ပြီး ပြင်ပဆိုင်တွေမှာ တွေ့ရခဲသည်။





လက်ဖက်ရည်သောက်ရင်းက ခပ်လှမ်းလှမ်းမှာ ရစ်သီရစ်သီလုပ်နေ သော မိဒွေးကို လှမ်းမြင်ရသည်။ 'မိဒွေး လာဦး' ဟု လှမ်းခေါ်လိုက်၏။ သူ အနားရောက်လာသည်။

"ဒူးယား ခြောက်လိပ်ပေး"

"တကယ်လား"

သူပြန်မေးသည်။

"တကယ်ပေါ့ကွ။ ဘယ်သူက နောက်ရမလဲ"

"ဘယ်သိမလဲ၊ အဲဒီ အစ်ကိုကြီးက အရင်ကဆိုရင် ဒူးယားဘယ် တော့မှ ဝယ်မသောက်ဘူး၊ ဆေးပေါ့လိပ်ပဲ သောက်တာ၊ ခု အစ်မကြီး ပါလာတော့မှ ဒူးယားလေး ဘာလေးနဲ့"

မိဒွေးက မဲ့မဲ့ရွဲ့ရွဲ့ ပြောနေသည်ကို ကြည့်၍ အားလုံး ရယ်ကြ သည်။ ဒီနေ့ တွေ့ဆုံ မိတ်ဆက်ပွဲကလေးသည် တော်တော် ပျော်စရာ ကောင်း၏။ ကျွန်တော် စိုးရိမ်နေမိသော ဇာတ်ရှုပ်တစ်ခုသည်လည်း အဆင် တပြေ ဖြစ်သွားသည်။ စိုးရိမ်မိခြင်းမှာ ခင်စန်းသည် တို့ကောင်တွေ နောက် ပြောင်သည့်ဒဏ်ကို ခံနိုင်ပါမလားဆိုသော အချက်ဖြစ်သည်၊ သို့ရာတွင် အတန်ငယ် ရှက်နေသည်မှလွဲ၍ ဣန္ဒြေပျက်လောက်အောင် မဖြစ်ချေ။ ကိုကောင်တွေကိုယ်တိုင်က ကြောက်စရာ (လေးစားစရာ) ကောင်းသော ဥပဓိရုပ်မျိုး မရှိကြသောကြောင့်လည်း ဖြစ်နိုင်သည်။

ကျွန်တော်ကား ခင်စန်းကဲ့သို့ လှပသော မိန်းကလေးတစ်ယောက် နှင့် တွဲလာရသောကြောင့် သူငယ်ချင်းတို့အကြားတွင် အကြီးအကျယ် ဂုဏ်ယူနေမိလေသည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

[၁၅]

"မောင်ပို ဘာလုပ်ဖို့လဲ"

"ကြည့်ဖို့ပေါ့"

"နေ့တိုင်း တွေ့နေရတာပဲဟာ"

"နေ့တိုင်း တွေ့ရပေမယ့် ညတိုင်းမှ မတွေ့ရတာ"

"ညတာ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ခင်စန်းရဲ့၊ ကိုယ့်အဖို့တော့ ခင်စန်းကို နှစ်ဆယ့်လေးနာရီလုံး တွေ့ချင်နေတာပဲ၊ အိပ်ချင်တဲ့အချိန်မှာလည်း အိပ်မက်ထဲမှာ တွေ့ချင်တာပဲ၊ ဒါကြောင့်"

ကျွန်တော့်စကားထဲမှာ ထူးခြားသော အသုံးအနှုန်းကို သူ သတိပြုမိဟန်တူသည်။ တစ်ချက် လှမ်းကြည့်ပြီး ယောင်ယောင်မျှ ပြုံး၏။ ကျွန်တော့်ကိုယ် ကျွန်တော် 'ကိုယ်' ဟု၍ စတင်သုံးနှုန်းလိုက်ခြင်းကို သူကြားပေလိမ့်မည်။ ဒီနေ့တော့ဖြင့် 'ကိုကို' ဟူသော အသုံးကို မပြောတော့ချေဟု တစ်ချိန်





လုံး အားခဲထားခဲ့သည်။ တကယ်တကယ် ပြောဖို့ကျတော့ ပါးစပ်က မထွက်။ အားတင်း၍ ပြောလိုက်ရာ 'ကိုကို' မဟုတ်ဘဲ 'ကိုယ်' ဖြစ်သွားသည်။ ဒါလည်း သိပ်တော့ မဆိုးပါဘူး။

"နောက်ပြီး တနင်္ဂနွေ တွေ့မှ မတွေ့ရတာ၊ ခင်စန်းတို့ ဖယ်ရီကလည်း နှစ်နာရီခွဲလောက်ဆို ထွက်တာ မဟုတ်လား။ ကားထွက်သွားလို့ ကိုယ်တစ်ယောက်တည်း ကျန်ခဲ့ပြီဆိုရင် ရင်ထဲက ဟာသွားတာပဲ"

ဒီနေ့အဖို့ ကျွန်တော့် စကားများသည် တိုးတက်လာသည်ဟု ဆိုရမည်။ ချစ်သူတို့ ပြောနေကျ စကားမျိုး အတန်ငယ် ပီသလာသောကြောင့်ပင်။ ကျွန်တော်တို့ နှစ်ယောက်သည် သမီးရည်းစားတွေ ပြောလေ့ရှိသည် ဆိုသော 'ချစ်ရဲ့လားဟင်'၊ 'ချစ်တာပေါ့'၊ 'တကယ်လား'၊ 'နှစ်ကယ်သုံးကယ်၊ လေးငါးဆယ်ကယ်'၊ 'ဘယ်လောက်ချစ်'၊ 'အများကြီးအကြီး၊ သိပ်သိပ်ချစ်တာပေါ့ကွယ်'၊ 'ကြော် အချစ်ရယ်' စသော စကားမျိုးကို ပြောလေ့မရှိခဲ့ပါ။ ဘာကြောင့်မှန်းလဲ မသိ၊ ပြောရမှာ ရှက်နေတတ်သည်။ သူက ပို၍ဆိုးသည်။ တစ်ခါတလေကျ မှ သွယ်ဝိုက်သောနည်းဖြင့် အရိပ်အမြွက်လောက်သာ ပြောတတ်သည်။ ဒီနေ့တော့ ကျွန်တော်က အတော်တိုးလာပြီ။

"ဘာပဲဖြစ်ဖြစ်လေ၊ ခုလို ဖြစ်နေကြပြီဆိုတော့ ဓာတ်ပုံ ပေးသင့်ပါတယ်"

"ဓာတ်ပုံမှ မရှိဘဲ"

"ရှိပါတယ်၊ အယ်လ်ဘမ်ထဲမှာ တွေ့တယ်"

"အမယ် ဘယ်လိုလုပ်သိလဲ"

"သိတာပေါ့၊ အရင် ခင်စန်းတို့အိမ် လာလည်တုန်းကလေ စားပွဲအောက်က အဆင့်လေးပေါ်မှာ အယ်လ်ဘမ်တွေ့ဖူးတယ်၊ ခင်စန်းအိမ်ထဲဝင်သွားတုန်း ဖွင့်ကြည့်ဖို့ တွေ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုးကျတော့ လျှင်လိုက်တာ"

"အဲဒီတော့ ပေးလေ"

"အယ်လ်ဘမ်ထဲမှာ ဓာတ်ပုံမတွေ့ရင် အိမ်ကမေးမှာပေါ့"

"သူငယ်ချင်း တစ်ယောက်ကို ပေးလိုက်တယ်လို့ ပြောပေါ့"

"ဘယ်ယုံမလဲ"

"ဒါဆို အသစ်တစ်ပုံ ကူးပေး"

"နံပါတ် မသိတော့ဘူး"

"အသစ် ထပ်ရိုက်လေ"

"မဖြစ်သေးပါဘူး"

"ဘာလို့လဲ"

"ဓာတ်ပုံကို သူက သူငယ်ချင်းတွေ လျှောက်ပြရင် ရှက်စရာကြီး"

"မပြပါဘူး"

"ဘယ်ပြောနိုင်မလဲ"

"ဘာလဲ ခင်စန်းက"

စကားမဆက်ဘဲ သူ့မျက်နှာအမူအရာကို အကဲခတ်သည်။ ပြုံး၍ နားထောင်နေကြောင်း တွေ့တော့မှ၊

"ကိုယ့်ကို မယုံလို့လား"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ကိုယ့်ကို ဓာတ်ပုံပေးလိုက်ရင်"

"ကဲပါ တော်ပါတော့ ပေးမယ်၊ ပေးမယ်"

ကျွန်တော့်ကိုပြန်၍ အကဲခတ်ပြန်သည်။ ကျွန်တော် ကျေနပ်သွားကြောင်း သူသိသွား၏။

"ဘယ်တော့ ပေးမှာလဲ၊ နက်ဖြန်ပေးနော်"





"နက်ဖြန်တော့ ဘယ်ဖြစ်မလဲ၊ ဓာတ်ပုံက တစ်ပုံ ထပ်ကူးရမှာ။ သုံးလေးရက်တော့ စောင့်ပေါ့"

"အဲဒီ သုံးလေးရက်အတွင်းမှာ ဘာကို သွားကြည့်ရမှာလဲ"

"ဒါတော့ ပိုသွားပြီ၊ အရင်ကလည်း ဒီလိုပဲနေတာ မဟုတ်လား ခုမှ"

"အရင်က အရင်ပဲ၊ ခုဟာက ဓာတ်ပုံရမယ်ဆိုတာ သိတော့မှ ပိုပြီး ကြည့်ချင်လာတယ်"

"အဲဒါတော့လည်း မတတ်နိုင်ဘူး"

"တတ်နိုင်ပါတယ်လေ၊ ခု လောလောဆယ် ကျောင်းသား မှတ်ပုံတင် ကတ်ပြား ပေးထားပေါ့၊ အဲဒီမှာ ဓာတ်ပုံပါတာပဲ၊ ဟိုဓာတ်ပုံ ရတော့ ပြန်ပေးမယ်လေ"

"နေပါဦး ဘာဖြစ်လို့ ဒီဓာတ်ပုံက ဒီလောက်တောင် အရေးကြီးနေရတာလဲ"

"အရေးကြီးတာက ကြာပြီ၊ ခင်စန်း ပြီး အဖြေပေးတဲ့ နေ့ကတည်းက တောင်းမလို့၊ မတောင်းရဲလို့ သိလား"

သူသည် လွယ်အိတ်ထဲက 'ကင်းနုတ်' စာအုပ်ကို ဆွဲထုတ်သည်။ မဖွင့်သေးဘဲ စားပွဲပေါ် တင်ထား၏။ စာအုပ်ကြားထဲမှာ ကျောင်းသား မှတ်ပုံတင်ကတ်ပြား ရှိမည်ကို သိသည်။ ထုတ်ပေးရန် သူရှက်နေသည်ဟု ထင်သည်။ ထို့ကြောင့် စာအုပ်ကို ကျွန်တော် ဆွဲယူလိုက်၏။ အဖုံးအတွင်း ဖက်ကြားထဲသို့ လက်နှိုက်ကြည့်သည်။ ဆယ်တန်း ငါးကျပ်တန်၊ ကျပ်တန်များနှင့်အတူ ကတ်ပြားလေးနှစ်ခု ထွက်လာသည်။ တစ်ခုက ကျောင်းသား မှတ်ပုံတင်ကတ်၊ တစ်ခုက ကုန်ဝယ်ကတ်။ (ကုန်ဝယ်ကတ်သည် ကျောင်းက ထုတ်ပေးထားခြင်းဖြစ်သည်။ စာအုပ်နှင့် စာရေးကိရိယာများဝယ်ရန် အတွက်သာဖြစ်သည်၊ ဆီ၊ ရေနံဆီ၊ ဖူးယား စသည်တို့နှင့် မသက်ဆိုင်ပါ။)



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟာ ယူရမလဲ"

"ယူချင်တာယူလေ"

"ဘယ်ဟာပဲယူယူ မထူးပါဘူး။ ကုန်ဝယ်ကတ်ကလည်း ဘာမှ ထုတ်လို့မရသေးဘူး။ မင်းက နက်ဖြန်ပဲ ရှိတာယ်။ အမြာရမှ ထုတ်မှာ မဟုတ်လား ကုန်ဝယ်ကတ် ယူထားမယ်"

သူ ခေါင်းညိတ်သည်။ "ကုန်ဝယ်ကတ်ကို ဓားစာခံသဘောမျိုး ယူထားတာပေါ့လေ။ ဓာတ်ပုံပေးမှ ပြန်ပေးမယ်ဆိုတော့" ဟု သူရယ်ရင်း ပြောသည်။

"အင်းပေါ့။ ဒါပေမဲ့ ဒီဓားစာခံက တခြား ဓားစာခံတွေလို အငြိမ်းခြောက်၊ အနှိပ်စက် မခံရပါဘူး။ မသကာ"

"ဘာလဲ"

ကျွန်တော် ဘာမျှ မပြောဘဲ ရယ်နေလိုက်သည်။ 'မသကာ အနမ်းခံ ရမှာပါပဲ' ဟု ပြောချင်သော်လည်း မပြောဖြစ်။

"ခေါင်းအုံးအောက်မှာ တနိုတသောထားမယ်လို့ ပြောတာပါ"

ကျွန်တော်တို့ နှစ်ယောက်သည် ထုံးစံအတိုင်း ကျွန်တော့်အတန်းဖြစ်သော အခန်းအမှတ် ၁၉ မှာ ထိုင်နေကြခြင်းဖြစ်သည်။ အခန်းသည် ဒီနေ့ ထူးခြားစွာ လူရှင်းနေ၏။ ခါတိုင်းနေ့များလို တခြားအတွဲတွေ တစ်တွဲစ နှစ်တွဲစကို အဖော်အဖြစ် မတွေ့ရ။ ဟုတ်တော့လည်း ဟုတ်သည်။ ဒီအခန်းမှာ များသောအားဖြင့် ထိုင်လေ့မရှိကြ။ သိပ် လွတ်လပ်မှု မရှိသောကြောင့် ဖြစ်ဟန်တူသည်။ အခန်းသည် လင်းလွန်းအားကြီးသည်။ ပြီးတော့ အခန်းနှင့်ကပ်လျက် ကြိုလမ်းသည်လည်း လူသွားလူလာ သိပ်မပြတ်လှ။ တစ်နည်းအားဖြင့် လုံခြုံမှုမရှိ။ အခန်း၏ နောက်ဆုံး ဘယ်ဘက်ထောင့်မှာ





ထိုင်ခုံ တံခါးကို ဆွဲပိတ်ထားလျှင်တော့ လုံခြုံနိုင်သည်။ သို့ရာတွင် တခြားလူတွေအဖို့တော့ မသိ။ ကျွန်တော်ကတော့ ခင်စန်းကို ရွှေ့ထား၍ အခန်းတံခါးကို ထပိတ်ရမှာ ခပ်ကြောင်ကြောင် နိုင်လွန်းလှသည်ဟု ထင်သည်။ မျက်နှာလည်း ပူသည်။

တကယ့် တကယ်တော့လည်း ကျွန်တော်လို အကောင်သည် ဒီအခန်းလောက်နှင့်သာ တန်သည်။ သူ့ လက်ကလေးကို ကိုင်ဖို့အရေး တစ်နာရီလောက် အချိန်ယူရသည်။ ပခုံးကလေးကို ဖက်ဖို့အတွက် တော်တော်ကြိုးစား၍ ရဲဆေးတင်ရသည်။ နမ်းဖို့ဆိုသည်မှာ စွန့်စားခန်းတစ်ခု သဖွယ်ပင်။ နမ်းမည်ဟု အကြိမ်ကြိမ် စိတ်ကူးခဲ့သော်လည်း တစ်ခါမျှ မဖြစ်မြောက်ခဲ့။

"ကတ်ပြားကို သိမ်းထားလိုက်တော့လေ"

ကုန်ဝယ်ကတ်မှ ဓာတ်ပုံကို အကြာကြီး စိုက်ကြည့်နေသောကြောင့် သူ ပြောခြင်းဖြစ်သည်။

"ဟုတ်သားပဲ၊ လူကိုယ်တိုင် တွေ့နေမှတော့ ဓာတ်ပုံကြည့်ဖို့ မလိုသေးပါဘူး။ ဘာလဲ၊ ဓာတ်ပုံကလေးကို မနာလို ဖြစ်နေတာလား။ အဲဒီလိုဆိုရင်"

"ဘာဖြစ်သလဲ"

"ကိုယ်က အိမ်ရောက်ရင် ဓာတ်ပုံကို နမ်းမှာ၊ မနာလိုဘူးဆိုရင် လူကိုယ်တိုင် အနမ်းခံပါလား" ဟု ပြောချင်သော်လည်း မပြောဖြစ်ပြန်။

"ဘာမှမဖြစ်ပါဘူး။ သိမ်းထားလိုက်ရုံ ရှိတာပေါ့"

ကတ်ပြားကို ကျွန်တော့်စာအုပ်ကြားထဲ ညှပ်ထားလိုက်သည်။

"ကဲ၊ ဓာတ်ပုံရပြီ မဟုတ်လား၊ ကျေနပ်ပြီလား"

သူ ပြုံး၍ မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မကျေနပ်သေးဘူး၊ တစ်ခုကျန်သေးတယ်"

"ဘာလဲ ဓာတ်ပုံရတာ မကျေနပ်သေးလို့ သူ ကြည့်ချင်တဲ့အချိန် ကြည့်ရအောင် လူကိုယ်တိုင် လိုက်ခဲ့ရဦးမှာလား"

အတော်ပင် စွန့်စွန့်စားစား ပြောလိုက်ရဟန်တူသည်၊ ထိုစကားကို ပြောပြီး ခေါင်းကလေး ငုံ့သွား၏။

"အဲဒီအစီအစဉ် ကောင်းသားပဲ၊ ဓာတ်ပုံပြန်ယူလေ၊ လူကိုယ်တိုင် လိုက်မယ်ဆိုရင်"

သူ ရယ်သည်။ ကျွန်တော်သည် ခုနပြောမည့်စကားကို အစပြန်ဖော်ရ ပြန်သည်။

"အဲဒါ မဟုတ်သေးပါဘူး၊ မေးစရာတစ်ခု ရှိလို့"

"မေးလေ၊ ဘာလဲ"

"မေးရင် ဖြေမှာလား"

"ဖြေသင့်ရင် ဖြေမှာပေါ့၊ အဖြေရ ခက်တာတွေတော့ မမေးနဲ့ပေါ့"

"အင်းပါ"

ချက်ချင်း မမေးဖြစ်သေး၊ သူသည် အမေးကို စောင့်နေဟန်ဖြင့် ကျွန်တော့်ကို အတန်ကြာ ကြည့်နေသည်၊ ကျွန်တော်သည် အာခေါင် ခြောက်လာသောကြောင့် တံတွေးကို ကျိတ်၍ မျိုချရသည်၊ ထိုအခါကျပြန် တော့လည်း လည်ချောင်းထဲတွင် မရှင်းဘဲ ဖြစ်လာ၏၊ အသံမပြည်အောင် ချောင်းဟန့်လိုက်ရာ မရအဲ 'အစ်ခန်' အသံထွက်လာသည်။

"ဟို၊ ကိုယ်၊ ကိုယ့်ကို ချစ်ရဲ့လား၊ အင်"

နောက်ဆုံးစကားလုံးသည် 'ဟင်' မဟုတ်ဘဲ 'အင်' ဖြစ်သွားသည်၊ သူသည် ကျွန်တော့်မျက်နှာဆီသို့ ရောက်နေသော အကြည့်ကို ရင်ဘတ်သို့ လွှဲလိုက်သည်။





"အဲဒါ ဖြေဖို့မှ မလိုတော့ဘဲ"

တိုးတိုးကလေး ပြော၏၊

"လိုပါတယ်၊ ပြောပါ"

"သူ သိပြီးသားပဲ"

"သိပြီးပေမယ့် ထပ်ပြောပါဦး"

"တို့ မပြောတတ်ဘူး၊ အဲဒီလို"

"ပြောပါ ခင်စန်းရယ်၊ ကိုယ့်ကို (လည်ချောင်းကို တစ်ခါ ထပ်ရှင်း ပြီး) အဟမ်း၊ ချစ်တယ် မဟုတ်လား"

သူ ခေါင်းညိတ်ပြသည်၊ ကျွန်တော် မချင့်မရဲ ဖြစ်လာသောကြောင့် သူ့လက်ကလေးကို ဆုပ်ကိုင်မိသည်။ ပါးစပ်ကလည်း အရှိန်ရလာသည်။

"ပါးစပ်နဲ့ အဖြေပေးပါ"

သူ ဘာမျှပြန်မပြော၊ နှုတ်ခမ်းကို စေ့၍ ဖိထားသည်၊

"ပြောလေ"

သူ့လက်ကို ဆွဲလှုပ်ရင်း ပြောသည်၊

"ကိုယ့်ကို တစ်ခါမှ မပြောဖူးသေးဘူး၊ အဲဒီလိုမျိုး ချစ်တယ်လို့"

"စိတ်ထဲမှာ ရှိရင် ပြီးတာပဲ၊ မပြောပေမယ့် မသိဘူးလား၊ သိမှာပေါ့"

ကျွန်တော့်ကို မကြည့်ဘဲ ပြောသည်။

"ပါးစပ်က ဖွင့်ပြောတာကို ကြားချင်တာ"

"ဘယ်လိုပြောရမှာလဲ၊ မပြောတတ်ဘူး"

ကျွန်တော် ရုတ်တရက် ပြန်မပြောဖြစ်ဘဲ ခဏကြာမှ-

"ဒီလိုပြော၊ ကိုကို့ကို သိပ်ချစ်တာပဲလို့"

အသံထွက်အောင် သူ ရယ်ချင်သော်လည်း လှောင်သလို ဖြစ်သွား မည်စိုး၍လားမသိ၊ နှုတ်ခမ်းတွန့်ရုံမျှ ပြုံးသည်၊ သို့တည်းမဟုတ် ပြောရမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှက်နေခြင်းကို သက်သာရာရစေရန် ရယ်သွမ်းသွေးကြည့်ခြင်းလည်း ဖြစ်နိုင်သည်။

"ပြောရှာလား"

"မသိဘူး၊ ဟင့်အင်း"

"ပြောပါ၊ ပြောလေ"

"နောက်တော့ ပြောမှာပေါ့"

"မရဘူး၊ ခု ပြောရမယ်"

သိတဲ့အတိုင်းပဲ၊ ကျွန်တော်က အထာနေးသော်လည်း အချိန်ကလေး ရလာလျှင် နှုတ်သွက်လာတတ်သည်နှင့်အညီ-

"ပြောပါဆို၊ အခုပြောမှ ကျေနပ်နိုင်မယ်၊ မပြောဘူးဆိုရင် ကိုယ့်ကို တကယ် မချစ်ဘူးလို့ ယူဆမယ်၊ တဲ"

"တို့ ခေါင်းညိတ် အဖြေပေးပြီးပြီပဲ၊ ကျေနပ်ပါတော့"

"ဟင့်အင်း၊ မကျေနပ်နိုင်ဘူး ပြောမှ"

သူသည် ပြောလျှင်ကောင်းမလားဟု ကြိုးစားကြည့်နေပုံရသည်။ နှုတ်ခမ်းကလေးသည် ရှုံ့လှုပ်နေ၏။ မျက်နှာမှာ နှုတ်ခမ်းမှ ပန်းရောင်အသွေး ထင်ဟပ်နေလေသည်။ ပြုံးမဲ့မဲ့ကလေး ဖြစ်သွားပြီး မခါင်းခါသည်။

"ဟင့်အင်း၊ ပြောတော့ ပြောချင်တယ်၊ ပါးစပ်က မထွက်ဘူး၊ ဒါပေမဲ့ တို့ကို ယုံပါ၊ တစ်နေ့နေ့တော့ ပြောပါ့မယ်၊ ခု သူ ကျေနပ်အောင်" ပြောပြီး စာအုပ်ကလေးကို ဆွဲထုတ်ပြန်သည်။ အဖုံးကြားထဲမှ စာတစ်စောင်ကို ယူသည်။ အပြာရောင် စာအုပ်ကလေး၊ ကျွန်တော့်ကို လှမ်းပေးသည်။

"သူ့ကို အဖြေပေးပြီးတဲ့နေ့ နောက်တစ်နေ့မှာ ပေးဖို့ ရေးထားတာ၊ စိတ်မရဲလို့ မပေးဖြစ်တာ" ဟု တစ်ဆက်တည်း ပြောသည်၊ စာအိတ်ကို ဖွင့်၍ စာကို ထုတ်ယူပြီး ဖတ်ကြည့်သည်။





သတိတရ စာရေးလိုက်တယ်၊
တို့ ယေယေ်တ စော်ဖူးတဲ့ ဝတ္ထုတိုတစ်ပုဒ်ထဲက
နှစ်သက်မိတဲ့ ကဗျာကလေးတစ်ပိုဒ်ကို ရေးပေးလိုက်ပါတယ်၊
'အချိန်တိုင်းပင်၊ စိတ်၌ထင်သည်
သခင် ကိုယ်နှင့်အတူတူ' တဲ့၊

ထာဝရ

သူသည် ကျွန်တော့်ကို အမှန်တကယ်ချစ်ကြောင်း ရှေ့မဆွကပင် သိခဲ့ပြီးဖြစ်ပါလျက် သူ့စာကို ဖတ်ရသောအခါ ရင်သည် တလှပ်လှပ် ဖြစ်လာပြန်သည်၊ သွေးခုန်နှုန်း မြန်လာ၏။ ကျေနပ်နှစ်သိမ့်မှုသည် လည်းကောင်း၊ ဝမ်းသာ ကြည်နူးမှုသည်လည်းကောင်း ကိုယ်ခန္ဓာကို အထပ်ထပ် ရစ်ပတ်နေသောအခါ ကျွန်တော်သည် သူ့ကို အလိုအလျောက် ဖက်ထားမိလျက်သား ဖြစ်နေလေသည်။

အို၊ သူ့ကိုယ်လေးသည် ရှေ့းတို့ဖြင့် ရွှဲရွှဲနစ်လို့ပါပကော။ သူသည် ကျွန်တော် ကြားလိုသော စကားကို ပြောရန် အပြင်းအထန် ကြိုးစားခဲ့ကြောင်း သိသာသည်။ စိတ်ထဲက 'ကိုကို၊ ကိုကို' ဟူ၍ အထပ်ထပ် မြည်တမ်းခဲ့ပါသေးသလား မသိ၊ ဖော့ရှန်အကျီင်္နီညိုရောင်ကလေးသည် ချွေးတို့ကြောင့် သူ့ကျောကုန်းကလေးမှာ ကပ်နေသည်၊ ကျွန်တော်သည်လည်း 'ခင်စန်းရယ်၊ ခင်စန်းရယ်' ဟူ၍ စိတ်ထဲက ရေရွတ်နေမိသည်။

အင်္ဂလိပ်ဘာသာစကား၌ 'ကစ်စ်' ဆိုသည်မှာ နှုတ်ခမ်းကို စုပ်ခြင်းကို ဆိုလိုသည်။

မြန်မာစကား၌ 'နမ်းခြင်း' ဆိုသည်မှာ ပါးကို ရှူသည်ကို ဆိုလိုသည်။

နှုတ်ခမ်းလော၊ ပါးပြင်လော၊



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုစလုံး မှားသည်။

အမှန်မှာ

ကျွန်တော်က သူ့ကို လှစ်ခနဲ နမ်းလိုက်သောအခါ (ဖြန်မာလို နမ်းရို ရည်ရွယ်သလား၊ အင်္ဂလိပ်လို ကစ်စ်ပေးဖို့ ရည်ရွယ်သလား ကျွန်တော်ကိုယ်တိုင် သေချာစွာ မသိ။) သူက ဆတ်ခနဲ ရှောင်တိမ်းလိုက်သောကြောင့် ကျွန်တော့်နှုတ်ခမ်းက သူ့ပါးပြင်ပေါ် ရောက်သွားပြီး နှာခေါင်းက သူ့နှုတ်ခမ်းကို သွားထိမိခြင်း ဖြစ်လေသည်။ ဒီတော့ကာ နမ်းတယ်လို့ မခေါ်သာ၊ ကစ်စ်ပေးတယ်လို့လည်း မပြောနိုင်၊ ကပြား ဖြစ်သွား၏။

တစ်ခု သေချာသည်မှာ သူ့နှုတ်ခမ်းမှ အနံ့တစ်မျိုးကလေးကို ရှူလိုက်ခြင်းပင် ဖြစ်လေသည်။

အကြောင်းဆိုက်၍ ပြောပြစရာ ရှိပါသည်။ ကျွန်တော် ငယ်စဉ်က လူကြီးတွေ ပြောလေ့ရှိသော 'ပါရမီရှိတဲ့ မိန်းမတွေရဲ့ အာခံတွင်းက ကြာညို နံ့သင်းတယ်' ဆိုသော စကားကို ကြားဖူးသည်။ ကျွန်တော့်နားကြားလွဲသွားသည်မှာ 'ကြာညိုနံ့' မဟုတ်ဘဲ 'ကြာညို့နံ့' ဖြစ်သွားသည်။ 'ကြာညို့' ဆိုသည်မှာ တရုတ်ပဲငံပြာရည်ကို ခေါ်ကြောင်း နားလည်သည်။ ထို့ကြောင့် ကျွန်တော့်စိတ်ထဲတွင် မိန်းမတွေရဲ့ ပါးစပ်က တရုတ်ပဲငံပြာရည်နံ့ နံသည်ဟု စွဲနေခဲ့ဖူးပါသည်။ ကြီးလာမှ စာတွေ ဖတ်ပြီး ကြာမျိုးငါးပါးအနက်မှ တစ်ပါး ဖြစ်သော ကြာညိုပန်းနံ့ကို ဆိုလိုကြောင်း သိလာရသည်။

ထားပါတော့။

ကျွန်တော့်အနေဖြင့် ကြာညိုပန်းနံ့ကို ရှူရှိုက်ဖူးဖို့ မဆိုထားနှင့် မြင်ပင် မမြင်ဖူးပါ။ ကျွန်တော်သိသော အနံ့မျိုးနှင့်သာ ဥပမာ ပေးပါတော့။

ခင်စန်း၏ နှုတ်ခမ်းမှ ရရှိလိုက်သော အနံ့ကလေးကား

အငွေ့တထောင်းထောင်းထနေသော ပြောင်းဖူးပြုတ်နှင့် ပွပွရွနေ





မှ ရတတ်သော အနံ့မျိုးကလေး ဖြစ်ပါသည်။ အဘယ်ရေမွှေး၊ အဘယ်ပေါင်ဒါ၊ အဘယ်သနပ်ခါးနှင့်မျှ မယှဉ်နိုင်သော သူ၏ ကိုယ်ပိုင်အနံ့ကလေး ဖြစ်ပါသည်။

အချစ်တွင် အနံ့ရှိကြောင်း ကျွန်တော် အမှန် ယုံကြည်ပါသည်။

●●●

www.burmeseclassic.com

www.burmeseclassic.com

|၁၆|

မိမိ ထောပ်ချင်းဘဲ လုပ်ရသောကိစ္စထဲတွင် စာမေးပွဲဖြေခြင်းလည်း ပါဝင်သည်။ သူငယ်တန်းမှစ၍ ယခု တက္ကသိုလ်နောက်ဆုံးနှစ်အထိ နှစ်စဉ် နှစ်တိုင်း ဖြေဆိုတာကြီးကို ငြီးငွေ့လှပြီ။ ယင်းသို့ ဆိုသောကြောင့် ပညာ သင်ကြားရခြင်းကို စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ပြီဟု မဆိုလို။ ပညာရေး ခရီး ကို ဆုံးခန်းတိုင်လိုစိတ် ဖြစ်ပေါ်လာခြင်းကိုသာ ရည်ရွယ်သည်။ မြန်မြန် ပညာစုံမှ ခင်စန်းနှင့် မြန်မြန်နီးစပ်နိုင်မည်ဟု စိတ်၌ထင်သည်။

သို့ရာတွင် တကယ်တကယ် စာမေးပွဲကို ဖြေဆိုရသောအခါတွင် အသိတစ်မျိုး ပြောင်းလဲလာခဲ့ပြန်၏။ စာမေးပွဲဆိုသည်မှာ ခွဲခွာခြင်း၏ အထိမ်းအမှတ်ဖြစ်ကြောင်း သတိမပြုမိခဲ့ခြင်းပင် ဖြစ်လေသည်။ ပျော်ရွှင် ဖွယ်ကောင်းသော ကျောင်းသားဘဝ၏ နောက်ဆုံးကာလကို ဖြတ်ကျော်နေ ရခြင်းဟု သိလာသည်။ ခင်စန်းနှင့် ခွဲခွာ၍ နေကြရမည်လည်း တစ်ကြောင်း။

သူနှင့် ကျွန်တော်သည် ချစ်သူများ ဖြစ်ကြသည်မှန်၏။ သို့ရာတွင်





နှစ်ဖက်မိဘများကို အသိမပေးရသေး။ လူကြီးတွေက လက်ခံ သဘောတူ ထားကြသူများ မဟုတ်သေး။

ကျောင်းမှာဆိုလျှင် အတန်းရှိနေချိန်နှင့် တနင်္ဂနွေနေ့မှအပ တွေ့နိုင် သည်။ အစဉ်သဖြင့် တပူးတွဲတွဲ။ တက္ကသိုလ်နယ်မြေနှင့် အင်းလျားကန်ကို ခွဲခွာ၍ မရသလို ကျွန်တော်တို့နှစ်ယောက်ကိုလည်း တကွဲတပြားစီ မြင်ရဖို့ မဖြစ်နိုင်။

ခုတော့ဖြင့် . . .

ကျွန်တော်တို့ ချစ်သူနှစ်ယောက်သည် နီးလျက်နှင့် ဝေးနေကြရလေ ပြီ။ မှန်ပါသည်။ ကျွန်တော်တို့နှစ်ယောက်မှာ တစ်မြို့နယ်တည်းမှာ နေကြ ခြင်းဖြစ်သည်။ သို့ရာတွင် တွေ့ဖို့ အခွင့်အလမ်း မသာ။ သူသည် အိမ်အပြင် သို့ အကြောင်းမရှိဘဲ ထွက်ဖို့မလွယ်ပါ။ အကြောင်းရှာဖို့လည်း မလွယ်ပါ။ အပြင်ထွက်ဖို့ အခွင့်သာသည်ပင်ထား။ သူ့အိမ်က တစ်ယောက်ယောက် တော့ အဖော်အဖြစ် ပါပေလိမ့်မည်။

လူချင်း မတွေ့နိုင်သောအခါ စာအဆက်အသွယ်လုပ်ဖို့ ကြိုးစားရ သည်။ ကျွန်တော့်ဆီကိုတော့ စာတိုက်က ထည့်လိုက်လျှင် ဖြစ်သည်။ သူ့ဆီ စာရေးဖို့က ပြဿနာ။ သူတို့အိမ်ကို အဝင်အထွက်ရှိသူ တစ်ယောက်ယောက် ကို အကူအညီ တောင်းရမည်။

စုရကို သတိရသော်လည်း သူက ကျွန်တော်နှင့် ခင်စန်းကို သဘော မတူကြောင်း ပြောသည်ဟု ခင်စန်းထံမှ ကြားဖူးသည်။ ကျွန်တော့်အနေဖြင့် ဆယ်တန်းတုန်းက မတည့်ကြဘဲ မကြာခဏ ရန်ဖြစ်ခဲ့ကြသည်ကို သင်္ကန်း ချေပစ်နိုင်ပါသည်။ သူ့ဘက်က ဘယ်လိုမှန်းမသိ။ ကျွန်တော်က အကူအညီ သွားတောင်းတာမှ သူက ငြင်းလိုက်လျှင် စကားအဖတ်တင်နေမည်။

ခင်စန်း သူငယ်ချင်း မဦးကို စဉ်းစားမိပြန်၏။ သူက ကန်တော်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာ နေသောကြောင့် ခင်စန်းတို့အိမ်နှင့် ဝေးသည်။ မကြာခဏ သွားနိုင်ဖို့ မကောင်း။ သို့ရာတွင် သူတစ်ယောက်မှလွဲ၍ အခြားအားကိုးစရာ မရှိ နောက်ပြီး သူသည် ကျွန်တော့်ကို ထောက်ခံမဲပေးခဲ့သူ ဖြစ်သည်။

ထို့ကြောင့် မဦးဆီသို့ မျက်နှာပူပူနှင့်ပင် သွားရောက်ခဲ့ရလေသည်။ သူက ကျွန်တော့်ကို တွေ့တွေ့ချင်း အားရဝမ်းသာ ဆီးကြိုရှာပါသည်။ ပြီးတော့ "မိစန်း မပါဘူးလား" တဲ့။ ကျွန်တော်ကလည်း စာမေးပွဲပြီးကတည်းက ခင်စန်းနှင့် မတွေ့ရတော့ကြောင်း၊ တွေ့ဖို့ အခွင့်အရေး မရကြောင်းများကို ရှက်ရှက်နှင့်ပင် ဖွင့်ပြရလေ၏။ မဦးကား နားဝေးသူတစ်ယောက် မဟုတ်ချေ။ ကျွန်တော့်ကို မေးသည်။

"ဘာ အကူအညီပေးရမလဲ"

ကျွန်တော်က အားတော့ နာပါတယ်ဆိုပြီး စာတစ်စောင်သွားပေးပေးဖို့ ပြောရသည်။ သူကလည်း အမြန်ဆုံး သွားပေးပေးပါမည်ဟု ကတိခံ၏။ ဖြစ်နိုင်လျှင် ခင်စန်းကို တစ်နေ့နေ့ သူ့ခေါ် ထုတ်နိုင်ဖို့ ကြိုးစားပေးမည်ဟုပင် အားပေးစကားပြောကြားလိုက်သေးသည်။ မဦးကို ကျေးဇူးတင်ကြောင်း ဘယ်နှကြိမ်လောက်တောင် ပြောမိမှန်း မသိတော့။

ခင်စန်းကို နှုတ်ဖြေစာမေးပွဲ (ဗိုင်ဗာ) စစ်သည့်နေ့ကို ကျွန်တော် မမေ့နိုင်။ ထိုနေ့သည် ခင်စန်းနှင့် ကျွန်တော်တို့ နောက်ဆုံး တွေ့ခဲ့ရသောနေ့ပင် ဖြစ်လေသည်။ သူဖြေရသော အလှည့်ပြီးသောအခါ နှစ်နာရီ ထိုးနေပြီ။ နောက်အကျဆုံး လေးနာရီတွင် သူ ပြန်ရမည်။ တွေ့နိုင်သောအချိန် နှစ်နာရီတည်းသာ။

သူသည် စာမေးပွဲဖြေပြီး ထွက်လာခါစ ဖြစ်လေ့ဖြစ်ထရှိသော

စိတ်အကျဉ်းအကျပ်မှ ရုတ်တရက် လွတ်မြောက်လာသောကြောင့် မနေတတ် မထိုင်တတ် ဖြစ်နေခြင်း၊





မိမိ ဖြေဆိုခဲ့သော အချက်အလက်များ မှန်မှ မှန်ရဲ့လားဆိုသော သံသယဖြင့် နောက်ဆံငင်နေခြင်း၊

စာမေးပွဲ လုံးဝ ပြီးဆုံးပြီဆိုသော အသိကြောင့် စိတ်လက်ပေါ့ပါးသွားခြင်း၊ စသည်ဖြင့် ဝမ်းသာတာရော၊ စိုးရိမ်တာရော၊ လွတ်လပ်တာရော၊ စိတ်လှုပ်ရှားတာရော ထွေးရော ယှက်တင်ဖြစ်၍ ယောင်ချာချာ မျက်နှာကလေးနှင့် ရှိနေသည်။

"ဖြေနိုင်ရဲ့လား"

ဆိုသော ကျွန်တော့်အသံသည် သူ့ကို လှုပ်နှိုးလိုက်သလို ဖြစ်သွားသည်။ ကျွန်တော့်ကို မြင်လိုက်မှ သူ့အားတက်သွားပုံ ရ၏။ ဖြူဖျော့ဖျော့ ဖြစ်နေသော မျက်နှာကလေးမှာ သွေးရောင် ပြန်တက်လာသည်။ စကား အဖြစ်မှ ပြန်မပြောနိုင်သေးဘဲ ခေါင်းကိုသာ ညိတ်ပြသည်။ ကျွန်တော် ဘာမှ ထပ်မမေးတော့ဘဲ စားသောက်ဆိုင်တန်းဆီသို့ ခေါ် သွားရ၏။ ဘာ စားမလဲ မေးတော့ ခေါင်းခါသည်။ 'ဆီချက်ခေါက်ဆွဲ၊ နန်းကြီးသုပ်၊ ခေါက်ဆွဲသုပ်၊ သမင်းသုပ်၊ ဗယာကြော်သုပ်၊ အစုံလင်ရှိ' ကျွန်တော် လျှောက်ရွတ်ပြနေသော်လည်း 'မစားဘူး' ဟူ၍သာ ပြောသည်။ သူ့အတွက် ဆီးဖျော်ရည်ကို ကျွန်တော့်စိတ်ကူးနှင့် ကျွန်တော် မှာလိုက်ရသည်။ ဆီးဖျော်ရည် တစ်ဝက်လောက် သောက်ပြီး သူစကားစပြောသည်။

"အခန်းထဲ ဝင်သွားပြီး ကုလားထိုင်မှာ ထိုင်လိုက်တော့ ဆရာ၊ ဆရာမတွေက မျက်နှာထား တည်တည်ကြီးတွေနဲ့ ဗိုင်းကြည့်နေကြတာ။ လူတစ်ကိုယ်လုံး အေးစက်သွားတာပဲ"

"ဒါကြောက်စရာမှ မဟုတ်တာ"

"အို၊ သူ့ဟာသူ ကြောက်လာတာတော့ ဘယ်တတ်နိုင်မလဲ... အလှည့် ရောက်ခါနီးအထိ မေးမယ်ထင်တာတွေ အကုန်လျှောက်...တာအား



www.burmeseclassic.com

တာပဲ၊ ဟိုလည်းရောက်ရော အကုန်မေ့ကုန်သလို ဖြစ်သွားတယ်၊ ပထမမေး မေးခွန်းတွေတုန်းက ချက်ချင်းပြန်မဖြေနိုင်ဘူး သိသား၊ အဖြေတစ်ခု မှားသွားလို့ ဝိုင်းရယ်ကြသေးတယ်၊ ရှက်လိုက်တာ တစ်ခါတည်း"

"ခင်စန်းကလည်း ဗိုင်ဗာဆိုတာ တမေးပွဲဖြေနိုင်တဲ့လူအတွက် သိပ် အရေးမပါလှပါဘူး၊ မဖြေနိုင်တဲ့လူကျမှသာ ဗိုင်ဗာမှာ ကြိုးကြိုးစားစား မြ လိုက်၊ အမှတ်တိုးရတော့ ဘယ်နိုင်တာပေါ့၊ ကျာလီဖိုင်း ဖြစ်နိုင်တဲ့လူတွေ လည်း ဒီလိုပဲ၊ မေးသင့်မမေးသင့် ဗိုင်ဗာမှာ အဆုံးအဖြတ် ပေးနိုင်တယ်"

သူ့မျက်နှာထားသည် ပုံမှန်အခြေအနေအတိုင်း ဖြစ်လာသည်၊ အကြောက်ပြေသွားပြီမှန်း သေချာ၏။ ကျွန်တော် ဆက်ပြောသည်၊

"ကိုယ့်တုန်းကဆိုရင် တစ်ခွန်းပဲ အမေးခံရတယ်၊ ဆရာမ ဒေါ်ခင် ဆက်ရိုက ရူပဗေဒ သင်ကြားရတဲ့အတွက် ယက်တွေ့ဘဝမှာ ဘယ်လို အကျိုးပြုနိုင်သလဲတဲ့၊ ကိုယ်က အခု မဖြေပါရစေနဲ့ဦး၊ တတယ် လက်တွေ့ အသုံးချကြည့်ပြီးမှ ပြောပါရစေဆိုတော့ ဆရာမက ပြုံးပြီး ခေါင်းတညိတ် ညိတ် လုပ်နေတယ်၊ နောက်ပြီး ကိုယ့်သူငယ်ချင်းတစ်ယောက် ရှိသေးတယ် ကိုသန်းဝေဆိုတာ၊ သူ့ကို ဆာတိုရီဆိုတာ ဘာလဲလို့ မေးတော့ သူက ဘာမှပြန်မဖြေဘူး၊ ဆာတိုရီဆိုတာ ဇင်ဗုဒ္ဓဝါဒမှာပါတဲ့ သမ္မာဉာဏ် ကို ပြောတာလေ၊ အဲ၊ နောက်တစ်ခါ ထပ်မေးတော့လည်း ပြန်မဖြေဘဲ ခပ်မဆိတ်နေတယ်တဲ့၊ တတိယတစ်ခါ မေးတော့မှ ကျွန်တော် ဖြေပြီးပါပြီလို့ ပြန်ပြောတယ်၊ အဲဒါနဲ့ ဘာဘာ သူပြောပုံ သဘောကျသွားပြီး ဘာမှ ထပ်မမေးတော့ဘဲ ပြန်လွှတ်လိုက်တယ်တဲ့"

'ဘာဘာ'ဆိုသည်မှာ ပါမောက္ခဆရာကြီး ဦးမြအောင်ကို ကျွန်တော်တို့ ကျောင်းသားတွေက ချစ်စနိုး ခေါ်ကြခြင်း ဖြစ်ပါသည်၊

"ဟုတ်တယ်၊ ဆရာ၊ ဆရာမတွေက သဘောကောင်းကြတာ များပါ





တယ်၊ ညာလည်း ညာတယ်။ တို့ကြောက်နေမှန်း သိလို့ ဝင်ဝင်ချင်း ဗ မမေးသေးဘဲ တွဲ့ရပြီးရင် ဘာလုပ်မှာလဲ၊ မိဘတွေက ဘာအလုပ်လုပ်ကြ သလဲ ဆိုပြီး တို့စိတ်ငြိမ်သွားအောင် အရင်မေးနေသေးတယ်"

အမှန်တော့ ကျွန်တော်တို့နှစ်ယောက်သည် ယနေ့ညမှ အစပြုရမည့် ကိစ္စတစ်ခု အကြောင်းကို မပြောချင်သောကြောင့် စာမေးပွဲစကားများဖြင့် အချိန်ဆွဲနေကြခြင်း ဖြစ်သည်။

ထိုအကြောင်းကို ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ အချိန်တန် လျှင် ရောက်ရှိလာမည်မှာ မလွဲ။ ထာဝရ မဟုတ်သည့်တိုင် အချိန်အကန့် အသတ် မရှိကြောင်း နှစ်ဦးစလုံး နားလည်သည်။ ခုမှပင် အမှတ်တမဲ့ ဖြစ်နေခဲ့သော ခွဲခွာခြင်းအကြောင်းကို အလန့်တကြား စဉ်းစားမိလာသည်၊ မေ့မေ့လျော့လျော့ ပျော်ပျော်ပါးပါး နေခဲ့ရသော အချိန်တို့သည် လွန်ကုန် ခဲ့ချေပြီ၊ ဘယ်နေ့ ဘယ်အချိန် ဘယ်နေရာတွင် တွေ့ခွင့် ပြန်ကြုံရမည်ဟု မှချ မပြောသာ။

အချစ်တောင်ခုံရာ ညောင်ကြတ်ပင်ကြီးအောက်ရှိ ခုံတန်းလျားကလေး ပေါ်တွင် ထိုင်နေကြသည်၊ ဘယ်သူကမှ စကားမစပ်ကြ၊ ဝမ်းမြောက်ဖွယ် မဟုတ်သောစကားကို အလျှင်ဦးအောင် ပြောရမည်ကို ဝန်လေးနေခြင်းသာ၊

သစ်ပုပ်ပင်ပေါ်တွင် ရှဉ့်ညိုလေးတစ်ကောင် ရှိနေ၏။ ကျွန်တော် တို့ကို စိတ်ဝင်စားဟန်မပြဘဲ မြေလျှား သောကစားနေသည်၊ သူ၏ ခြေသံ ကိုပင် ကြားရလောက်အောင် ကျွန်တော်တို့ ငြိမ်သက်နေမိကြသည်၊ အတန် ကြာမှ ကျွန်တော့်သက်ပြင်းချသံသည် တိတ်ဆိတ်ခြင်းကို ဖျက်လိုက်သည်၊ စိတ်မချမ်းမြေ့မှုကို ထိုအသံဖြင့် ကျွန်တော် စတင်မိပြီ၊

သူ့ဘက်သို့ ကျွန်တော်လှည့်ကြည့်သည်၊ သူလည်း အဓိပ္ပာယ် အဓိ အကျမရှိသော မျက်လုံးများဖြင့် ကစ်နေရာသို့ ငေးကြည့်နေသည်၊ မြင်ကွင်း



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



များကို မှတ်မှတ်သားသား ရှိနေပုံမရချေ။ သူ့အကြည့်များသည် ကျောင်းဝင်းကိုကျော်၍ ဟိုးဝေးရာဝေးရာသို့ ရောက်ရှိနေသည်ဟု ထင်သည်။

တစ်ချိန်လုံးပင် သူ့လက်ကလေးကို ဆုပ်ကိုင်ထားမိသည်။ သူ့ဦးခေါင်းသည် ကျွန်တော့်ပခုံးပေါ်သို့ မှီကျလုလု ဖြစ်ဖြစ်သွားသည်။ စကားတစ်ခွန်းနှစ်ခွန်းသာ ပြောဖြစ်သည်။ စကားနိုင်လုခြင်း၊ စကားကတ်ပဲ့ပြောခြင်းဖြင့် ပျော်ရွှင်စရာ မရှာမိကြ။

စကားများများပြောလျှင် 'ခွဲခွာ' ဆိုသော စကားလုံး ပါလာမည်ကို စိုးရိမ်ကြသည်။ မည်သို့ပင်ဖြစ်စေ၊ အိမ်ပြန်ရမည့်အချိန်သည် ရောက်ရှိလာခဲ့လေသည်။

'ပြန်ကြရအောင်' ဆိုသော စကားကို သုံးနာရီ လေးဆယ့်ငါးမိနစ်တွင် တစ်ကြိမ်၊ လေးနာရီတွင်တစ်ကြိမ်၊ လေးနာရီ ဆယ်မိနစ်တွင်တစ်ကြိမ် သူပြောသည်။ ထိုင်ရာမှ မထဖြစ်ကြသေး။ ခုံတန်းလျားတွင်ဖြစ်စေ၊ တောင်ဝိန္ဓပင်၏ကောင်းသော အရိပ်အောက်တွင်ဖြစ်စေ၊ ဝိဇ္ဇာဆောင်၏ ဆင်ဝင်အောက်တွင်ဖြစ်စေ၊ ယုဒသန် ဘုရားရှိခိုးကျောင်း၏ တံခါးဝနားတွင်ဖြစ်စေ၊ အို နောက်ဆုံး၊ သစ်ပုပ်ပင်ကြီးပေါ် မှ ဥဩငှက်များစုတို့၏ အသိုက်ထဲမှာဖြစ်စေနေလို့ရလျှင် ကောင်းမည်။

သို့ရာတွင် အိမ်ဆိုသည်မှာကား အချိန်တန်လျှင် ပြန်ရစမြဲဖြစ်သော အရာ။

သူသည် အိပ်ရေးပျက်နေသူကဲ့သို့ ဖြည်းလေးနှေးကန်စွာ ထရပ်လိုက်သည်။

ကျွန်တော်လည်း သူ့ပခုံးကို အားပြု၍ ထရပ်ရ၏။

သူ့လက်ကလေးကို ဖွဖွနမ်းရင်း နှုတ်ဆက်သည်။ သူသည်ပင် ကျွန်တော့်လက်ကို တစ်ချက်မျှ ဖျစ်ညှစ်လိုက်လေသည်။ မျက်ရည်





ဝဲမလာစေရန် အပြင်းအထန် ထိန်းချုပ်ထားရသော သူ့ကို သနားမိ၏။

နွေသစ်ရွက်တို့ကား မိခင် ပင်စည်မှ တဖွဲဖွဲခွဲခွာလျက် လေတွင် လွင့်မျောကြလေပြီ။

●

ခင်စန်းရယ်

သိပ် သတိရတယ်ကွယ်။

တနေ့ချင်းတာကတော့ ကြာလှပြီ။ ဒါပေမဲ့ ဘယ်သူ့ကို မေးနိုင်းရမှန်း မသိလို့။ ခုတော့ မဦးကိုပဲ ခပ်ရှက်ရှက်နဲ့ အကူအညီ တောင်းလိုက်ရတယ်။ အဲဒါ မဦးကို ကျေးဇူးတင်ကြောင်း ပြောပြပေးပါနော်။

သိပ် တွေ့ချင်တယ်ကွယ်။

အပြင်ထွက်လို့ရအောင် အကြံထုတ်စမ်းပါဦး။ ဖျားနေတဲ့အခါကျတော့မှ ကျန်းမာခြင်းရဲ့ အရသာကို သိနိုင်သလိုပဲ ခုလို ဝေးနေကြရတဲ့အခါကျမှ ကျောင်းမှာတုန်းက နေ့စဉ်နေ့တိုင်း တွေ့ခဲ့ကြရတဲ့ အချိန်တွေကို တန်ဖိုးရှိမှန်း သိလာရတော့တယ်။

မတွေ့ရတော့မှ ပိုပြီး တွေ့ချင်လာတယ်။ ပြီးတော့ ခင်စန်းကို ဘယ်လောက် ချစ်တယ်ဆိုတာ ပိုပြီး သိလာရတယ်။

သိပ်လွမ်းတယ်ကွယ်။

တွေးလိုက်တိုင်း နောက်ဆုံး တွေ့ခဲ့တဲ့နေ့ကို သွားသတိရမိတယ်၊ အဲဒီနေ့က ထိုင်ခဲ့ကြတာ ညောင်ကြတ်ပင်ကြီးအောက်မှာနော်။ အဲဒီ အပင်ကြီးဟာ ကိုကိုတို့ အချစ်စတင်ခဲ့တဲ့ အပင်ကြီး မဟုတ်လား။ ပြီးတော့လည်း အဲဒီနေ့က မိုးရွာတယ်နော်။ ကိုကိုတို့ စချစ်ခဲ့တဲ့နေ့ကလည်း မိုးရွာတာ မှတ်မိမှာပေါ့။ ဘယ်လောက်များ တိုက်ဆိုင်သလဲ။

အဲဒီနေ့က နွေခေါင်ခေါင်ကြီးမှာ မိုးရွာတာနော်။ မြန်မာ့မိုးကလည်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လို့ရတယ်။ သကြန်မိုးလို့လည်း ခေါ်လို့ရတယ်၊ ကိုကိုတို့ နှစ်ယောက် ပြန်မယ်လို့ လျှောက်ထွက်လာပြီးမှ ရုတ်တရက် မိုးရွာချလိုက်လို့ မန္တလေး ဆောင် ဆင်ဝင်အောက်မှာ မိုးဝင်ခိုရသေးတယ် မဟုတ်လား။ နေပူနေတဲ့ အချိန်မှာ မိုးဖွဲဖွဲရွာချလိုက်ရင် မြေသင်းနံ့ရတတ်တယ်။ ကိုကို့ဘဝတစ်သက် တာမှာ အဲဒီနေ့ကရတဲ့ မြေသင်းနံ့ကလေးကို မေ့နိုင်မယ် မထင်ဘူး၊ သိပ်ချစ် တယ်ကွယ်၊

သစ်ပုပ်ပင်ကြီးကို တက္ကသိုလ်နယ်မြေထဲက ခွဲနုတ်ပြီး တခြားတစ်နေ ရာကို ပြောင်းရွှေ့ဖို့ မဖြစ်နိုင်သလိုပဲ ခင်စန်းကို မုန်းဖို့ဆိုတာလည်း မဖြစ် နိုင်ပါဘူး။ ကိုယ့် အိမ်လိပ်စာကို မေ့လို့ မရနိုင်သလို ခင်စန်းကိုလည်း မေ့လို့ မရပါဘူး။

အသက်မရှူဘဲ နေလို့ မဖြစ်သလို ခင်စန်းနဲ့ ခွဲခွာပြီးတော့လည်း နေလို့ မဖြစ်နိုင်ပါဘူးကွယ်၊

ပြီးတော့. . .

●

သတိတရ စာရေးလိုက်ပါတယ်၊

သူ့စာကို ရရချင်း စာပြန်ချင်ပေမယ့် အိမ်မှာက လူမလစ်လို့ ခုမှပဲ ရေးဖြစ်တော့တယ်။ အိမ်မှာ ခုတလော လူနည်းနည်းရှုပ်တယ်၊ သုံးခွက အမေ့အမျိုးတွေ ရောက်နေလို့လေ။ ဒီစာကိုလည်း ညဘက် အားလုံးအိပ် ကုန်တော့မှ ရေးရတာ။ ခုရေးနေတဲ့အချိန်မှာ ဆယ့်တစ်နာရီကျော်နေပြီ။

တို့လည်း သူလိုပဲပေါ့။ သတိမရဘဲ နေပါ့မလား။ အမြဲ သတိရတယ် လို့ ပြောရင် ပိုတယ်လို့ အပြောခံရမယ်ထင်တယ်၊ သူကတော့ မြို့ထဲမှာ တခြားအဆက် အသစ်တွေရနေလို့ မေ့နေမလားပဲ။ အလကား နောက် တာပါ။ သူ့ကို ယုံပါတယ်၊





တွေ့ကြဖို့ ဆိုတာက မလွယ်သေးဘူး။ ကျောင်းတက်တာကလွဲရင် အပြင်ကို တစ်ယောက်တည်း ထွက်တဲ့ အလေ့အထ မရှိသေးဘူး မဟုတ် လား။ ဒါပေမဲ့ တွေ့ရမယ့်ရက်က သိပ်မဝေးတော့ပါဘူး။ လကုန်လောက် ဆိုရင် အောင်စာရင်းတွေထွက်မယ် မဟုတ်လား၊ သတင်းစာကိုသာ နေ့တိုင်း ကြည့်ပေတော့၊ အောင်စာရင်းထွက်တယ် ဆိုတဲ့ သတင်းပါလာတာနဲ့ ကျောင်းမှာ လာစောင့်နေပေါ့။ ကိုးနာရီက စစောင့်နော်၊ အဲဒီနေ့ကျရင် မဦးနဲ့ အတူတူ သွားမယ်လို့ပြောရင် တစ်ယောက်တည်း ထွက်လို့ရလိမ့်မယ် ထင်တယ်၊ ခု လောလောဆယ်တော့ သည်းခံလိုက်ဦးနော်၊ မဦးကတော့ အကြောင်းတစ်ခုခုပြီး သူလာခေါ်မယ်လို့ ပြောသေးတယ်၊ ဒါပေမဲ့တို့က အိမ်ကို မလိမ်ချင်ဘူး။ ညာလည်း မညာရဲဘူး။ အိမ်ကိုညာပြီး ထွက်လာလို့ သိသွားရင် မကောင်းဘူး မဟုတ်လား။

ပြောစရာတစ်ခု ရှိသေးတယ်။

ပြောရမှာ ရှက်တော့ရှက်တယ်။ လူချင်းတွေ့ရင် ပြောလို့ထွက်မှာ မဟုတ်ဘူး။ စာနဲ့ရေးတာတောင် လက်က သိပ်မရဲဘူး သိလား၊

ဘာလဲဆိုတော့ အရင်က တို့ကိုချစ်ပါတယ်လို့ ပြောလာတဲ့ လူတွေကို ကိုယ်ချင်းစာရကောင်းမှန်း မသိခဲ့ဘူး။ သူတို့ အဲဒီလို ပြောတာကိုလည်း အလေးအနက် မထားခဲ့မိဘူး။ ခုမှ သူတို့ကို ကိုယ်ချင်းစာမိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခုမှ တို့က ချစ်တတ်လာလို့ပေါ့။ သူ့ကို တို့ချစ်မိ လို့ပေါ့။ 'သူ' ဆိုတာက ဘယ်သူ့ကို ပြောတာလဲလို့ သိပါတယ်နော်။ သူပြောစေချင်သလို ပြောရရင်တော့ 'ကိုကို့ကို ချစ်နေမိလို့ပေါ့'။

ထားသမ။

●●●



www.burmeseclassic.com

www.burmeseclassic.com

|၁၇|

ပညာရေးခရီး ပြီးဆုံးပြီဟု ဆိုနိုင်သည်။ အောင်စာရင်း မထွက်သေးသော်လည်း အောင်မှာ သေချာကြောင်း ကိုယ့်ကိုယ်ကိုယ် သိ၏။ သို့ရာတွင် ခရီးအဆုံးတစ်ခု၏ ဟိုဘက်တွင် ခရီးအစတစ်ခု ရှိနေလေသည်။ မည်သည့်အရာပင်ဖြစ်စေ ဆုံးခန်းတိုင်သည် ဟူ၍ မရှိ။ ဖြစ်စဉ်တစ်ခု၏ အဆုံးသည် နောက်ဖြစ်စဉ်တစ်ခု၏ အစပင်ဖြစ်လေသည်။ သစ်သား၏ အဆုံးသည် မီးသွေးခဲ၏ အစ၊ မီးသွေးခဲ၏အဆုံးသည် ပြာမှုန်၏အစ၊ ပြာမှုန်၏အဆုံးသည် အခြေခံ ဒြပ်များ၏အစ၊ အခြေခံ ဒြပ်များ၏ အဆုံးသည် အရာဝတ္ထုတစ်ခုခု၏အစ။ အစပြီးလျှင် အဆုံး၊ အဆုံးပြီးလျှင် အစ။

ပညာရေးကိစ္စပြီးဆုံးသောအခါ လက်တွေ့ဘဝကို သူငယ်တန်းမှ တစ်ဖန် ပြန်လည်စတင်ရပေဦးမည်။ ကျွန်တော်၏ဘဝရှေ့ရေးအတွက်ပင် ဖြစ်သည်။ လောလောဆယ်တွင်မူ စားဝတ်နေရေးအတွက် အရေးတကြီး ပူပင်စရာ မလိုသေးဟုထင်သည်။ ဖေဖေ့ကားပြင်လုပ်ငန်းသည် အသင့်





အတင့် နေထိုင်စားသောက်နိုင်လောက်ရုံအတွက် အဆင်ပြေနေဆဲ။ သို့ရာတွင် ထိုလုပ်ငန်းသည် တစ်သက်စာ ဖူလုံပေပြီဟု မည်သူ ပြောဝံ့သနည်း။ ကျွန်တော် ကိုယ်၌ကလည်း မိဘရှာဖွေထားသော ပစ္စည်းဥစ္စာနှင့် မိဘ၏ အစီအမံပေါ်တွင် အသာမှေး၍ လိုက်သွားလိုစိတ် လုံးဝမရှိ။

မိဘသည် အားကိုးထိုက်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း မည်သူမျှ မငြင်းနိုင်။ သို့ရာတွင် အဆုံးစွန် အားကိုး၍ကား မရနိုင်။ ဘဝကို အစပျိုးဖို့အတွက် တစ်စုံတစ်ခုသော အတိုင်းအတာရှိသည့် ထောက်ပံ့မှုကို ရယူရန် မျှသာ ဖြစ်၏။ အတန့်အသတ်နှင့် အားကိုးဖို့သာ ရှိသည်။ တစ်နည်းအားဖြင့် မိဘထံမှ ရရှိသော အထောက်အကူကို အကြွေးဟူ၍ သဘောထားသင့်လေသည်။

ဤအယူအဆများမှာ ဖေဖေ့ထံမှ ကူးစက်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ဖေဖေသည် ငယ်စဉ်က အလွန်ဆင်းရဲသည်။ ကျောင်းနေချင်ရှာလွန်း၍ လမ်းဘေးမှာ ဂျုတ်လုံးရောင်းရင်း စရိတ်ရှာခဲ့ရသည်။ များစွာသော ညစာများကို ဆန်ပြုတ်၊ အီကြာကွေးတို့ဖြင့်လည်းကောင်း၊ ဗယာကြော် နှစ်ခုလောက်ဖြင့် လည်းကောင်း ပြီးခဲ့ရသည်။ ငွေစု၍ အလှကုန်ဆိုင်ကလေး ဖွင့်နိုင်လာသည်။ မေမေနှင့် လက်ထပ်သောအခါ ဖေဖေ စုထားသော ငွေနှင့် မေမေ့တွင် ပါလာသော လက်ဝတ်လက်စားတို့ ရောင်းရငွေတို့ကို ပေါင်း၍ ဖေဖေ ဝါသနာပါရာ ကားပြင်လုပ်ငန်းကို လုပ်ကိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဖေဖေသည် ငွေထက် နာမည်ကောင်း ရခြင်းကို ပို၍ လိုချင်သူ ဖြစ်၏။ 'ဦးဖေအောင် ဝပ်ရှော့' ဆိုလျှင် ကားပိုင်ရှင်တိုင်းလိုလိုက စိတ်ချတတ်သော်လည်း ဖေဖေ ကားပြင်လျှင် စေ့စေ့စပ်စပ် ရှိသောကြောင့် ကြာတတ်သည်။ သူ စိတ်တိုင်း မကျလျှင် ဘယ်တော့မှ လက်မလွှတ်။ ထို့ကြောင့် ဖေဖေ ပြင်ပေးလိုက်သော ကားတစ်စင်းသည် သူ့ထံသို့ နောက်တစ်ကြိမ် ပြင်ရန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာဖို့ အတော်ကြာတတ်လေသည်။ 'ဝှန်း'မှစားသားသောခေတ်တွင် ဖေဖေသည် မချမ်းသာချေ။ ကားမြင်းဆရာကြီးတွင် ကိုယ်ပိုင်ကား မရှိသည်ကိုသာ ကြည့်ပါတော့။ သို့ရာတွင် ဖေဖေသည် အတန်အသင့် ဝင်ငွေရှိမှုတွင် ကျေနပ်ပြီးသား လူမျိုး။ မည်သို့ပင်ဖြစ်စေ ဖေဖေသည် အောက်ခြေမှ တက်လာရသော လူတို့တွင် ရှိတတ်စမြဲ ဖြစ်သော မည်သူ့ကိုမျှ အားမကိုးလိုသောစိတ်ကို ပိုင်ဆိုင်ထားလေသည်။ ယုတ်စွအဆုံး သားဖြစ်သူ ကျွန်တော့်ကိုပင် အားကိုးလိုစိတ် ရှိဟန်မတူ။ ဖေဖေသည် ထိုစိတ်မျိုးကို ကျွန်တော့်အား အမွေပေးခဲ့သည်။ ဖေဖေ့စိတ်ဓာတ်၏ သုံးပုံတစ်ပုံလောက်တော့ ကျွန်တော် ရရှိလိမ့်မည် ဟု ထင်သည်။ သုံးပုံတစ်ပုံဆိုသော စကားကို ထည့်သုံးရခြင်းမှာ အကြောင်း ရှိပါသည်။

ကျွန်တော်သည် ဖေဖေ့ထံမှ စိတ်ဓာတ်အမွေ ရရှိသော်ငြားလည်း ထပ်တူထပ်မျှ မဟုတ်ပါ။ ဖေဖေ့လောက် စိတ်ဓာတ်အင်အား မကြီးမားပါ၊ ဖေဖေ့လောက် မပြတ်သားပါ။ ပြီးတော့ ဝါသနာ။ ဖေဖေကဲ့သို့ စက်မှုလုပ်ငန်း ဝါသနာမျိုး ကျွန်တော့်တွင် မရှိချေ။ ကျွန်တော့်ဝါသနာမှာ စာဖတ်ခြင်း၊ စာရေးခြင်း။ ထိုအမွေအနှစ်ကို မေမေ့ထံမှ ရရှိခဲ့ခြင်း ဖြစ်လေသည်။ မေမေ့တွင် စာပေဗဟုသုတများစွာ ရှိသည်။ ထိုဗဟုသုတများကို အခါအားလျော်စွာ ပြောပြခြင်းဖြင့် ကျွန်တော့်ကို ကူးစက်စေသည်။ ကျွန်တော့်ကို စာရေးဆရာ ဖြစ်ချင်စိတ် ပေါ်ပေါက်လာစေရန် မေမေသည် သူကိုယ်သူ မသိဘဲ လေ့ကျင့် မျိုးထောင်ပေးနေခြင်းသာ ဖြစ်ပါသည်။ တစ်ခု ထူးခြားမြင်သည်မှာ ဖေဖေသည် သူကဲ့သို့ စက်မှုလုပ်ငန်းကို ဝါသနာ မပါဘဲ စိတ်ဝင်စားမှု မပြသည့် သားအပေါ် ထားသည့် သဘောထားကား ကျွန်တော့် ထက်သန်ရာကို လုပ်ကိုင်ရန် ဝမ်းမြောက်ဝမ်းသာ အားပေးအားမြှောက် ပြုခြင်းပင်တည်း။





စာမေးပွဲဖြေပြီးနောက် ဘွဲ့ရခါစ လူတို့ဖြစ်လေ့ရှိသော သဘာဝအတိုင်း ဟိုဟာလုပ်ရကောင်းနိုး၊ ဒီဟာလုပ်ရကောင်းနိုး ဖြစ်ဖူးသည်။ ကိုယ့်ဟာကိုယ် ကြံရာမရသောကြောင့် ဖေဖေတို့ကို ဖွင့်မေးကြည့်သည်။

မေမေက-

"သား ဘယ်လိုစိတ်ကူးရှိသလဲ"

ဖေဖေက-

"လုပ်ချင်တာ လုပ်ပေါ့ကွ"

ကျွန်တော်က-

"ကျွန်တော်လည်း ဘာလုပ်ရမှန်း သေသေချာချာ မစဉ်းစားတတ်သေးဘူး၊ ဖေဖေ့ဝပ်ရှော့ထဲ ဝင်လုပ်ကြည့်ရင် ကောင်းမလားလို့"

ဖေဖေ တစ်ချက်ပြုံးလိုက်သည်။

"ဒါဆိုလည်း ထလေကွာ"

ဖေဖေသည် ပြောပြောဆိုဆို ထရပ်လိုက်သည်။ မေမေက 'ရှင်ဘာတွေ ခွကန့်လန့် လုပ်ဦးမလို့လဲ' ဆိုသော မျက်နှာထားဖြင့် လှမ်းကြည့်သည်။ ဖေဖေက မေမေ့ကို ခေါင်းတစ်ချက် ဆတ်ပြလိုက်၏။

"လာလေ သား၊ သွားရအောင်"

ကျွန်တော်သည်လည်း ထရပ်ပြီး ဖေဖေ့နောက်သို့ လိုက်သွားရသည်။ ဖေဖေသည် ကျွန်တော့်ကို သူ့အလုပ်ရုံထဲသို့ ခေါ်သွားခြင်း ဖြစ်သည်။ သင်္ကြန်တွင်း ဖြစ်သောကြောင့် သူ့အလုပ်သမားတွေ တစ်ယောက်မျှ မရှိကြ။

'ဂျိုက်' ထောက်ထားသော ကားတစ်စင်းအောက်မှာ ဖေဖေ ချိလိုက်သည်။ ကားဘီးက 'နပ်' တွေ ဖြုတ်သော ကြက်ခြေခတ်ပုံစံ ကိရိယာကို ကောက်ယူပြီး ကျွန်တော့်အား လှမ်းပေးသည်။

"သားရေ့ အဲဒီဘီးက နပ်တွေ ဖြုတ်စမ်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ရိုယာ၏ ထိပ်လေးဖက်တွင် နပ်ခေါင်းကို ဖွပ်ရန် အပေါက်များပါသည်။ ပထမတစ်ပေါက်ဖြင့် တပ်ကြည့်သည်။ ချောင်နေ၏။ နောက်တစ်ပေါက် နပ်က ကြီးနေသည်။ နောက်တစ်ပေါက်ကျမှ အံဝင်ခွင်ကျ ဖြစ်သွားသည်။ မေမေ့ကို လှမ်းကြည့်၏။ ဖေဖေ ခေါင်းညိတ်ပြသောကြောင့် လှည့်လိုက်သည်။

"ဟေ့၊ ဟေ့။ အဲဒါ ဖြုတ်တာ မဟုတ်ဘူး။ ကြပ်တာကွ။ နောက်ကို လှည့်ရမှာ"

ကျွန်တော်အားစိုက်၍ လှည့်သည်။ မရ။

"ရူပဗေဒ သဘောတရားလေကွာ။ အရင်းက ကိုင်လှည့်တာနဲ့ အဖျားက ကိုင်လှည့်တာ ဘယ်ဟာက ပိုပြီး အားသက်ရောက်မှု များသလဲ"

လက်များကို အစွန်းဘက်သို့ ရွှေ့၍ လှည့်ပြန်သည်။ နည်းနည်း လည်လာသလို ရှိသော်လည်း အဆင်မချောသေး။

"လက်ဖနောင့်နဲ့ ဖိပြီး ဆတ်ခနဲ တွန်းလိုက်"

နပ်တွေအားလုံး ဖြုတ်အောင် မိနစ်နှစ်ဆယ်လောက် ဖြုတ်ယူရသည်။ ဘီးဖြုတ်သွားတော့ ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေ ရွှဲရွှဲစိုနေပြီ။ လက်ဖနောင့်မှာလည်း နီရဲပြီး နာကျင်နေသည်။ အဝတ်စုတ်ကို ကောက်ယူ၍ လက်သုတ်လိုက်သည်။

"ကျွန်တော် ဘာဆက်လုပ်ရမလဲ ဖေဖေ"

ဖေဖေက ခေါင်းတညိတ်ညိတ်လုပ်ရင်း ပြုံးနေပြန်သည်။ ဖေဖေ ကျွန်တော့်ကို 'ချွတ်'နေတာလားဟု အကဲခတ်ကြည့်၏။ မဟုတ်ပါ။ ဖေဖေ့ မျက်နှာသည် နိုင်ထက်စီးနင်း ပုံစံမျိုးမဟုတ်။ ကျွန်တော့်ကို ပညာပေးနေခြင်းသာ ဖြစ်နိုင်သည်။ ဘီးတစ်လုံးကို ပင်ပန်းစွာ ဖြုတ်ပြီးသည့် နောက်မှာပင် "ဘာဆက်လုပ်ရမလဲ" ပြန်မေးလိုက်သဖြင့် ကျွန်တော်၏ အရှုံးမပေးလိုသော





စိတ်ကို ရိပ်မိသွားဟန်တူသည်။

"လာကွာ သား၊ ပြန်ကြရအောင်။ အိမ်မှာပဲ အေးအေးဆေးဆေး စကားပြောတာပေါ့"

အိမ်ဘက်သို့ လျှောက်လာရင်း ဖေဖေက ပြောသည်။

"ဘီးဖြုတ်တယ်ဆိုတာ ဝပ်ရှော့လုပ်ငန်းရဲ့ အနိမ့်ဆုံး အဆင့်ပဲ ရှိသေးတယ်ကွ"

"တဖြည်းဖြည်းတော့ အဆင်ပြေလာမှာပေါ့ ဖေဖေရ"

ဖေဖေ ဘာမျှပြန်မပြောသေး။ ကျွန်တော်တို့ သားအဖ နှစ်ယောက်သည် ငြိမ်သက်စွာပင် လျှောက်လာကြသည်။ အိမ်ပေါ်သို့ လှမ်းတက်လိုက်သောအခါ မေမေက အကဲခတ်သလို ကြည့်သည်။ စကားအချေအတင် ဖြစ်လာသော လက္ခဏာ မရှိကြောင်း တွေ့တော့မှ သက်သာရာ ရသွားဟန် ရှိ၏။ ကျွန်တော်တို့နှင့်အတူ ဧည့်ခန်း ကုလားထိုင်မှာ ဝင်ထိုင်သည်။ ဖေဖေ့ မျက်နှာထားကို ကျွန်တော် ကြည့်ပြန်သည်။ ဖေဖေသည် တစ်စုံတစ်ခုကို ဆုံးဖြတ်ပြီးသလို ရှိနေလေသည်။ ရေနွေးကြမ်း တစ်ခွက် ငှဲ့၍ ကုန်အောင် သောက်သည်။ စီးကရက်နှစ်လိပ်ထုတ်ပြီး ကျွန်တော့်ကို တစ်လိပ်ပေးသည်။ သူ့နှုတ်ခမ်းမှာ တစ်လိပ်တပ်သည်။ ကျွန်တော် မီးခြစ်ပြီး ညှိပေးလိုက်၏။ ဖေဖေသည် ကျွန်တော် တက္ကသိုလ်မှာ ဒုတိယနှစ်ရောက်သည့်အချိန်မှ စပြီး သူ့ရှေ့တွင် ဆေးလိပ်သောက်ခွင့် ပေးခဲ့သည်။ ခု နောက်ဆုံးနှစ် စာမေးပွဲ ဖြေပြီး နောက်တွင်မူ မကြာခဏ ဆိုသလို သူကိုယ်တိုင် ကျွန်တော့်အား ဆေးလိပ်တည်လေ့ ရှိ၏။ မေမေက သဘောမကျသော်လည်း ဖေဖေသည် သူ့အဓိပ္ပာယ်နှင့် သူရှိနေလိမ့်မည်။ ကျွန်တော့်ကို ရင့်ကျက်ပြီးသော လူကြီး တစ်ယောက်ကဲ့သို့ အရာထား၍ ဆက်ဆံနေခြင်းပင်။

"သား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"သား ဆုံးဖြတ်ပြီးပြီလား"

မေမေ မေးသည်။ "ခင်ဗျား၊ ဘာကိုပါလိမ့်" ဆိုသော စကားမျိုး ပြန်ပြောဖို့ မလိုတော့။ မေမေသည် စကားအပိုတွေ လျှောက်ပြောခြင်းကို မကြိုက်ချေ။ မေမေ့ဝပ်ရှော့မှာ ဝင်လုပ်ဖို့ ကိစ္စကို ဆုံးဖြတ်ပြီးပြီလားဟု မေးဖြစ်ခြင်း ဖြစ်သည်။ အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်တော်သည် ထိုကိစ္စကို တိတိကျကျ မဆုံးဖြတ်ရသေး။ ခဏတစ်ဖြုတ် ဝင်လုပ်ကြည့်လိုခြင်းသာ ဖြစ်သည်။ သေချာသော အဖြေမပေးနိုင်သဖြင့် ဘာမျှပြန်မပြောဘဲ နေလိုက်သည်။

"မေမေ ပြောရမလား။ သားမပြောချင်ရင်"

"ဟုတ်ကဲ့။ မေမေ ဖြစ်စေချင်တာ ပြောပါ"

"မေမေ ဖြစ်စေချင်တာ မဟုတ်ဘူးလေ။ ဖြစ်သင့်ဖြစ်ထိုက်တာကိုပဲ ပြောမှာပါ။ ဒီလိုကွာ၊ သား မေမေ့ ဝပ်ရှော့ထဲမှာ ဝင်မလုပ်ပါနဲ့"

မေမေ့အကြောင်းကို သိပြီးဖြစ်သောကြောင့် မေမေနှင့် ကျွန်တော်သည် မေမေ့စကားအတွက် အထူးတလည် မအံ့သြမိကြချေ။

"မေမေ့အမြင် ပြောရရင် သားအနေနဲ့ စက်ကိရိယာတွေ ဘာတွေ၊ အေးစက်မှုလုပ်ငန်းပေါ့ကွာ။ စိတ်မဝင်စားဘူး မဟုတ်လား"

ကျွန်တော် ဘာမျှပြန်မပြော။ မေမေ့အထင် မှန်ကြောင်းကို ငြိမ်နေခြင်းဖြင့် ဝန်ခံလိုက်သည်။

"မေမေ သားကို အကဲခတ်နေတာ ကြာပြီ။ ငယ်ငယ်ကတည်းက ဆိုပါတော့ကွာ။ သား ငယ်ငယ်က ကစားစရာ တစ်ခုခု ပျက်သွားရင် ဒီအတိုင်း ပစ်ထားလိုက်ရော။ ပြီးတော့ သံပတ်ပေးရတဲ့ ကားကလေးတွေ ဆိုရင်လည်း သံပတ်တစ်ခါပေးပြီး လွှတ်လိုက်လို့ သံပတ်ကုန်ပြီး ရပ်သွားရင်





ထွက်သွားရော။ သံပတ်ထပ်ပေးပြီး မကစားတော့ဘူး။ ဒါပေမဲ့ ကာတွန်းစာအုပ်တွေ၊ ပုံပြင်စာအုပ်တွေဆိုရင် သိပ်ရိုသေတာပဲ။ ဖတ်ပြီးရင် နေရာတကျ ပြန်သိမ်းတယ်။ မတော်တဆ စုတ်ပြဲသွားရင် သေသေချာချာ ကော်နဲ့ ပြန်ကပ်တယ်"

မေမေသည် စကားကို ရပ်၍ စီးကရက် တစ်လိပ် ထပ်ညှိသည်။ ကျွန်တော့်ကိုလည်း တစ်လိပ် လှမ်းပေးသည်။ ကျွန်တော် ခေါင်းခါလိုက်သည်။

"မြဲတော့ သားမှတ်မိမလား မသိဘူး၊ တစ်ခါတုန်းကကွာ၊ တန်ဆောင်တိုင်ကြီး ထင်တယ်။ ဟိုကောင်တွေကလည်း ပွဲလျှောက်ကြည့်နေကြတယ်။ ကာဘရိုက်တာတစ်ခု အရေးတကြီး ပြင်စရာရှိလို့ သားကို မီးထိုးခိုင်းတာလေ။ အဲဒီတုန်းက မီးရောင်က မြင်ရမယ့် နေရာမှာ မရှိဘဲ တလွဲတွေ ဖြစ်နေလို့ သားကို လှမ်းကြည့်လိုက်တော့ သား ဘာတွေ စိတ်ကူးနေသလဲ မသိဘူး၊ တစ်နေရာကို ငေးလို့။ မေမေကတောင် ရည်းစားကို သတိရနေပြီလားလို့ နောက်လိုက်သေးတယ်လေ။ အဲ၊ ရည်းစားဆိုလို့ ပြောရဦးမယ်။ မေမေတို့ ဝပ်ရှော့လုပ်ငန်းဆိုတာ နည်းနည်းတော့ ကြမ်းကြမ်းတမ်းတမ်း လုပ်ရတယ်။ ဝက်အူလှည့်ကို ဖောင်တိန်ကိုင်သလို ကိုင်လို့ မရဘူး။ ပလာယာကို ရည်းစား ရဲ့ လက်ကိုင်သလို ကိုင်လို့ မရဘူး"

မေမေ့ဥပမာသည် ကျွန်တော့်ကို တိုက်ရိုက် လာထိသွားသောကြောင့် ရယ်လိုက်ချင်သော်လည်း မရယ်ရဲ၊ ပြုံးရုံသာ ပြုံးနေလိုက်ရသည်။

"အေးလေကွာ။ မေမေဆိုလိုချင်တာကတော့ သားနဲ့ ဒီလုပ်ငန်းနဲ့ မလိုက်ဖက်ဘူး ဆိုတာပဲ။ သားက စာရေးတာကိုပဲ ဝါသနာပါတာ မဟုတ် လား။ အဲဒီတော့"

မေမေ လှမ်းပေးသော ရေနွေးကြမ်းခွက်ကို လှမ်းယူ၍ သောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးမှ ဖေဖေ စကားဆက်သည်။

"သား မင်း စာရေးဆရာ လုပ်ကွာ"

ထိုစကားကိုပင် ပြောလိမ့်မည်ဟု ထင်နေခဲ့လျက် တကယ့်တကယ် ကြားလာရသောအခါတွင်လည်း တလှိုက်လှိုက် ဝမ်းသာခဲ့ရပြန်သည်။ မေမေ့ မျက်နှာတွင်လည်း စိတ်ချကျေနပ်သွားဟန်ကို မြင်ရလေသည်။ တစ်စုံတစ်ခု မေးလိုက်မည်ဟု ပြင်လိုက်သော်လည်း ကျွန်တော်မေးမည့် မေးခွန်းကို ဖေဖေ က အလျင်မြန်ပြီးသား ဖြစ်သွား၏။

"ဖေဖေ့လုပ်ငန်းအတွက်တော့ မပူနဲ့၊ နောက်ထပ် အနည်းဆုံး ငါးနှစ် တော့ ဖေဖေ ကောင်းကောင်း လုပ်နိုင်သေးတယ်၊ ငါတို့ညီတွေကလည်း သိပ်အားကိုးရတာ မဟုတ်လား။ ဒေါ်း ဒါပေမဲ့ တစ်ခုတော့ ရှိတယ်ကွ"

တိုသွားသော စီးကရက်ကို ပြာခွက်ထဲ ထိုးချေလိုက်သည်။

"သား စိတ်ကို ဖေဖေ သိပြီးသား၊ သား ငွေမက်ဘူးဆိုတာ၊ ဒေါ်း ငွေမမက်ဘူးဆိုပြီး ကိုယ်လုပ်ချင်တာ လျှောက်လုပ်နေလို့တော့ မဖြစ်ဘူးကွ။ ဥပမာကွာ၊ သား ပန်းချီတစ်ပုဒ် မဂ္ဂဇင်းထဲမှာ ပါတယ်ဆိုပါတော့၊ စာမူခ အဖြစ် ငါးဆယ် ပေးတယ်ထားပါတော့။ ကျုပ် ငွေ မမက်ဘူးဗျဆိုပြီး မယူဘဲ နေမလား။ အဲဒီလိုပဲ ငွေရရင်ပြီးရော ဆိုပြီး မလုပ်ချင်တာကို ဖွတ်လုပ်လို့ လည်း မဖြစ်ပြန်ဘူး။ ဖြစ်စေချင်တာကတော့ ထိုက်တန်တဲ့ ငွေလည်း ရစေ။ တစ်ဖက်ကလည်း စာဖတ်သူကို အထက်နိုင်ဆုံး အကျိုးပြုတဲ့ စာပေမျိုး လည်း ဖြစ်စေပေါ့ကွာ။ ကိုယ်က စေတနာမှန်ဖို့ပဲ လိုတယ်၊ အဲဒါဆို ထမင်း စားဖို့လောက်တော့ ဖြစ်လာနိုင်ပါတယ်ကွာ"

ကဲ၊ အဲဒါ ဝင်ရှောဆရာကြီးရဲ့ ပါးစပ်က ထွက်လာတဲ့ စကားတွေ၊ 'ဖေဖေကွ' ဟု ထအော်လိုက်ဖို့ပင် ကောင်းတော့သည်။ ငယ်ငယ်တုန်းက လိုသာဆိုလျှင် ဖေဖေ့ကို ထပြီး ဖက်နမ်းမိပါလိမ့်မည်။ မေမေကတော့





တစ်ချိန်လုံး ဘာမျှဝင်မပြောဘဲ ငြိမ်နားထောင်နေရာမှ အပြီးသတ် တစ်ခွန်း တည်းသာ ပြောသည်။

"ထမင်းစားကြတော့မလား"

မောင်လူလတ် B.A (Philosophy)

မခင်ခင်စန်း B.Sc (Chemistry)

အကယ်၍ ကျွန်တော်တို့ မင်္ဂလာဆောင်ပြီးကြပြီ ဆိုပါစို့၊ ဓိတ်စာ တွင် အထက်ပါအတိုင်း ထည့်သွင်းရိုက်နှိပ်နိုင်မှု ဖြစ်ပါသည်။ ကျွန်တော်တို့ နှစ်ယောက်စလုံး စာမေးပွဲအောင်သည်။ ကျွန်တော့်အနေဖြင့် စာမေးပွဲအောင် ခြင်းအတွက် အထူးတလည် ဝမ်းမသာတော့ပါ။ စာမေးပွဲပြီးကတည်းက ကိုယ့်ကိုယ်ကိုယ် အောင်မည်ဟု သိနေသောကြောင့်လည်း ဖြစ်ကောင်းဖြစ် မည်။ သို့တည်းမဟုတ် စာမေးပွဲအပေါ် ဘယ်တုန်းကမှ မကြောက်လန့် မလေးစားခဲ့ဖူးသော ကျွန်တော့်ဥာဉ်ကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။ ပြီးတော့ စာမေးပွဲအောင်ခြင်းထက် ပို၍ ဝမ်းမြောက်ဖွယ်ကောင်းသော အချက် တစ်ချက်လည်း ရှိနေသေးသည်။

ဒီနေ့ ခင်စန်းနှင့် တွေ့ရတော့မည့်အချက်ပင် ဖြစ်လေသည်။

နောက်ပိုင်း ခင်စန်းဆီ ရေးသောစာထဲတွင် အရေးအကြောင်း ရှိလျှင် မော်ဆရာနံ့ကို ဖုန်းဆက်ဟု မှာထားခဲ့သည်။ တစ်နေ့ကတော့ မော်ဆရာထံ သို့ မဦး ဖုန်းဆက်သည်။ ခင်စန်းက မှာလိုက်ကြောင်း သန်ဘက်ခါ (ဒီနေ့) အောင်စာရင်းထွက်မည်ဟု သတင်းရကြောင်း၊ အောင်စာရင်းတွေ ကပ်ထား မည့် မန္တလေးဆောင်ရှေ့မှာ မနက်ကိုးနာရီလောက် စောင့်ဖို့အကြောင်း၊ ထို့ကြောင့် မနက် ရှစ်နာရီခွဲကတည်းက မန္တလေးဆောင်ရှေ့မှာ ရောက်နေ သည်။

ကျွန်တော်တို့ အတန်းထဲကကောင်တွေ အောင်စာရင်း လာကြည့်



www.burmeseclassic.com

www.burmeseclassic.com



မလားလို့ ရှာသေးသည်။ တစ်ယောက်မျှ မတွေ့ရ။ ကိုးနာရီထိုးခါနီးကျမှ ကိုသန်းဖေ ရောက်လာသည်။

"ဟေ့၊ လူကြီး"

"ဟာ၊ ကောင်ကြီး"

"ခင်ဗျား အောင်တယ်ဗျ"

"ဘာ. . ပြော. . အေး။ အောင်စာရင်းတောင် ထွက်နေမှကိုး"

"ခင်ဗျား၊ အောင်စာရင်း လာကြည့်တာ မဟုတ်လား"

"ဟင့်အင်း၊ အင်းလျားလမ်းက သူငယ်ချင်းတစ်ယောက်အိမ် သွားမလို့လာ"

"ခင်ဗျား၊ ကွာလီဖိုင်းလည်း ဖြစ်တယ်။ ဗိုတနီနဲ့ ဇိုအိုလိုဂျီ ဂုဏ်ထူးထွက်တယ်"

"ဟုတ်လား၊ မင်းကော"

"ကျွန်တော်ကတော့ ရိုးရိုးပဲ အောင်တာပဲ"

"ဟကောင်ရဲ့ မင်း ကွာလီဖိုင်း ဖြစ်သင့်တာပဲ"

"ဇိုအိုဝမ်း ကောင်းကောင်း မဖြေလိုက်ရဘူးဗျာ"

"အေးလေကွာ၊ မင်းအတွက်တော့ သိပ်မထူးပါဘူး။ အမ်အေ ဆက်တက်ချင်တဲ့ကောင်မှ မဟုတ်ဘဲ"

ကွာလီဖိုင်းဖြစ်သည် ဆိုသည်မှာ ဝိဇ္ဇာဘွဲ့ (B.A) ရပြီးနောက် မဟာဝိဇ္ဇာဘွဲ့ (M.A) ဆက်တက်ရန် အရည်အချင်း မီသည်ဟု အဓိပ္ပာယ်ရသည်။

"တင်မြင့်တို့ ကြင်အောင်တို့ ကော်လင်းတို့ရောကွ"

"အောင်တယ်ဗျ၊ ကွာလီဖိုင်းလည်း ဖြစ်ကြတယ်။ ဂုဏ်ထူးတွေလည်း ပါတယ်"





"လာကွာ၊ လက်ဖက်ရည်ဆိုင် သွားရအောင်"

"မလိုက်တော့ဘူးဗျာ၊ စောင့်စရာလေး ရှိလို့"

"ဟကောင်ရဲ့ ဘာတုန်းကွ၊ ကောင်မလေးလား"

ဘာမျှပြန်မပြောဘဲ ရယ်နေလိုက်ရသည်။ စကားပြောလျှင် 'ဟကောင်ရဲ့' ဆိုတာ အမြဲလိုလိုပါတတ်သော ကိုသန်းဖေ ထွက်သွားတော့မှ နာရီကြည့်မိသည်။ ကိုးနာရီဆယ်မိနစ်၊ ခင်စန်း ရောက်မလာသေး။ သူလာမည့်လမ်းဘက်သို့ လှမ်းမျှော်ကြည့်နေမိသည်။

ကိုးနာရီ မိနစ်နှစ်ဆယ်၊ ကားမှတ်တိုင်က သွားစောင့်လျှင် ကောင်းမလားဟု စဉ်းစားမိသေးသည်။ သူက ပုဂံလမ်းမှတ်တိုင်မှာ ဆင်းပြီး အင်းဝလမ်းဘက်က ဖြတ်လာလျှင် လွဲကျန်မည်စိုးသောကြောင့် မသွားဖြစ်။ ခုမှ စဉ်းစားမိပြန်သည်။ သူ့အိမ်က တစ်ယောက်ယောက် ပါလာလျှင် ဘယ်လိုလုပ်မလဲ။ တွေ့လျှင် မသိချင်ယောင် ဆောင်နေမလား။ ခပ်တည်တည် ဝင်ပြီး နှုတ်ဆက်ရမလား။ သူက ချိန်းတာဆိုတော့ တစ်ယောက်တည်း လာမည်ဟုပင် မျှော်လင့်ရသည်။

နာရီကို ကြည့်မိပြန်သည်။ ကိုးနာရီခွဲလုပြီ။ စိတ်မောလှစွာ လှမ်းမျှော်ကြည့်လိုက်သောအခါ ခုချိန်မှာ လုံးဝ မတွေ့ချင်သော သူ့ကို လှမ်းမြင်လိုက်ရ၏။

"သူတော်စိန်"

နှုတ်မှ အသန့်တကြား အသံထွက်သွားမိသည်။ ကျွန်တော့်မျက်နှာသားက စာမေးပွဲအောင်သူဟု မယုံကြည်နိုင်လောက်အောင် ညှိုးငယ်နေမည်ဟု သေချာသည်။ သူတော်စိန်သည် ပြုံးဖြီးဖြီးလုပ်ရင်း လျှောက်လာသည်။

"အောင်တယ် မဟုတ်လားကွ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

"မင်း ဘယ်သူ့ကို စောင့်နေတာလဲ"

စိတ်ပေါက်ပေါက်ရှိသောကြောင့်. . .

"မင့်နှမ စောင့်နေတာ"

"ဟိုက်၊ ခင်စန်းနဲ့ငါနဲ့ ဘယ်တုန်းက မောင်နှမ တော်လိုက်တာလဲ"

ကျွန်တော့်ဘေးမှာ သူ ဝင်ထိုင်သည်။ ကျွန်တော့်ပခုံးကို ပုတ်သည်။

"ဟေ့ကောင်၊ မင်းခုချိန် ခင်စန်းနဲ့ မတွေ့ချင်ဘူးလား"

"သွားစမ်းပါကွာ"

"တကယ် ပြောတာပါကွ။ ငါ ခုန ခင်စန်းနဲ့ တွေ့တယ်"

"ဘာ"

သူ ကျွန်တော့်ကို လှည့်ကြည့်သည်။ ပြုံးတုံးတုံး လုပ်နေသည်။

"တကယ်ပြောတာ၊ ဟေ့ကောင်"

"လုပ်မနေနဲ့"

ကျွန်တော်တလည်း ကိုယ့်ကွက်ကိန်းနှင့်ကိုယ် အခိုင်ဖြစ်သောကြောင့် ပြောလိုက်ခြင်း ဖြစ်သည်။ သူတော်စိန်သည် ခေါင်းတညိတ်ညိတ် လုပ်နေရာမှ-

"မင်း မယုံချင်လည်းနေ၊ ငါ ပြောပြမယ်။ ဟိုတစ်နေ့က ခင်စန်း သူငယ်ချင်း မော်ဆရာဆီ ဖုန်းဆက်တဲ့အချိန်မှာ မော်ဆရာနံ့ကို ငါ ရောက်နေတယ်။ အဲဒီမှာ မင်းတို့ ဒီနေ့ အချိန်းအချက် လုပ်ထားတယ်ဆိုတာ သိရတာပဲ"

"ဘာဖြစ်လဲ၊ အဲဒါ"

"အဲဒီတော့ကွာ၊ တားမှတ်တိုင်ကနေ ငါသွားစောင့်နေတာပေါ့။ ခင်စန်းလည်း ရောက်လာရော ဟဲ. . . ဟဲ"





သူ ပြောပုံမှာ အားလုံး ဟုတ်မှန်နေသဖြင့် အတည်ပေါက် ဖြစ်ကြောင်း သိလာရသည်။

"အဲဒါနဲ့ကွာ၊ ခင်စန်းလည်း ရောက်လာရော ငါက လူလတ်တော့ အရေးကြီးတဲ့ကိစ္စရှိလို့ ဒီနေ့ နည်းနည်း နောက်ကျမယ်။ ဟို၊ အဲကွာ၊ အဲဒီ နေရာက စောင့်နေပါလို့ လူလတ်က မှာလိုက်တယ်ဆိုပြီး လမ်းလွှဲပေးလိုက်တယ်"

"ဘာပြောတယ်"

"အဲ၊ နေဦး၊ ငါနဲ့တူတူ မုတ်ဆိတ်လည်းပါတယ်။ ဒီကောင်က ခင်စန်း ကို ခေါ်သွားပြီ"

"ဘယ်ကို ခေါ်သွားတာလဲ"

"ဒါတော့ ဘယ်ပြောလို့ ဖြစ်မလဲကွ၊ လုံခြုံတဲ့ တစ်နေရာရာပေါ့။ မင်း သိချင်လား"

ကျွန်တော် နားလည်ပြီ။ ဒီကောင်တွေ ခင်စန်းကို လမ်းက ဖြတ်ခေါ် သွားပြီ။ ပြန်ပေးဆွဲသည့်သဘောမျိုး လုပ်၍ ကျွန်တော့်ကို ငွေညှစ်တော့ မည်။

"ဒါ ဘာလုပ်ပေးရမလဲ"

"ဟဲ. . ဟဲ။ စားစာခံကို ပြန်လွှတ်ပေးစေချင်ရင်တော့ လက်ဖက်ရည် နဲ့ မုန့်ပေါ့ကွာ"

ဒီကောင်ကို ပြန်ညစ်ပြီး 'နေပါစေကွာ၊ မတွေ့ရင်လည်း နေပါစေ' ဟု ပြန်ပြောမည်ဟု စိတ်ကူးမိသေးသည်။ သို့ရာတွင် ခင်စန်းနှင့် မတွေ့ရလို့ မဖြစ်ကြောင်း ကျွန်တော်၏ ပျော့ကွက်ကို သူတို့ သိနေပြီ။ ထို့ကြောင့်-

"အေးကွာ၊ တိုက်မယ်"

"ဟီး ဟီး။ လေယာဉ်တင် သဘောကြီးတစ်စင်းပဲ လွှတ်လိုက်ရသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လေသံက ချက်ချင်း လျော့သွားတာပါလားကွ၊ တောင်းဆိုချက် လိုက်လျောပြီ ဆိုပါတော့”

“ဈေးတဲ့မှပဲ ကြော်ပါတယ်ဆိုမှ ညှာတာလီးယားလက်နက်တွေ ထုတ်ပြနေပြန်ပြီ”

“အိုကေ၊ အိုကေ၊ ဒါဆိုရင် သွားကြစို့”

မန္တလေးဆောင်ဘက်မှ တွေ့လျှောက်ပြီး တောင်ဥဆောင်ဘက် ရောက်မှ ခင်စန်း ဘယ်မှာရှိသည်ကို မိုမိုလိုက်သည်။

“ဟေ့ကောင်၊ ခင်စန်း ဦးချစ်ဆိုင်မှာ မဟုတ်လား”

သူမတော်စိန်က ခေါင်းညိတ်ပြသည်။

“ဒါဆို ငါ နေရာသိသွားပြီပဲ၊ မင်းတို့ကို လက်ဖက်ရည် မတိုက်တော့ဘူး”

“ဘယ်ရမလဲ လူလတ်ရာ၊ မဝိုင်းဘဲ လုပ်ပါ့မလားကွ၊ ငါတို့ကို မြင်တာနဲ့ မှတ်ဆိတ်က ထလာမှာ၊ ဟိုမှာက ငါတို့ စားသောက်ထားတဲ့ ပန်းကန်တွေနဲ့ ခင်စန်းနဲ့ ကျန်ခဲ့မှာ၊ မင်းရောက်သွားတော့ ရှင်းလိုက်ပေါ့ကွ”

“ခွေးမသား၊ ပေါက်ပေါက်ရှာရှာ ဒီအကြံ မင်း ဘယ်က ရသလဲ”

“မင်းကလည်းကွာ၊ စားစာခံတွေ ဖမ်းပြီး ခြိမ်းခြောက်တာ ကမ္ဘာ့အဝန်း ခေတ်စားနေတာပဲဟာ၊ ပြီးတော့ မင်း အရင် ခင်စန်းကို လိုက်နေတုန်းက ငါတို့နှစ်ယောက်ကို မပြောဘဲ လျှိုထားတယ် မဟုတ်လား။ အဲဒီအတွက် လက်စားချေဖို့ စောင့်နေတာ ကြာလှပြီကွ”

သူတော်စိန် ပြောခဲ့သည့်အတိုင်းပင် ဖြစ်သည်၊ ကျွန်တော်တို့ ဆိုင်သို့ ရောက်လျှင်ပင် မှတ်ဆိတ် လှမ်းမြင်သွားပြီး ထထွက်လာသည်၊ သူက-

“ကြာလှချည်လားကွ၊ ဒီပရိုဂရမ်ကို ဆယ့်လေးမိနစ်နဲ့ သုံးဆယ့်ခြောက် စက္ကန့်အတွင်း ပြီးအောင် ဆောင်ရွက်ရမယ်လို့ ပြောထားတယ်





မဟုတ်လား”

“ဟုတ်တဲ့ ဆရာ၊ ဒါပေမဲ့ ဒီကောင်က အင်တင်တင် လုပ်နေလို့ လေယာဉ်ပျံကို ဖောက်ခွဲပစ်လိုက်ရမလားလို့ ရာဇသံပေးလိုက်မှ လိုက်လျောလိုက်တာ၊ ခိုးတဲ့မှပဲ၊ သွားမယ် ဟေ့ကောင်”

“လူလတ် သွားမယ်ဟေ့၊ ကျေးဇူးပဲ၊ ခုန မင်းတို့ကို စောင့်နေရင်းနဲ့ ခင်စန်းကို တစ်ခုခု စားပါလားလို့ ပြောတာ ဘာမှလည်း မစားဘူးကွ၊ မင်းနဲ့မှ အတူတူ စားချင်လို့နဲ့ တူတယ်၊ မြန်မြန်သွား”

ဟု မှတ်ဆိတ်တပါ ဝင်ရောက် နှုတ်ဆက်ပြီး ထွက်သွားကြသည်၊ သူတို့ ထွက်သွားသည့်နှင့် တစ်ပြိုင်နက် ဆိုင်အတွင်းသို့ ခြေလှမ်းကျဲဖြင့် ဝင်ခဲ့သည်။

ကျွန်တော်တို့ နှစ်ယောက်သည် နှစ်ပေါင်းများစွာ ကွဲကွာနေကြသူများကဲ့သို့ တစ်ယောက်နှင့် တစ်ယောက် ကြည့်လို့မဝအောင် ဖြစ်နေကြပေသည်။ ကျွန်တော်က ဗိုသည်းမည်မှာ သေချာသည်၊ ဦးချစ်ဆိုင်မှာတုန်းက မုန့်တစ်ခုခု စားဖို့ပြောသော်လည်း သူမစား၊ အောင်စာရင်းကို အလျှင် သွားကြည့်ချင်သည်ဟု ပြောသည်၊ ကျွန်တော် ပြောပြရုံဖြင့် အားမရသေး၊ သူကိုယ်တိုင် ကြည့်ချင်နေသည်။ မိန်းကလေးတို့၏ သဘာဝပင်၊ ထို့ကြောင့် ဟိုနှစ်ကောင် စားသွားသော ပေါက်စီ နှစ်လုံးနှင့် လက်ဖက်ရည် နှစ်ခွက်ဖိုး ရှင်းပြီး မန္တလေးဆောင်သို့ ပြန်လာခဲ့ရသည်၊

အောင်စာရင်း ကြည့်ပြီးတော့ အင်းလျားကန်ဘက်သို့ ထွက်လာခဲ့သည်၊ ကန်စပ်က ဘူးသီးကြော်ဆိုင်မှာ ခဏထိုင်စားသည်။ နောက် လှေလှော်ရွက်တိုက် အသင်းဘက်မှာ သွားထိုင်သည်။ (ထိုနေရာမှာ ကျောင်းနေ ထားစဉ် အချိန်ဆိုလျှင် သူငယ်ချင်းအုပ်စုလိုက်၊ သမီးရည်းစားမကျ[illegible] သမီးရည်းစားဖြစ်ခါစ လူများ လာလေ့ ရှိသည်။)



www.burmeseclassic.com

www.burmeseclassic.com



"မမြင်ဖူးဘူးလား။ ဒီလောက်တောင် ကြည့်နေတာ။ ဘာလဲ မတွေ့တာကြာလို့ မမှတ်မိတော့ဘူးလား"

"မဟုတ်ပါဘူး။ မတွေ့ရတာ ကြာတော့ ပိုပြီး လှလာလို့ ကြည့်မဝ ဖြစ်နေတာ"

"တွေ့တုန်းတော့ ပြောတာပဲ။ ဟိုရက်တွေကတော့ ဘယ်ဟာတွေနဲ့ တွဲလျှောက်နေသလဲ မသိဘူး"

"နှစ်ယောက်တည်းပါ"

"ကြည့် ပေါ်ပြီ။ ဘယ်သူတွေလဲ မှန်မှန်ပြော"

"ပွင့်ကောင်းနဲ့ မော်ဆာရာလေ"

သူ ရယ်သည်။ သူ ကျွန်တော့်ကို စိတ်ချကြောင်း ကျွန်တော် သိ[illegible]သည်။ စိတ်မချဘဲ နေပါ့မလား။ သူမှတစ်ပါး ကျွန်တော့်လိုကောင်ကို တခြား ဘယ်မိန်းကလေးကမှ ကြိုက်လိမ့်မည် မဟုတ်ကြောင်း သူ အတပ်သိပြီးသား။ ကျွန်တော်ကလည်း သူ့လို ဘက်စုံပြည့်စုံပြီးသား မိန်းကလေးတစ်ယောက်အ လွဲလို့ ဘယ်သူ့ကိုမျှ ကြိုက်ရမတုံး။

"ကျူရှာစာရင်းတွေ ဘယ်တော့ ထွက်မလဲ မသိဘူးနော်"

"ခင်စန်းက ကျူရှာ တက်ချင်လို့လား"

"တက်ချင်တယ်တော့ မဟုတ်ပါဘူး။ ရ မရ သိချင်တာပေါ့"

"ဘာလဲ၊ ကွာလီဖိုင်း မဖြစ်လို့ စိတ်မကောင်းဖြစ်နေလား"

"မဖြစ်ပါဘူး။ ပြေပြီးကတည်းက အောင်ရုံပဲ ရမယ်ဆိုတာ သိသားပဲ။ ဒီနှစ် စာမေးပွဲဖြေရတာ အရင်နှစ်တွေကနဲ့ မတူဘူး"

"ဘာဖြစ်လို့လဲ"

"အရင်နှစ်တွေကဆိုရင် စိတ်အနှောင့်အယှက် မရှိဘူး။ စာတစ်ခုတည်း သာ အာရုံစိုက်လို့ ရတယ်"





"ဒီနှစ်မှ ကိုယ်နဲ့တွေ့ရလို့ စိတ်အနှောင့်အယှက် ဖြစ်ရတယ် ဆိုပါတော့"

"အမှန်အတိုင်း ပြောရရင်တော့ ဟုတ်တယ်။ စာကျက်ရတာ စိတ်မဖြောင့်ဘူး"

"ကိုယ့်ကိုပဲ သတိရနေတယ်ပေါ့"

"အင်း၊ ဟုတ်တယ်။ သူ စာမှကောင်းကောင်းကျက်ရဲ့လား။ စာမကျက်ဘဲ လက်ဖက်ရည်ဆိုင်မှာချည်း ရှောက်နေမလားလို့ စိုးရိမ်လိုက်ရတာ။ စာမေးပွဲ ဖြေတဲ့ရက်တွေတုန်းကလည်း သူရော ဖြေနိုင်ပါ့မလားလို့ ပူနေရတာ"

'ကျူရှာ' ဆိုသည်မှာ 'ကွာလီဖိုင်းဖြစ်ခြင်း' အထက် တစ်ဆင့်နိမ့်သည်။ ကွာလီဖိုင်းဖြစ်လျှင် မဟာ ဝိဇ္ဇာ/သိပ္ပံ အပိုင်းတစ်ကို တိုက်ရိုက် တက်ခွင့်ရသည်။ ကျူရှာဆိုလျှင် အရည်အချင်းစစ် စာမေးပွဲတစ်နှစ် ပြန်ဖြေပြီး အောင်မှ မဟာဝိဇ္ဇာ/သိပ္ပံအပိုင်းတစ် ဆက်တက်ရသည်။

"ဒါနဲ့ နေပါဦး။ မနက်က အရေးကြီးတဲ့ကိစ္စ ရှိတယ်ဆိုတာ ဘာလဲ" သူ မေးသည်။

"ဘာမှ မဟုတ်ဘူး။ အလကား ဟိုကောင်တွေ နောက်တာ။ ကိုယ်က မန္တလေးဆောင်ရှေ့မှာ ရှစ်နာရီခွဲကတည်းက စောင့်နေတာ။ အဲဒါ ဟိုကောင်တွေ သက်သက်မဲ့ စနောက်တာ" ဆိုပြီး မနေ့က သူတော်စိန်နှင့် မှတ်ဆိတ်တို့ ခင်စန်းကို ပြန်ပေးဆွဲပြီး ငွေညှစ်သည့်အကြောင်း ပြောပြရသည်။

"သူသူငယ်ချင်းတွေက သိပ်နောက်တာပဲနော်။ နေစမ်းပါဦး၊ သူ[illegible] ဝိနည်းက လုပ်သားတောလိပ်ဘက်တယ်ဆိုပြီးတော့ ဘာအလုပ်မှလည်း [illegible] ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အစတော့ ရေနဲ့ မီးလွှာဌာနမှာ လုပ်တယ်လေ။ ဒါကြောင့် လုပ်သား ကောလိပ်တက်ခွင့်ရတာပေါ့။ ခုတော့ အလုပ်က ထွက်ပြီး စက္ကူပွဲစား လုပ်နေတယ်။ ဒါပေမဲ့ ကျောင်းကိုတော့ အသိမပေးသေးဘဲ ဆက်တက်နေတာ"

"မုတ်ဆိတ်နဲ့ ကြိုက်နေတဲ့ အစ်မကြီးက အသက်သုံးဆယ့်ငါးနှစ်လောက် ရှိပြီဆို။ နောက်ပြီးတော့ တစ်ခုလပ်တဲ့။ ကလေးနှစ်ယောက် ရှိတယ်တဲ့"

"ဘယ်သူပြောလဲ"

"သူတော်စိန် ပြောတာပဲ"

"ဟား သူတော်စိတ်စကားများ ယုံရတယ်လို့၊ ဘယ်ကလာ ဟုတ်ရမှာလဲ။ ကိုယ်တို့ကသာ အစ်မကြီးလို့ ခေါ်နေတာ။ အသက် နှစ်ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ်။ မုတ်ဆိတ်ထက် နှစ်နှစ်ပဲ ကြီးတာပါ။ ပြီးတော့ ကလေးအမေလည်း မဟုတ်ဘူး။ အပျိုပါ။ အမှတ်တမဲ့ ကြည့်ရင် မုတ်ဆိတ်နဲ့ ရွယ်တူလောက်ပဲ ထင်ရတယ်။ သူတော်စိန်ဆိုတဲ့ ကောင်ကတော့ မဟုတ်တာ ဟုတ်က ပြောတဲ့နေရာမှာ နှစ်ယောက် မရှိဘူး"

စကားစပြတ်သွားကြပြန်သည်။ ခွဲနေကြရသော ရက်များအတွင်းက ဘယ်လောက်လွမ်းကြောင်း ပြောပြချင်သည်။ ဘယ်လိုက ဘယ်လို စပြောလျှင် ကောင်းမလဲဟု စဉ်းစားရသည်။ နောက်တော့ ပြောစရာ စကားတစ်ခုကို သတိရလေသည်။

"ဟိုရက်တွေတုန်းက သိပ်လွမ်းတာပဲ"

သူ ဘာမျှပြန်မပြောချင်။

"ခင်စန်းတော့ ကိုယ့်ကို မလွမ်းဘူးလား"

ခေါင်းကိုသာ ညိတ်ပြသည်။ ဤတွင် အလွမ်းစကားပြီးသည်။ ထို့နောက်တွင် တစ်ယောက်နှင့်တစ်ယောက် မတွေ့ကြရသော ရက်များအတွင်း





ဘာတွေလုပ်သည်၊ ဘယ်သွားသည်၊ ဘာရုပ်ရှင်ကြည့်သည် ဆိုသော အကြောင်းများကို အပြန်အလှန် ပြောကြသည်။

"ကိုယ်တို့နှစ်ယောက်က ရယ်ရတယ်နော်"

"ဘာ ရယ်ရတာလဲ" ဟု နားမလည်ဟန်ဖြင့် သူ ပြန်မေး၏။

"ဟိုဟာလေ၊ သူများအတွဲတွေဆိုရင် ကိုကိုရဲ့ မောင်ရဲ့ အချစ်ရဲ့ ဆိုပြီး သိပ်ချိုကြတာ။ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲမှာဆိုလည်း ကြည့်ပါလား။ ကိုယ်တို့နှစ်ယောက်ကတော့ အဲဒါမျိုးတွေ သိပ်မပြောဖြစ်ကြဘူးနော်။ မှင်ကောင်းတို့ မျှော်ဆရာတို့ကတောင် ပြောတယ်။ မင်းက ကွယ်ရာကျရင်သာ အဖြစ်သည်းနေတာတဲ့။ ခင်စန်းနဲ့ တွေ့တဲ့အခါကျတော့ သူငယ်ချင်း ပုံစံမျိုးကကို မတက်ဘူးတဲ့"

"ပါးစပ်က ဘယ်လောက် ပြောနေပြောနေ စိတ်ထဲက မပါရင် အလကားပဲ။ သိပ်မပြောပေမယ့်လည်း စိတ်ထဲက"

သူ့စကားကို မဆက်ဘဲ ခဏရပ်သွားသည်။ ပြီးမှ 'တကယ်ချစ်ရင် ပြီးတာပဲ" ဟု ခပ်တိုးတိုးပြောသည်။ မျက်နှာ ဟိုဘက်နည်းနည်းလှည့်သွားပြီး အင်းလျားကန်ထဲမှ ရွက်လှေများကို ငေးကြည့်နေသည်။

"ဟုတ်တယ်နော်၊ ကိုယ်တို့နှစ်ယောက်က သူများတွေလို သိပ် ချွဲချွဲပျစ်ပျစ် မပြောကြပေမယ့် တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်ကြတာ မဟုတ်လား။ ဒါပေမဲ့ ခင်စန်းရေ"

ဟု ပြောပြီး သူ့ညာဘက်လက်ကို ကျွန်တော့်ညာလက်ဖြင့် ဆုပ်ကိုင်လိုက်သည်။ ဟုတ်တဲ့ကွယ်။ ကျွန်တော့် ဘယ်လက်လက်ကား ဘယ်အချိန်က ဘယ်လို သူ့ပခုံးကို ဖက်ထားမိမှန်း မသိလိုက်ချေ။ သူသည် ဟိုဘက်လှည့်နေရာမှ အတန်ငယ် ပြန်လှည့်လာသည်။ ခေါင်းကို ငုံ့စောင်း၍ ကျွန်တော့်ကို တစ်ချက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ကိုကိုလို့တော့ ခေါ်ဖို့ ကောင်းပါတယ်"

ဘာမှပြန်မပြောဘဲ ခေါင်းငုံ့သွားသည်။

"ခေါ်လေ"

"ခေါ်မှာပေါ့၊ နောက်တော့"

"ခုပဲ ခေါ်ပါ"

"ဘာထဲမှာ ခေါ်သားပဲ"

"အို၊ အသံကို ကြားချင်တာ"

"ခု အသံကို ကြားနေရသားပဲ"

"ကိုကိုလို့ ခေါ်တဲ့အသံ"

သူ ခဏမျှ ငြိမ်နေသည်။

"တင့်အင်း၊ ခေါ်တော့ ခေါ်ချင်ပါတယ်။ ခေါ်ဖို့ ကြိုးစားကြည့်လို့ မရဘူး။ တစ်နေ့နေ့တော့ ခေါ်ပါ့မယ်၊ ခုတော့ မခေါ်ရဲသေးဘူး"

"အဲဒီလိုပဲ တစ်နေ့နေ့ တစ်နေ့နေ့နဲ့ ကြာလှပြီ"

အတင်းအကျပ် ခေါ်ခိုင်းဖို့ ဆက်မကြိုးစားတော့။ သူ့ကို ခေါ်ခိုင်းသည့်အခါတိုင်း ခုလိုပင် ဖြစ်လေ့ရှိသည်။ ခေါ်ဖို့ ကြိုးစားကြည့်သည်၊ သူ့ဘာသာ နှုတ်မရဲ။ စိတ်ကျဉ်းကျပ်ပြီး ချွေးကလေး စို့လာတတ်သည်၊ ထိုအခါမျိုးတွင် သူ့မျက်နှာကလေးသည် သနားစဖွယ်၊ ဤကဲ့သို့ တစ်ဖက်က အလျှော့ပေးလိုက်သောအခါ တစ်ဖက်က အခွင့်အရေးတစ်ခုကို ရရှိသည်။ ပြန်ခါနီးတွင် သူ့နဖူးပြင်ကလေးကို တစ်ကြိမ် နမ်းခွင့်ရခြင်းပင် ဖြစ်ပါသည်။

အပြန်လမ်းတွင် ထူးခြားမှု တစ်ခုကို တွေ့ရသည်၊ အင်းလျားလမ်းကို ရောက်ခါနီး ကုန်းအတက်တွင် ကျွန်တော့်လွယ်အိတ်က တင်းခနဲ ဖြစ်သွားသောကြောင့် ငုံ့ကြည့်လိုက်ရာ၊ ခင်စန်းသည် လွယ်အိတ်၏ အမြိတ်ကို ဆွဲကိုင်၍ အားယူပြီး လှမ်းတက်နေသည်ကို တွေ့လိုက်ရလေသည်။





ပြော်. . . ခင်စန်း၊ ခင်စန်း၊ သူများ မိန်းကလေးတွေလို ကိုယ့်ချစ်သူရဲ့ လက်မောင်းကို အားပြုချင်ပါလျက်ကနဲ့ မကိုင်ရဲလို့ လွယ်အိတ် အမြိတ်ကလေးကိုပဲ ဆွဲထားရရှာပါကလား။

"ခင်စန်း၊ ကိုယ့်လက်မောင်းကို ကိုင်ချင် ကိုင်ထားပါလား"

သူ့အကြောင်းကို ကျွန်တော် ရိပ်မိသွားသောကြောင့် ရှက်သွားဟန်တူသည်၊ ကျွန်တော့်လက်မောင်းကို ထုရာ၊ သူ့လက်ကလေးကို ကျွန်တော်ဖမ်းဆုပ်ထားလိုက်သည်၊ သူ့မျက်လုံးတောင့်ကပ်ကြည့်ရင်း ပြုံးသည်။ သူသည် ကျွန်တော့်အပေါ် ကျေနပ် နှစ်သိမ့်သွားသည့်အခါ ခုလိုပင် ကြည့်လေ့ရှိသည်။ ပြီးတော့ သူ ချစ်စနိုးဖြင့် ပြုံးသောအခါ ဘယ်ဘက်အပေါ် နှုတ်ခမ်းထွန့်ရုံမျှ ပြုံးလေ့ ရှိသည်။

ထိုမျက်လုံးနှင့် ထိုအပြုံးသည်-

ကျွန်တော့်ကို တစ်သက်တာလုံး ချုပ်ကိုင်စိုးမိုး၍ ကျွဲကြီးလို နွားကြီးလို နိုင်းစေသွားစေနိုင်သော အစွမ်းရှိသည်။

သို့ရာတွင် ကျွန်တော်သည် သူနိုင်းတိုင်း လုပ်မည့် ကောင်မျိုးမဟုတ်။ သူ မခိုင်းခင်ကတည်းက အားလုံး အဆင်သင့်ဖြစ်အောင် ကြိုတင် လုပ်ကိုင်ထားမည့်ကောင်မျိုးသာ ဖြစ်ပေသည်။

ငါတွေ။

●

ဈေးဆိုသည်မှာ လူအသွားအလာ ရှုပ်သော နေရာမျိုး ဖြစ်သောကြောင့် မျက်စိတွေ ညောင်းလာသည်။ ဒါဖြင့် ဘာလို့ မနေနိုင် မထိုင်နိုင် သွားကြည့်နေရတာလဲဆိုတော့. . .

သိတဲ့အတိုင်းပါပဲ၊ ခင်စန်းကို သွားစောင့်နေတာ၊ [illegible]တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ တွေ့တုန်းက သိခဲ့ရသည်။ ခုနောက်ပိုင်း ခင်စန်း ဈေးလာမဝယ်တဲ့။ အလျှင်ကဆိုလျှင် သူ့အစ်မကြီးက ဈေးဝယ်၊ ခင်စန်းက အိမ်မှချက်။ ခုနောက်ပိုင်းကျတော့ ခင်စန်းက အပြင်ထွက်ဖို့ အကြံအဖန် လုပ်ကြည့်သတဲ့။ အိမ်မှာ ချက်တာ ပြုတ်တာချည်းပဲ လုပ်နေရတော့ သားငွေ၊ ငါးဈေး အကြောင်း ဘယ်သိတော့မလဲ။ မိန်းကလေးဆိုတာ ဈေးဝယ်လည်း တတ်ရတယ် အာညာပြောပြီး သူ့အစ်မနဲ့ 'ချူတီ' လဲလိုက်သတဲ့။

လွန်ခဲ့သော နှစ်ရက်ကတည်းက ကျွန်တော် လာစောင့်သည်။ ဈေးနေ့က ဆိုက်ကားတဲထဲမှာ။ တိုရက်တွေက အစပိုင်းမို့လို့ ထင်သည်။ သူ့အစ်မပါ ပါလာသည်။ ဈေး 'အထာ' များ ပြသခြင်း၊ ဝယ်နေကျဆိုင်များနှင့် မိတ်ဆက်ပေးခြင်းများ ပြုလုပ်ပေးလိမ့်မည်။ ဒီနေ့တော့ဖြင့် သူတစ်ယောက်တည်း လာတန်ကောင်းပါရဲ့ဟု မျှော်လင့်ရလေသည်။ တိုရက်တွေတုန်းက သူ့ကို တွေ့သော်လည်း သွားစကားမပြောရဲ၊ သူကလည်း ကျွန်တော့်ကို မြင်သည်။ သို့ရာတွင် မခေါ်ရဲ၊ သူ့အစ်မ မမြင်အောင် ပုန်းလျှိုးကွယ်လျှိုး ကြည့်ရသည်။ အခွင့်သာခိုက် မျက်လုံးချင်းဆုံလျှင် မသိမသာ ပြုံးပြရသည်။ ထိုမျှနှင့်ပင် ကျေနပ်ခဲ့ရ၏။

အတွေးလွန်သွားသောကြောင့် ခေတ္တမျှ မျက်ခြည်ပြတ်သွားသည်။ လူအုပ်ကြားထဲသို့ အမြေးအလွှား မျက်စိကစားလိုက်ရသည်။ မြင်ကွင်းထဲမှာ ရှုပ်ယှက်ခတ်နေသည့် ကြားထဲကပင် ပယ်တစ်တစ် ခြင်းတောင်းအပြာကို ဆွဲထားသော လက်ကလေးကို လှမ်းမြင်လိုက်သောကြောင့် ဆတ်ခနဲ ထရပ်လိုက်၏။ လက်ကလေးကိုသာ မြင်ရသည်ပင်ဖြစ်စေ သူဖြစ်ကြောင်း ကျွန်တော် မှတ်မိနိုင်ပါသည်။

လမ်းဖြတ်ကူးလိုက်သည်။ ဈေးဝယ်လာသူများကို တိုးဝှေ့ကွေ့ရှောင်ပြီး သူရှိရာသို့ သွားသည်။ သူသည် ဟောဈေးသည်တစ်ဦးထံမှ ချဉ်ပေါင်





ရွက်စည်းများ ဝယ်နေခြင်းဖြစ်ပါသည်။ ကျွန်တော့်ကို မြင်သောအခါ သူ ပြုံးပြသည်။

"တို့က မလာတော့ဘူးလို့ ထင်နေတာ၊ စိတ်ဓာတ်များ ကျသွားပြီလားလို့"

"ဘယ်ကျလိမ့်မလဲ။ တိုအစ်မက အစပိုင်းမို့လို့သာ လိုက်လာတာဆိုတာ သိတာပေါ့"

ဈေးသည်က မြန်အမ်းသောအကြွေကိုယူပြီး ထွက်လာခဲ့သည်။ ဈေးအလယ်ပေါက်မှဝင်ပြီး ဘယ်ဘက်သို့ ကွေ့လိုက်၏။ သူ့ခြင်းတောင်းကို လှမ်းယူလိုက်လျှင် ကောင်းမလားဟု စဉ်းစားမိသော်လည်း မယူဖြစ်။

ငါးတန်းထဲသို့ရောက်လာသည်။ ငါးသည်များ၏ အသံကို ကြားရ၏။

"ဟောဒီမှာ ငါးခူတွေ လတ်လိုက်တာနော်"

"ညီမရေ ငါးမြင်းဗိုက်သား ဝယ်သွားပါဦးလား"

"ငါးသလောက်တွေ အလေးပြည့်ပြည့် ချိန်ပေးလိုက်မယ်"

"လာတုန်း ဝယ်သွား၊ ကြုံတုန်း ဝယ်သွား"

ရိုင်းပျခြင်းကို ဥပမာပေးလျှင် 'ငါးစိမ်းသည်ပါးစပ်' နှင့် နှိုင်းတတ်ကြသည်။ ခု ကျွန်တော် ကြားရသလောက်တော့ ရိုင်းရိုင်းစိုင်းစိုင်း ပြောသံကို မကြားရ။ ဈေးသည်ဆိုသည်မှာ ဝယ်သူ ကျေနပ်အောင် ပြောတတ်စမြဲဖြစ်ကြောင်း အသိတစ်ခု တိုးရလိုက်သည်။ စိတ်အခန့်မသင့်သော အခါမှာတော့ စိန်ပွဲစားပင်လျှင် မာဆတ်ဆတ် ပြောချင် ပြောပေလိမ့်မည်။

ခင်စန်းက ငါးခူဝယ်သည်။ 'ငါးခူ ဘယ်ဈေးလဲ' ဟု မေးသော အခါ ငါးသည်က 'ခြောက်ကျပ်' ဟု ပြောသည်။ ကျွန်တော့်စိတ်ထဲတွင် ... သက်သာလှချည်လားဟု ထင်လိုက်မိသည်။ အမှန်မှာ နှစ်ဆယ့်...ကျပ်ဈေး ဖြစ်သည်။ ဝယ်သူတွေကလည်း ခြောက်ကျပ်...ပြောရုံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နားလည်သည်။ ငါးခူဆိုလျှင် နှစ်ဆယ်ကျော်သည်ချည်း ဖြစ်သောကြောင့် 'နှစ်ဆယ်' ဆိုသော စကားသည် အပိုဖြစ်နေ၏၊ ထည့်ပြောရန် မလိုတော့

ပြီတော့ ငါးကိုချိန်တွယ်ပုံသည်လည်း ထူးခြား၏၊ တခြားပစ္စည်းတွေ ဝယ်ပုံနှင့်မတူ။ ဥပမာ ဆီဝယ်လျှင် 'နှစ်ကျပ်သားပေးပါ' ဟု ကိုယ်လိုချင်သော အလေးချိန် အခြင်အတွယ်ကို အလျှော်ပြောရသည်၊ ငါးကျတော့ ဒီလို မဟုတ်။ ကိုယ်ကြိုက်သည့် အကောင်ကိုရွေး၍ ကိုယ်လိုချင်သလောက် ချိန်ခွင်ထဲ အလျှင်ထည့်ရသည်။ ထို့နောက်မှ ငါးသည်က ဘယ်နှကျပ်သား ရှိသည်ကို ချိန်ပြီး ကျသင့်ငွေ ရှင်းရသည်။ နောက်တစ်ခု ကျွန်တော် မရှင်းသည့် အချက်ရှိနေသောကြောင့် သူ့ကို မေးကြည့်သည်၊

"ခင်စန်းကလည်း ငါးဝယ်တာ ဈေးတောင် မဆစ်ဘူး၊ နှစ်ဆယ့်ခြောက်ကျပ်ဆိုတာနဲ့ တစ်ခါတည်း ဝယ်လိုက်တာပဲ"

"အို ဒါ ထုံးစံပဲ၊ ဈေးဆစ်နေစရာ မလိုဘူး။ ငါးသည်တလည်း ဈေးကို ပိုမပြောဘူး။ ရောင်းနိုင်တဲ့ဈေးပဲ ပြောတယ်၊ ဖစ်(စ်)ပရိုက်စ် (တစ်ခွန်းဈေး) သဘောပေါ့။ ဈေးဝယ်တယ်ဆိုတာ တကယ်သုတ်ရှိတ်ပြီး လုပ်ရတာ။ မျှော်ပါဦး။ ဘယ်လောက်ထားပါ၊ ဘာညာဆိုပြီး ဈေးဆစ်နေတာနဲ့ အချိန်ကုန်မခံနိုင်ဘူး"

ကျွန်တော် ပျော်သွားလေသည်။ ကြည့်ပါဦး။ ခင်စန်းသည် ဘယ်လောက် ကျွမ်းကျင်နေပြီလဲလို့။ သူ့ကို ကြည့်ရသည်မှာ ဝါရင့် အိမ်ရှင်မ တစ်ယောက်ကဲ့သို့ တတ်သိနားလည်ပုံရသည်၊ သူ့အတွက် သူငယ်ချင်းများ အပေါ်တွင် ဂုဏ်ယူရပေဦးမည်၊ စိတ်ရွှင်လန်းလာသောကြောင့် သူ့ ခြင်းတောင်းကလေးကို ဆွဲကိုင်ပေးချင်စိတ် ပေါ်ပေါက်လာပြန်သည်။

"အဲဒီ ခြင်းတောင်း"

ခြင်းတောင်းကို ကိုင်မည်ပြုသည်။





"ရပါတယ်၊ နေပါစေ"

သူ့ ခြင်းတောင်းကို ဘယ်ဘက်သို့ ပြောင်းကိုင်လိုက်၏။

"ပေးပါ။ ဘာဖြစ်လို့လဲ"

"တင့်အင်း"

"ဘာလဲ။ သူများတွေက တစ်မျိုးထင်မှာ စိုးလို့လား"

ဟုတ်တော့လည်း ဟုတ်သည်၊ သူက ပိုက်ဆံအိတ်ကလေးကိုင်ပြီး ရှေ့ကလျှောက် ကျွန်တော်က ခြင်းတောင်းကိုင်ပြီး နောက်ကလိုက်ဆိုလျှင် အေးလူ့အမြင်မှာ ညားခါစ လင်မယားဟု ထင်မှတ်ရာရှိလေသည်။

"ထင်သွားလည်း ဘာဖြစ်လဲ"

"တကယ် မဟုတ်သေးဘဲနဲ့တော့ အထင်မခံချင်ပါဘူး"

သူပြုံး၍ ပြောသည်၊ ကျွန်တော့်စိတ်ထဲကမှု ခြင်းတောင်း ကိုင်ချင်စိတ်သည် တရှိန်ထိုးတက်၍ လာလေသည်။

ခရမ်းချဉ်သီးဝယ်သည်၊ ရှောက်သီးစိမ်းဝယ်သည်၊ ချင်းတက်ဝယ်သည်၊ အပြင်ပြန်ထွက်မည်ပြုပြီးမှ 'နံနံပင် ဝယ်ရဦးမယ်' ဆိုပြီး ဟင်းရွက်တန်းဘက် ပြန်လှည့်သည်၊ အိမ်ရှင်မများ တယ်တော်သည်။ ဘာဟင်းချက်လျှင် ဘာတွေဝယ်ရမည်၊ ဘာနှင့်တွဲဖက်၍ ချက်ရမည်ကို စာရင်းမေယားမပါဘဲ သူတို့မှို မှတ်မိနေသည်။ နံနံပင်ဝယ်ရန် ခြင်းတောင်းကို ချလိုက်စဉ်မှာပင် အကွက်စောင်းချောင်းနေသော ကျွန်တော့်အတွက် အဆင်သင့်သွား၏။ ခြင်းတောင်းကို ကောက်ကိုင်ထားလိုက်သည်၊ သူသည် နံနံပင်အစည်းကို ထည့်မည်ဟု လှည့်ကြည့်လိုက်သောအခါ ခြင်းတောင်းကိုင်ပြီး ရှက်ကိုးရှက်ကန်း ဖြစ်နေသော ကျွန်တော့်ကို တွေ့လိုက်ရသည်။ သူ ဘာမှ မပြောတော့ဘဲ နံနံစည်းကိုသာ ခြင်းတောင်းထဲထည့်လိုက်သည်၊ ခင်စန်းသည် အကြွေများကို ပိုက်ဆံအိတ်ထဲ ထည့်ပြီး ဈေးရှေ့က



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသောအခါ ကျွန်တော်လည်း ခြင်းတောင်းကိုဆွဲ၍ နောက်က လိုက်လေသည်။ ဆွဲနေမကျသောကြောင့်ဖြစ်မည်၊ ခြင်းတောင်းသည် ကျွန်တော့်ဒူးခေါင်းဖြင့် တိုက်မိပြီး ဟိုဘက်သို့ ယမ်းခါ၍ ထွက်ထွက်သွားသည်။

မည်သို့ပင်ဖြစ်စေ. . . .

သားငါးတို့၏ ညှီနံ့၊ ဟင်းသီးဟင်းရွက်တို့၏ စိမ်းရွှေရွှေအနံ့၊ ကြက်သွန်၊ ငရုတ်သီးတို့၏ မွှန်ထူသော အနံ့တို့အကြားတွင် သူ့နောက်မှ ခြင်းတောင်းကို ပရမ်းပတာ ဆွဲကိုင်၍ လိုက်နေရသောအချိန်မှာပင်

ကုံကောက်နွဲ့သင်းသော စိန်ပန်းတို့ဝေသော တက္ကသိုလ်နယ်မြေအတွင်းမှ သူ့လက်ကလေးကို ဆုပ်ကိုင်၍ လမ်းလျှောက်ရင်း မွှယ်တော်ပွင့်တို့၏ အလှကို ကြည့်မောရသည်ကို ဖျတ်ခနဲ သတိရလိုက်၏။

ကြည်နူးသာယာပုံခြင်းသည် နေရာမတူသော်လည်း မခြားနားလှဟု ထင်မိသည်။

●●●

[၁၈]

ကျွန်တော်တို့နှစ်ယောက်အဖို့ ထူးခြားမှုတစ်ခု ဖြစ်လာသည်။ ခင်စန်း အလုပ်သွားရခြင်းပင် ဖြစ်သည်။ မြန်မာနိုင်ငံ ဗာဝစ်အဖွဲ့ရုံးမှာ။ ကျွန်တော်တို့ ပြောနေကျ စကားလုံးဖြင့်ဆိုလျှင် 'ဗိုက်ဖော်တီး စတေး' အများနားလည်အောင် ပြောရလျှင် ဝါးကျပ်ပြားလေးဆယ် နေ့စားပေါ့။

အလုပ် ဝင်ရမည့်နေ့တွင် သူ့ကို ကျွန်တော် လိုက်ပို့သည်။ ရုံးအောက်သို့ ရောက်သောအချိန်တွင် ကိုးနာရီတီတီ။ ဆင်ဝင်အောက်တွင် ရပ်စောင့်နေကြသည်။ ခဏအကြာတွင် လှေကားရင်းမှ လုံချည်ဖြူနေဝန်ထမ်း ထွက်လာပြီး အလုပ်အတွက် သတင်းပို့မှိုလားဟု မေးသည်။ ဟုတ်ကြောင်း ဖြေလိုက်သောအခါ ပထမထပ်မှာ သွားစောင့်နေဖို့ ပြောသည်။ ကျွန်တော်တို့လို လာစောင့်နေသူ လေးငါးဦးပါ အပေါ်တက်လာခဲ့ကြသည်။ ကျွန်တော်ကနေခဲ့မည်ဟု စိတ်ကူးသော်လည်း ခင်စန်းက လိုက်ခဲ့စေချင်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အပေါ်အထိ လိုက်သွားရသည်။ မိမိဘဝတွင် ပထမဆုံးအကြိမ် အလုပ်ခွင် ဝင်ရောက်ရမည်ဖြစ်၍ ခင်စန်းအားငယ်နေလိမ့်မလားဟု ထင်သည်။ သို့ရာတွင် သူနှင့်တူတူ အလုပ်ဝင်ရမည့်သူများတွင် သူ့လိုမိန်းကလေးတွေ ပါဝင်ကြောင်း တွေ့ရသောအခါ အားတင်းထားနိုင်ပုံရ၏။ ပတ်ဝန်းကျင်အသစ်အပေါ် မဝံ့မရဲဖြစ်နေသော အမူအရာလောက်သာ ကျန်တော့သည်။

ကိုးနာရီခွဲတိတိတွင် ရုံးအုပ်ကြီး ရောက်ရှိလာသည်။ အလုပ်ဝင်ရန် သတင်းပို့မည့်သူများကို ခေါ်တွေ့သည်။ ကျွန်တော်သည် အခန်းအပြင်ဘက် ခုံတန်းလျားမှာ ထိုင်နေရစ်ခဲ့သည်။ ခဏကြာသောအခါ ခင်စန်း ပြန်ထွက်လာသည်။ ယနေ့မှစ၍ အလုပ်စဝင်ရမည်ဖြစ်ကြောင်း ပြောသည်။ ခုမှပင် သူ့မျက်နှာမှာ အားငယ်နေပုံများ ပေါ်လွင်လာလေသည်။

"ညနေ လာကြိုမှာလား"

သူ့ အသံကလေးသည် သနားစဖွယ်။

"လာကြိုမှာပေါ့။ သုံးနာရီခွဲလောက်ကတည်းက လာစောင့်နေမယ်"

သူ့ကို နှုတ်ဆက်ပြီး ဆင်းလာခဲ့သည်။ လှေကားတစ်ဆစ်ချိုးအကွေ့တွင် အပေါ်သို့ ပြန်မော့ကြည့်သည်။ သူသည် အခန်းထဲသို့ ချက်ချင်း ပြန်မဝင်သေးဘဲ လှေကားထိပ်မှာရပ်လျက် ကျွန်တော် ဆင်းသွားသည်ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။ သူ့စိတ်ထဲတွင် ငယ်စဉ်က သူငယ်တန်းမှာ ကျောင်းစတက်ရသောနေ့ကို သတိရတောင်း ရနေပေလိမ့်မည်။

သုံးနာရီ မခွဲခင်ကတည်းက ရုံးရှေ့ ဆင်ဝင်အောက်မှာ ရောက်နေသည်။ လေးနာရီ ငါးမိနစ်ကျမှ သူဆင်းလာသည်။ ကျွန်တော့်ကိုမြင်လျှင် အတန်ငယ် ပြုံးပြသည်။ သူ့မျက်နှာထားသည် အခက်အခဲတစ်ခုကို လွန်မြောက်လာပုံ ပေါ်လွင်သည်။ လသာလမ်းအတိုင်း ကမ်းနားဘက်သို့ ဆင်း





လာမှင်း ကျွန်တော်မေးသည်။

"အဆင်ပြေရဲ့လား"

"ပြေပါတယ်။ တို့ကျတဲ့နေရာက လူသုံးလေးယောက်ပဲရှိတယ်၊ တို့ကလည်း လူသိပ်များများနဲ့ စကားမပြောချင်တာနဲ့ အတော်ပဲ"

လမ်းဖြတ်ကူးသောကြောင့် စကားပြတ်သွားသည်။ တိုဘက် ပလက်ဖောင်းရောက်မှ ပြန်ဆက်သည်။

"တစ်ခုပဲရှိတယ်။ ညနေ လေးနာရီထိုးအောင် စောင့်ရတာ သိပ်ကြာတာပဲ"

"နောက်ကျတော့လည်း အဆင်ပြေသွားမှာပေါ့"

"အင်း ဟုတ်မယ်။ ခု အစတော့ လုပ်ရကိုင်ရတာ တစ်မျိုးပဲ။ နေရာကစိမ်းနေတော့ စိတ်ကျဉ်းကျပ်သလိုပဲ၊ အလုပ်လုပ်ရတာလည်း မလွတ်လပ်ဘူး။ အမှားအယွင်း ဖြစ်မှာစိုးလို့ သတိထားနေရတယ်"

အခန်းကျဉ်းကလေးမှာ ဖွင့်ထားသော အဓအေးဆိုင်တစ်ဆိုင်ကို တွေ့ရသည်။

"အအေး သောက်မလား"

"ကောင်းသားပဲ"

အအေးဆိုင်ထဲ ဝင်ထိုင်သည်။ ဆီးဖျော်ရည်နှစ်ခွက် မှာသည်။

"ကိုယ်က အိမ်က လိုက်ပို့လိုက်ကြို လုပ်နေဦးမယ် ထင်နေတာ"

"အမယ် မနက်ကတောင် အမေက အဖေ့ကို လိုက်ပို့ခိုင်းနေသေးတယ်။ တို့က အလုပ်ပဲရနေပြီ၊ ဒီလောက်တော့ ကျွန်မဘာသာ သွားတတ်ပါတယ်လို့ ပြောလိုက်ရတယ်၊ အဖေကလည်း ငါ့သမီး ဘွဲ့ရပြီးလို့ အလုပ်တောင် ရပြီပဲ၊ ကလေး မဟုတ်တော့ဘူးလို့ တိုဘက်က လိုက်ပြောပေး

"ဟုတ်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ခုတစ်ခု ထပ်ပြောမည်ဟု ထင်ရသည်။ သို့ရာတွင် ဘာမှ မပြောဘဲ ဆံးဖျော်ရည်ခွက်ကိုယူ၍ သောက်နေလိုက်သည်။

"ဘယ်သွားကြမလဲ"

စနေနေ့ ဖြစ်သောကြောင့် နေ့တစ်ဝက် ရုံးဆင်းရသည်။ ထို့ကြောင့် တစ်နေရာရာသွားဖို့ မေးခြင်းဖြစ်သည်။

"မသွားတော့ဘူးလေ"

"ဟင် ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး။ အိမ်ပဲ ပြန်တော့မယ်"

ကျွန်တော် သူ့ကို မျက်ခုံး စောင်း၍ကြည့်လိုက်သည်။ မကျေနပ် ဖြစ်သွားမိသည်။ တစ်ပတ်လုံးတွင် စနေတစ်နေ့တည်းသာ သူနှင့် အေးအေးဆေးဆေး နေခွင့်ရသည်။ ပြီးခဲ့သော စနေနေ့ကပင် ရုပ်ရှင် ကြည့်ခဲ့ကြသေးသည်။ စနေတစ်ရက်ကို ကျွန်တော်လက်မလွှတ်နိုင်။ သူနှင့်အတူ လည်ပတ်ခွင့်ရသော ရှားပါးအချိန်ကလေးကို နှမြောသည်။

"တစ်နေရာရာ သွားရအောင်"

ကျွန်တော် ထပ်ပြောပြန်သည်။

"မသွားချင်ပါဘူး"

ခေါင်းခါရင်း ပြန်ပြောသည်။ ကျွန်တော် ဘာမျှ ထပ်မပြောတော့။ စားမှတ်တိုင်ရှိသည့်ဘက်သို့ လျှောက်ရန် ခြေလှမ်းပြင်သည်။

"ဒါက ဘယ်သွားမလို့လဲ"

သူမေးသည်။

"ဘယ်မှ မသွားဘူး"

ကျွန်တော် ခတ်ဆတ်ဆတ် ဖြေလိုက်မိ၏။

"ဘယ်မှ မသွားဘဲနဲ့ ဘာဖြစ်လို့ သွားတာလဲ"





"ခင်စန်းပဲ ပြန်မယ်ဆိုလို့ မှတ်တိုင်ကို သွားမလို့"

ကျွန်တော့်လေသံနှင့် မျက်နှာထားသည် မကျေနပ်ကြောင်း ဖော်ပြနေသည်ကို သူသိသိမ်မည်။ သူ ပြုံးလိုက်၏။

"သူစိတ်ချည်းပဲ တစ်ခါကည်း။ နောက်လိုလည်း နောက်မှန်းမသိဘူး။ လာ ဒီဘက်ကသွားမယ်"

လမ်းတစ်ဖက်ကို မေးထိုးပြသည်။

"ဘယ်သွားမှာလဲ"

ဟု ကျွန်တော် ပြန်မေးသည်။

"လဟာပြင်ဈေး သွားမယ်"

သူ့အမေ ချက်ချင်း စိတ်ပြေသွား၏။ သို့ရာတွင် မပြုံးမိအောင် ကိုယ့်ဘာသာ အားတင်း၍ မျက်နှာကို တည်ထားရသည်။

"လာလေ သွားမယ်။ ဘာလို့ ရပ်နေတာလဲ"

ပေကတ်၍ ရပ်နေလိုက်သေးသည်။ မျက်နှာထားကိုတော့ ခပ် တည်တည်ဖြစ်အောင် ကြိုးစားထားဟန်။

မောင်နိုင်လမ်းထိပ် ရောက်သောအခါ သူပြောသည်။

"ဘွဲ့တောင် ရပြီးနေပြီ။ ကလေးစိတ် မကုန်ချင်သေးဘူး"

"မဆိုင်ပါဘူး။ စနေနေ့ကျမှ ခုလို သွားလာခွင့်ရတာ။ မသွားချင်ဘူးဆိုတော့ ဘယ်လောက် အောက်သလဲ။ ကိုယ်ကတော့ ခင်စန်းနဲ့ ဒီနေ့သွားရင် သုံးရအောင်ဆိုပြီး ပိုက်ဆံတောင် ချေးလာရတယ်"

"ဘာ ပိုက်ဆံချေးတယ်"

"အင်းလေ မနေ့က ညနေကပေါ့။ ပိုက်ဆံ မရှိတော့တာနဲ့ ထိမ်ကလည်း မပေးချင်ဘူး။ ဒါကြောင့် သူတော်စိန်ဆီက အစိတ်သွားချေးလာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မေးရတာလဲ။ တို့မှာ ပိုက်ဆံရှိပါတယ်"

"ကိစ္စ မရှိပါဘူး"

"အို မဟုတ်သေးပါဘူး။ သူတော်စိန်ပိုက်ဆံ ပြန်ပေးလိုက်၊ တို့ဆီက ယူထားလေ"

ပြောပြောဆိုဆို သူ့ ပိုက်ဆံအိတ်မှ ဖော်ကိုဆွဲလိုက်သည်။ ကျွန်တော် သူ့လက်ကို ဖမ်းတားထားလိုက်သည်။

"နေပါစေ ခင်စန်း"

"ဘာဖြစ်လို့လဲ"

"ခင်စန်းပိုက်ဆံကို ကိုယ် မသုံးချင်ဘူး"

"တို့ ပိုက်ဆံလည်း သူ့ပိုက်ဆံပဲ မဟုတ်လား"

"နောက်ဆိုရင်တော့ ဟုတ်မှာပေါ့။ ခုတော့ မသုံးချင်သေးဘူး"

သူ ကျွန်တော့်ကို မျက်ခုံး တစ်ချက်ကြည့်လိုက်သည်။

"တို့အပေါ်မှာ ခပ်စိမ်းစိမ်း ဆက်ဆံရာ ကျတာပေါ့"

သူ့အသံတွင် ဝမ်းနည်းမှု စွက်လာသည်။ ထို့ကြောင့်. . .

"မဟုတ်သေးပါဘူး ခင်စန်းရယ်။ ခင်စန်းအလုပ်လုပ်လို့ရတဲ့ ပိုက်ဆံမို့လို့ မသုံးချင်ဘူးလို့ ပြောတာပါ"

"သူက မာနသိပ်ကြီးတာပဲ"

"မဟုတ်ပါဘူး" ဟု ကျွန်တော် ခပ်ဆိုင်းဆိုင်း ဖြေမိသည်။ လေယာဉ်ဈေး အဝင်ဝတွင် သူတစ်ခွန်း ထပ်ပြောသေးသည်။

"ဘာပဲဖြစ်ဖြစ် ဒီနေ့ သူတို့အတွက် သုံးစရာတစ်ခုရှိတယ်၊ သူ မငြင်းရဘူး"

"ဘာလဲ"

"နောက်မှပြောမယ်"





စိန်ဒေါင်းကားဂိတ်မှာ ဝင်ထိုင်သည်။ ခေါက်ဆွဲသုပ် စားသည်။ ပြီးတော့ ကျွန်တော်က လက်ဖက်ရည်သောက်သည်။ သူ့အတွက် တစ်ဖက်ဆိုင်မှ သစ်သီးစုံမှာပေးလိုက်သည်။

သူသည် ကျွန်တော့်ကို တစ်ခုခု ပြောချင်နေပုံရလေသည်။ ပြောသင့် မပြောသင့် စဉ်းစားနေဟန်ကို သူသိလိုက်သည်။ ဗျစ်သီးအစေ့များ ကို ထွေးထုတ်လိုက်ပြီးမှ. . .

"သူ့ကို တစ်ခုပြောစရာ ရှိသေးတယ်"

"ပြောလေ"

ချက်ချင်း မပြောသေးဘဲ ရေခဲရည်တစ်ငုံ သောက်သည်။

"တို့ကိစ္စကို အိမ်က သိသွားပြီ"

"ဟင် ဘယ်လိုသိသွားတာလဲ"

"တစ်ဆင့်စကားပေါ့။ တို့တွဲနေတာကို တစ်ယောက်ယောက်က တွေ့သွားလို့ ပြန်ပြောတာဖြစ်မှာ"

"အိမ်က ဘာပြောလဲဟင်"

သိချင်စိတ် လောကြီးသွားသောကြောင့် သူ့စကား မဆုံးခင် ဖြတ်မေးလိုက်သည်။

"တို့ကို တိုက်ရိုက်ပြောတာတော့ မဟုတ်ဘူး။ အစ်မကိုပြောတာ။ အဖေက သူ့အကြောင်းကို စုံစမ်းကြည့်ဦးမယ်လို့ ပြောတယ်တဲ့။ အမေက တော့ ငိုတယ်"

"ဘာ ငိုတယ် ဟုတ်လား"

"ဟုတ်တယ်။ အမေက တို့ကို သိပ်ချစ်တာ၊ တို့ အိမ်ထောင်ဘက်ကို တို့ဘာသာ ရှာတာကို စိတ်မချနိုင်ဘူးတဲ့။ သူကိုယ်တိုင် စိတ်ကြိုက် ရှာပေးချင်တာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ခင်စန်းတို့မိဘတွေ စိတ်ကြိုက် မဖြစ်နိုင်ဘူးလားဟင်"

ကျွန်တော့်အသံတွင် စိုးရိမ်မှု တစ်ဝက်ပါသည်။ ကျန်တစ်ဝက်က အားငယ်မှု။

"အဲဒါကို တို့ ဘယ်လိုလုပ်သိမှာလဲ၊ တို့ကို တိုက်ရိုက်မေးရင်တော့ သူ့အကြောင်း ရှင်းပြလို့ ကောင်းတာပေါ့"

"အိမ်က သဘောမတူနိုင်ဘူးလို့ ပြောရင်ကော ခင်စန်းဘာလုပ်မှာလဲ"

ကျောင်းမှာတုန်းက ထိုစကားမျိုး တစ်ခါပြောဖူးသည်။ ထိုအချိန်တွင် အိမ်က မသိသေး၊ 'ခိုးပြေးကြတာပေါ့နော်' ဟု ကျွန်တော် ပြောခဲ့မှုသည်။ ခုအချိန်တွင်မူ ထိုစကားမျိုး သုံးပြောလိမ့်မည် မဟုတ်ကြောင်း ကျွန်တော်သိသည်။

"အချိန်တွေ အများကြီး ကျန်ပါသေးတယ်၊ အိမ်ကလည်း သဘောမတူဘူးလို့ အတိအလင်း ပြောသေးတာမှ မဟုတ်ဘဲ၊ ဒီကြားထဲမှာ အဆင်ပြေတန်ကောင်းပါရဲ့၊ သူ့မှာ လူကြီးတွေ သဘောမတူနိုင်စရာ ဘာမှ မရှိပါဘူး။ တစ်ခုပဲ"

လက်မက်ရည်ခွက်ကို လှမ်းကိုင်ရာမှ လက်ပြန်ရုပ်လိုက်သည်။ "ဘာလဲ" ဟု အလျင်စလို မေးမိ၏။

"ဘာမှ မဟုတ်ပါဘူး။ သူကလည်း ဒီကြားထဲမှာ အိမ်က ကျေနပ်နိုင်အောင် ကြိုးစားပေါ့"

သူ့ မျက်နှာထားကို အကဲခတ်ကြည့်သည်။ သူသည် ပြောလိုသော စကားတစ်ခုခုကို ထိမ်ချန်၍ ထားခဲ့လေသလော။ ရေရေရာရာ ခွဲခြား၍ မသိရ။ တစ်ခုတော့ သေချာသည်၊ အိမ်က သိသွားပြီဆိုသော ကိစ္စအတွက် ကြီးကြီးကျယ်ကျယ် တုန်လှုပ်နေပုံ သူ့တွင်မရှိ၊ ဖြစ်လာမည့် ပြဿနာများ





ကို ကြည့်ပြီးမှာ ဖြေရှင်းမည်ဆိုသော အမူအရာသာတွေ့ရသည်။ ထိုကြောင့် စကားတစ်ခွန်းကိုသာ ကျွန်တော် ရွေးချယ်မေးသည်။

"ကိုယ် ကတိတစ်ခုပဲ တောင်းချင်တယ်၊ ဘယ်လို အခြေအနေမျိုးမှာပဲဖြစ်ဖြစ်၊ ကိုယ့်ကို ခွဲခွာမသွားပါဘူးလို့"

"ဘယ်လို အခြေအနေမျိုးမှာပဲဖြစ်ဖြစ်ဆိုတော့ သူ့ဘက်က သစ္စာဖောက်ဖျက်တာလည်း ပါမှာပေါ့နော်။ အဲ့ဒါလ တို့ ကတိပေးပါတယ်၊ သူကပြီး ခွဲခွာသွားရင်တောင် တို့သူ့ကို မမုန်းပါဘူး"

ဆိုင်းငံ့ခြင်းမရှိဘဲ သူပြန်ဖြေသည်။ စကားနိုင်လု၍ ပြောခြင်းမျိုး မဟုတ်၊ အတည်ပြောခြင်းဖြစ်ကြောင်း သိသာသည်။

"ယုံရဲ့လား"

သူ့ မေးခွန်းကိုပြုံး၍ ခေါင်းညိတ်ပြလိုက်ခြင်းဖြင့် ဖြေ၏။

"ဘယ်လို အခြေအနေမှာပဲဖြစ်ဖြစ်ဆိုတာ ခင်စန်းဘက်က အခြေအနေကို ပြောတာပါ၊ ကိုယ့်ဘက်ကတော့ ခင်စန်းနဲ့ ခွဲခွာသွားဖို့ဆိုတာ စိတ်ကူးထဲတောင် ယောင်လို့ အိပ်မက် မမက်ဖူးပါဘူး"

သူသည်လည်း ကျေကျေနပ်နပ် ပြုံးသည်ကို မြင်ရ၏။

"ဒါနဲ့ ခုန ခင်စန်းပြောတာ ကိုယ့်အတွက် သုံးစရာရှိတယ်ဆိုတာ ဘာလဲ"

"ဒီလိုလေ ဆယ့်ရှစ်ရက်နေ့ကျရင် သူ့မွေးနေ့ မဟုတ်လား၊ အဲဒီနေ့ကျရင် ဝတ်ဖို့ သူ့အတွက် လုံချည်တစ်ထည် လက်ဆောင်ပေးမလို့၊ အဲဒါ ဒီနေ့ဝယ်မလို့၊ သူ မငြင်းရဘူးနော်"

ကျွန်တော် ခေါင်းညိတ်ပြသည်။

"သူ ဘယ်လိုမျိုးကြိုက်လဲ"

"ဝတ်လို့ရရင် ကြိုက်တာပဲ၊ ကိုယ် မပြောတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ဆိုင်ရှေ့ကမှ သူကြိုက်တာကြည့်ပေါ့"

"အင်း ခင်စန်းကလည်း ကိုယ်က ကလေးလေးကို တိုက်ကြိုက် … တယ်၊ ဒီဟာကြိုက်တယ် လက်ညှိုးထိုးပြနေရမှာလား"

"အင်းလေ သူက ကလေးပဲလို့ ခုန စိတ်ကောက်သေးတယ် မဟုတ် … လား"

"ကဲပါ ခင်စန်းကြိုက်တာသာဝယ်ပါ။ ကိုယ်ကြိုက်မှာပါပဲ"

အဝတ်အထည်ဆိုင်ပေါ်သော ဈေးတန်းဘက်သို့ လာခဲ့ကြသည်။ သူက "ခုနောက်ပိုင်း ခေတ်စားလာတာလေး၊ အင်းမလုံချည်ဝယ်ရင် ကောင်း … မလားလို့" ဟုပြောသည်။ "ကောင်းသားပဲ" ဟု ကျွန်တော်ပြန်ပြော … မျိုးညွန့်ကို အေးဆိုင်ဘက် သွားဦးမည်ဟု စိတ်ကူးမိသေးသည်။ သို့ရာတွင် ကျွန်တော်တို့အတွဲကိုမြင်လျှင် မျိုးညွန့်၏အမေသည် ဒီအရွယ်အထိ ရည်းစား … မရှိရှာသော သူ့သားအတွက် စိတ်မကောင်းဖြစ်သွားရှာလိမ့်မည်ဟု တွေး … ပြီး မသွားဖြစ်တော့။

လုံချည်ဆိုင် သုံးလေးဆိုင်ပြောင်း၍ကြည့်ရသည်။ အသားကြိုက် သော်လည်း အဆင်မကြိုက်၊ အဆင်နှင့်အသား ကြိုက်သော်လည်း အရောင် မကြိုက်။ သူက လုံချည်တစ်ထည်ယူ၍ 'ဘယ်လိုလဲ' ဟု မေးတိုင်း ကျွန်တော် က 'ကောင်းသားပဲ' ဟု ပြန်ပြောသောကြောင့် သူမျက်စောင်းထိုးသေး သည်။ နောက်ဆုံး ကျွန်တော့်ကို ဘာမျှ မမေးတော့ဘဲ သူ့စိတ်ကြိုက် နက်ပြာ ရောင်တစ်ထည် ဝယ်သည်။ ကျွန်တော်က နက်ပြာရောင်ကြိုက်ကြောင်း ဟိုအရင်က ပြောခဲ့ဖူးသည်ကို သူမှတ်ထားဟန် တူ၏။

"ပေး ခင်စန်း"

ဆိုင်တစ်ဆိုင်ရှေ့မှ ဖြတ်သွားစဉ် သူကနာမည်ခေါ်သံ ကြားသော ကြောင့် လှည့်ကြည့်ကြသည်။ ကျောင်းမှာတုန်းက ခင်စန်း မိတ်ဆက်ပေး





…သောကြောင့် သိနေသည်။ မပင်စီ ဖြစ်လေသည်။

"ဘယ်လိုလဲ ဘာမှ မစားရသေးဘူးလား။ ဘယ်တော့လဲ"

ကျွန်တော်တို့နှစ်ယောက် ရယ်နေလိုက်သည်။ မပင်စီက သူ့အမေ ဆိုင်ကို ကူညီရောင်းပေးနေကြောင်း ပြောသည်။ သူ့ကို နှုတ်ဆက်ပြီး ထွက် လာမည်အပြုတွင် . . .

"နောက်လိုတာရှိရင် တို့ဆိုင်ကို လာဝယ်နော်"

ကျွန်တော်က ယောင်ယောင်ကန်းကန်းဖြင့် 'ဟုတ်ကဲ့' ဟု ဖြေမိ သည်။ ခင်စန်း၏မျက်နှာတွင် ရှက်သွေးများ ဖြာသွားပြီး ကျွန်တော့် လက် မောင်းကို မသိမသာ ဆွဲဆိတ်သည်။ အဲဒီတော့မှ သိရသည်။ စောစောက အမှတ်တမဲ့ မမြင်မိဘဲ ခုမှ သေသေချာချာ ကြည့်မိသည်။ မပင်စီ၏ဆိုင် ခုံပေါ်မှ ပစ္စည်းများမှာ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး စသည်။

●

ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် လှေကားရင်းသို့အရောက်တွင် ကျွန်တော့် ဖိနပ်ကို သူကောက်ကိုင်လိုက်သည်။

"နေပါစေကွာ၊ ကိုယ့်ဘာသာ ကိုင်ခဲ့ပါ့မယ်"

"ဘာဖြစ်လဲ၊ သူက တို့ထက် အသက်ကြီးတာပဲဟာ"

ငယ်ငယ်က ဘုရားကိုလာပြီဆိုလျှင် ဖေဖေတို့ မေမေတို့၏ ဖိနပ်များ ကို ကျွန်တော် ကိုင်ခဲ့ရသည်ကို သတိရမိ၏။ ခုလည်း ခင်စန်းသည် ရိုသေမှု ဖြင့် ကျွန်တော့်ဖိနပ်ကို ကိုင်ခဲ့ခြင်း ဖြစ်လေသည်။

ဓာတ်လှေကားဖြင့် တက်ရသည်ကို ကျွန်တော် သိပ်မကြိုက်ချေ၊ … ရိုးရိုးလှေကားအတိုင်းတက်ရင်း စောင်းတန်းရှိ ဆိုင်ခန်းများမှ ပစ္စည်းများကို လျှောက်ကြည့်ပြီး တက်ရသည်ကို ပို၍ သဘောကျသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်းတုတော်များ၊ ကျောင်းဆောင်များ၊ ပလ္လင်များရောင်းသည့်ဆိုင်၊ စိပ်ပုတီးဆိုင်၊ ဆင်စွယ်ပစ္စည်းဆိုင်၊ စာအုပ်ဆိုင် စသည်တို့ကို ကျော်လွန်လာသည်။ ခင်စန်းသည် လက်တစ်ဖက်က ဖိနပ်များကိုကိုင် ကျန်တစ်ဖက်က ကျွန်တော့် လက်မောင်းကို ကိုင်၍ အားပြုရင်းတက်သည်။ ကုန်းတော်ပေါ် သို့ ရောက်ခါနီးတွင် အမွှေးတိုင်နံ့၊ ပန်းပေါင်းနံ့များကို ရရှိလာသည်။

"ပန်းဝယ်ကြပါဦးရှင်၊ ဖိနပ်များသည်း ထားသွားနိုင်ပါတယ်"

ပန်းသည်တို့၏ အသံကို ကြားရသည်။ ခင်စန်းက ပန်းဝယ်မှာင်တယ် ဆိုသောကြောင့် ဆိုင်တစ်ဆိုင်သို့ ဝင်သည်။

"အစုံတစ်ကျပ်ဖိုးလား အစ်မ"

ပန်းသည်က မေးသည်။

"နှစ်စည်းပေး၊ ကြာပန်းမသည်နဲ့နော်"

ဟု ပြောပြီး ကျွန်တော့်ကို ပြုံး၍ ကြည့်သည်။ ကြာပန်းလှူလျှင် နိဗ္ဗာန်မှာ 'ကြာ' တတ်သည်ဟု သူ ယုံကြည်တာကို သိသည်။ ပန်းနှစ်စည်းကို ကျွန်တော့်အား လှမ်းပေးပြီး နောက်ဖယောင်းတိုင် ဝယ်ပြန်သည်။ တစ်ထုပ်နှင့် တစ်တိုင်၊ ပန်းဆိုင်မှာ ဖိနပ်အပ်ထားခဲ့ပြီး ရင်ပြင်တော်ပေါ် တက်လာခဲ့ကြသည်။

"အဂ်ါထောင့်က ဘယ်နားမှာလဲ သူသိလား"

"မသိဘူး သွားရင်းနဲ့ တွေ့မှာပေါ့"

"လက်ဖွဲ့ရစ်ပတ်မယ်နော်။ ဘယ်လိုလဲ၊ ဒီဘက် မဟုတ်လား"

သူသည် လမ်းလျှောက်နေရင်းက သူ ဝယ်ပေးထားသည့် လုံချည်အသစ်ကလေး ဝတ်ထားသော ကျွန်တော့်ကို အရိပ်ကကြည့်ကြည့် ရှိနေလေသည်။ အရင်က ကျွန်တော့်မွေးနေ့များတွင် ဘာတစ်ခုမျှ မလုပ်ခဲ့ဖူးပါ။ အမှတ်တမဲ့ပင် နေခဲ့သည်။ ခုမှ သူက ကျွန်တော့်မွေးနေ့အတွက် သူရှာကို





သွားချင်သည်ဟု ပြော၍ လိုက်လာခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် စိတ်ထဲက ထူးထူးခြားခြား ခံစားမှု တစ်ခုကို ကြုံတွေ့ရသည်။

"ဒီကပြန်ရင် သူ့အိမ်အတွက် မုန့်တစ်ခုခု ဝယ်သွားနော်၊ အိမ်ရောက်ရင် သူ့အမေနဲ့အဖေကို ကန်တော့ရမယ်သိလား၊ မွေးနေ့မှာ ပါတီပေးတာတို့ ဘာတို့ထက် မိဘကို ကန်တော့တာက ပိုပြီး အကျိုးရှိတယ်။ မွေးတဲ့နေ့က စပြီး နှစ်ပေါင်းများစွာ လုပ်ကျွေးလာခဲ့တဲ့ အမေရယ်၊ ပြီးတော့ အဖေ အထူးသဖြင့် အမေက ပိုအရေးကြီးတယ်သိလား၊ သူ စဉ်းစားကြည့်လေ၊ လွန်ခဲ့တဲ့ နှစ်ဆယ့်လေးနှစ်က ဒီနေ့မှာ သူ့အမေဟာ သူ့ကို မွေးခဲ့တာ မဟုတ်လား။ ကလေးမွေးတဲ့ မိခင်တစ်ယောက်ဟာ သက်စွန့်ဆံဖျား အလုပ်တစ်ခုကို လုပ်ရတာပဲ မဟုတ်လား။ 'ယောက်ျားမောင်းဦး' 'မိန်းမဖီးနေ' တဲ့။ မီးဖွားတယ် ဆိုတာ သိပ်အန္တရာယ်များတာ၊ အဲဒီလို အသက်စွန့်ချင် စွန့်ရမှာလေဆိုပြီး သူ့ကို မွေးဖွားပေးခဲ့တဲ့ သူ့အမေရဲ့ ကျေးဇူးကို ခုလို မွေးနေ့မျိုးမှာ အထူး သတိရသင့်တယ်။ ဒါကြောင့်"

ခင်စန်းကို ကျွန်တော် လေးစားသွား၏။ သူသည် မိဘ၏ မေတ္တာ တရားကို နားလည်သူဖြစ်သောကြောင့် သူမှ မွေးဖွားလာသော သားသမီးများကိုလည်း သွန်သင် ဆုံးမတတ်သော မိခင်တစ်ယောက် ဖြစ်လာပေလိမ့်မည်။

စကားတစ်ခွန်းကို ကျွန်တော် လွတ်ခနဲ မေးဖြစ်သွား၏။

"ခင်စန်းက မိဘကို သိပ်ချစ်တာပဲနော်"

"ချစ်တာပေါ့"

"ဒါဆို မိဘစကားကို ဘယ်တော့ဖြစ်ဖြစ် နားထောင်မှာလား"

"နှလုံးသားကိစ္စက လွဲရင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဝမ္မန်ဝက်ရုပ်ဆီသို့ ကြည့်နေရာမှ သူ့ကို ဆတ်ခနဲ လှည့်ကြည့်မိသည်။ သူသည် 'ကျေနပ်ပြီလား' ဆိုသော မျက်နှာပေးဖြင့် မေးငေါ့ပြသည်။ ကျွန်တော် ပြုံးပြလိုက်၏။

"သူ တစ်ခုမေ့နေတာ တစ်ခု ရှိသေးတယ်။ ဘယ်မိဘမဆို သားသမီးကို ချစ်တတ်ကြတာပဲဆိုတာလေ။ သားသမီး စိတ်ဆင်းရဲရတာကို မကြည့်ချင်ကြဘူး ဆိုတာလေ"

ခေါင်းလောင်းထိုးသံများ ကြားရသည်။ သိမ်ကြီးဈေး ဈေးသူဈေးသားများ၏ ကောင်းမှုဖြစ်သော နှစ်ပြားတန်ဆောင်း (အရှေ့ဘက်ဘက်မုခ်) ကို ကျော်လာသည်။ စဉ့်ကူးမင်း ခေါင်းလောင်းတော်ကြီးကို လှမ်းမြင်ရ၏။

မြန်မာ၊ အင်္ဂလိပ် ပထမစစ်ပွဲအတွင်း ရွှေတိဂုံ ကုန်းတော်ကို အင်္ဂလိပ်များ သိမ်းထားစဉ်က စဉ့်ကူးမင်း ခေါင်းလောင်းတော်ကြီးကို စစ်ပွဲအောင်ဆု အဖြစ် အင်္ဂလန်သို့ သယ်ယူသွားရန် စီစဉ်သည်။ ခေါင်းလောင်းကြီးကို ဖြုတ်ယူပြီး သင်္ဘောပေါ်သို့ မတင်မီ မြစ်ဝတွင် ရေထဲသို့ ကျသွား၏။ အင်္ဂလိပ်တို့သည် ခေတ်မီ နည်းအမျိုးမျိုးဖြင့် ဆယ်ယူရန် ကြိုးစားသော်လည်း မအောင်မြင်ချေ။ စစ်ပွဲပြီးဆုံးသောအခါ မြန်မာတို့က ခေါင်းလောင်းကြီးကို မူလနေရာဖြစ်သော ရွှေတိဂုံ ကုန်းတော်ပေါ်သို့ ပြန်ရွှေ့ရန် အားထုတ်ကြ၏။ ခေါင်းလောင်းကြီးကို ရေထဲမှ ပြန်ဆယ်ကြသည်။ ရေကျချိန်တွင် ခေါင်းလောင်းကြီးကို ကျောက်ဆံကြိုးများဖြင့် ချည်၍ ခေါင်းလောင်းအထက် ရေပေါ်တွင် ရပ်ထားသော သင်္ဘောတွင် ဆံကြိုးများကို ချည်ထားသည်။ ရေတက်လာသောအခါ သင်္ဘောနှင့်အတူ ခေါင်းလောင်းပါ ပေါ်တက်လာ၏။ ထိုအခါကျမှ ကမ်းနားသို့ ရွှေ့ပြီး ထိုမှတစ်ဆင့် ရွှေတိဂုံကုန်းတော်ပေါ်သို့ ခမ်းနားစွာ သယ်ယူသည်။ (အချို့ကလည်း ခေါင်းလောင်းကြီး ဆယ်ရာတွင် ကြိမ်ကြိုးများ၊ သစ်ဖောင်များကိုပါ အသုံးပြုသည်ဟု ဆိုကြ၏။) မည်သို့





ဖြစ်စေ အင်္ဂလိပ်များ မဆယ်နိုင်သော ခေါင်းလောင်းကြီးကို မြန်မာနည်း မြန်မာဟန်ဖြင့် ဆယ်ယူနိုင်ခြင်းမှာ တိုင်းတစ်ပါးသားများ အံ့သြစေသော မြန်မာတို့၏ အောင်မြင်မှု စွမ်းရည်တစ်ရပ် ဖြစ်သည်။

ခင်စန်းသည် ကျွန်တော် ရှင်းပြနေသည်ကို စိတ်ဝင်တစားစွာ နားထောင်နေရာမှ "သူ ပြောတာ ဟိုအရုပ်ကြီးတွေလား" ဟု မေးသည်။ အလျင်တုန်းက ပွင့်ကောင်းရယ်၊ မှော်ဆရာရယ်၊ ကျွန်တော်ရယ် ဘုရားပေါ်သို့ လာဖူးသည်။ ရင်ပြင်တော်ရှိ ပြသာဒ်၊ တန်ဆောင်းတို့၏ ဗိသုကာလက်ရာများ အကြောင်းပြောကြသည်။ ရှေးလက်ရာနှင့် ပြင်ဆင် မွမ်းမံထားသော ခေတ်လက်ရာများကို ခွဲခြားကြည့်ကြသည်။

ထိုစဉ်တွင် ခုမေးပြသော အရုပ်ကြီးများကို တွေ့မိကြခြင်း ဖြစ်၏။ တန်ဆောင်းတစ်ခု၏ လေးဘက်တစ်ဖက်တစ်ချက်တွင် ရှိသော အရုပ်ကြီးများ ဖြစ်သည်။ 'ဂီတိ' ကိုဝတ်လျက် ကြိမ်လုံးလား၊ ကြိုးလားမသိ ကိုင်ထားသော ကုလားရုပ်ကြီး နှစ်ရုပ်ဖြစ်သည်။ အရုပ်များ၏ အသားရောင်ကိုလည်း ညိုညို မည်းမည်း ဆိုးထား၏။ ဘာအဓိပ္ပာယ်နှင့် ထုလုပ်ထားမှန်း မသိချေ။ အရုပ်များ၏ ပါးစပ်တွင်လည်း လက်ဆော့တတ်သူတို့ တပ်ပေးထားသော ဆေးလိပ်တိုများ ရှိသည်။ ထိုအရုပ်ကြီး နှစ်ရုပ်အနက် လက်ဝဲဘက်မှ ကုလားရုပ်ကြီး၏ မျက်နှာသည် သူတော်စိန်နှင့် ချွတ်စွပ်တူသည်ဟု ကျွန်တော် ခင်စန်းကို ပြောပြဖူးသဖြင့် မေးခြင်းဖြစ်သည်။

"ဟုတ်တယ်၊ မတူဘူးလား"

သူသည် ချက်ချင်း ပြန်မဖြေနိုင်သေးပဲ သဘောကျလွန်း၍ ရယ်မော နေပြီးမှ

"အင်း၊ ဟုတ်တယ်။ သူ ပြောတုန်းက သိပ်မယုံဘူး၊ ခုမြင်တော့မှ"

သူ ဆက်ပြီး ရယ်မောနေပြီးမှ "တကယ် တူတယ်" ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါထောင့်သို့ ရောက်ရှိလာ၏။

ကျွန်တော့်လက်ထဲမှ ပန်းစည်းများကို ယူသည်။ ဖယောင်းတိုင်ထွန်းကို လှမ်းပေးပြီး ရေကြည့်ပါဆိုသောကြောင့် ရေကြည့်သည်။

"နှစ်ဆယ့်လေးတိုင်"

"ဒါဆို ရော ဒီမှာတစ်တိုင်၊ အားလုံး နှစ်ဆယ့်ငါးတိုင်နော်။ အဲဒါ ထွန်းလိုက်ပေ"

ကျွန်တော် သဘောမပေါက်နားမလည်သောကြောင့် မေးမိ၏။

"ဒီနေ့ နှစ်ဆယ့်လေးနှစ်ပြည့်တာပဲ။ နှစ်ဆယ့်လေးတိုင် ထွန်းရမှာ မဟုတ်ဘူးလား"

"မဟုတ်ဘူးလေ၊ ဒီနေ့မှာ သူ နှစ်ဆယ့်လေးနှစ်ပြည့်ပြီ မဟုတ်လား၊ နက်ဖြန်ကစပြီး နှစ်ဆယ့်ငါးနှစ်ထဲ ဝင်ပြီပေါ့။ ကိုယ်ပြည့်တဲ့ အသက်ထက် တစ်တိုင်ပိုထွန်းရတယ်လေ။ ဒါကြောင့် နှစ်ဆယ့်လေးနှစ်ပြည့်တဲ့နေ့ပေမယ့် နှစ်ဆယ့်ငါးတိုင် ထွန်းရတာပေါ့"

ဖယောင်းတိုင်ထွန်းဖို့ ပြုလုပ်ထားသော သံပိုက်လုံးအပြွတ်များထဲသို့ ဖယောင်းတိုင် ငါးတိုင်စီ ထည့်သည်။ သံပိုက်လုံး ငါးခု၊ နှစ်ဆယ့်ငါးတိုင် မီးညှိလိုက်သည်။

"ကဲ ရှိခိုးလေ"

ပန်းစည်း တစ်စည်းကို ကျွန်တော့်အား ပေးသည်။ သူသည် လက်ကိုင်ပဝါလေးကို ခေါင်းမှာခင်း၍ ကျုံ့ကျုံ့ထိုင်လိုက်သည်။

ကျွန်တော်လည်း သူ့အနားမှာ ဒူးတုပ်ထိုင်ချလိုက်၏။ သူသည် အတန်ကြာအောင် လက်အုပ်ချီထားသည်။ ဘုရားရှိခိုးစာကို စိတ်ထဲကရွတ်ဆိုနေဟန်တူသည်။ ကျွန်တော်ကမူ ဘုရားစာများ မေ့ကုန်ပြီဖြစ်သောကြောင့် အာမျှမရွတ်ဘဲ လက်အုပ်ချီလျက်သာနေရသည်။ သူဦးချပြီဆိုမှ





ပြိုင်တူကျအောင် လိုက်ဦးချသည်။ သူ့ဆီကပန်းစည်းနှင့် ကျွန်တော့်ပန်းစည်းကိုပေါင်း၍ ပန်းအိုးထဲမှာ ထိုးလိုက်သည်။

"ရေသပ္ပာယ်ရအောင်"

ဟု သူပြောသည်။ ငွေဖလားများ ရှိရာသို့ သွားသည်။ အုတ်ခုံပေါ်မှာ ထိုင်နေသော လူကြီးက လှမ်းမေး၏။

"ဘာနေ့သားလဲကွယ်"

"အင်္ဂါ"

"တလေးမကာတော"

"တူတူပဲ"

ငွေဖလားကြီးထဲမှ ရေကို ငွေဖလားငယ်လေးဖြင့် ခပ်ရသည်။ ဖလားကို သူ့အား လှမ်းပေးသည်။ 'သူ အရင်သပ္ပာယ်လေ' ဟု ပြောသောကြောင့် ကျောက်ဆင်းတု ရုပ်ပွားတော်ကို ရေသပ္ပာယ်သည်။ သူသည် ကျွန်တော် လုပ်ကိုင်နေပုံကို ကျေနပ်စွာ ကြည့်နေဆဲမှာပင် စောစောက မေးသော လူကြီး၏ ဆုတောင်းသံကို စတင် ကြားရလေသည်။

"အင်္ဂါသားနှင့် အင်္ဂါသမီးတို့က ဗုဒ္ဓမြတ်စွာဘုရားအား ပန်း ရေချမ်း ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ရသော အကျိုးအားကြောင့် အင်္ဂါဂြိုဟ်မင်းကြီး၏ မိုင်းမ၊ စောင့်ရှောက်မှုဖြင့် မကောင်းသော ဂြိုဟ်ဆိုးဂြိုဟ်နှင်းတို့၏ ဘေးဆိုးရန်ဆိုး ကြမ္မာဆိုးမှ ကင်းပ၍ လိုရာဆန္ဒတို့နှင့် တလုံးတဝတည်း ပြည့်စုံပြီးလျှင်. . .။

●

သူ့ကို အနည်းဆုံးဆယ်မိနစ်လောက် စောင့်ရလိမ့်မည်ဟုထင်ခဲ့သော်လည်း ကျွန်တော် ရောက်သွားသောအခါ ရုံးရှေ့ဆင်ဝင်အောက်တွင် သူ



www.burmeseclassic.com

www.burmeseclassic.com



စောင့်နှင့်နေသည်ကို တွေ့ရ၏။ ကျွန်တော် ပြုံးပြလိုက်သည်။ သူသည် ပြန်မပြုံးဘဲ ခပ်တည်တည်စိုက်ကြည့်နေသည်။ ကျွန်တော့်နာရီကို ကြည့်သော အခါ ဆယ့်နှစ်နာရီမိနစ်နှစ်ဆယ်သာ ရှိသေးသည်။

ဒါတိုင်းမနေ့နေ့များဆိုလျှင် အစောဆုံး ဆယ့်နှစ်နာရီခွဲမှ သူ့ဆီပေါ်က ဆင်းလာလေ့ရှိသည်။ တစ်ခါတလေ ငါးမိနစ် ဆယ်မိနစ် နောက်ကျလေ့ ရှိ၏။ ထို့ကြောင့် ကျွန်တော်သည် ဆယ့်နှစ်နာရီခွဲဖို့ ဆယ်မိနစ်အလိုလောက် တွင် အရောက်သွားလေ့ ရှိခဲ့သည်။ ဒီနေ့ကျမှ သူက ဘာလို့ စောပြီး ဆင်း နေမှန်းမသိ။

"မှာဆင်းတာ စောလှချည်လား"

သူ့နား အရောက်တွင် ကျွန်တော်မေးသည်။

"ဒါ စောတာလား"

ခပ်ဆတ်ဆတ်ပြန်ပြောပြီး သူ့နာရီကို ကျွန်တော့်မျက်နှာနားသို့ ကပ်ပြသည်။ သူ့နာရီ၌ ဆယ့်နှစ်နာရီ မိနစ်လေးဆယ်ရှိနေပြီ။

"ဟာ ခင်စန်း နာရီက မြန်နေ ဘာပဲ။ ဒီမှာ ကြည့်ပါလား။ ကိုယ့်နာရီ က ဆယ့်နှစ်နာရီတောင် မခွဲသေးဘူး"

"အော တစ်ရုံးလုံးက လူတွေရဲ့နာရီတွေအားလုံး မြန်နေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ ဆယ့်နှစ်နာရီခွဲလို့ အားလုံးတူတူ ဆင်းလာကြတာပဲ"

သူပြောတာလည်း ဟုတ်တာပဲ၊ ခုတိုင်းဆိုလျှင် ကျွန်တော့်နာရီက နောက်ကျနေတာ ဖြစ်ရမည်။ စဉ်းစားရ ခက်သွားသည်။ ကျွန်တော့်နာရီ သည် မိနစ်နှစ်ဆယ်လုံးလုံး နောက်ကျစရာ အကြောင်းမရှိ။ အမြဲ အချိန်မှန် သည်။ အလွန်ဆုံးလွဲလျှင် တစ်မိနစ်၊ ခုဟာက။

သိပြီ။ ဖြစ်နိုင်စရာ တစ်ခုပဲရှိသည်။ မနက်က ပွင့်တောင်းနှင့် မော် ဆရာ ကျွန်တော့်ထံ ရောက်လာသည်။ သူတို့နှစ်ယောက်ပေါင်းပြီး ကျူရှင်





ပွင့်ဖို့ကိစ္စ လာပြောကြသည်။ ပြောနေရင်း ထိမ်သာသွားချင်လာသော ကြောင့် သူတို့နှစ်ယောက် ကျန်ခဲ့သည်။ ကျွန်တော့်အခန်းထဲ ပြန်ဝင်လာ သောအခါ ပွင့်တောင်းက ကျွန်တော့် လက်ပတ်နာရီကို ကိုင်ထားသည်ကို တွေ့ရ၏။

"မင်းကတော့ကွာ ခင်စန်းကို ဘယ်လောက် ချွဲလမ်းသလဲ မသိဘူး နာရီတောင် စန်းပါတဲ့နာရီမှပတ်တာ၊ ဟဲ ဟဲ" ဆိုပြီး နာရီကို စားပွဲပေါ် ပြန်တင်ထားလိုက်၏။ ကျွန်တော့်နာရီက 'စန်းဖေါ့စ်' အမျိုးအစား။ မဟုတ် မှလွဲရော၊ ဒီကောင်တွေ နာရီလက်တံကို မိနစ်နှစ်ဆယ်တိတိ နောက်ပြန်ရွှေ့ ထားခဲ့တာ ဖြစ်ရမည်။

မည်သို့ပင်ဖြစ်စေ ခင်စန်းသည် ဆယ်မိနစ်လောက် ကြာအောင် စောင့်နေရသောကြောင့် ကျွန်တော့်ကို စိတ်ကောက်နေတာ သေချာပြီ။

"မဟုတ်ဘူး ခင်စန်းရဲ့၊ ဒီလိုပါ။ ဟိုခင်း"

ဆိုပြီး ပွင့်တောင်းနှင့် မော်ဆရာ နောက်လှတ်လိုက်ပုံကို ပြောပြ သည်။ ပြီးတော့ "အဲဒါပဲကွာ၊ တော်တော်နောက်တဲ့ကောင်တွေ၊ ဟား ဟား" ဟု ကျွန်တော် ရယ်လိုက်သော်လည်း သူ လိုက်မရယ်။ ပြုံးရုံမျှပင် မပြုံးဘဲ ဆက်လျှောက်လာသည်။

"တစ်ခုခု စားရအောင်"

ကျွန်တော့်စကားကို မကြားသလို သူနေသည်။

"ဟင်လို့၊ ဟာ၊ ဟုတ်ပြီ။ ဒံပေါက်ထမင်း စားပါလား။ ရွှေဘုံသာလမ်း မှာ ခုမှအသစ်ဖွင့်တဲ့ဆိုင်ရှိတယ်။ 'ရွှေ' ဒံပေါက်ထမင်းတဲ့။ သိပ်ကောင်းတ ပဲလို့ သူများတွေပြောတယ်"

မျက်နှာချိုသွေးကြည့်သော်လည်း မရချေ။ အစားနှင့် မြူဆွယ်လို့မရ တော့ နောက်တစ်နည်း အကြံထုတ်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခြောက် ဒါရို ဟိုတစ်နေ့ကတောင် လမ်းမှာ မဉီးနဲ့တွေ့သေးတယ်။ သူက မိစန်း မပါဘူးလားလို့ မေးတယ်သိလား။ ပြီးတော့ ကိုယ့်ကိုလည်း မိစန်းနဲ့ နေ့တိုင်း တွေ့နေရတော့ အကူအညီ မလိုတော့လို့ သူ့ဆီ လာမလည်တာလားလို့ ပြောသေးတယ်။ သူ့ 'မင်္ဂလာဆောင်ပြီးကတည်းက ခင်စန်းနဲ့ မတွေ့တော့ဘူးဆို"

သူ ပြန်မပြော၊ ကျွန်တော် ခေါင်းကုတ်လိုက်၏။ ကမ်းနားလမ်းရှိ ဘတ်စ်ကားမှတ်တိုင်ရောက်သည်အထိ ဘာမျှ မထူးခြားသေး။

"အိမ်ပြန်တော့မှာလား။ တစ်နေရာရာ မသွားတော့ဘူးလား"

ခေါင်းခါသည် ဆိုရုံမျှ ခါပြသည်။ ကျွန်တော့်မှာလ အစီအစဉ်ကို ပြောပြဖို့ ခက်နေသည်။ ခုတိုင်းဆိုလျှင် ပြောဖြစ်မည်မထင်။ ကျွန်မတော့်မှာ ညီမလေးတစ်ယောက် မရှိခဲ့တာနေသည်။ ရှိသာရှိခဲ့လျှင် ညီမလေး စိတ်ကောက်သည့်အခါ ဘယ်လို ချော့ရမည်ကို ကျွန်တော် သိနားလည်ခဲ့ပေလိမ့်မည်။ ခုတော့ စိတ်ကောက်ပြေအောင် ချော့ပုံချော့နည်းကို ကျွန်တော် မကျွမ်းကျင်။

"အိမ်ကိုပဲ ပြန်မလို့လား"

သူနှုတ်ဆိတ်၍ နေမြဲနေသည်။ ကျွန်တော် တစ်ခုခု ပြောမည်ကြံသည်။ သို့ရာတွင် ကျွန်တော်တို့နားမှာ လူတစ်ယောက် လာရပ်သောကြောင့် မပြောဖြစ်လိုက်။ ထိုသူကို လှည့်ကြည့်လိုက်သည်။ လျက်ဆားရောင်းသော ကောင်ကလေး။ တက်ထရွန်ဂျင်းအကျီနှင့် ဖလဲဘောင်းဘီ ခပ်နွမ်းနွမ်းကို ဝတ်ထားသည်။ အသက် နှစ်ဆယ်လောက်ပင် ရှိဦးမည်။ သူ ကျွန်တော့်ကို ပြုံးပြသည်။ ကျွန်တော်လည်း ဘာမသိ ဘာမသိ ပြန်ပြုံးလိုက်မိ၏။ သူ ကျွန်တော့်ဆီကို လက်တမ်းပေးသည်။ ကျွန်တော်ယောင်ပြီး လက်ဖြန့်လိုက်မိ၏။ လက်ထဲသို့ လျက်ဆားလုံးကလေးတွေ ရောက်လာသည်။





"နမူနာ မြည်းကြည့်ပါဦးအစ်ကို"

လက်ထဲက လျက်ဆားလုံးများကို ကြောင်ကြည့်နေတုန်း သူ ခင်စန်းဘက် လှည့်လိုက်သည်။

"အစ်မ လျက်ဆား နမူနာ မြည်းကြည့်ပါဦး"

ခင်စန်းက သူ့ကို ဂျစ်တစ်တစ် တစ်ချက်လှမ်းကြည့်ပြီး ခေါင်းခါပြသည်။ ကျွန်တော်ကလည်း အလိုက်ကမ်းဆိုး မသိရန်ကောဆိုသော အကြည့်မျိုးဖြင့် သူ့ကို ကြည့်လိုက်သည်။ သို့ရာတွင် သူ မထွက်သွားသေး။ ကျွန်တော့်ဘက်သို့ ပြန်လှည့်လိုက်ပြန်သည်။

"တစ်ပုလင်းလောက် အားပေးပါဦးခင်ဗျား၊ တစ်ကျပ်တည်းပါ"

ကျွန်တော် ခေါင်းခါလိုက်သည်။

"သုံးကြည့်ပါအစ်ကို၊ ချောင်းဆိုးနဲ့ လေနာ ဖခေါ်အချာ ပျောက်ပါတယ်"

ကျွန်တော် ခပ်တည်တည်ကြည့်ရင်း တစ်ခုခု ပြောမည်ကြံသည်။ ကျွန်တော် မပြောခင်က သူက အလျင်ဦးအောင် ဆက်ပြောလိုက်ပြန်သည်။

"အသက်က သိကြားတတောင် လက်ဖျားခါရတဲ့လျက်ဆား မဟာပါ ခင်ဗျား၊ ဇမ္ဗူတစ်ခွင်တစ်လျှောက်မှာ ဘူဖင်ပေါက်လိုက်ရင် မအူပင်လောက်က ကြားနိုင်ပါတယ်။ ခေါ်တော်လေးများ စားလိုက်ရင်၊ မေ့ာ်တော်လေးများ သွားသလို ဘွတ်၊ ဘွတ်၊ ဘွတ်၊ ဘွတ်"

"ခစ်ခနဲ" အသံတစ်ခု ကြားလိုက်ရသည်။ ခင်စန်းဘက်သို့ လှည့်ကြည့်၏။ ခင်စန်းသည် တစ်ဖက်သို့လှည့်၍ ရယ်နေကြောင်း သိလိုက်ရလေသည်။ ကျွန်တော်လည်း တျော့ရှုတင်သောအားဖြင့် ငွေတစ်ကျပ် ထုတ်ပေး၍ ပြီး တစ်ပုလင်း ဝယ်လိုက်ရသည်။

"အိုကေ၊ အိုကေ၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



လျက်ဆားတောင်လေး လျှော့သွားသည်။ ခင်စန်းကို ကျွန်တော် ကြည့်လိုက်သည်။ ရယ်ထားသောကြောင့် မျက်နှာကလေးက ပန်းရောင် သန်းနေသည်။ ကျွန်တော် ကြည့်နေမှန်းသိ၍ နှုတ်ခမ်းကို စေ့ထားသည်။

"ခင်စန်း"

"ဘာလဲ"

သူ့မျက်နှာကို တင်းထားတုန်း၊ သို့ရာတွင် တကယ်တည်တာ မဟုတ် တော့။ ဟန်ဆောင်၍ တင်းထားသော အမူအရာသာ ဖြစ်လေသည်။

"စမ္ပူတစ်ခွင်တစ်လျှောက်မှာ၊ အဲ မဟုတ်ပါဘူး"

သူ့မျက်နှာမှာ ပြုံးယောင်သန်းလာသည်။ လျက်ဆားကယ်မေလို့ သာပေါ့။

"နည်းနည်းလောက် မြည်းကြည့်ပါလား၊ မော်တော်လေး သွားသလို ပေါ့"။ သူရယ်ပြီး "မမြည်းချင်ပါဘူး" ဟု ပြောသည်။

"မဆာဘူးလား"

"ဆာတာပေါ့"

"အဲဒါ စိတ်တောက်တဲ့ အကျိုးပေါ့။ ကဲ လာ သွားရအောင်"

သိမ်ကြီးဈေးအထိ လမ်းလျှောက်သည်။ ခုနစ်တား စီးသည်။ ဗိုလ်ချုပ် ဈေးမှာ ဆင်းသည်။ ရွှေဘုံသာလမ်းကို လျှောက်သည်။ ရွှေခံပေါက် ထမင်း စားသည်။ မရခဲရေ သောက်ရင်း သူ့ကို ကျွန်တော့်အစီအစဉ် ပြောပြသည်။ ကျွန်တော့်အိမ်သို့ လိုက်လည်ရန် အကြောင်း။

"တင့်အင်း မလိုက်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ၊ ဖေဖေတို့ မေမေတို့နဲ့လည်း တွေ့ရတာပေါ့"

"အို မကောင်းပါဘူး၊ ရှက်စရာကြီး"

"ဘာ ရှက်စရာရှိလို့လဲ၊ ဖေဖေတို့က သဘောကောင်းပါတယ်"





သူ ခေါင်းခါပြီး "မသွားချင်ပါဘူး" ဟု ပြောသည်။ သူ့မျက်နှာကို ကြည့်သောအခါ အကြောက်အကန် ငြင်းဆန်လိုသော အရိပ်အယောင်များ မတွေ့ရ။ လိုက်သင့် မလိုက်သင့် စဉ်းစားနေပုံသာ ဖြစ်ရသည်။

"လိုက်ခဲ့ပါ ခင်စန်းရဲ့၊ ဖေဖေတို့ မေမေတို့ကလည်း ခင်စန်းနဲ့ တွေ့ ချင်နေတယ်"

အမှန်မှာ ထိုသို့ မဟုတ်ချေ။ ကျွန်တော် ညာပြောခဲ့ခြင်းသာ ဖြစ် သည်။ ခင်စန်းကို အိမ်သို့ ခေါ်လာဖို့ကိစ္စကို ဖေဖေတို့ကို လုံးဝ မပြောခဲ့ရ သေး။ ကျွန်တော့်မှာ ရည်းစား ရှိနေသည့်အကြောင်းကိုပင် ဟိုကောင်တွေ အိမ်လာရင်း နောက်ပြောင်ဟတ်သောကြောင့် တစ်စွန်းတစ်စ သိနေခြင်း လောက်သာရှိသည်။

ဘတ်စ်ကားမှတ်တိုင်မှ အိမ်သို့ လျှောက်လာကြသောအခိုက် ကျွန်တော့်စိတ်ထဲသို့ စိုးရိမ်မှုများ ဝင်ရောက်လာသည်။ ဖေဖေတို့ မေမေတို့ သည် ခင်စန်းအပေါ် ကြည်ကြည်ဖြူဖြူ ရှိပါ့မလား၊ စကားပြောဆိုရာတွင် အဆင်အပြေ ဖြစ်ပါ့မလားဆိုသော ကိစ္စ။ ဖေဖေက အရေးမကြီး၊ ကိုယ်နှင့် တစ်သက်လုံး နေရမည့် မိန်းကလေးကို ကိုယ့်စိတ်ကြိုက်ရွေးဟု အရင် ကတည်းက ပြောခဲ့ပြီးသား၊ မေမေ့အတွက်သာ ပူမိသည်။ မိန်းကလေးဆို တာ ဘာဖြစ်မှု၊ ဘယ်လိုမှုတူ၍ ပြောလေ့ရှိသည်။ ခင်စန်းနှင့်ပတ်သက်၍ အခြားကိစ္စများအတွက် လုံးဝ စိတ်ချသည်။ ဖားလျားချထားသော ဆံပင်နှင့် လက်မောင်းအကျီအတွက်သာ ပူမိ၏။ ပြီးတော့လည်း လူကြီးဆိုတာမျိုးက ပြောလို့ရသည် မဟုတ်၊ ခင်စန်း၏ဆံပင်ကို ခေါက်တင်ခိုင်းလိုက်ရ ကောင်း မလားဟု တွေးမိသေးသည်။ သို့ရာတွင် သူ့မှာ ဆံပင်ခေါက်တင်ရာတွင် သုံးသော ဆံညှပ်ကလစ် ပါမည်မထင်။ အလျင်ကတည်းက မေမေ့ကို ခတ်ပုံ ပြ၍ ခင်စန်းအကြောင်း ပြောပြထားခဲ့ရ အကောင်းသားဟု စဉ်းစားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခုမှတော့ မတတ်နိုင်။ ခင်စန်းသည် မေမေ့ကို သူ့ဘက်ပါအောင် စည်းရုံး နိုင်စွမ်းရှိမှာပါဟူ၍သာ စိတ်ကို ဖြေလိုက်ရသည်။

အိမ်အဝင်ဝ ရောက်သောအခါ သူ့ခြေလှမ်း နည်းနည်းတုံ့သွားသည်။ သူ့မျက်နှာပေါ်၌ အတန်ငယ် စိုးရွံ့နေဟန်ကို မြင်နိုင်သည်။ ဤအချိန်မှာ ကျွန်တော်ကိုယ်တိုင်က တွန့်တွန့်ဆုတ်ဆုတ် လုပ်နေ၍ မဖြစ်တော့။ "လာလေ၊ ခင်စန်း" ဟုပြောပြီး စိတ်ကိုတင်း၍ အိမ်ပေါ်သို့ တက်လိုက်သည်။

ဧည့်ခန်းထဲမှာ ဘယ်သူမှမရှိ။ "မေမေရေ ဧည့်သည်ပါလာတယ်" ဟု လှမ်းအော်လိုက်သည်။ မေမေ့ထူးသံကို ကြားရ၏။ မေမေသည် ခန်းဆီးကို ဖယ်၍ ထွက်လာသည်။ ခင်စန်းကို မြင်သောအခါ ရုတ်တရက် အံ့ဩသွားပြီးမှ ပြုံး၍ပြောသည်။

"ကြော် အေးအေး ထိုင်လေကွယ်"

မေမေပြောမှပင် ခင်စန်းရော ကျွန်တော်ပါ မတ်တတ်ကြီးတွေ ရပ်နေမိကြမှန်း သတိရတော့သည်။ ခင်စန်းသည် သူ့အား လှမ်းကြည့်လိုက်သော မေမေ့ကို တည်ငြိမ်စွာ ပြန်လည်ပြုံးပြလိုက်နိုင်ကြောင်း တွေ့ရတော့မှ အတန်ငယ် စိတ်အေးသွားရသည်။

"ထိုင်လေ၊ ခင်စန်း"

သူ ကုလားထိုင်ပေါ်တွင် ခပ်ကျုံ့ကျုံ့ ဝင်ထိုင်လိုက်သည်။ ကျွန်တော်ကမူ မထိုင်နိုင်သေးဘဲ မိုးတိုးမတ်တတ် ရပ်နေရင်းက အိမ်အတွင်း ဟိုဟိုဒီဒီ လှမ်းကြည့်နေမိပြန်သည်။

"ဖေဖေကော"

"စာစာတုန်းကတော့ ဝယ်ရှောသွားမယ် ပြောနေတယ်။ ကြော် ရှိတယ်၊ ရှိတယ်"





မေမေအတွင်းခန်းထဲ ပြန်ဝင်သွားသည်။ ဧည့်ခန်းထဲမှာ နှစ်ယောက်တည်း ကျန်ခဲ့တော့မှပင် ခင်စန်းကို အတန်ငယ် ပြုံးပြနိုင်တော့သည်။ သူကလည်း ပခုံးကလေးတွန့်၍ စိတ်မရဲသေး ဟန်ဖွက်၍ ပြန်ပြုံးပြသည်။ ခဏအကြာတွင် ခန်းဆီး လှပ်ခါသွားပြန်သည်။ ဒီတစ်ခါ ထွက်လာသူက ဖေဖေ။ ဖေဖေကတော့ ခင်စန်းကို တစ်ချက်သာ လှမ်းကြည့်သည်။ ကျွန်တော့်ဘက်သို့လှည့်၍ ခေါင်းဆတ်လျက် ပြုံးသည်။ ပက်လက်ကုလားထိုင်မှာ ဝင်ထိုင်သည်။ စီးကရက် နှစ်လိပ်ထုတ်၍ ကျွန်တော့်ကို တစ်လိပ်လှမ်းပေးသည်။ ကျွန်တော်တို့ သားအဖနှစ်ယောက် ဆေးလိပ်ကိုယ်စီ ဖွာနေကြချိန်တွင် ခင်စန်းသည် စိတ်ကျဉ်းကျပ်နေပုံရသည်။ အနေခက်နေသူတို့ ထုံးစံအတိုင်း ဧည့်ခန်းအတွင်းရှိ ပစ္စည်းများကို လှမ်းကြည့်လိုက်၊ ခေါင်းပြန်ငုံ့လိုက် လုပ်နေသည်။

ထိုစဉ်တွင် မေမေထွက်လာသည်။ လက်ဖက်ပန်းကန်ကို စားပွဲပေါ် တင်လိုက်၏။ ကျွန်တော်တို့နှစ်ယောက်၏ မျက်နှာချင်းဆိုင်ရှိ ခုံမှာ ဝင်ထိုင်သည်။ ရုတ်တရက် စကားမပြောဖြစ်သေးဘဲ အားလုံးငြိမ်သက်နေမိကြသည်။ အမှန်မှာ စကားစပြောရမည့် သူကားကျွန်တော်။ သို့ရာတွင် ဘယ်လိုက ဘယ်လို မိတ်ဆက်ပေးရမှန်းမသိ ဖြစ်နေသည်။ ထိုအခက်အခဲကို ဖေဖေ ရိပ်မိသွားသောကြောင့်

"စားလေသမီး"

ခင်စန်းက 'ဟုတ်ကဲ့' ဟုပြောပြီး ခေါင်းညိတ်ပြသည်။ ထိုအချိန်တွင် ကျွန်တော် စကားစပြော၏။

"ဖေဖေ၊ မေမေ၊ ဒါခင်စန်းတဲ့။ ကျွန်တော့်(ခဏမျှဆိုင်း၍) သူငယ်ချင်း။ ဟိုဆယ်တန်းတုန်းက သူငယ်ချင်းပေါ့"

ဆယ်တန်းတုန်းက သူငယ်ချင်း၊ ခုတော့ သူငယ်ချင်းမဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ရည်းစားဖြစ်နေပြီဆိုသော အဓိပ္ပာယ်မျိုးဖြစ်သွားသည်။

"တက္ကသိုလ်မှာတော့ မတွေ့ဘူးပေါ့"

ဟု မေမေက စကားထောက်ပေးသည်။

"ဟုတ်တယ် မေမေ၊ သူက ကန်မစ်ထနီ"

ကျွန်တော်တို့ စကားပြောနေတုန်း မေမေသည် ခင်စန်း၏ခြေထောက်များ၊ လက်များကို ဖွတ်မနဲ့ ဖွတ်ခနဲ ကြည့်နေသည်ကို တွေ့ရသည်။

"ခုတော့ သူက စာစစ်အဖွဲ့မှာ အလုပ်လုပ်နေပြီ"

"ပြော်၊ အေး ကောင်းတယ်။ အမေက မိန်းကလေးတွေ အလုပ်လုပ်တာကို သဘောကျတယ်"

မေမေ၏ ပထမဆုံးစကား၊ ထိုစကားသည် ခင်စန်းကို အကောင်းဘက်ကမြင်၍ ပြောလိုက်သော အဓိပ္ပာယ်ဖြစ်သောကြောင့် ကျွန်တော်စေကျနပ်သွားသည်။

နောက်ပိုင်းတွင် မေမေက အာချဝ်မပြောတော့၊ ကျွန်တော်လည်း သိပ်မပြောရ၊ ခင်စန်းကတော့ မပြောရဆုံး၊ မေမေကချည်း ဒိုင်ခံပြောနေသည်။ မေမှတုံးစံအတိုင်း ဟင်းချက်နည်းမျိုးစုံ၊ သီးစုံသနပ်များလုပ်နည်း၊ ငှက်ပျောသီးပွတင်းဖုတ်နည်း စသည်တို့ဖြစ်သည်။

"ပြော်၊ ဒါနဲ့ သမီးတို့အိမ်မှာကျတော့ ဘယ်သူချက်သလဲ"

"အစကတော့ ကျွန်မပဲ ချက်ပါတယ်။ ခု အလုပ်ရတော့ မနက်ကို ချက်ဖို့ အချိန်မရတော့ဘူး၊ ရုံးပိတ်ရက်ကျမှပဲ ဝင်ချက်နိုင်တော့တယ်"

"ပြော်၊ အေး၊ အေး၊ ဒါနဲ့ ခုနပြောတာ၊ အင်း၊ ရေချဉ်တည်နည်း၊ ဒီလိုကွယ့်၊ ခုနပြောသလို ဆားရည်ကျိုလိုက်တော၊ ဆားကို ဘယ်လောက်ထည့်ရမလဲဆိုတော့ ထမင်းလုံးကလေး တစ်လုံးပစ်ထည့်လိုက်၊ အဲဒီထမင်းလုံး ရေပေါ်ပြန်ပေါ်လာရင် အနေတော်ပဲ၊ အိုးကိုချပြီး အအေးခံထား၊





အေးပြီလာဆိုတော့မှ ပုလင်းထဲထည့်၊ ဟောလစ်ပုလင်းကြီးမျိုးဆို ပိုကောင်းတယ်၊ မှန်လာဥတို့၊ ပိုးတီလို ထိုးပြီးထည့်၊ ဂေါ်ဖီခန်းထည့်၊ စိမ်းစားဥ ကိုအတုံးကလေးတွေ လှီးပြီးထည့်၊ ပြီးတော့ နေပူမှာ မနက်တိုင်း သုံးလေးရက်လောက် ပြပေးလိုက်ရင် ရေချဉ်ဖြစ်ကရော၊ သူက သန့်လည်း သန့်တယ်၊ ပြီးတော့ အချဉ်လည်း သိပ်မစူးဘူး"

ခင်စန်းသည် ခေါင်းကညိတ်ညိတ် နားထောင်နေသည်၊ မေမေကမှ "မင်းအမေတော့ လေပေးပြောင့်နေပြီကွ" ဆိုသော သဘောဖြင့် မေမေနှင့်ခင်စန်းမမြင်အောင် မျက်စိတစ်ဖက်မှိတ်ပြသည်။

●

ထမင်းကို စိတ်ပြောင့်ပြောင့် မစားနိုင်၊ မေမေသည် ခင်စန်းအကြောင်းကို တစ်ခုခုလာပြောလိမ့်မည်ဟု ထင်နေသည်၊ စောစောက ခင်စန်းကိုကားမှတ်တိုင်သို့ လိုက်ပို့သည်။ အိမ်ပြန်လာလာချင်း မေမေ ပြောလိမ့်မည်ဟု ဘွက်လိုက်သော်လည်း မဟုတ်ချေ၊ ထမင်းစားတော့မလားဟု၍သာ မေးသည်၊ ကျွန်တော်က စားမယ်ပြောတော့ ခူးခပ်ပေး၏၊ ပြီးတော့ မီးဖိုခန်းဘက် ပြန်ဝင်သွားသည်။

မေမေသည် ခင်စန်းနှင့် စကားပြောနေစဉ်က မျက်နှာ ကြည်ကြည်သာသာ ရှိခဲ့သည်ကို တွေ့ရသည်၊ ခင်စန်းကို သမီးခေါ်တာကတော့ သိပ်မဆန်းချေ၊ မေမေသည် သမီးအရွယ် မိန်းကလေးတိုင်းကို ဤသို့ပင်ခေါ်မြဲ ဖြစ်သောကြောင့်ပင်၊ လူကြီးဆိုသည်မှာ အလွန်ဟန်ဆောင်ကောင်းသည်၊ ခင်စန်းကို ဧည့်သည်တစ်ယောက်အနေဖြင့် မကောင်းတတ်လို့သာ ပျူပျူငှာငှာ ရှိခဲ့ခြင်းလားဟု စိုးရိမ်နေမိပြန်သည်။

မေမေ ကျွန်တော့်နား လာထိုင်သည်၊ ဘာမျှ မပြောသေးပဲ အ... ယ်ကြာနေပြီမှ" ဘူးရွက်ဟင်းချိုသောက်လေ၊ အညွန့်ကလေးတွေ...ပါ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်နှောင်း ခင်စရာမလိုဘူး။ ရိုလိုက်တာ" ဟုပြောသည်။ တင်းချိတ်ခွန်းခင်သောက်လိုက်ရ၏၊ လက်သုတ်ပဝါကို ယူ၍ ခေါက်နေရာမှ မေမေ ပြောသည်၊

"မိန်းကလေးရဲ့ မိဘတွေက ဘာလုပ်သလဲ"

"အရင်ကတော့ ပညာရေးဌာနမှာ အထူးအရာရှိပဲ၊ ခုတော့ အငြိမ်းစားပေါ့"

"ပြော်၊ ပြော်" ဆိုပြီး ဘာမှ ဆက်မပြောဖြစ်၊ မေမေ့ မျက်နှာအမူအရာကို အကဲခတ်လိုသော်လည်း မကြည့်ရဲချေ၊ ထမင်းကို ဝါးသာစားနေရသည်၊ စိတ်က ထမင်းမှာမရှိ။ မေမေ ထပ်ပြောမည့် စကားအတွက် ရင်တထိတ်ထိတ် ဖြစ်နေမိသည်။

"ကျောင်းဆရာလုပ်ဖူးတယ်ထင်တယ်"

"ဟုတ်တယ်၊ မေမေ"

ဟု အလျင်အမြန် ပြန်ဖြေလိုက်၏။

"အငြိမ်းကျောင်းဆရာရဲ့ သမီးဆိုတော့ ရည်ရည်မွန်မွန်ရှိတာပေါ့လေ" မေမေ့ကို ကျွန်တော် ဆတ်ခနဲ လှည့်ကြည့်လိုက်သည်၊ မေမေက ပြုံး၍

"ငါ့ ချွေးမလောင်းကလေးက တော်သားပဲ"

ထမင်းပန်းကန်ကို အပေါ်သို့ မြှောက်တင် မပစ်မိစေရန် စိတ်ကို ထိန်းထားလိုက်ရသည်၊ ဝမ်းစပ်တာမှု ထိန်းမထားနိုင်သောကြောင့် ပြုံးပြုံးကြီး ဖြစ်သွားမလား။

ထမင်းမြန်မြန်စား၊ ပန်းကန်မြန်မြန်ဆေးပြီး မေမေ့အလုပ်ရုံသို့ ထွက်လာခဲ့သည်၊ မေမေသည် ကားစက်ခေါင်းထဲသို့ ကုန်း၍ ဘာတွေ နှိုက်နေမှန်းမသိ။ ကျွန်တော် ရောက်သွားသည်ကို တော်တော်နှင့်မမြင်၊ ကြာကြာ မစောင့်နိုင်တော့သောကြောင့်၊





"ကျွန်တော် ဘာလုပ်ပေးရဦးမလဲ မေမေ"

မေမေသည် ကျွန်တော့်အသံကို ကြားသောကြောင့် လှည့်ကြည့်သည်၊ လက်ထဲက ဝက်အူလှည့်ကို သူတပည့်တစ်ယောက်အား လှမ်းပေးလိုက်သည်၊

"ကားစက်ပြင်တယ်ဆိုတာ ရည်းစားနဲ့ စကားပြောရတာလောက် ပျော်စရာ မကောင်းပါဘူးကွာ"

ကျွန်တော် ရယ်ကြဲကြဲ လုပ်နေလိုက်ရသည်၊ မေမေသည် ကျွန်တော့် ပခုံးကိုဖက်၍ အလုပ်ရုံအဝသို့ ခေါ်လာသည်၊

"မင်း တောင်မလေးက မဆိုးပါဘူးကွ၊ လှသားပဲ"

"မေမေကလည်း အဲဒီလိုပဲ ပြောတယ် မေမေ"

မေမေသည် ကျွန်တော့်ပခုံးပေါ်က သူ့လက်ကို ဖြုတ်လိုက်၏၊

"ဒေါ့။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်ကွ"

ကျွန်တော် ထိတ်ခနဲ ဖြစ်သွား၏။ မေမေ့ဝသီကို ကျွန်တော် သိသည်။ စကားတစ်ခွန်းကို အမှတ်မထင် ပြောလေ့ ရှိသည်။ ရယ်မောနေရာမှ ရုတ်တရက် တည်သွားသော မေမေ့မျက်နှာကို စိုးရိမ်မှုဖြင့် လှမ်းကြည့်လိုက်မိ၏။ အကောင်းအဆိုးကို ခွဲခြားကြည့်လို့ မရ။ မေမေသည် ကျွန်တော့်လက်ကို ဆုပ်ကိုင်လိုက်ပြီး . . .

"တစ်ခုတော့ ရှိတယ်ကွဲ့ မင်းတောင်မလေးဟာ မင်းအမေ ငယ်ငယ်တုန်းကလောက် မလှတာတော့ အမှန်ပဲကွ။ ဟား. . . ဟား"

ကျွန်တော်သာ ကလေးငယ်တစ်ယောက်ဆိုလျှင် ထိုနေရာ၌ ကျွမ်းထိုးလိုက်မိလိမ့်မည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

## [၂၈]

အနုပညာသည် ပြည်သူ့အတွက် ဖြစ်သနည်း။

အနုပညာသည် အနုပညာအတွက်၊ အနုပညာသည် ပြည်သူ့အတွက်။ အုပ်စုနှစ်ခု စာပေတိုက်ပွဲများ ဖြစ်ခဲ့ကြသည်။ ဆောင်းပါးတွေ အပြန်အလှန်ရေးပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ထိုးနှက်ခဲ့ကြသည်။ အချို့ကလည်း ကြားနေ။

ကျွန်တော်တို့ ကဗျာအုပ်စုသည် အရင်ကလို အမြဲတမ်း မဆုံဖြစ်ကြတော့၊ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြသောကြောင့် ခြောက်ယောက် တစ်ပြိုင်တည်း ဆုံဖို့မလွယ်တော့။ တစ်ခါတစ်ရံမှသာ နှစ်ယောက်ချင်း သုံးယောက်ချင်း တွေ့တတ်ကြတော့သည်။ ဒီနေ့တော့ ထူးထူးခြားခြား ခြောက်ယောက်စလုံး လာဆုံကြသည်။ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ထိုင်သည်။ ကြာကြာထိုင်လို့ ရပြီး လွတ်လွတ်လပ်လပ် စကားပြောနိုင်သော





ဆိုင်မျိုးကို ရွေးရ၏။ လမ်းဘေး လက်ဖက်ရည်ဆိုင်။

ကြုံတောင့်ကြုံခဲ ဆုံကြခြင်း ဖြစ်သောကြောင့် စကားပြောလို့ အားမရနိုင်ကြ။ ပြောစရာတွေကလည်း မကုန်နိုင်။ အထူးသဖြင့် စာပေအကြောင်း ဖြစ်သည်။ ယခုတလော ထွက်နေသောစာအုပ်များအကြောင်း၊ နာမည်ကြီးနေသော စာရေးဆရာများအကြောင်း၊ ကဗျာစာအုပ်များအထွက်နည်းသည့်အကြောင်း၊ 'ရှုမဝ' ခေါ် အမည်ခံ စာရေးဆရာများအကြောင်း၊ ကျွန်တော်တို့ရေးသော ကဗျာများအကြောင်း၊ နောက်ဆုံးတွင် အနုပညာအကြောင်းသို့ ရောက်ရှိသွားသည်။ ဖတ်ဖူးသမျှ၊ မှတ်ဖူးသမျှ တစ်ယောက်တစ်လှည့် ပြောပြကြသည်။ ကျွန်တော်ကလည်း ကျောင်းမှာတုန်းက ရသပညာ အတန်းတွင် သင်ခဲ့ရသော အကြောင်းများကို ပြန်ပြောပြသည်။

"ဒဿနိကဗေဒပညာရှင် ကန့်က အနုပညာဟာ သူ့နယ်ပယ်နဲ့သူရှိတယ်၊ အခြားနယ်ပယ်တွေနဲ့ မရောထွေးပါစေနဲ့၊ အနုပညာနယ်ပယ်က ဆုံးဖြတ်ချက်တွေကို တခြားနယ်ပယ်က ဆုံးဖြတ်ချက်တွေနဲ့ မရောထွေးပါစေနဲ့၊ အနုပညာဆိုင်ရာ တန်ဖိုးတွေကို သီးသန့်စဉ်းစားပါလို့ ပြောခဲ့တယ်။ အဲဒါကို အခြေခံပြီး နောက်ပိုင်းပညာရှင်တွေက Art For Art's Sake လို့ အမိပ္ပာယ်ဆွဲယူဖွင့်ဆိုခဲ့တယ်"

"အဲဒါ၊ အနုပညာသည် အနုပညာအတွက်လို့ ဘာသာပြန်ကြတယ် မဟုတ်လားကွ"

"အေးကွ။ ဒါပေမဲ့ အဲဒါ တိုက်ရိုက် ဘာသာပြန်ထားတာမို့လို့ ဆိုပြီး တချို့ဆရာကြီးတွေက သိပ်စိတ်ကြိုက်မတွေ့ကြသေးဘူး"

"မူရင်း အဓိပ္ပာယ်က ဘယ်လိုလဲကွ၊ သိတော့ သိသလိုပဲ။ ဒါပေမဲ့ ဘာသာပြန်ရတာ ခက်တယ်"

"ဒီလိုကွ၊ ကျောင်းမှာတုန်းက သင်ရတာကို မှတ်မိသလောက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ခြေပြုမယ်။ ၁၉ ရာစုနှစ်လောက်က စက်မှုတော်လှန်ရေး ဖြစ်ပြီးတော့ အရင်းရှင်စနစ်ဟာ အရမ်း ထွန်းကားလာတယ်။ အဲဒီမှာ ရောင်းလို့အားနဲ့ ဝယ်လို့အား ဥပဒေသလည်း ပေါ်ပေါက်လာတယ်။ အရင်းရှင်တွေဟာ အမြတ်အစွန်းကိုပဲ အဓိက ထားကြတာပေါ့။ သူတို့ဟာ ကုန်ပစ္စည်းတစ်ခုရဲ့ တန်ဖိုးကို အသုံးဝင်မှုအပေါ်မှာ မူတည်ပြီး ဆုံးဖြတ်ခဲ့ကြတယ်၊ အဲဒီအချိန်မှာက ကုန်ပစ္စည်းထုတ်လုပ်မှုကိုသာ အသားပေး စိတ်ဝင်စားနေကြတော့ အနုပညာအတွက် နေရာမရှိတော့ဘူး။ အနုပညာ ပစ္စည်းတွေကိုလည်း တခြား ကုန်ပစ္စည်းတွေနဲ့ ရောထွေးသတ်မှတ်ထားလိုက်ကြတယ်။ အရင်းရှင်စနစ် ထွန်းကားနေတဲ့အချိန်မှာ အနုပညာကို တန်ဖိုးထားရမှန်း မသိဘဲ ဖြစ်လာကြတယ်။ အဲဒီအခါ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းရဲ့ လေးစားခြင်း မခံရဘဲ လျစ်လျူရှု ခံနေရတဲ့ အနုပညာသည်တွေအတွက် လူမှုရေး ပြဿနာတွေ ပေါ်ပေါက်လာတယ်၊ အဲဒီပြဿနာတွေကို ဖြေရှင်းနိုင်တဲ့ အခွင့်အရေးလည်း မရကြရှာဘူး။ တဖြည်းဖြည်းနဲ့ အနုပညာသည်တွေဟာ သူတို့ကို မလိုလားတဲ့ ပတ်ဝန်းကျင်နဲ့ ကင်းကွာလာကြတယ်၊ အချင်းချင်း စည်းရုံးမိကြပြီး လူမှုရေးဘဝကို ကျောခိုင်းလိုက်ကြတယ်၊ လူ့အဖွဲ့အစည်းကို အဆက်အဆံ မလုပ်ကြတော့ဘဲ သူတို့ အဝန်းအဝိုင်း အတွင်းမှာပဲ အနုပညာကို ဖော်ထုတ်ခဲ့ကြတယ်။ ကျဉ်းမြောင်းတဲ့လောကကလေးကို ဖန်တီးပြီး ကျင်လည်နေကြရတော့တယ်၊ အနုပညာလက်ရာတွေဟာ တခြား ကုန်ပစ္စည်းတွေလို သဘောထားလို့ မရဘူး၊ အနုပညာရဲ့ တန်ဖိုးကိုလည်း သီးသန့် စဉ်းစားရမယ်၊ အနုပညာသည်ရဲ့ တာဝန်ဟာ အနုပညာလက်ရာတွေ ဖော်ထုတ်ဖို့သာ ဖြစ်တယ်၊ လူမှုရေး၊ နိုင်ငံရေး၊ ကိုယ်ကျင့်တရား တာဝန်တွေကို ထမ်းဆောင်ဖို့ မလိုဘူးလို့ ကြွေးကြော်ခဲ့ကြတယ်၊ သူတို့ဟာ ပတ်ဝန်းကျင်နဲ့





ကင်းကွာနေကြတဲ့အတွက် သူတို့မှာ ဖန်တီးစရာ အကြောင်းအရာ ရှားပါးလာတယ်။ ဒါကြောင့် ပုံသဏ္ဌာန်ကိုပဲ အားပြုကြရတယ်၊ အဲဒါကြောင့် နောက်ပိုင်းမှာ ပုံသဏ္ဌာန်အဓိက ဝါဒပေါ်ပေါက်လာတာပဲ"

"ဒါဆို၊ ငါ စဉ်းစားမိတယ်။ Art For Art's Sake ဆိုတာ အနုပညာဟာ အနုပညာ နယ်ပယ်နဲ့သာ သက်ဆိုင်တယ်။ တခြား နယ်ပယ်တွေနဲ့ မသက်ဆိုင်ဘူး။ အနုပညာဟာ အနုပညာသည်တွေနဲ့သာ ပတ်သက်တယ်။ တခြားလူတွေနဲ့ မပတ်သက်ဘူးဆိုတဲ့ သဘောမျိုးပေါ့"

"အေးကွ၊ ဖြစ်နိုင်တယ်၊ အဲဒီ အယူအဆ ပေါ်ပေါက်ခဲ့ရတာလည်း အရင်းရှင်စနစ် အကြီးအကျယ် ထွန်းကားလာတဲ့အချိန် အတွင်းမှာကိုး။ အဲဒါ အနုပညာသည်တွေရဲ့ အပြစ် မဟုတ်ဘူး ထင်တယ်"

"ဒါပေါ့ကွာ၊ အဲဒီအယူအဆဟာ ခုအချိန်မှာတော့ လုံးဝ မရှိသင့်တော့ဘူးကွ၊ ရှိလို့လည်း မရတော့ဘူး။ ဆယ့်ကိုးရာစုမှာ ကျန်ရစ်ခဲ့ပြီ၊ အရင်းရှင်စနစ် ထွန်းကားလာတဲ့ ကာလတုန်းက အနုပညာဝါဒဟာ ခုအချိန်မှာ ရှိဖို့ မလိုတော့ဘူး၊ အခုအချိန်မှာတော့ အနုပညာရဲ့ တန်ဖိုးဟာ သီးသန့် ရှိနေတယ်ဆိုတာ လက်ခံလာကြပြီ၊ ဒါပေမဲ့ အနုပညာရဲ့ နယ်ပယ်ဟာ တသီးတခြား ရှိနေတာ မဟုတ်ဘူး၊ အနုပညာသည်ကလည်း လူထဲကလူပဲ မဟုတ်လား။ ပတ်ဝန်းကျင်နဲ့ အနုပညာသည်ဟာ တစ်သားတည်း ဖြစ်နေတယ် မဟုတ်လား"

"ဟုတ်တယ်။ လူ့ဘောင်အဖွဲ့အစည်းထဲမှာ ရှိနေတဲ့ အနုပညာသည်ရဲ့ ဖန်တီးမှုဟာ အဲဒီ လူ့ဘောင်အဖွဲ့အစည်းအတွက်ပဲ ဖြစ်ရမယ်။ လူ့ဘောင်အဖွဲ့အစည်းအတွက်ပဲ အသုံးချရမယ်၊ အဲဒီအခါမှာ အနုပညာရဲ့ တန်ဖိုးဟာ အလိုလို မြင့်တက်လာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အနုပညာဟာ ရောင်းကုန်ပစ္စည်းသက်သက်လည်း မဟုတ်ဘူး၊ ဖန်အုပ်ဆောင်းထဲမှာထည့်ပြီး ကိုးကွယ်ထားရမယ့်အရာလည်း မဟုတ်ဘူး။ လူသားတွေရဲ့ အကျိုးအတွက် အသုံးဝင်တဲ့ အလွန်နူးညံ့သိမ်မွေ့တဲ့ ပညာရပ်တစ်ခုပဲ ဖြစ်ရမယ်"

●

သူ့စကားများထဲတွင် သူတို့ရုံးနှင့် သက်ဆိုင်သော အကြောင်းအရာများ မကြာခဏ ပါဝင်လာသည်။

အမှတ်စာရင်း၊ နေအောင်လက်မှတ်၊ မေးခွန်းလွှာ၊ အဖြေလွှာ၊ အထက်တန်း ပညာဦးစီးဌာန၊ စာမေးပွဲဝင်ခွင့်ပုံစံ၊ ပြည်နယ်နှင့်တိုင်းများ

နာမည်အသစ်များကိုလည်း ကြားလာရသည်။ သူတို့ရုံးမှ အမှုထမ်းများ ဦးသိမ်းလှိုင်မင်း၊ ကိုနေအောင်၊ သန်းဝင်း၊ အစ်မကြီး၊ မမတင်၊ မကြည်ဆွေဆွေ။

ကျွန်တော့်အနေဖြင့် လူကို မမြင်ဖူးဘဲ နာမည်ကို ကြားနေသူများ၊ လူကို မြင်ဖူးနေသော်လည်း နာမည် မသိသူများ၊ လူနှင့်နာမည် မတွဲမိသူများ ဖြစ်သည်။ အားလုံးလိုလိုမှာ ကျွန်တော်နှင့် အကျွမ်းတဝင် မရှိကြသေး။

တစ်ခါက သူတို့ ရုံးဝတ်စုံဖြစ်သော နက်ပြာရောင် တက်ထရွန်ထည် ဝယ်ရန် သွားသည်။ ရုံးက အစ်မကြီးဆိုသူပါ ပါလာသည်။

သူတို့ရုံးပေါ်က ဆင်းလာပြီးနောက် ကျွန်တော့်ကိုပြောသည်။ ထဘီသွားဝယ်မည်တဲ့။ ကျွန်တော်က လေဟာပြင်ဈေး၊ စိန့်ဂျွန်းဈေးတို့မှာ ဝယ်မည်ထင်သော်လည်း မဟုတ်ပေ။

"အဲဒီ ဈေးတွေမှာဆိုရင် တစ်ကိုက်ကို ဆယ့်ခုနစ်ကျပ်တဲ့၊ ရုံးက





ဝယ်မှန်းသိလို့ အဲဒီအရောင်ကို ဈေးတင်ထားတယ်လေ၊ အဲဒါ အစ်မကြီးက ပြောတယ်၊ ကြည့်မြင်တိုင်ဈေးမှာ ဆယ့်ခြောက်ကျပ်နဲ့ ရတယ်တဲ့"

"အဲဒီတော့ ကြည့်မြင်တိုင်ဈေးမှာ သွားဝယ်မယ်ဆိုပါတော့"

"အင်းပေါ့"

ကျွန်တော် စဉ်းစားကြည့်သည်။ ခင်ဇန်းက လေးတောင်မိုက်လျှော့ကွင်းဝတ်တတ်သည်ဆို၏၊ သုံးတောင်ထွာကွင်း ဝတ်ရတာ စီးစီးပိုင်ပိုင် မရှိဘူးတဲ့၊ ငယ်စဉ်က သူ့မိခင်၏ ထဘီများကို ယူယူဝတ်ရင်း လေးတောင်မိုက်လျှော့ကွင်းမှ ဝတ်တတ်သောအကျင့် စွဲသွားသည်ဟု သူပြောဖူးသည်။ အနံကို ပြန်ဆက်ဖို့ပါနှင့်ဆိုလျှင် လေးတောင်တစ်မိုက် ဝယ်ရမည်။

မြို့ထဲက ဈေးတွေမှာဝယ်လျှင် တစ်ကိုက်ကို တစ်ကျပ်ပိုများသောကြောင့် နှစ်ဆယ့်ငါးပြားလောက် ပိုကုန်မည်။ ကြည့်မြင်တိုင်ဈေးမှာ သွားဝယ်ပြီ ဆိုလျှင် ဈေးတော့ သက်သာပါတယ်။ အသွားအပြန် ယာဉ်စရိတ်ကို ထည့်တွက်လျှင် ဘာထူးလို့လဲ။ ကုန်တာချင်း အတူတူ အပင်ပန်း မခံဘဲ မြို့ထဲမှာပင် ဝယ်လိုက်လို့ပြောမည် စိတ်ကူးသေးသည်။ ထိုအစ်မကြီး၏ အကြံဉာဏ်ဖြင့် သွားကြမည်ဖြစ်၍ မကောင်းတတ်သဖြင့် မပြောဘဲ လိုက်သွားသည်။

လသာလမ်းမှ ကြည့်မြင်တိုင်ဈေးအထိ ဘတ်စ်ကားကို တစ်မျှော်တစ်ခေါ်ကြီး စီးရသည်။ အပြန်ကျတော့လည်း ကြည့်မြင်တိုင်မှ တာမွေထိ ဆယ့်ခြောက်ကား စီးရဦးမည်။ တာမွေကမှ ဆယ့်သုံးကားတစ်ဆင့် ပြန်စီးရမည်။ ခုလို ရုံးဆင်းချိန်မှာ ကားကတော့ အသေကျပ်မှာ သေချာသည်။

ဟိုရောက်တော့လည်းကြည့်။ ဟိုတစ်နေ့က အစ်မကြီး ဝယ်ခဲ့သောဆိုင်တွင် နက်ပြာရောင် မရှိတော့။ နောက်တစ်ဆိုင်မှာ တွေ့တော့ တွေ့ရပါတယ်၊ ဆယ့်ရှစ်ကျပ်တဲ့၊ နောက်ဆုံးတော့ ဆယ့်ခုနစ်ခွဲ၊ ဆယ့်ခြောက်ကျပ်



www.burmeseclassic.com

www.burmeseclassic.com



ရသော ဆိုင်ကျတော့လည်း အရောင်နည်းနည်းကွဲနေသည်။ တစ်ဆိုင်ကျတော့ အရောင်တူရသည်။ သို့ရာတွင် တက်သရွန် မဟုတ်၊ တေလာ့ဉ်မဟင်၊ ဈေးထဲမှာ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် တော်တော်ကြာသွားသည်။

ကျွန်တော် စိတ်မရှည်နိုင်တော့။ ထမင်းလည်း အရမ်းဆာလာပြီ။ ကျွန်တော့်သဘောဆိုလျှင် ခုန ဆယ့်ခုနစ်ကျပ်ခွဲကိုပင် ဝယ်လိုက်ချင်ပြီ၊ သို့ရာတွင် သူတို့နှစ်ယောက်ကား ဇောတပ်နေကြတုန်း။

'ဟိုဘက်တန်း သွားရအောင်'၊ 'ဒီကြားထဲမှာ တစ်ဆိုင်ရှိသေးတယ်' စသည်ဖြင့် တက်တက်ကြွကြွ လှုပ်ရှားနေကြသည်။

နောက်ဆုံး ဟိုးချောင်ထဲ က ဆိုင်တစ်ဆိုင်ကျမှ အဆင်ပြေသွားသည်။ ဒါတောင် ဆယ့်ခြောက်ကျပ်ရအောင် မနည်းဆစ်ယူရသည်။ ခင်စန်းသည် ပိုက်ဆံဖိုး ပေးရန်အတွက် သူ့ပိုက်ဆံအိတ်ကလေးထဲမှ ငါးကျပ်တန် အသစ်ကလေးများကို ထုတ်ယူလိုက်သည်။ သူစုထားသော ပိုက်ဆံများ ဖြစ်ပေလိမ့်မည်။ ရေပင် မရေတွက်ကြည့်တော့ဘဲ ဆိုင်ရှင်ကို ပေးလိုက်သည်။ အစတည်းက အတိအကျတွက်ပြီးယူလာခဲ့ခြင်းဖြစ်သည်။

ကျွန်တော့်စိတ်ထဲက တစ်မျိုးကြီး ခံစားလိုက်ရ၏။ တကယ်ဆိုလျှင် ခုလို ဝယ်သောအခါ ကျသင့်ငွေကို ကျွန်တော်က ထုတ်ပေးသင့်သည်။ သို့ရာတွင် သူ့ကို ထဘီတစ်ထည် ဝယ်ပေးနိုင်လောက်သောငွေ ကျွန်တော့်မှာ မရှိ၊ အစ်မကြီးသည် ကျွန်တော့်ကို ဘယ်လို ထင်သွားမည်နည်း။ မလို အပ်မှန်း သိပါလျက် "ပိုက်ဆံလိုသေးလား" ဟု မေးလိုက်မိသည်။

နောက်တစ်နေ့တွင် သူပြောသည်။

"သူဟာ လူမှုရေးမှာ ညံ့သေးတယ်"

"ဘာကို ပြောတာလဲ"

"မနေ့တုန်းကဟာကို ပြောတာ"





မနေ့က သူ ကျွန်တော့်ကို အစ်မကြီးနှင့် မိတ်ဆက်ပေးသည့် အကြောင်းကို ပြန်ကောက်သည်။ ထဘီဝယ်ပြီး ဈေးထဲက ပြန်ထွက်လာ ဆယ့်ခြောက်ကားမှတ်တိုင် အရောက်တွင် မိတ်ဆက်ပေးခြင်းဖြစ်သည်။ အစ်မကြီး နာမည်က မတင်တင်မြိုင်တဲ့၊ စောစောတုန်းကတော့ ထဘီဝဆီကို စိတ်ရောက်နေသောကြောင့် မိတ်ဆက်ပေးရန် မေ့နေခြင်း ဖြစ်လိမ့်မည်။

"အဲဒီတုန်းက သူ့မျက်နှာထားက ခပ်တည်တည်နဲ့၊ အစ်မကြီးနဲ့ စကားပြောရတာကိုပဲ မပြောချင်သလိုလို၊ ဘာလိုလို"

"ခင်စန်းက မိတ်ဆက်ပေးတော့ ကိုယ်ပြုံးပြသားပဲ"

"သူ ပြုံးပုံက စိတ်မပါပဲ ပြုံးသလိုမျိုး၊ မကောင်းတတ်လို့ ပြုံးပြရတဲ့ မျက်နှာထားနဲ့"

ထိုအချိန်က ထမင်းအလွန်ဆာနေကြောင်း၊ ပြီးတော့လည်း တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် တစ်ဈေးလုံးနှံ့အောင် လျှောက်လိုက်နေရသောကြောင့် စိတ်မရှည်နိုင်ကြောင်း၊ ထို့ကြောင့် အစ်မကြီးနှင့် စကားပြောရာတွင် မျက်နှာထား ချက်ချင်းယွင်းသွားကြောင်း မပြောဖြစ်ပဲ. . .

"ကိုယ် ဒီလိုပဲ နေတတ်တာပဲ"

"နေတတ်တာကတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ လူမှုရေးဆိုတာ ရှိသေးတယ်လေ။ ဘာပဲဖြစ်ဖြစ် လိုက်လိုက်လျောလျော ရှိသင့်တယ်၊ တို့အနေနဲ့ သူ့အတွက် အစ်မကြီးအပေါ်မှာ မျက်နှာပျက်ရရင် ဘယ်ကောင်းမလဲ"

ကျွန်တော့်အပေါ်တွင် အစ်မကြီး တစ်မျိုးထင်သွားမလားဟု အတွေးဝယ် စိုးရိမ်မိသည်။

"အခု အစ်မကြီးက ဘာပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မပြောပါဘူး။ တို့ကလည်း သူစကားနည်းတဲ့အကြောင်း၊ မိန်းကလေးတွေနဲ့ အရောတဝင် မနေတတ်တဲ့အကြောင်း ကြုံပြောထားလို့ တော်သေးတယ်။ အစ်မကြီးကတောင် ပြောသေးတယ်။ သူ အကြံညာဏ်လေးလို့ ကြည့်မြင်တိုင်ရေးအထိ လိုက်လာပြီး အဆင်မပြေဖြစ်သွားတာကို အားနာတယ်တဲ့"

"အင်းလေ ခင်စန်းကလည်း ပြန်တွက်ကြည့်ဦး။ ဟိုမှာ ဆယ့်ခြောက်ကျပ်နဲ့ ရတာက ဟုတ်ပါတယ်။ လမ်းစရိတ်နဲ့ လှုပင်ပန်းတာနဲ့ ပြန်တွက်ကြည့်တော့ စိန်ရွှန်းဈေးတို့ လေဟာပြင်ဈေးတို့မှာ ဝယ်ရတာနဲ့ ဘာထူးလို့လဲ"

"အို လမ်းစရိတ်တွေ ဘာတွေက အရေးမကြီးဘူး။ ဖဲဒီဝိတ်စကို ဆယ့်ခြောက်ကျပ်နဲ့ ရတယ်ဆိုတာက အရေးကြီးတယ်"

မိန်းကလေးတို့ သဘာဝပင်။ မိန်းကလေးတွေဟာ စိစိစစ်စစ် သုံးတတ်တယ်။ တွက်ချက်တတ်တယ် ဆိုသော်လည်း နေရာတကာ မမှန်ချေ။ ခုလို အခါမျိုးကျတော့လည်း လမ်းစရိတ်နှင့် လှုပင်ပန်းတာကို ထည့်မစဉ်းစားလို့။ သူတို့ မိန်းကလေးချင်း ပြောကြ ဆိုကြသောအခါ ဒီဝိတ်စကို ဆယ့်ခြောက်ကျပ်နဲ့ ရအောင်ဝယ်နိုင်တယ်။ ဈေးဆစ်တတ်တယ်၊ ဈေးဝယ်တတ်တယ် ဆိုသော အချက်က ပို၍ အရေးကြီးဟန်တူသည်။

"ဒါဆို မော်လမြိုင်မှာ သွားဝယ်ပါလား။ ဆယ့်နှစ်ကျပ်နဲ့တောင် ရချင်ရမယ်"

သူ ကျွန်တော့်ကို ကြည့်သည်။ ငေါ်တာလား၊ နိုးဆိုနေတာလား ခွဲခြားကြည့်နေပုံရ၏။

●●●



၂၁

ကျောင်းထဲကို မရောက်တာကြာပြီ၊ သွားရအောင်ဟု သူပြောသောကြောင့် လာခဲ့ကြသည်။ ကျောင်းလမ်း (ပုဂံလမ်း) မှတ်တိုင်တွင် ဆယ့်ခြောက်ကားပေါ်မှ ဆင်းသည်။ ဝင်းပေါက်ကိုကျော်၍ ပုဂံလမ်းပေါ် ခြေချမိသည်နှင့် စိမ့်ခနဲ ဖြစ်သွားသည်ဟု ထင်မိ၏။ သစ်ရိပ်ဝါးရိပ်ကောင်းသောကြောင့် ကျောင်းနယ်မြေသည် ပို၍ အေးမြင်းဖြစ်လိမ့်မည်။

စိန်ပန်းပင်ကြီးတစ်ပင်သည် လမ်းကို လုံးဝ အုပ်မိုးနေသလို ရှိသည်။ ကျွန်တော်တို့ ရှိတုန်းက ဒီလောက်ထိ မဖြစ်သေး။ သစ်ပင်တွေအားလုံးလို လို ပိုကြီးလာသည်။ ပြီးတော့ ဒီလမ်းပေါ်တွင် ထူးထူးခြားခြား တစ်ခု တိုးလာသည်။ ရေချမ်းစင်ကလေး။

"ကျောင်းကို မရောက်တာ တော်တော်ကြာပြီနော်။ တစ်နှစ်လောက်တောင် ရှိမလားတဲ့" –



www.burmeseclassic.com

www.burmeseclassic.com



"အင်း ရှိမယ်ထင်တယ်"

ဟု ကျွန်တော် ပြန်ဖြေသည်။ အင်းဝလမ်းဘက် ချိုးကွေ့၍ လျှောက်လာကြသည်။ ၂၈ဂအကြားတွင် စာကြည့်တိုက် အသစ်ကြီးကို သွားနေ မြင်လိုက်ရ၏။ အဆောက်အအုံမှာ ပြီးစီးလုနေပြီ။ အချောသတ်ရန်သာ ကျန်တော့သည်ဟု ထင်၏။

စီးပွားရေးတက္ကသိုလ် စားသောက်ဆိုင်တန်းဘက်သို့ သွားမည်ဟု စိတ်ကူးသည်။ ဝိဇ္ဇာဆောင်ဘက်သို့ လျှောက်ခဲ့ကြ၏။ မြက်ခင်းကို ဖြတ်လျှောက်မည် ကြံသော်လည်း လူသွားလမ်းလေး သိပ်ထင်ထင်ရှားရှား မရှိတော့။ မိုး မကုန်တတ်သေးသောကြောင့် မြက်ပင်များ အုပ်ဆိုင်းနေခြင်းလော။ ထိုလမ်းလေးကို အသုံးမပြုကြတော့၍လော မသိ။ ကတ္တရာလမ်းအတိုင်း ပင် လျှောက်သွားရသည်။ အခန်းအမှတ် ၁၉ ကို အပြင်မှ လှမ်းမြင်ရသည်။ သူ့ကို လက်တို့၍ ပြလိုက်သည်။

"ကိုယ်တို့ ကျောင်းမှာတုန်းက ထိုင်ခဲ့တဲ့ အခန်းလေ"

သူ အခန်းဆီသို့ တစ်ချက်ကြည့်ပြီး ခေါင်းညိတ်ပြသည်။ သူတကယ်ရော ထိုအချိန်တွင် ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်သတိရနေမလား။ ကျွန်တော်ကဖြင့် ဒဿနိကဗေဒဌာန ဘေးမှ ဖြတ်အသွားတွင် ကျောင်းတုန်းက သူငယ်ချင်းတွေ၊ ဆရာ/ဆရာမတွေကို သတိရမိသည်။

စားသောက်ဆိုင်တန်းတွင် ရွှေမန်းဆိုင်မှာ ထိုင်သည်။ သူက မုန့်တီ စား၍ ကျွန်တော်က ခေါက်ဆွဲသုပ် စားသည်။ စားပြီးတော့ သူ့အတွက် သံပုရာရည်၊ ကျွန်တော့်အတွက် လက်ဖက်ရည်။ ဆေးလိပ် သောက်ချင်လာသောကြောင့် မီးခြစ်ကို ရှာသည်။ မတွေ့ရ။ ဒေါ်သောင်းထမင်းဆိုင်မှာ မီးဆောင်ကို လှမ်းတွေ့လိုက်ရသည်။ သူသည် အရင်ကလို အတွဲတွေ လိုက်ချောင်းပြီး ကျွန်တော်တို့ကို ပြန်ပြောပြတတ်သော ချာတိတ်ကလေး မဟုတ်





တော့။ သူတို့ဆိုင်ရှေ့က ကုလားထိုင်မှာ မျက်နှာသာ မှုန်ကုပ်ကုပ် ထိုင်နေသည်။ ကိုကျော်ကား အရင်လို လက်ဖက်ရည်ဆိုင်မဖွင့်တော့။ တရုတ်အစားအစာများ ရောင်းနေသည်ကို တွေ့ရသည်။ ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ ထမင်းကြော်၊ ထမင်းပေါင်း စသည်တို့။

"လူတွေ များလိုက်တာနော်။ ကိုယ်တို့တုန်းက ကင်တင်းမှာ ဒီလောက် လူမရှုပ်ပါဘူး"

"ကျောင်းသား ကျောင်းသူတွေ ပိုများလာလို့လား မသိဘူး။ ပြီးတော့ ခုကျောင်းချိန်က မနက်ပိုင်းနဲ့ ညနေပိုင်း ခွဲတက်ရတယ်လို့ ပြောတယ်။ ဒါကြောင့် ကျောင်းအဆင်းနဲ့ ကျောင်းအတက်ဆုံတဲ့အချိန်မို့ လူများလာတာ ထင်တယ်"

ကုလားကြီးဆိုင်မှာ ဆေးလိပ်သွားဝယ်သည်။ ပြန်လှည့်အထွက်တွင် တစ်စုံတစ်ယောက်နှင့် တိုက်မိသလို ဖြစ်သွား၏။ ကျွန်တော် ရှောင်ထိမ်းလိုက်ရင်း နှုတ်မှ လွှတ်ခနဲထွက်သွားသည်။

"ဟယ် တရုတ်မ"

ဟိုအလျင်တုန်းကလို သူ့ ခေါင်းကိုပုတ်ရန် လက်ကို မြှောက်လိုက်သည်။ သို့ရာတွင် မပုတ်ဖြစ်ဘဲ သူ့ကို ကြောင်ကြည့်နေမိ၏။ တရုတ်မသည် အရင်က စားပွဲတစ်ခုမှတစ်ခုသို့ ကူးပြီး ဆီချက်ခေါက်ဆွဲ လိုက်ပို့စဉ်ကလို မဟုတ်တော့။ စကတ်ကလေး တကားကားနှင့် ဟန်ပန်သည် ကွယ်ပျောက်သွားပြီ။ ယာဘက်ကို ပေါ်လျက် တည်ကြည်သောအပြုံးကို ပြုံးပြသည်။ "ကျွန်မ ဆိုင်လည်း လာစားပါဦး" ဟုပြော၏။ သူ လက်ညှိုးညွှန်ပြရာကို ကြည့်သည်။

'တရုတ်မ ဆီချက်ခေါက်ဆွဲ' ဆိုသော ဆိုင်းဘုတ်ကို တွေ့ရလေသည်။

စားသောက်ဆိုင်တန်းထဲက ထွက်လာသောအခါ သူပြောသည်။

"ကို့ ထိုင်နေတုန်းက ဟိုဘက် အစွန်းဆိုင်မှာ ထိုင်နေ… တွေ့တယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"ဘယ်သူလဲ"

"တို့ကောင် သူ့ကို လက်တို့ပြီး ပြသေးတယ်လေ။ တိုက်ပုံအကျႌ မီးခိုးရောင်နဲ့"

"အင်း ဘာဖြစ်လို့လဲ"

"အဲဒီမှာတုန်းက ပြောပြမလို့ဟာ၊ တစ်မျိုး ထင်သွားမှာစိုးလို့ အဲဒါမောင်တိုင်းဆိုတာ၊ တို့ ပြောဖူးတယ် မဟုတ်လား"

သူ ကျွန်တော့်ကို ပြောပြဖူးသည်၊ ခင်စန်းကို ချဉ်းကပ်ဖို့ ကြိုးစားခဲ့ကြသူများတွင် ထိုသူလည်း ပါဝင်၏။ အားလုံးထဲတွင် သူ ခွဲအကောင်းဆုံးတဲ့။ ခင်စန်းတို့ ပြန်သည့်လမ်းတွင် နေ့စဉ်လို ရပ်စောင့်နေတတ်သောကြောင့် မောင်တိုင်ဟု ခေါ်ခြင်းဖြစ်သည်။ အိမ်ကို စာတိုစာရှည်တွေ အဆက်မပြတ်ရေးသည်။ စာတွေအားလုံး လူကြီးတွေလက်ထဲကိုသာ လွှဲပို့လိုက်သည်ဟု ခင်စန်းပြောဖူးသည်။ ကျွန်တော်နှင့် ချစ်ခဲ့သည့်နောက်ပိုင်းမှာပင် စာတစ်စောင် ထပ်ရေးသေးသည်။ ခင်စန်းက ကျွန်တော့်ကို ပြခဲ့၏။ စာထဲတွင် သူ ခင်စန်းအပေါ် ဘယ်လောက်ချစ်ခဲ့ရသည့်အကြောင်း၊ ခင်စန်းသည် သူ့ကို မရွေးချယ်ခဲ့သဖြင့် ကံဆိုးသူ ဖြစ်ရပါပြီ၊ သို့ရာတွင် ခင်စန်းကို တစ်သက်လုံး ဆက်ချစ်နေပါမည်။ တစ်နေ့သောအခါ သူ့ကို ချစ်လာနိုင်မည်ဆိုလျှင် ကလေးငါးယောက် မိခင်ပင်ဖြစ်စေ အချိန်မရွေးပါဟု ရေးထားသည်။ ကျွန်တော်က "ကိုယ်တပဲ ကလေးငါးယောက် ရဖြစ်ရင် သောပေးရမလို ဖြစ်နေပြီ" ဟု ပြောခဲ့သေးသည်။

"အမယ် အဲဒီ မောင်တိုင်က ဒုလက်ထောက် စီမံကိန်းအရာရှိဆိုလား ဖြစ်နေပြီတဲ့။ ဟိုတလောကမှ မဉ်းနဲ့တွေ့တော့ ပြောပြလို့ သိရတာ"

ကျွန်တော် သူ့ကို တစ်ချက်ကြည့်ပြီး "အဲဒီလူကို တြွေ့ခဲ့ရ အကောင်း





သားလို့ နေ့ခင်တာရနေလို့လား" ဟု ထွက်ခနဲ ပြောမိသည်။ ခင်စန်းက ရယ်မော၍

"အဲဒီ မောင်တိုင်က မှ ကလေးတစ်ယောက်အဖေ ဖြစ်နေပြီတဲ့ရှင့်"

သိပ္ပံဆောင်များဘက်သို့ ပြန်ထွက်လာခဲ့ကြသည်။ အခန်း ဧအ ၁၉ မှာ အမှတ်တရ သွားထိုင်ချင်သော်လည်း ကံခါးတွေ ပိတ်ထားသဖြင့် မထိုင်ဖြစ်။

ခင်စန်းက အိမ်သာဝင်ချင်သေးသည်ဆိုသဖြင့် သိပ္ပံဆောင်အိမ်သာသို့ သွားသည်။ အခန်း အက်စ်-ဝမ်း၊ နောက်ဘက်သို့ ရောက်သောအခါ ကျွန်တော့်စိတ်ထဲတွင် တစ်ခုခု လိုနေသလို ထင်မိသည်။ အရင်က ဒီနေရာမှာ ဘာရှိခဲ့သလဲ။

"ဟာ ခင်စန်း ဒီနားက ပင်လယ်ကုဗ္ဗီးပင်တွေ မရှိတော့ဘူး"

"ခုတ်ပစ်လိုက်တာ ရှိမှာပေါ့" ဟု သူ ခပ်အေးအေး ပြန်ပြောသည်။

သူ့ကို အမျိုးသမီးအိမ်သာ ထားခဲ့ပြီး အမျိုးသားအိမ်သာဆီသို့ လာခဲ့သည်။ စာမေးပွဲ တဖုတ်ဖုတ်ကျပြီး ကျန်ရစ်ခဲ့သော မျိုးဝင်းမောင် ပြောဖူးသည်။ စာမေးပွဲ တဖုတ်ဖုတ်ကျပြီး ... သည်ကိုသတိရ၍ အိမ်သာတံခါးများကို ဝင်ကြည့်သည်။ 'အခုအိမ်သာတွေကမင်းတို့ ရှိတုန်းကလို မဟုတ်တော့ဘူးကွ၊ အရမ်း တိုးတက်လာနေပြီ' ကျွန်တော်တို့ ကျောင်းတက်စဉ်တုန်းက အိမ်သာတံခါးများမှာ တန့်လန့်မရှိ ချက်မရှိ၊ အိမ်သာထဲ ဝင်ပြီးလျှင် တံခါးကို ဆွဲရုံသာ စေ့ထားလိုက်ရ၏၊ ဘယ်သူ့မှ လာဖွင့်လိမ့်မည် မဟုတ်။ တံခါးစေ့ထားလျှင် လူရှိသည်။ ဖွင့်ထားလျှင် လူမရှိ။ ကိုယ့်နားလည်မှုနှင့် ကိုယ် အဆင်ပြေနေခဲ့ရသည်။ ခုတော့ တံခါးတွေမှာ ပြတင်းပေါက်များတွင် တပ်လေ့ရှိသော ချိတ်မျိုးများကို ဝဘောဆော်၍ တပ်ဆင်ထားသည်။

ကျွန်တော် ပြန်သွားသောအခါ အမျိုးသမီးအိမ်သာအပြင်ဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခင်စန်း ရပ်စောင့်နေသည်ကို တွေ့ရလေသည်။

"ခုတော့လည်း ပြန်လှချည်လား"

"အိမ်သာထဲမှာ လူရှုပ်နေတာကိုး။ စောင့်ရတာမှ မလိုဘဲ။ ပြီးတော့ ခရင်ပက်ပါလည်း မေ့ကျန်ခဲ့လို့" ဟု သူပြုံး၍ ပြန်ပြောသည်။

ကျွန်တော်တို့ ထိုင်နေကျဖြစ်သော မော ၁၉ မှာ အတန်းရှိနေသည်။ အက်စ်အီး ၉ နှင့် အက်စ်အီး ၁၀ တို့သည်လည်း အရင်လို စာသင်ခန်းများ မဟုတ်တော့။ လက်တွေ့ခန်းလို အခင်းအကျင်းမျိုး ဖြစ်နေပြီ။ ကျောင်းထဲမှာ ထိုင်စရာနေရာ ရှားပါးနေပြီဟု ဝင်းမော်တန် ပြောခဲ့သည်မှာ ဟုတ်မှန်ကြောင်း တွေ့ရလေ၏။ နောက်ဆုံးတွင် သိပ္ပံတိုးချဲ့ဆောင် အခန်းတစ်ခုမှာ တစ်နေရာရသည်။ အခန်း၏ နောက်ဆုံးထောင့်များ အကာအကွယ်ကောင်းသော ခုံတန်းများတွင် 'နေရာဦးပြီး' တွေ များနေသည်။ အပေါက်ဝနားက ခုံတန်းမှာပင် ထိုင်ရသည်။

ထိုင်လို့ တော်တော်ကြာသည်ထိ ကျွန်တော်တို့ နှစ်ယောက် စကား မစဖြစ်ကြသေး။ ခဏကြာမှ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ကြောင်စီစီ ပြုံးလိုက်မိကြသည်။ သူက စပြောသည်။

"ဒါနဲ့ ဟိုတလောက ကျောင်းဝင်းထဲမှာ အတွဲတွေ လိုက်ဖမ်းတယ် ဆို"

"အဲလောက်ပါ။ ဘွဲ့နှင်းသဘင် ခန်းမနား သွားထိုင်တဲ့ အတွဲတွေပါ။ သူတို့ကလည်း နည်းနည်းတော့ လွန်တယ်။ ပါမောက္ခချုပ် ရုံးခန်းနားမှာ သွားထိုင်တာကိုး။ ပြီးတော့ ညနေ မိုးချုပ်တဲ့အထိ ထိုင်နေတဲ့ အတွဲမျိုးတွေကို ဖမ်းတာပါ။ ခုလို နိုးနိုးတန်းတန်းဆိုရင် ဘာမှ မရှိပါဘူး။ ပြီးတော့ ဆရာတွေက ဒီလောက်လည်း ရက်စက်မှာ မဟုတ်ပါဘူး။ လူငယ်တွေအကြောင်းကို နားလည်မှာပါ"





ကျွန်တော့်စိတ်များသည် ဒီနေ့ ဘယ်လိုဖြစ်နေသည် မသိ။ သူ့ပခုံးကို ဖက်သွားရန်ပင် ခပ်တုန်တုန် ဖြစ်နေမိသည်။ အခန်းဘေးက ဖြတ်လျှောက်သွားကြသော ကောင်လေးတွေ၊ ကောင်မလေးတွေကို ကြည့်၍ မျိုးတိုးမျှန့်တန့် ဖြစ်နေသည်။ ကိုယ့်စိတ်ကို ကိုယ် မလုံသလိုပင်။

ကျွန်တော်တို့လမ်းထိပ်မှာ ညဖက် ဂစ်တာတီးလေ့ ရှိသောကောင်လေးတစ်သိုက်ရှိသည်။ အသက် နှစ်ဆယ်အရွယ်တွေ။ တစ်ခါတစ်ရံ သူတို့နှင့် ကုတ္တသွားထိုင်ကြည့်သည်။ သူတို့ ဆိုနေသော နောက်ဆုံးပေါ် တေးသီချင်းများကို ကျွန်တော် မရသည်ကများသည်။ ထိုအကြောင်းကို ခုအချိန်မှာ အဘယ့်ကြောင့် သတိရနေမိပါသနည်း။ 'ဟို၊ ငါလည်း ကျောင်းသားဟောင်းပဲကွ' ဆိုပြီး ကိုယ့်စိတ်ကိုယ် ပြန်တင်းလိုက်သည်။ ထိုအချိန်မှာပင် ဟိုဘက်ထောင့်ရှိ ခုံတန်းမှာ ထိုင်နေသော ကောင်လေးနှင့် ကောင်မလေးတို့သည် တစ်ယောက်ဆံပင်ကို တစ်ယောက် ဆောင့်ဆွဲလိုက် ဖွလိုက် လုပ်တမ်း ကစားရင်း ရယ်မောနေကြလေသည်။

ကျွန်တော်သည် သူ့လက်ကလေးကို မဝံ့မရဲ ဆုပ်ကိုင်လိုက်သည်။ လက်ခုံကလေးကို နမ်းမယ်ဟု စိတ်ကူးသည်။ ဟိုဘက်သည်ဘက် လှမ်းကြည့်ပြီး လူလစ်ကြောင်းသိတော့မှ သူ့လက်ကလေးကို မျက်နှာနားသို့ အသာဆွဲယူလိုက်သည်။ မနမ်းဖြစ်လိုက်ချေ။ ကျွန်တော့်လက် တုံ့ခနဲ ရပ်သွားသည်။ ကျွန်တော် တအံ့တဩ ရေရွတ်မိသည်။

"ဟင်၊ ခင်စန်း။ ခင်စန်းလက်က"

"ဘာလဲ၊ ဘာလဲ"

"ခင်စန်း လက်ချောင်းကလေးတွေက မွေးညှင်းကလေးတွေ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ ရယ်မော၍ . . .

"သူကလည်း၊ ဒါများ အလန့်တကြားနဲ့၊ အိမ်မှာ ထမင်းဟင်းချက်နေရတာပဲ၊ ခြေမွှေးမီးမလောင်၊ လက်မွှေး မီးမလောင် နေရတာမှ မဟုတ်တာ"

သူ ဆက်လက် ရယ်မောနေလေသည်၊ ကျွန်တော်ကဖြင့် စိတ်ထဲတွင် တစ်မျိုးကြီး ခံစားလိုက်ရသည်။

ကျွန်တော် အလွန် မြတ်နိုးခဲ့ရသော ရွှေဝါရောင်မှုန်ညင်းကလေးတွေ။

ဒီတစ်ခေါက်ကျောင်းထဲ သွားရသည်မှာ အံ့ဩဘာရော၊ တုန်လှုပ်ဘာရော၊ နောင်တရဘာရော စုလင် ရှုပ်ထွေးစွာ ကြုံခဲ့ရသည်။

အချိန်တွေ အများကြီး ကုန်ခဲ့ပြီဟု ထင်မိလာ၏။ အပြောင်းအလဲတွေကို သတိမမူမိခဲ့။ သွားရင်းလာရင်း အချိန်တွေ တရွေ့ရွေ့ ပျောက်ကွယ်ကုန်သည်၊ နာရီမှ စက္ကန့်လက်တံ တစ်ချက်ချက် သွားနေသည်ကိုပင် ကြည့်၍ တုန်လှုပ်လာမိသည်။

ကျောင်းဝင်းထဲမှ မြင်မြင်ကရာသည် အံ့မယ်ရာတွေချည်း။ မာလာဆောင်နောက်ဘက် ယူဒသန်ဘုရားရှိခိုးကျောင်းတို့ အနီးတွင် စားသောက်ဆိုင်တန်းအသစ်တို့သည် မြေမှ စို့စို့ပေါ်လာသည်ဟု ထင်ရသည်။

ကျောင်းသားကျောင်းသူတို့၏ ဝတ်စားဆင်ယင်ပုံတွေကို ကြည့်၊ ဆံပင်ရှည်ခြင်း၊ သာမန် ဆံပင်ဖားလျားချခြင်းကို လူကြီးသူမတို့ မကျေမနပ်ဖြစ်သော အသံမှ မစဲမီ-

လိပ်ပြာကောင်ပုံ၊ သင်္ဘောတက်ခေါ် သုံးဆင့်ဆံပင်ပုံ ဆံပင် အလယ်ခွဲ ဖွန်ထရာဗိုလ်တာ၊ ဖိုလီဝီယာ နယူတန်ဂျွန်၊ လင်ဒါကာတာ၊ ဆူဇီကွာထရို။

မိန်းကလေးတို့၏ အကျႌများသည် ကျွန်တော်တို့ဘုန်းကလို ရင်စေ့သို့တည်းမဟုတ် နောက်တွဲ၊ လက်မောင်း၊ လက်အများကျယ်၊ ဆင်နားရွက်





စသည်တို့ ခေတ်မေးမိန့်လာပြီ၊ အကျႌတွင် ဇော်လာတစ်လာသည်၊ ယောက်ျားကလေး ရှပ်အကျႌပုံစံမျိုး ဝတ်လာသည်၊ လက်တွင် အနားပတ်များ ထည့်လာသည်၊ အချို့ ငယ်ငယ်တလေးတွေဆိုလျှင် စပို့ရှပ်လို၊ စွပ်ကျယ်လက်စတလို အကျႌမျိုးကလေးတွေနှင့်၊ ဒစ်စကိုလက်တဲ့။

ယောက်ျားကလေးများသည် အချို့ဆိုလျှင် ကျွန်တော်တို့ဘုန်းက ယောင်လို့မှပင် စိတ်မကူးမိသော အမြင်အဆင်မျိုး၊ စွပ်ကျယ်လက်ပြတ်နှင့် ဂျင်းဘောင်းဘီ ဝတ်သည်။

ကျွန်တော်တို့ ပထမနှစ်ဘုန်းက လွယ်အိတ်လွယ်သူ နည်းပါးသည်၊ ကျွန်တော်တို့ အတန်းထဲတွင် လွယ်အိတ်လွယ်သူ ဟူ၍ ကျွန်တော် တစ်ယောက်တည်းသာ ရှိသည်။ တတိယနှစ်ယောက်မှ လွယ်အိတ်လွယ်ခြင်း အလေ့အထ ခေတ်စားလာခဲ့သည်။ ခုအခါတွင်မူ လွယ်အိတ်တို့အကြားတွင် ဂျင်းအိတ်များ ထိုးဖောက်လာသည်။

သူတို့ ဟန်ပန်များကတော့။

အပူအပင် ကင်းခြင်း၊ ပျော်ရွှင်ခြင်း၊ တက်ကြွခြင်း၊ အတိပြီးသည်၊ လှုပ်ရှားမှုတို့သည် သွက်လက်လွန်းစွ၊ မျက်လုံးများသည် တစ်နေရာမှ တစ်နေရာသို့ အလျှင်အမြန် ပြောင်းလဲ ရွေ့လျားသည်။ ဖျတ်ခနဲ၊ ဖျတ်ခနဲ လက်လက်တောက်နေလေသည်။

ထိုနေ့က ခင်စန်း၏ ဟန်အမူအရာတို့သည် ရင့်ရော်၍ နေ၏၊ လှုပ်ရှားမှုတို့က နှေးကွေးလေးလံသည်၊ စကားတစ်ခွန်းကို စဉ်းစားပြီးမှ ပြောဖြစ်သည်၊ တစ်နေရာကို ကြည့်လျှင် ကြာရှည်စွာ စူးစိုက်ကြည့်သည်၊ သူ့မျက်နှာတွင် လွတ်လပ်ခြင်း မရှိတော့၊ ခင်စန်း၏ ပုံသည် နည်းပြဆရာမပေါက်စများ၊ စာစဉ်နည်းပြများနှင့် တစ်ထေရာတည်း တူနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထဲက မြင်ကွင်းတို့သည် ဆောင်ထဲမှာ သုံးနှစ်နေပြီး ရန်ကုန်မြို့လယ်သို့ ရုတ်တရက် ပြန်ထွက်လာသူကဲ့သို့ ကျွန်တော့်စိတ်ကို ဖြစ်စေလေသည်။

●●●

[၂၂]

ဝတ္ထုတစ်ပုဒ်ရေးရသည်မှာ မလွယ်ကူလှချေ။

တကယ့် စာရေးဆရာကြီးတွေတော့ဖြင့် မသိ၊ ကျွန်တော့်အဖို့မူ ဝတ္ထုတိုကလေး တစ်ပုဒ် ရေးရသည်ပင် ခက်ခဲလွန်းလှသည်။ အဆင့်အတန်းမီသည် မမီသည်ကို အသာထားဦး၊ ဝတ္ထုတိုတစ်ပုဒ်ဟု ဆိုလို့ ရရုံ ဖြစ်သွားဖို့ပင် အတော် ကြိုးစားရ၏။

ရေးချင်သော ဇာတ်လမ်းကလေးတစ်ခုကို ရသည်။ စိတ်ကူးထဲ၌ ဇာတ်လမ်းသည် ဧ၊ လယ်၊ ဆုံး အကွက်ချိတ်ပြီးသားဟု ထင်စရာ ရှိ၏။ တကယ့်တကယ် ချရေးသောအခါတွင်တော့ လွယ်လွယ်နှင့် ဖြစ်မလာတော့ချေ။ ဝတ္ထု ၏ ပထမဦးဆုံး ဝါကျတစ်ကြောင်းကို ဘယ်လို စရေးရမည်ကိုပင် ဦးနှောက် ဆွေးလောက်အောင် စဉ်းစားရသည်။ အထူးသဖြင့် အခန်းခွဲရာတွင် ပြဿနာ။ အခန်းအကူးအပြောင်း ညက်အောင် အထူး ကြိုးစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုတိုနှင့် ဝတ္ထုရှည် ဘယ်သင်းက ပို၍ အရေးရခက်သနည်း။ အတိုက ပိုခက်သည်၊ အရှည်က ပိုခက်သည် စသည်ဖြင့် ပြောကြသော်လည်း ကျွန်တော့်အတွက်တော့ အတိုရေး၊ အရှည်ရေး၊ အလတ်ရေး ခက်သည်ချည်းပင်။ ခုလို ဝတ္ထုအတိုတစ်ပုဒ်လောက် ရေးသည့်တိုင်ပင် များသောအားဖြင့် ဆက်ရက်လောက် ရေးယူရသည်။ အချို့ ဝတ္ထုတိုများဆိုလျှင် တစ်လ၊ ဝတ္ထုတို တစ်ပုဒ်ဆိုလျှင် ခုထိ အဆုံးမသတ်နိုင်သေး။ ဘယ်လိုမှ ကြိုးစားလို့ မရသောကြောင့် ဒီအတိုင်း ထားလိုက်ရသည်။

ရေးပြီးသမျှ ဝတ္ထုများကို ပြန်ဖတ်ကြည့်သည်။ စင်းလုံးချော ဖြစ်သည်ဟု မထင်။ တစ်ခုခု လိုနေသည်၊ တစ်နေရာရာမှာ ဟာနေသည်ဟု သိနေသည်။ ချွတ်ယွင်းချက်ကို ရှာမတွေ့။ စာဖတ်သက် ရင့်သောကြောင့် ဝတ္ထုတစ်ပုဒ် ကောင်း မကောင်း အလိုလို သိနေသည်။ သို့ရာတွင် စာရေးသက်နုသေးသဖြင့် ဘာကြောင့် ကောင်းသည်၊ ဘယ်လိုကောင်းအောင် လုပ်ရမည်ကို မသိခြင်း ဖြစ်သည်။ စာပေ ဝေဖန်ရေးနှင့် စာပေဖန်တီးရေးသည် ထပ်တူထပ်မျှ မဟုတ်ဟု ကျွန်တော် ကြားဖူးသည်။

စိတ်ကြိုက် မတွေ့သေးတိုင်း ထပ်ခါတလဲလဲ ပြင်ဆင်သည်။ ပြင်ရင်း ပြင်ရင်းက ဇာတ်လမ်းပါ ပြောင်းလဲသွားသည်လည်း ရှိ၏။ ဝတ္ထု အများအပြားကို ကိုယ့်ဘာသာ မကြိုက်သောကြောင့် ဘယ်မဂ္ဂဇင်းကိုမျှ မပို့ဖြစ်။ အချို့ကိုတော့ အတတ်နိုင်ဆုံး ကြိုးစားတည်းဖြတ်ပြီး ပို့လိုက်သည်။

ရှုမဝ၊ မိုးဝေ၊ မြဝတီ၊ ငွေတာရီ၊ သွေးသောက်၊ စန္ဒာ စသည်တို့ကား ကျွန်တော့်စာမူများကို ငြင်းပယ်နေသော မဂ္ဂဇင်းကြီးများပင် ဖြစ်ပေသည်။

သူ့ကို ဗိုလ်တထောင်ဒေသကောလိပ် (၁) သို့ လိုက်ပို့ရသည်။ အလုပ်အတွက် စာမေးပွဲ ဖြေဖို့ဖြစ်သည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဌာနချုပ်မှ စာပြုရာထူးအတွက် သူလျှောက်လွှာတင်ထားသည်။





သူ ဖြေရမည့် အခန်းကို လိုက်ရှာရသည်၊ တွေ့ပြီးနောက် အခန်းအပြင်မှာ သူ စာဖတ်သည်။ စာမေးပွဲ ဖြေရခါနီး ဖြစ်သော်လည်း သူသည် စိုးရိမ်နေပုံ မရ၊ စိတ်လှုပ်ရှားမှုလည်း ဖြစ်ဟန်မတူ၊ ကျောင်းမှာတုန်းက စာမေးပွဲ ဖြေခါနီး မျက်နှာငယ်ကလေးနှင့် အထိတ်တလန့် ဖြစ်နေပုံမျိုး မဟုတ်တော့။ စာမေးပွဲခန်း ဝင်ခါနီး စိတ်ပူပြီး ဟိုဟာ ဖတ်ရကောင်းနိုးနိုး၊ ဒီဟာပြန်ကြည့်ရကောင်းနိုးနိုး ဖြစ်တတ်ကြသည်။ သူ ယခု စာဖတ်နေပုံကား အေးအေးဆေးဆေး ရှိလှသည်။ သတင်းစာပါ ဆောင်းပါးတစ်စောင်ကို ဖတ်နေပုံမျိုးလောက်သာ ရှိလေသည်။

သူ စာဖတ်နေသောကြောင့် ကျွန်တော်နှင့် သိပ်စကားမပြောဖြစ်၊ တစ်ခွန်းစ နှစ်ခွန်းစသာ။ 'ဘာစားလာသလဲ' ဟု မေးသည်။ 'လာခါနီး မုန့်ဟင်းခါး စားလာတယ်' ဟု ကျွန်တော် ပြန်ဖြေသည်။ သူ ခေါင်းတစ်ချက် ညိတ်ပြီး စာဆက်ဖတ်နေသည်။

စာမေးပွဲ စဖြေရန် မိနစ်နှစ်ဆယ်လောက် လိုသည်၊ သူ့အနားမှာ ကျွန်တော် ရှိနေဖို့ မလိုတော့ဟု ထင်သည်။

"ကိုယ် မြို့ထဲ ခဏသွားဦးမယ်။ စာမေးပွဲပြီးချိန်လောက်မှ ပြန်လာမယ်"

ကျွန်တော် ကျောင်းအောက်သို့ ဆင်းခဲ့၏။ ရှစ်ကားမှတ်တိုင်သို့ သွားသည်။ ကားစီးပြီး ပန်းဆိုးတန်းမှာ ဆင်းသည်။ အထက်လမ်းဘက် တက်၍ မော်ဆရာရုံးသို့ သွားသည်။ အောက်ထပ်ရှိ စုံစမ်းရန် ဌာနတွင် ဧည့်စာရင်း ရေးပြီး အပေါ်သို့ တက်ခဲ့သည်။ သူတို့ စက်ခန်း အဝင်ဝတွင်လည်း လူတစ်ယောက် ထိုင်နေမြဲသည်။

"သန်းဝင်းမော်နဲ့ တွေ့ချင်လို့ပါ" ဟု မော်ဆရာ၏ အမည်ရင်းကို ပြောလိုက်သည်။ ထိုသူက "ခေါ် ပေးပါမယ် ခဏ ထိုင်စောင့်ပါ" ဟု ဆိုသေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အခန်းဝတ ခုံတန်းလျားမှာ ထိုင်စောင့်သည်။

"ဦးသန်းဝင်းမော်" ဟု လှမ်းခေါ်လိုက်သံကို ကြားရ၏။ မော်ဆရာ နာမည်ကို ရှေ့က 'ဦး' တပ်၍ ခေါ်သောကြောင့် နားထဲတွင် ခပ်စိမ်းစိမ်း ဖြစ်သွားသည်။ မော်ဆရာက ဦးသန်းဝင်းမော် ဖြစ်နေပါရောလားဟု တွေးမိသည်။ ခင်စန်းကိုလည်း သူတို့ရုံးမှာ 'ဒေါ်ခင်ခင်စန်း' ဟု ခေါ်ကြမလား မသိ။

ခဏကြာသောအခါ မော်ဆရာ ထွက်လာသည်။

"ဟာ၊ ဟေ့ကောင် လူလတ်၊ လာလေကွာ အထဲကို"

"ဝင်လို့ ရရဲ့လားကွ"

"ရပါတယ်ကွာ"

အခန်းထဲတွင် ကြေးနန်းသတင်းတာသံတွေ၊ လက်နှိပ်စက် ရိုက်သံတွေ ဆူညံနေသည်။ မော်ဆရာက "ငါ ခု တယ်လီပရင်တာမှာကွ" ဟု ဆိုပြီး သူ့စားပွဲခုံရှိရာသို့ ခေါ်သွားသည်။

"ခဏလေးကွာ၊ ကြေးနန်းတွေ များနေလို့၊ အချိန်ရတယ် မဟုတ်လား"

ကျွန်တော် ခေါင်းညိတ်ပြသည်။ ကုလားထိုင် တစ်လုံး ယူပေး၍ ထိုင်နေလိုက်သည်။ မော်ဆရာသည် တိပ်ကြိုးပြားကို စက်ထဲ ထည့်လိုက်သည်။ တယ်လီပရင်တာအတွင်းမှ လက်နှိပ်စက်သည် စာလုံးများကို အလို အလျောက်ရိုက်နေသည်။ စက်ထဲမှ ရိုက်ပြီး ထွက်လာသော စာရွက်ကို ဖြလိုက်၊ တစ်စုံတစ်ရာ မှတ်လိုက်၊ သူ အလုပ်ရှုပ်နေသည်။ မော်ဆရာ ဟိုဖက်မှ လူတစ်ယောက်သည် လက်နှိပ်စက်လို ကီးရိုက်ယာမျိုးကို တချောက် ရိုက်နေသည်။ ထေးမှ တိပ်ကြိုးပြားသည် တရွေ့ရွေ့ သွားနေ၏။ တိပ်ကြိုး ပြားပေါက်စက် ဖြစ်ဟန် တူသည်။





မော်ဆရာကို ဆယ့်ငါးမိနစ်လောက် ထိုင်စောင့်ရသည်။ ပြီးတော့ ကျွန်တော်တို့ နှစ်ယောက် သူတို့ရုံးဘေးရှိ သမဝါယမ လက်ဖက်ရည်ဆိုင်သို့ လာခဲ့ကြသည်။ လက်ဖက်ရည်အတွက် တိုကင်ယူရန် ငွေကို သူ အတင်းပေး သည်။ စားပွဲမှာ ထိုင်ပြီးနောက်-

"ဘယ်လိုလဲကွ၊ ဘယ်က လှည့်လာတာလဲ"

"ခင်စန်းအလုပ်အတွက် စာမေးပွဲ ဖြေလို့ လိုက်ပို့တာ"

"ဘာဖြေတာလဲ"

"စာမြို့"

"ဟာကွာ၊ စောစောကတော့ ငါ့ကို မပြောဘူး၊ မြို့က ပါတီဌာန ချုပ်မှာ လုပ်နေတာပဲ၊ ဘာပဲဖြစ်ဖြစ် မှတ်စုတွေ ဘာတွေ ရနိုင်းဝင့် ရတာ ပေါ့"

"အေးကွာ၊ ငါမေ့သွားတယ်"

မော်ဆရာသည် ဆေးလိပ်မီးညှိမည်ပြုပြီးမှ မညှိသေးပဲ ကျွန်တော့်ကို တစ်ချက် လှမ်းကြည့်သည်။ ကျွန်တော်စကားလမ်းကြောင်း ပြောင်းလိုက် ၏။

"ဟေ့ကောင်၊ ဒါနဲ့ အေးငယ်နဲ့စုစု အခြေခံပညာမှာ အလုပ်ရသွားပြီ ဆို"

"အေးကွ၊ ကြည်ကြည်ရောပဲ"

"မင်းနဲ့ တွေ့သေးလား"

"တစ်ခါတလေမှ တွေ့တယ်ကွ၊ ပွဲကောင်းကြီးတော့ အေးငယ်ဆီ ခဏခဏ ရောက်တယ်တဲ့"

"မင်းတို့ ကျူရှင် အခြေအနေကော"

"မဆိုးပါဘူးကွာ၊ ကျောင်းသားသုံးဆယ်လောက် ရှိတယ်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ထပ်ဝင်ကြလိမ့်ဦးမယ် ထင်တယ်။ ပွင့်တောင်းလည်း အရမ်း ကြိုးစားနေတယ်ကွ။ အေးငယ်နဲ့ လက်ထပ်ဖို့ ငွေစုနေပြီ ထင်တယ်"

ရေနွေးကြမ်းအိုးကို မ၍ ဝန်းကန်လုံးထဲ လောင်းထည့်သည်။ လက်မငြိမ်သောကြောင့် ဖေားကို နည်းနည်း ဖိတ်စဉ်သွား၏။ မော်ဆရာက သူ့အစီအစဉ်ကို ဆက်ပြောနေသည်။ သူနှင့် မြတ်နိုလည်း ထိုတင်းကွတ်လောက်တွင် လက်ထပ်ဖြစ်လိမ့်မည် ထင်သည်။ ဧည့်ခံပွဲကို အသင့်အတင့်လောက်ပဲ အကျဉ်းရုံးလုပ်မည်ဟု ပြောသည်။

"ဒါနဲ့။ မင်းစာရေးတဲ့ကိစ္စကော အဆင်ပြေလား"

သူ မေးသည်။

"မပြေသေးပါဘူးကွာ။ မဂ္ဂဇင်းတွေမှာ ဝင်တိုးဖို့ဆိုတာ မလွယ်ဘူးကွ။ ခုဟာက စာရေးဆရာက အများကြီး၊ မဂ္ဂဇင်းက နည်းနေတယ်"

"ကိုယ့်ဘာသာ ထုတ်ပါလားကွ"

"ဘယ်လွယ်မလဲကွာ၊ အရင်းအနှီးက သောင်းနဲ့ချီပြီးလိုတယ်"

"မင်း အဘိုးကြီးဆီ တောင်းပါလား"

"အဘိုးကြီးဆီမှာလည်း ဖဲဒီလောက်ငွေ ပိုပိုလျှံလျှံ ရှိမှာ မဟုတ်ဘူး။ ပြီးတော့ စာအုပ်ထုတ်တယ်ဆိုတာကလည်း ကျွမ်းကျင်မှု ရှိဦးမှကိုး။ မဂ္ဂဇင်းမှာတောင် မပါနိုင်သေးတဲ့ လုံးချင်းစာအုပ်ထုတ်ဖို့ မဖြစ်သေးပါဘူးကွာ"

မော်ဆရာနှင့် လမ်းခွဲခဲ့ပြီး ဒေသကောလိပ် (၁) သို့ ပြန်လာခဲ့သည်။ ကျွန်တော် ရောက်သွားသောအခါ စာမေးပွဲပြီးချိန် မစေ့သေးသော်လည်း ခင်စန်း အခန်းအပြင်မှာ ရပ်နေသည်ကို တွေ့ရ၏။ သူ စောင့်နေရသောကြောင့် စိတ်များ ကောက်နေသလားဟု အကဲခတ်သည်။ မျက်နှာထား ကြည်ကြည်သာသာပင် ရှိသည်။

"ဖြေနိုင်ရဲ့လား"





သူ ခေါင်းညိတ်ပြီး-

"မဆိုးပါဘူး။ ဒါပေမဲ့ သဘောတရားရေးရာ သိပ် မဖြေနိုင်ဘူး။ အဲဒါက အရေးကြီးတယ်"

ကျွန်တော်သည် သူ့ကို ဖျပ်ခနဲ ကြည့်သည်။

သူ စာမေးပွဲဖြေဖို့ လျှောက်လွှာတင်ပြီးနောက် လိုအပ်သော စာအုပ်စာတမ်းများ ရှာခိုင်းသည်။ ကျွန်တော် ကျောင်းတုန်းက သုံးခဲ့ရသော လူမှုပတ်ဝန်းကျင်တို့၏ အညမည သဘောတရား၊ ဓဝါဟာရ ရှင်းလင်းချက်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဝိသေသ လက္ခဏာများ၊ စာအုပ်များ ပေးလိုက်သည်။ ပါတီတွင်း ဆွေးနွေးပွဲ မှတ်စုစာအုပ် လိုနေသောကြောင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဌာနချုပ် အရောင်းဆိုင်မှ ဝယ်ပေးလိုက်သည်။ ကျွန်တော့် မှတ်စုစာအုပ်များမှာ ပျောက်ကုန်သောကြောင့် မပေးလိုက်ရ၊ မရှိမဝင်ပဋ္ဌာ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဝိသေသလက္ခဏာများ၊ ဝိဘာဝများ အကြောင်းကို သိဖို့နားမလည်ဟု ဆိုသောကြောင့် ကျွန်တော် မှတ်စုထုတ်ပေးမည်ဟု ပြောလိုက်သည်။ တော်တော်နှင့် မပေးဖြစ်၊ စာမေးပွဲ ဖြေခါနီး နှစ်ရက်လောက် အလိုကျမှ ရေးပေးဖြစ်သည်။ ကျွန်တော့်ဆီက မှတ်စု နောက်ကျသောကြောင့် စာကြည့်ဖို့ အချိန်မရသဖြင့် သူ သိပ်မဖြေနိုင်ခြင်း ဖြစ်သည်ဟု ရည်ရွယ်၍ ပြောသလား မသိ။

သူ့မျက်နှာထားအရ အပြောင်းအလဲကို မတွေ့ရ။

သူတို့ ရုံးရှေ့မှာ ရပ်စောင့်နေရသည်ကို ကြောင်စီစီနိုင်လွန်းသည်ဟု ထင်မိသည်။ ရုံးတည်ရှိရာလမ်းသည် လူသွားလူလာ သိပ်မရှုပ်ချေ။ [illegible] သဖြင့် ရုံး၏ ဆင်ဝင်အောက်၊ ဆင်ဝင်သည် ပလက်ဖောင်း[illegible]ဖြိုးမိုး၍ နေသည်။ တော်ရုံတန်ရုံလူသည် ဆင်ဝင်အောက်ကို ဖြတ်[illegible] မရှိ၊ ရုံး၏ပိုင်နက်လို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ထိုဆင်ဝင်အောက်မှာ ရပ်ရင်း စောင့်လေ့ ရှိသည်။ တခြား နေရာမှာ စောင့်လို့မရ။ သူတို့ရုံသည် အနောက်ဘက်သို့ လှည့်ထား သောကြောင့် ညနေဆိုလျှင် ရုံရှေ့ကို နေရောင်တိုက်ရိုက်ထိုးသည်။ ရုံနား တစ်ဝိုက်တွင် အရိပ်ခိုစရာ နေရာမရှိ။ ရုံအောက်ရှိ လက်ဖက်ရည်ဆိုင်မှ ထိုင်စောင့်လျှင် ဖြစ်နိုင်သည်။ သို့ရာတွင် ဆိုင်ရှေ့မှာ ထိုင်လျှင် လက်ဖက် ရည် တစ်ခွက်လောက်တော့ သောက်မှ တော်မည်။ နေ့စဉ်နေ့တိုင်း လက်ဖက်ရည်တစ်ခွက် သောက်ရင်း စောင့်ရမည်ဆိုသည်မှာ မဖြစ်နိုင်။ သူ့ကို စောင့်ရသည့် စရိတ် တစ်နေ့တစ်ကျပ် ကျွန်တော် မတတ်နိုင်ပါ။ သူနှင့် တူတူပြန်ကြသောအခါ လမ်းစရိတ်သည် ကျွန်တော့်တာဝန် အလိုလို ဖြစ် နေသည်။ လသာလမ်းမှတ်တိုင်မှ မော်တင်ဂိတ်အထိ တစ်ယောက် ဆယ်ပြား။ ထိုမှ ကျွန်တော့်တို့ဘက်အထိ တစ်ယောက် ပြားလေးဆယ်။ နေ့စဉ် ခရီးစရိတ် နှစ်ယောက်အတွက် တစ်ကျပ် ဖြစ်သည်။ ထိုအထဲတွင် ကျွန်တော် သွားနှင့်သို့ အလာစရိတ် မပါသေး။

နက်ဖြန်ဆိုလျှင် ပိုဆိုးမည်။ ခု ကျွန်တော့်အိတ်ထဲတွင် အကြွေပါ နှင့်မှ တစ်ဆယ်ပြည့်အောင် မရှိ။ နက်ဖြန် စနေနေ့ ဆိုလျှင် တစ်နေရာရာ သို့ သွားဖြစ်ကြမည်။ ဆယ့်နှစ်နာရီခွဲ ရုံဆင်းသောကြောင့် သူမှာ ထမင်းဘူး ပါမည် မဟုတ်။ ဘာပဲဖြစ်ဖြစ် အနည်းဆုံး ဆီချက်ခေါက်ဆွဲတော့ စားရ မည်။ နှစ်ခွက် ငါးကျပ်။ အဝေးကြီး ရှိသေးသည်။ ရှိသမျှ ပိုက်ဆံနှင့် ဘယ်လိုမှမလောက်။ အိမ်ကလည်း ထပ်မတောင်းချင်။ ခုရက်ပိုင်း အိမ်မှာ ပိုက်ဆံ သိပ်မရှိကြောင်း ကျွန်တော် သိသည်။ သူငယ်ချင်းတွေဆီက ချေး ရမည်ကိုလည်း အားနာသည်။ ကျွန်တော်တို့ထဲတွင် အိတ်အား အတောင့် တင်းဆုံးဖြစ်သော သူတော်စိန်ပင်လျှင် စက္ကူဈေးတွေ ကျသောကြောင့်





ညည်းညူနေသည်ကို ကြားခဲ့ရသည်။

ဆင်ဝင်ရှိ တိုင်ကို မှီ၍ ရပ်နေမိသည်။ ကျွန်တော့်အဖြစ်ကို ပြန်စဉ်း စားကြည့်သောအခါ အမိုးရှိသည်က လွဲ၍ လမ်းဘေး ပလက်ဖောင်းပေါ် တွင် ရပ်နေခြင်းနှင့် ဘာမျှမထူးခြားကြောင်း သိရ၏။ ဤနေရာတွင် ရပ် စောင့်သူဟူ၍ ကျွန်တော်တစ်ယောက်တည်းသာ ရှိသည်။ နေ့စဉ်နေ့တိုင်း ညနေတိုင်းကျပြီဆိုလျှင် ဆင်ဝင်အောက် တစ်ယောက်ထီးတည်း ရပ်နေလေ့ ရှိသော ကျွန်တော့်ကို ရုံက လူများ သတိပြုမိကြလိမ့်မည် ထင်သည်။

ကျွန်တော် ရပ်နေသော နေရာနှင့် တည့်တည့်တွင် ရေ့တာအ ရှိသည်။ ရေ့တာအရင်းတွင် ယိုဖြူရေ အမှတ်တမ်း ရှိသည်။ ထိုလူကြီးသည် ကျွန်တော့် ကို တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်ပြီး ပြုံးလေသည်လေ။

မလှမ်းမကမ်းရှိ ငါးမိနစ်လောက်တွင် ရုံသူရုံသားများ ဆင်းလာသည်။ ခင်ဝန်းတို့တော့ မလာသေး။ ဘာကြောင့်မှန်း မသိ။ ကျွန်တော် ရုံက လူများ ကို မျက်နှာချင်း မဆိုင်ချင်၍ မျက်နှာကို ဗိုလ်ချုပ်လမ်းဘက်သို့ လှည့်ထား လိုက်သည်။

"ရောက်နေတာ ကြာပြီလား"

ခင်ဝန်းအသံကို ကြားရသည်။ လှည့်ကြည့်သောအခါ သူ့အနားမှာ အစ်မကြီးလည်း ပါကြောင်း တွေ့ရ၏။ အစ်မကြီးက သွားဦးမည်ဟု ပြော၍ နှုတ်ဆက်ပြီး ထွက်သွားသည်။ ပြုံးစိမ့်ပြုံးစဉ် ဖြစ်ဟန်တူသော်လည်း စိတ်ထဲ က မလုံမလဲ ဖြစ်မိ၏။

လမ်းလျှောက်လာရင်း သူ ပြောနေသည်။ ရုံဆင်းခါနီးကျမှ အရေး တကြီး လုပ်စရာတွေ ပေါ်လာသောကြောင့် နည်းနည်း နောက်ကျသွား ကြောင်း။ ကျွန်တော် ဘာမျှပြန်မပြောဘဲ နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပူလိုက်တာ။ ထီးဖွင့်ပါလား"

သူ့လက်ထဲက ခေါင်းထီးလေးကို ပေးသည်။ ထီးဖွင့်၍ ဆောင်းပေးလိုက်သည်။ ရဲစခန်းကို ကျော်လာပြီးနောက် ကျွန်တော် မေးသည်။

"နက်ဖြန် ဘယ်သွားဦးမလဲ"

ကျွန်တော့်အသံတို့ကြောင့် သူ ကြားလိုက်ဟန် မတူ။

"ဟင်" ဟု ပြန်မေးသည်။

"နက်ဖြန် ဘယ်သွားဦးမလဲ"

သူသည် ကျွန်တော့်မျက်နှာကို သေသေချာချာ စိုက်ကြည့်ပြီး. . .

"ဘယ်မှ မသွားတော့ဘူးလေ။ အိမ်က တနင်္ဂနွေမနက်ကျရင် ဘုန်းကြီးကျောင်းကို အရက်ဆွမ်းချိုင့်ပို့မယ် ပြောတယ်၊ နက်ဖြန် ညနေပိုင်း ဈေးဝယ်ရမယ်ထင်တယ်၊ အိမ်ပေါ်ပေါ ပြန်ရောက်မှ ကောင်းမယ်၊ ရှုံ ဆင်းရင် အိမ်ကိုပဲ တန်းပြန်တော့မယ်"

ပြောပြီးပြီးချင်း ကျွန်တော့်ကို အကဲခတ်သည်။

"အင်းလေ ပြီးရောပေါ့"

ကျွန်တော် ကြည်ကြည်သာသာပင် လက်ခံလိုက်သောကြောင့် သူ့စိတ်ထဲ ထူးထူးခြားခြား ဖြစ်သွားလေမလားမသိ။ သို့ရာတွင် သူဆက်ပြောသော စကားများ ကား ပို၍ ထူးခြားသွားလေ၏။

"မှုံက အစ်မကြီးက တို့ကိုမေးတယ်သိလား"

"အင်း ဘာလဲ"

သူ ချက်ချင်း မပြောဘဲ မျက်နှာတွင် စို့လာသောချွေးစများကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်ပြီးမှ. . .

"သူက တို့ကို ညနေတိုင်း လာစောင့်တယ် မဟုတ်လား"

ခေါင်းညိတ်လိုက်သည်။





"အဲဒါ အစ်မကြီးက မေးတယ်။ သူက မှုံမဆင်းခင်အချိန်ကတည်းက လာလာနေတာ မှုံ့အလုပ် မလုပ်လို့လားတဲ့"

အစ်မကြီး၏အပြုံးကို ဖျတ်ခနဲ မြင်ယောင်သည်။

"သူ ဘာအလုပ်လုပ်သလဲလို့ မေးတယ်၊ တို့က စာရေးဆရာလို့ ပြောတော့ ကလောင်နာမည် မေးတယ်၊ သူ့ ကလောင်နာမည်ကလည်း သုံးလေးမျိုး ရှိတယ် မဟုတ်လား။ တို့လည်း ကျောင်းမှာတုန်းက ကဗျာရေး တဲ့ နာမည်ကို ပြောပြလိုက်တယ်၊ ဗုဏ္ဏလို့၊ အဲဒါအစ်မကြီးက။

ခဏမျှ ဆိုင်းပြီး ဆက်ပြောသည်။

"တစ်ခါမှ မဖတ်ဖူးသေးဘူးတဲ့"

လျှောက်နေသော ခြေလှမ်း တုန့်ခနဲ ဖြစ်သွားသည်၊ မဟာဗန္ဓုလ လမ်းနှင့်ဆုံရာ မီးပွိုင့်က မီးစိမ်းသွားသောကြောင့် ကားများ တရှိန်နှင့် ဖြတ်ဝင်လာကြသည်။ ထို့ကြောင့် ရပ်တန့်သွားသော ခြေထောက်များအကြောင်း သူ မရိပ်မိလိုက်ချေ။

"တို့ကလည်း မဂ္ဂဇင်းတွေကို စာမူတွေ ပို့ထားတယ်လို့ ပြောလိုက်တယ်"

ဆိုသော သူ့အသံသည် ကားဟွန်းသံများနှင့် ရောထွေးသွား၏။

●●●



www.burmeseclassic.com

[၂၉]

“အိမ်က အခြေအနေက သိပ်ကောင်းပုံ မပေါ်ဘူး”

တီရွှာနီဥယျာဉ်အတွင်းရှိ ရေကန်ဘေးတွင် ထိုင်ပြီးနောက် သူ ပြောသည်။

“ပြောပါဦး ဘာတဲ့လဲ”

“ဟိုတစ်နေ့က အမေက အစ်မကို မေးတယ်တဲ့၊ သူ့အနေ ဘာအလုပ် လုပ်သလဲလို့”

“အင်း အစ်မက ဘာပြန်ပြောလိုက်သလဲ”

“စာရေးဆရာလား၊ ကဗျာဆရာလား မသိဘူးလို့ ပြောလိုက်တယ်တဲ့”

“အဲဒီတော့”

“အမေက ပြောတယ်တဲ့”

သူခဏဆိုင်းပြီးမှ ဆက်ပြောသည်။





“စာရေးဆရာဆိုရင် အချက်နှစ်ချက်ကိုထည့်တွက်သင့်တယ်လို့ ပြောတယ်”

“အချက်နှစ်ချက် ဟုတ်လား”

“အင်း ဟုတ်တယ်။ ပထမအချက်က စာရေးဆရာဆိုရင် စားဝတ်နေရေး ဖူလုံဖို့ မသေချာဘူးတဲ့”

ကျွန်တော် တစ်ခုခု ဝင်ပြောမည်ပြင်ပြီးမှ သူ့စကားမဆုံးသေးသဖြင့် ဆက်နားထောင်နေလိုက်သည်။

“ဒုတိယအချက်ကတော့ စာရေးဆရာဆိုရင် လူသိများမယ်တဲ့။ မိတ်ဆွေဖွဲ့ချင်တဲ့ လူတွေလည်း များလာမယ်တဲ့။ အဲဒီထဲမှာ မိန်းကလေးတွေ ဘာတွေလည်း ပါမှာပဲတဲ့။ အနုပညာလောကထဲမှာ အဲဒီလို ရှုပ်တဲ့ သတင်းမျိုးတွေ ကြားရတယ်တဲ့”

သူ့မိဘကို လှောင်သည်ဟု ထင်သွားမည်စိုးသောကြောင့်သာ အသံထွက်အောင် မရယ်ဘဲ နေလိုက်သည်။ မပြုံးဘဲကား မနေနိုင်။

“ဒုတိယအချက်ကို အရင်ရှင်းချင်တယ်။ အနုပညာလောကမှာ အဲဒီ သတင်းမျိုး ကြားရတယ်ဆိုတာ ဟုတ်သင့်သလောက်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ တစ်ခုလည်း စဉ်းစားကြည့်ဦးလေ။ အဲဒီလို ရှုပ်တဲ့ပွေတဲ့ ကိစ္စမျိုးကတော့ အနုပညာလောကမှာသာ မတွေ့ပါဘူးလေ၊ တခြား လောကတွေမှာလည်း ဖြစ်နေတာပါပဲ။ အနုပညာလောကဆိုတာကတော့ ပြည်သူလူထုရဲ့ စိတ်အဝင်စားဆုံးနယ်ပယ် မဟုတ်လား၊ မျက်စိဒေါက်ထောက် ကြည့်ခံနေရတာ မဟုတ်လား၊ ဒီတော့ အနုပညာလောက အကြောင်းဆိုရင် အကောင်းဖြစ်ဖြစ်၊ အဆိုးဖြစ်ဖြစ် ဟိုးလေးတကျော် ဖြစ်တော့တာပဲပေါ့။ ဒါကြောင့် အနုပညာလောကက ပိုရှုပ်တယ်လို့ ထင်ကြတာပါ၊ နောက် ပြီးတော့ အနုပညာလောကမှာလည်း ပန်းချီ၊ ပန်းပု၊ စာရေးဆရာ၊



www.burmeseclassic.com

www.burmeseclassic.com



ဂီတနယ်က သီချင်းရေးဆရာနဲ့ ဂုဏ်ရှိယာဝညာရှင်၊ ဒါရိုက်တာ တွေဟာ လူစိတ်ဝင်စား ခံရမှု အနည်းဆုံးပါ။ သူတို့က ရုပ်ရည်တို့ အသံတို့ နဲ့ မဆိုင်ဘူးလေ၊ ပညာကိုသာ စိတ်ဝင်စားနိုင်တာ မဟုတ်လား"

သူသည် စိတ်ဝင်စားစွာ နားထောင်နေရာမှ တစ်ခွန်း ဝင်ထောက်သည်။

"ဆော်တာဆွေဝတ္ထုတွေထဲမှာ ပါတယ်လေ၊ သူ့ရဲ့ ဝါရည်းစားတွေ ဆိုတာ"

"တာ ဆရာဆော်တာဆွေလို လူမျိုးကတော့ တစ်ခေတ်မှာ တစ်ယောက်ပါ။ ပြီးတော့လည်း ဝတ္ထုတွေထဲမှာ စာရည်းစားတွေအကြောင်း ထည့်ရေးတာကလည်း အားပေးအားမြှောက် ပြုတဲ့သဘောမှ မဟုတ်ဘဲ၊ နောက်လူအတွက် သင်ခန်းစာပေးတဲ့အနေနဲ့ ရေးတာပဲ"

"ကဲပါ ထားပါတော့"

"နောက်တစ်ခု ကျန်သေးတယ်၊ စာဝတ်နေရေး ဖူလုံဖို့ဆိုတာ၊ အဲဒါကလည်း နာမည် မရသေးခင်သာပါ။ ခုခေတ်က အရင်လို မဟုတ်တော့ပါဘူးလေ၊ တကယ်အောင်မြင်ပြီဆိုရင် စာအုပ်တစ်အုပ်အတွက် ငွေ သောင်းနဲ့ချီပြီး ရတတ်တာပဲ"

"တကယ် အောင်မြင်မယ်ဆိုတာ ကိုနိုးသေရင်တော့ ဟုတ်တာပေါ့"

မီးခြစ် ခြစ်ခါနီး လက်သည် ဆတ်ခနဲ တုန့်သွားသည်။ ကိုက်ထားသော ကျားမသန်းဆေး ဆေးပေါ့လိပ်၊ ပြုတ်ကျလုလု ဖြစ်သွား၏။ ရုတ်တရက် ဘာမျှမပြောနိုင်ဘဲ သူ့ကို ငေးကြောင် ကြည့်နေမိသည်။ သူသည် စကားမှားသွားကြောင်း ချက်ချင်းသိသည်၊ မြင့်ဖို့ ကြိုးစား၏။

"မဟုတ်ဘူးလေ၊ သူ့ပဲ ပြောဖူးတယ် မဟုတ်လား၊ စာရေးဆရာ တစ်ယောက်ဖြစ်လာဖို့ဆိုတာ မလွယ်ဘူးလို့"





ပါးစပ်ဖျားသို့ ရောက်လာသော စကားတစ်ခွန်းသည် ပြန်လည် ကွယ်ပျောက်သွားသည်။

"ဒါကတော့ ဒီလို ရှိတယ်လေ၊ ကြိုးစားမှုဆိုတာကလည်း လိုသေးတာပေါ့။ ဟို . . . မဖြစ်မနေ ကြိုးစားမယ်ဆိုရင် မအောင်မြင်စရာ မရှိပါဘူး"

"အင်းလေ၊ လူကြီးတွေ ဆိုတာကလည်း ခက်သားပဲ၊ သူတို့စိတ်ထဲက ထင်နေတာကို မဟုတ်ပါဘူးလို့ ငြင်းဖို့ မလွယ်ဘူး၊ နောက်ပြီး တို့ကို တိုက်ရိုက်မေးတာမျိုးဆိုရင် ကောင်းတယ်၊ ခုတော့ တို့ရှေ့ကျရင် သူနဲ့ တို့နဲ့အကြောင်းကို ဘာမှမသိသလို လုပ်နေတော့"

ခင်စန်းသည် ကျွန်တော့်ကို တစ်ခါက ပြောဖူးသည်၊ သူ့အမေက သမီး၏ အိမ်ထောင်ဘက်ကို စိတ်ကြိုက် ရွေးချယ်ပေးချင်သည်ဟူ၍ ခုတိုင်းဆိုလျှင် ကျွန်တော်သည် စိတ်ကြိုက် မဟုတ်နိုင်သေး။ အခြား တစ်ယောက်ယောက်နှင့် စီစဉ်ရန် ကျိတ်၍ ကြံစည်နေကြသလား မသိ၊ ထိုအတွက်မှု အကြီးအကျယ် စိုးရိမ်မှု မရှိ၊ ခင်စန်း၏အချစ်ကို ယုံကြည်သောကြောင့် ဖြစ်မည် ထင်သည်။

"ခင်စန်း၊ ကိုယ့်ကဗျာ တစ်ပုဒ်ကို သတိရသေးလား၊ 'လှမစည်ကားအပ်သော နေရာ' ဆိုတာလေ"

သူ ပြုံးလိုက်သည်၊ "မှတ်မိပါတယ်" ဟု ပြောသည်၊ ထိုကဗျာ၏ အဆုံးသတ်စာပိုဒ်မှာ

တွဲ့ရငြိုးစအချိန်သည်
စပါးပေါ်စအချိန်တဲ့သို့
ကျိုင်းကောင်များနှင့်တူသော
ပွဲစားများ ခြေရှုပ်တတ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



သတိပြုလေ။

သူသည် ကျွန်တော့်လက်မောင်းကို တစ်ချက် ပုတ်လိုက်ပြီး

"တို့အတွက်တော့ စိတ်ချပါ"

"ခုအချိန်က တို့ချိုးနှံတင် မကတော့ဘူး။ အလုပ်ပါ ချိုးနေတော့ မင်္ဂလာဆောင် ပွဲစားတွေအတွက် ပို့ပြီး မျက်စိကျစရာ ကောင်းတယ် မဟုတ်လား"

"သူစိတ်အေးအေးနေစေချင်တယ်၊ တို့က ဝမ်းစာ စပါးပါ မချန်ဘဲ အစိုးရ စပါးအဝယ်ဒိုင်ကိုသာ ရောင်းမှာပါ"

သူ့ရယ်သံလွင်လွင်ကို ကြားရသည်။ စကားဝိုင်းသည် လန်းလန်းဆတ်ဆတ် ဖြစ်လာတော့မည်ဟု မျှော်လင့်ရသည်။

"သူ့ဘက်ကလည်း စံပြအဝယ်ဒိုင်လို မှန်မှန်ကန်ကန် လုပ်ရမှာပေါ့"

သူ့မျက်နှာထားသည် ကြည်ကြည်သာသာပင် ရှိနေကြောင်း တွေ့ရသည်။

"ကိုယ့်ဘက်ကိုတော့ ယုံကြည်ပါလေ။ ခင်စန်းကို ကိုယ် ဘယ်လောက်ချစ်တယ်ဆိုတာ သိမှာပေါ့"

"ဘာပဲဖြစ်ဖြစ်လေ၊ တို့ကတော့ သားမွေးတိုးထမ်းအဖြစ်မျိုးနဲ့ပဲ ကြုံချင်တယ်။ မိဘတွေကလည်း ကြည်ဖြူမယ်ဆိုရင် ပိုကောင်းတာပေါ့"

ကျွန်တော် ဘာမျှပြန်မပြော။ ဟုတ်တာပေါ့ ဆိုသော စကားကို မပြောချင်သည်မှာ အမှန်။ မဟုတ်သေးဘူးလားဟု ဆိုရန်လည်း အကြောင်းပြစရာကို ရုတ်တရက် ရှာမရ။ အခြေအနေသည် ခပ်သွေ့သွေ့ ပြန်ဖြစ်သွားပြန်၏။

"တို့ တစ်ခု စဉ်းစားမိတယ်၊ သိလား"

စကားမဆက်သေးဘဲ ကျွန်တော့်မျက်နှာကို အကဲခတ်သည်။ ကျွန်





တော်က ပြောပါဆိုသော သဘောဖြင့် ခေါင်းညိတ်ပြလိုက်၏။

"ဘာလဲဆိုတော့၊ သူ့ အလုပ် တစ်ခုခု"

ကျွန်တော် ဆတ်ကနဲ လှည့်ကြည့်သည်။

"မဟုတ်သေးဘူးလေ၊ အစိုးရ အလုပ် တစ်ခုခု လုပ်ပါလားလို့"

ချက်ချင်း ခေါင်းခါလိုက်သည်။

"တို့ စဉ်းစားတာက ဒီလိုပါ၊ နောက်ပိုင်းကျတော့ မလုပ်ဘဲ နေချင်နေပေါ့။ စာပဲရေးမယ်ဆိုရင် ပြန်ထွက်လိုက်ပေါ့။ လောလောဆယ် တို့အိမ်က စိတ်ပြောင်းသွားအောင်"

"ကိုယ် မလုပ်ချင်ဘူး၊ မနက် ကိုးနာရီခွဲသွား၊ ညနေ လေးနာရီပြန်၊ ကြားထဲမှာ သူများ ခိုင်းတာလုပ်၊ ကိုယ် အဲဒီလို မလွတ်လပ်တဲ့ဘဝမှာ မနေနိုင်ဘူး"

"မဟုတ်သေးဘူးလေ၊ တို့ကလည်း အမြဲတမ်း တစ်သက်လုံး လုပ်ဖို့ ပြောတာမှ မဟုတ်ဘဲ၊ ခုလတ်တလော"

"တော်ပါတော့ ခင်စန်း။ ကိုယ့်ကို အဲဒီကိစ္စအတွက်တော့ လုံးဝ မတိုက်တွန်းပါနဲ့"

ကျွန်တော့်အသံသည် ခပ်ဆတ်ဆတ် ဖြစ်သွားသည်။ သူ့ မျက်လုံး ကလေး ဝိုင်းသွား၏။

"ကိုယ့်အခြေအနေနဲ့ ကိုယ်ပါ။ ခင်စန်း နားမလည်သေးပါဘူး"

ဟု လေသံကို ပြန်လျှော့လိုက်သည်။ သူ ဘာမျှထပ်မပြောတော့။ ကျွန်တော်လည်း မူလက ပြောရန် စီစဉ်ထားသော စကားများကို ပြောသင့် မပြောသင့် စဉ်းစားနေရ၏။ တိတ်ဆိတ်ခြင်းသာ ကြီးစိုးနေသည်။ ကန်ခြေပြင်သည်ပင် ထူးခြားစွာ ငြိမ်သက်သွားလေသည်။

ထိုစကားကို ပြောလျှင် သူ လက်ခံဖို့ အလားအလာ ရှိ မရှိ မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မပြောဘဲ မနေနိုင်တော့၊

"ခင်စန်း"

လေသံကို အတတ်နိုင်ဆုံး ညင်သာအောင် ပြုသည်။ သူ ဦးခေါင်းကို ဖြည်းဖြည်းချင်း လှည့်၍ မော့ကြည့်သည်။

"ကိုယ့်ကို ချစ်ရဲ့လားဟင်"

သူ ခေါင်းညိတ်ပြသည်။

"ဒါဆိုရင် ကိုယ်တို့ တရားရုံးမှာ လက်မှတ်ထိုးထားကြရအောင်နော်"

သူ့မျက်နှာပေါ်မှ ရုတ်တရက် ဖျော့ဖြဲသွားပုံသည် သိသာ ထင်ရှားလှသည်။ သူ ဘာမျှပြန်မပြောနိုင်ဘဲ ကျွန်တော့်ကိုသာ ငေးကြည့်နေသည်။

"အတူတူနေကြဖို့တော့ မဟုတ်သေးပါဘူး။ လက်မှတ်ထိုးထားရုံပါပဲ"

ခုမှပင် သူ အသက်ဝင်လာသလို လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ပထမဆုံး လှုပ်ရှားသော အစိတ်အပိုင်းက ဦးခေါင်း ယမ်းခါလိုက်ခြင်းပင် ဖြစ်သည်။ နှုတ်မှလည်း. . .

"မဖြစ်နိုင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"အိမ်က သိသွားရင် မကောင်းဘူး"

"ဘာဖြစ်လို့ သိရမှာလဲ၊ မသိအောင် လုပ်မှာပေါ့"

"မသိတာလည်း မကောင်းပါဘူး။ လူကြီးတွေ ခွင့်ပြုချက် မရဘဲ အဲဒါမျိုး မလုပ်သင့်ဘူး ထင်တယ်၊ နောက်ပြီးတော့ တကယ် မယူသေးဘဲနဲ့ လက်မှတ်ထိုးထားတယ်ဆိုတာ အဓိပ္ပာယ် မရှိပါဘူး"

"ရှိတာပေါ့"

"တို့ သူ့ကို တစ်ခုမေးမယ်၊ ဘာဖြစ်လို့ လက်မှတ်ထိုးထားချင်ရတာလဲ"





"ခင်စန်းတို့ မိဘတွေက တခြား လူတစ်ယောက်နဲ့ အတင်း လက်ထပ်ခိုင်းမှာစိုးလို့"

"တို့ကို မယုံလို့လား"

သူ့အသံ နည်းနည်း တုန်ခါလာသည်။

"ခင်စန်းကိုတော့ ယုံပါတယ်၊ အခြေအနေကို မယုံတာပါ"

"တို့ သူ့ကို ပြောပြီးပြီ မဟုတ်လား၊ သူကလွဲရင် ဘယ်သူ့ကိုမှ လက်မထပ်ပါဘူးလို့"

"တချို့နဲ့ဆိုရင် ဒီပြီး မနိုင်မှာဘူးလား"

ကျွန်တော့် စကားမှားသွားကြောင်း သိလိုက်သည်။ ပြင်ရန် အချိန်ကား မရတော့။

"တို့စကားထက် တချို့စာတမ်းကို ပိုပြီး ယုံကြည်သလား ဟင်"

သူ ထိုစကားမေးမည်ကို ကြိုသိ၏၊ ပြောလက်စ စကားကို မပြင်ချင်။ နောက်ပြန်ဆုတ်ဖို့ကို စိတ်မကူးမိတော့ချေ။

"အခြေအနေကို မယုံတာလို့ ပြောပြီးပြီလေ။ ဘာပဲဖြစ်ဖြစ် ကိုယ် လက်မှတ်ထိုးချင်တယ်၊ ခင်စန်း လက်ခံမှာလား"

ပြန်မဖြေသေး။ တွေတွေငေးငေး ဖြစ်သွားသည်။ နှုတ်ခမ်းကို တင်းတင်းစေ့သည်။ ကျွန်တော့်ကို မကြည့်ဘဲ ပြောသည်။

"တို့ လက်မှတ် မထိုးနိုင်ဘူး၊ တို့သဘောကတော့ တကယ် လက်ထပ်နိုင်တဲ့ အချိန်ကျမှ လက်မှတ်ထိုးနိုင်မယ်။ တို့ ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ တို့စကားကို သူ မယုံကြည်ဘူးဆိုရင်တော့ သိပ်ဝမ်းနည်းစရာကောင်းမှာပဲ"

ကျွန်တော် ငြိမ်လိုက်သည်။ အချက်အလက်ပေါင်း များစွာ စုပေါင်းပြီး ဖြစ်ပေါ်လာသော အငြိုး အတေ့အလှောင် အပြုံး။



www.burmeseclassic.com

www.burmeseclassic.com



"ခင်စန်း ကိုယ့်ကို အထင်သေးတယ် မဟုတ်လား"

သူ ခေါင်းခါသည်။

"ဟုတ်ပါတယ်၊ အထင်သေးပါတယ်။ ဒါကြောင့်သာ လက်မှတ် မထိုးနိုင်ဘူးလို့ ပြောတာပေါ့"

"မဆိုင်ဘူး"

"ဆိုင်တယ်။ ခင်စန်း ကိုယ့်ကို တစ်နေ့နေ့မှာ တကယ် လက်ထပ်မယ်လို့ မဆုံးဖြတ်ရသေးပါဘူး။ ကိုယ် သိပါတယ်"

သူ ကျွန်တော့်ကို လက်ခနဲ ကြည့်သည်။ သူ့မျက်ဝန်းသည် အရောင်စိုလာ၏။

"ကိုယ်မေးတာကို ဖြေပါဦး"

သူမဖြေ၊ ခေါင်းကိုသာ ငုံ့ထားသည်။

"ဟဲ၊ ဟဲ

ကျွန်တော် ရယ်လိုက်သည်။ ကျွန်တော့်ရယ်သံသည် ငေါ့သံ အပြည့်အဝ ပါဝင်နေသည်။

"ခင်စန်း ကိုယ့်ကို လုံးဝ အထင်မကြီးဘူး မဟုတ်လား။ ကိုယ့်ချစ်သူက မှ အထင်မကြီးရင် ဘယ်သူက လာပြီး အထင်ကြီးတော့မှာလဲ"

တုံ့ပြန်မှု မရှိ။ သူသည် ဖူးနှစ်ဘက်ပေါ်တွင် လက်ကို သုက်တင်၍ မျက်နှာအပ်ထားသည်။ ကျွန်တော့်ရင်ထဲတွင်လည်း ခံပြင်းခြင်း၊ အားငယ်ခြင်း၊ ဝမ်းနည်းခြင်း၊ မကျေနပ်ခြင်းတို့ ရှုပ်ထွေးမွှေလီနေသည်။ ချစ်ခဲ့ကြသော သက်တမ်းတစ်လျှောက်တွင် ပထမဦးဆုံးအကြိမ် ဒေါသသံစွက်သော စကားကို ကျွန်တော် ပြောမိ၏။

"ဒီမှာ မင်းငါ့ကို ယောက်ျား တစ်ယောက်အနေနဲ့ အားကိုးချင်စိတ် မရှိဘူး မဟုတ်လား"





သူကိုယ်သည် တုန်ခနဲ ခါသွားသည်။ လက်မောင်းများ တဆတ်ဆတ် လှုပ်လာ၏။ ရှိုက်သံကို စတင် ကြားရသည်။

ဟို ယခင်အခါဆီက-

သူ နှုတ်ခမ်းစူလိုက်လျှင်ပင် နေမထိထိုင်မသာ ဖြစ်ယာခတ်ခဲ့သော သူမျက်နှာညှိုးမည်ကို ဆသဘောတမျှ စိုးရိမ်ခဲ့ပါသော ကျွန်တော်သည်-

ယခုအခါ သူကိုယ်ကလေးကို ပွေ့ဖက်ပြီး မျက်နှာကို ရင်မှာ အပ်စေလျက် တတွတ်တွတ် ချော့မော့ရန် အဘယ့်ကြောင့် တွံ့နှေးနေမိပါသနည်း။

လက်ကို ပိုက်လျက် လှုပ်ရှားမှု မရှိသော ခန္ဓာကိုယ်ဖြင့် ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်နေမိသည်။

ကန်ရေပြင်သည် ငြိမ်သက်နေရာမှ လှိုင်းဂယက်များ ထသွားသည်။ ကျွန်တော် သက်ပြင်းချလိုက်ရာမှ ဖြစ်ပေါ်လာသော ထွက်သက်လေကြောင့်တော့ မဟုတ်တန်ရာ။

●

ထူးဆန်းသော ခံစားမှုများကို ကြုံတွေ့ရသည်။

သူနှင့် မတွေ့သည်မှာ ရက်သတ္တ သုံးပတ်လောက် ရှိလိမ့်မည်။ သူ ထံသို့ မသွားဘဲနေသည်။ သူနှင့် တွေ့ချင်စိတ် မရှိဟု ထင်သည်။ သူနှင့်လည်းကောင်း၊ သူ့အဝန်းအဝိုင်းနှင့် လည်းကောင်း မျက်နှာချင်း မဆိုင်လို၊ သူ့ပတ်ဝန်းကျင်၌ ကျွန်တော်သည် နေရာတစ်နေရာကို မရရှိ။ သူနှင့်ကွာကွာ တွဲလျှောက်သွားသောအခါ လူအပေါင်းတို့သည် သူ့ကိုသာ ကွက်၍ ပြုံးပြုံး နှုတ်ဆက်ကြလိမ့်မည်။ ကျွန်တော်သည် သူ့ဘေးမှ ကိုယ်ရောင်ဖျောက်၍ လိုက်ရသော အစောင့်အရှောက်သဖွယ်သာ။ ထိုအခြေအနေမျိုးကို ကျွန်တော် မလိုလား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘယ်သူနှင့်မျှ မတွေ့၊ တစ်ယောက်တည်းသာ နေသည်၊ စိတ်ထဲတွင် ဘာမျှမရှိ၊ ဘာမျှမတွေး၊ အမှန်တော့ ဒုက္ခများကို အစဉ်ဆက်တိုက် မြောက်မြားစွာ တွေ့ရသောကြောင့် ဟားတိုက် ရယ်မောပစ်လိုက်သည့် သဘောသာတည်း၊ စွတ္တန့်မလပ် အတွေးစတွေ ရှုပ်ထွေးလွန်းအားကြီးသဖြင့် ဘာကိုမျှ မတွေးဝံ့အောင် ဖြစ်နေခြင်းပင်၊

သူနှင့် ကျွန်တော် တကယ်ပင် ခွဲခွာကြရပြီလားဟု စဉ်းစားကြည့်သည်၊ သူနှင့် မတွေ့ရဲ့ ရှိနေသောအခါ စိတ်ဒုက္ခကို ခံစားရပြန်သည်။ တဖြည်းဖြည်း စိတ်အနည်ထိုင်သွားလိမ့်မည်ဟု ကိုယ့်စိတ်ကို ဖြေသည်၊

ညနေ လေးနာရီထိုးလျှင် စိတ်ချောက်ချား လာပြန်သည်၊ စနေနေ့၏ မှုန်းလွဲပိုင်း နေ့တစ်ဝက်သည် အခံစားရဆုံး၊ စိတ်ရော ကိုယ်ပါ ဘယ်နေရာမှာ သွားထားရမှန်း မသိ၊ ထိုအချိန်တွင် အစ်မကြီး၏အပြုံး၊ ဖုံအောက်ထပ် လျှောကားရင်းမှ လုံခြုံရေး ဝန်ထမ်းလူကြီး၏ အကြည့်တို့ဖြင့် စိတ်ကို ဇက်ဆွဲထားမိသည်၊

အထူးသဖြင့် ခင်စန်း၏ အထက်စီးမှ ကြည့်မည်ထင်သော မျက်လုံးများ၊

အချစ်နှင့် အမုန်းတို့၏ အပတွင် အခြားအရာတစ်ခု ရှိနေပါသေးသလော၊ ရှိစေချင်သည်၊ ရှိလျှင် ကောင်းမည်၊

●●●

[၂၉]

လေနေသော စိတ်ကို လွှင့်ပစ်လိုက်ချင်စိတ် ပေါက်လာသည်၊ သူငယ်ချင်းတွေနှင့် မတွေ့မိအောင် ရှောင်သည်၊ ခင်စန်းအကြောင်းကို မေးမည်စိုးသောကြောင့် ဖြစ်၏၊ သူတို့ကို ရှင်းမပြချင်၊ နံနက် စောစော ထ၍ ဖိမ်ကာ ထွက်သည်၊ ညမိုးချုပ်မှ ပြန်လာသည်၊ သူနှင့် ပတ်သက်သော နေရာများကို မသွားလို၊ အမှတ်တရ ဖြစ်နိုင်သော နေရာမှန်သမျှကို ရှောင်ဖို့ ကြိုးစားသည်၊ သို့ရာတွင် မရချေ၊

●

မဂ္ဂဇင်းတိုက်သို့ ဝင်သည်၊ ကာလောင်အမည်ကို ပြောသည်၊ စာမူအမည်ကို ပြောသည်၊ စာရင်းစာအုပ်ကို လှန်ကြည့်သည်၊ မပါရသေးဟုဆို၏၊ ပို့ထားတာ ငါးလကျော်ပြီဟု ပြောသည်၊ မကြာခင် ပေါ်လိမ့်မည် [ခဲ့] ဟူ၍သာ သိရသည်၊





www.burmeseclassic.com

www.burmeseclassic.com



နောက် မဂ္ဂဇင်းတစ်ခုသို့ဝင်သည်။ ခုနအတိုင်းပင်၊ တစ်ခုပဲ ထုံးသည်။ စာမူလက်ခံသူသည် သူ့နောက်ဖက်ရှိ အဆင့် တစ်ခုပေါ်မှ စာမူထုပ်ကို ယူ၍ ဖြေသည်။ စာမူတစ်ခုကို ယူပေးသည်။ ကျွန်တော့်စာမူ၊ အပေါ်ဆုံး စာမျက်နှာ၏ လက်ဝဲဘက်ထောင့်တွင် 'ပယ်' ဟု ရေးထားသည်။ မင်နီဖြင့်။

မဂ္ဂဇင်းတိုက်ထဲမှ ထွက်အလာတွင် သူငယ်ချင်းတစ်ယောက်နှင့် တွေ့သည်။ ကိုသန်းဝေ။

"ဟကောင်ရ၊ ဘာတွေ လုပ်နေသလဲကွ"

ရုတ်တရက် ပြန်မဖြေမိ၊ မဂ္ဂဇင်းတိုက်ကို လာသည့်အကြောင်း မပြောချင်။ "ဒီလိုပေါ့ဗျာ" ဟု ဝေ့ဝေ့ဝါးဝါး ပြောလိုက်သည်။

"ခင်ဗျားရော ကျောင်းပြီးပြီလား"

သူ မဟာဝိဇ္ဇာတက်နေသည်ကို မေးခြင်း ဖြစ်သည်။

"အက်ဖ်တူး ဖြေပြီးပြီလေကွာ၊ ခု သီးသစ် လုပ်နေတယ်။ ဇော်လင်း တော့ မော်လမြိုင် ခဏ ပြန်သွားတယ်ကွ၊ သူလည်း အက်ဖ်တူး ဖြေပြီးပြီ၊ တင်မြင့်နဲ့ ကြင်ဆောင်ကတော့ မန္တလေးဒေသကောလိပ်မှာ ဆရာဖြစ်ပြီ"

"ကောင်းပါတယ်ဗျာ၊ သွားဦးမယ်"

"ဒါနဲ့ ဟကောင်ရ၊ အရင်က လသာလမ်းထိပ်မှာ မင်းကို ခဏခဏ တွေ့ပါတယ်။ ကောင်မလေးတစ်ယောက်နဲ့၊ မင်းတ ထမင်းဘူးလေး ကိုင် လို့လေကွာ။ ခုတလော မတွေ့ရပြန်ဘူး။ ငါ ဘတ်စ်ကားနဲ့ ဖြတ်သွားတိုင်း ကြည့်မိတယ်"

မေမေက ဘားပလက်နှင့် ဇီဇဝ်ဆေးများ မှာသောကြောင့် လေဟာ ပြင်ဈေးသို့ လာခဲ့သည်။ မျိုးညွန့်တို့ ဆေးဆိုင်မှာ ဝင်ဝယ်သည်။ မျိုးညွန့်တို့ အမေက "ဟဲ့၊ နင်တို့ကတော့ အတွဲကိုယ်စီနဲ့။ ငါ့သားလေးလည်း ရှာပေးကြ ပါဦး။ သူ့ခမျာ ထိပ်ပြောင်လို့ ဆံပင်သန်အောင် ခေါင်းတုံး ခဏခဏ ရိတ်ရ





လွန်းလို့ စားရတာလည်း မနည်းတော့ဘူး" ဟု ပြောသည်။ ကျွန်တော် ရယ်နေလိုက်ရသည်။

မျိုးညွန့်နှင့်အတူတူ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြသည်။ ဇိန် ယောင်းကဖီးသည့် ခင်စန်းနှင့် ကျွန်တော် အသုပ်စားခဲ့ဖူးသော နေရာ။ "လာဗျာ ဟိုဖက်ထိပ် သွားသောက်ရအောင်" ဆိုပြီး သူ့ကို ခေါ်ခဲ့သည်။ အထည်တန်းများကို ဖြတ်အသွားတွင် လုံချည်ဆိုင်များကို မကြည့်မိအောင် သတိထားရသည်။ အဖြင်တန်းက လျှောက်တာ ကောင်းမည်ဟု ချိုးအတွေ့ လိုက်တွင်-

"ကိုလှလတ်"

ခေါ် သံကြားသောကြောင့် လှည့်ကြည့်သည်။ မပင်စီ။

"တစ်ယောက်တည်းလား၊ မပါဘူးလား"

ကျွန်တော် ပြုံး၍ ခေါင်းခါပြလိုက်ရသည်။ မြန်မြန် နှုတ်ဆက်ပြီး ထွက်လာခဲ့ရ၏။

"ကျွန်မဆိုင်မှာ လာမဝယ်သေးဘူးလား" ဟု သူ လှမ်းပြောလိုက်သော အသံကိုတား လွတ်အောင် ရှောင်နိုင်။

ဘားလမ်းမှ ထွက်ပြီး အနော်ရထာလမ်းဘက် ချိုးလိုက်သည်။ ချယ်ရီ ဗီနပ်ဆိုင်ထဲတွင် မိန်းကလေးတစ်သိုက် ဗီနပ်ရွေးနေကြသည်ကို တွေ့ရ၏။ မှန်ဗီရိုထဲရှိ ကျွန်တော် မျက်စိကျခဲ့ဖူးသော နိုင်ငံခြားလုပ် နှစ်လက်မ ဒေါက်မြင့် ဗီနပ်ကလေးသည် ရှိနေတုန်း။ တစ်ခါက ကျွန်တော် ဝင်မေးကြည့် ဖူးသည်။ တစ်ရာငါးဆယ်ဟု ပြောသည်။ ဗီနပ်ကို ကြည့်နေရာမှ မျက်နှာကို အမြန်ဆုံး လွှဲဖယ်လိုက်သည်။

လမ်းဘေး ပလက်ဖောင်းပေါ်တွင် ကုန်မျိုးစုံဆိုင်ကလေးများ တွေ့ရ သည်။ ညနေ ငါးနာရီကျော်နေသောကြောင့် စိတ်ချလက်ချ ကြည့်ရှုခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လိမ့်မည်။ ထိုအချိန်တွင် ဝဍ္ဍန်စိမ်းချက် အဖွဲ့ဝင်များ မလာတတ်။ အောက်ခံအဖြစ် ခင်းထားသော ပလတ်စတစ်အစ၏ ထောင့်လေးဘက်တွင် ကြိုးများဖြင့် ချည်ထားသည်။ အဖမ်းအဆီးရှိလျှင် ကြိုးလေးစကို ဆွဲကိုင်မ၍ ထွက်ပြေးနိုင်ရန် ဖြစ်သည်။

တစ်ကျပ်တန် ဘောလ်ပင်ဝယ်ဖို့ သတိရသည်။ ဆိုင်တစ်ဆိုင်ရှေ့တွင် ဝင်ထိုင်လိုက်သည်။ အနက်ရောင် တစ်ချောင်းကို ယူ၍ စက္ကူပေါ် ခြစ်ကြည့်သည်။ မင်လုံး ခပ်စုစုကို ရွေးသည်။ ဘောလ်ပင် ရွေးနေတုန်း မျက်စိက တခြား ပစ္စည်းများကို လျှောက်ကြည့်နေမိ၏။ ဆံပင်ခေါက်တင်ရာတွင် လည်းကောင်း၊ ဆံပင်စည်းရာတွင် လည်းကောင်း သုံးသော ဖြူသစ်ဖြည်လုပ် ဆံပင်ညှပ်ကလစ်ကို ဖျတ်ခနဲ မြင်မိသည်။ ဘောလ်ပင်ကို သေချာစွာ မရွေးတော့ဘဲ အဆင်သင့်ရာ တစ်ချောင်းကို ဝယ်၍ ထထွက်လာသည်။ ဆူးလေဘုရားလမ်းဘက်ကျော့ပြန်သည်။ သုတစ်ပါး ထိန်ကိုက်မှ အာမခံရုံးရှေ့သို့ ရောက်သောအခါ နောက်မှ အသံတစ်သံကို ကြားလိုက်ရသည်။

"ကိုကို"

ဆတ်ခနဲ တုန်သွားသည်။ ချက်ချင်း လှည့်ကြည့်သည်။ စိတ်ထဲတွင် ညစ်ညူးသွားရသည်။ သူတောင်းစား အမျိုးသမီးတစ်ဦး။ ကလေးငယ်ကို ချီလျက်. . .

"ကိုကို ကျွန်မသားလေး ထမင်းကျွေးချင်လို့ အကြွေလေး ငါးပြား လောက် စွန့်ကြဲခဲ့ပါ ကိုကိုရယ်"

တကယ့်တကယ် ကျတော့လည်း နေရာတိုင်းလိုလိုသည် သူနှင့် မကင်းရာ မကင်းကြောင်းချည်း။ ဆေးရုံကြီး ရှေ့ခံတိုက်နှင့် ကြံတောသုသာန် တို့သည်ပင် သူနှင့် ကျွန်တော်တို့၏ ပတ်သက်သူများ အသုဘကို လိုက်ပို့





ရင်း အတူတကွ ရောက်ခဲ့ဖူးသော နေရာများ ဖြစ်နေသည်။

ရန်ကုန်မြို့သည် ကျွန်တော့်အဖို့ ကျက်ကုန်းကဲ့သို့ နေရာတကာ ခြောက်လှန့်ခြင်းကို ခံနေရတော့၏။

●●●

www.burmeseclassic.com

www.burmeseclassic.com

[၂၅]

လက်ဖက်ရည်ဆိုင်မှာ ထိုင်မိကြပြီးနောက် ပွင့်ကောင်းက ပြောသည်။

"လူလတ်ကလည်းကွာ၊ မျောက်နေလိုက်တာ ငါတို့ဘက်တောင် မလာဘူး"

"ငါတို့လည်း ကျူရှင်ကိစ္စရှုပ်နေလို့ မင်းဆီ မရောက်တာ၊ လွန်ခဲ့တဲ့ အပတ်က ရောက်သေးတယ်။ ညနေပိုင်း။ မင်းမရှိဘူးဆိုလို့"

ဟု မော်ဆရာ ပြောသည်။ သူတော်စိန်က-

"ဒီကောင် ဆော်လမွန်ဘုရင်ကြီး ဖြစ်နေမှာပေါ့"

ကျွန်တော် သူတော်စိန်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ကျွန်တော် မြို့ထဲက ပြန်လာသောအခါ သူတို့ အိမ်မှာ ရောက်နေကြ၏။ ကျွန်တော့်ကို စောင့်နေခြင်း ဖြစ်ကြောင်း၊ ပြောစရာ ရှိသည်ဆို၍ လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့ကြသည်။

"မင်းတို့ ပြောစရာ ရှိတယ်ဆို"





"အေးကွ. . ငါ့ဆီကို မှန်းလာတို့၊ ခင်စန်းဆီက"

"ဘာပြောတယ်"

ကျွန်တော် အလန့်တကြား မေးမိသည်။ ရင်သည် တထိတ်ထိတ် ခုန်လာ၏။ မော်ဆရာက ခေါင်းတစ်ချက် ညိတ်ပြီး. .

"ဟုတ်တယ်၊ မင်းကို ပြောနိုင်းလို့ နက်ဖြန် မနက် ရှစ်နာရီ ဂျပ်ဆင် အောက်က စောင့်ပါတဲ့၊ ပြောစရာ ရှိလို့တဲ့"

သူ ရောက်နေတာလားဟု အကဲခတ်ကြည့်သည်။ အတည်ပြောခြင်း ဖြစ်ကြောင်း တွေ့ရသည်။ ပြောစရာ ရှိလို့တဲ့။ မော်ဆရာတို့သည် ကျွန်တော်တို့ နှစ်ယောက်အကြောင်းကို သိကြသေးဟန်မတူ၊ သူတို့ကို ပြောပြလျှင် ကောင်းမလားဟု စဉ်းစားမိသည်။ ဆိုတိုင်ပင် ကောင်းတိုင်ပင်တွေ ဖြစ်သော ကြောင့် ပြောတော့ ပြောပြသင့်သည်။ ပြောလျှင် သူတို့ ဘယ်လိုအဆုံး အဖြတ် ပေးကြမည်နည်း။

"ငါ မသွားချင်ဘူးကွာ"

ဟု ပါးစပ်က လွှတ်ခနဲ ပြောမိသည်။ သူတို့ လေးယောက်သည် ကျွန်တော့်စကားကြောင့် တအံ့တသြ ဖြစ်သွား၏။ မှတ်ဆိတ်က. . .

"ဟား. . . ဟား ဆန်းတစ်ပြည် ဆယ်ပြားဆိုတာထက်တောင် ထူးဆန်းသေးတယ်"

အားလုံး ဝိုင်းရယ်ကြသည်။ ကျွန်တော် မရယ်ချေ။ ကျွန်တော့်ကို ထူးဆန်းသော သတ္တဝါတစ်ကောင်လို ဝိုင်းကြည့်နေကြပြန်သည်။ ပွင့်ကောင်းသည် ပထမဦးဆုံး မျက်နှာပိုး သတ်လိုက်ပြီး. .

"လူလတ်၊ မင်း ဘာဖြစ်နေသလဲ"

"ဘာမှ မဖြစ်ပါဘူး"

"ဖြစ်ပါတယ်ကွာ၊ မင်းပုံစံက သိပ်သိသာတယ်၊ ပြောစမ်း မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံး စဉ်းစားကြည့်၊ လူလတ်နဲ့ ခင်ခင်နီးဟာ အရင်က နေ့တိုင်း တွေ့နေကြတာပဲ၊ ခု မတွေ့ကြလို့သာ မော်ဆရာကို ဖုန်းဆက်ပြီး မှာရတာပေါ့"

အားလုံးကပင် တစ်ခုခု ဖြစ်နေပြီဟု ဝိုင်းပြောကြသည်၊ သူတို့ကို ပြောပြဖို့ ဆုံးဖြတ်လိုက်သည်၊ တိရစ္ဆာန်ဥယျာဉ်ထဲက အကြောင်းကို ပြောပြလိုက်သည်၊

"အဲဒါပဲကွာ၊ သူ ငါ့ကို သိပ်အထင်သေးတာပဲ"

သူတော်စိန်သည် တစ်ခုခု ဝင်ပြောမည် ပြုသည်၊ 'မင်းကကော အထင်ကြီးစရာ ရှိလို့လား' ဟု ပြောချင် ပြောပေလိမ့်မည်၊ သို့ရာတွင် ပွင့်ကောင်းက အလျှင်ဦးအောင် ဝင်ပြောလိုက်သည်၊

"မဆိုင်ပါဘူးကွာ၊ ဒါ အထင်သေးလို့ ပြောတာမှ မဟုတ်ဘဲ"

"အထင်သေးလို့ပေါ့ကွ၊ ငါက လက်မှတ်ထိုးဖို့ ပြောတော့ သူ ဘာဖြစ်လို့ ငြင်းသလဲ"

"ငြင်းမှာပေါ့ကွ၊ ဒါ အဓိပ္ပာယ်မှ မရှိဘဲ၊ လက်မှတ်ထိုးလိုက်ရုံနဲ့ ပြဿနာတွေ အားလုံးက ပြေလည်သွားမှာမှ မဟုတ်တာ"

'ထွက်ပေါက်ရှာဖို့ ကြိုးစားတာ' ဟု သူတော်စိန်က ဝင်ပြောသည်၊ ရင်ထဲက ဆစ်ခနဲ ဖြစ်သွား၏၊

"မင်း ဘာပြောတာလဲ သူတော်စိန်"

ကျွန်တော် ခပ်ပြတ်ပြတ် မေးသည်၊

"မင်းဘက်က အလျှော့ပေးဖို့ စိတ်မကူးဘူး၊ တစ်ဖက်သတ် အနိုင်ယူဖို့ ကြိုးစားတယ်၊ အေး အဲဒါဟာလည်း မင်း သရဲကြောက်ရဲ့သားနဲ့ မကြောက်ဘူးကွ ဆိုတဲ့ သဘောနဲ့ သီချင်းအော်ဆိုသလိုပဲ"

ကျွန်တော် ဘာမျှပြန်မပြောဘဲ သူ့ကို စိုက်ကြည့်နေသည်၊

"မင်းကို ငါမေးမယ် လူလတ်၊ မင်း သူ့ကို ဘယ်နှခုနှစ် ဘယ်လမှာ





လက်ထပ်ပါ့မယ်လို့ ကတိပေးပြီးပြီလား"

သူတော်စိန်၏စကားသည် အသံမှုသာ ဖြစ်ပါလျှက် ကျွန်တော့်ရင်ကို ဓားနှင့်ထိုးသလို စူးခနဲ ခံစားလိုက်ရသည်၊

"သူတော်စိန် တော်တော့ကွာ၊ မင်းနားမလည်တဲ့ကိစ္စတွေ ဝင်မပြောပါနဲ့"

ကျွန်တော် ဟန့်တားလိုက်သည်၊ မရ၊ ကျန်လူများကလည်း ဘာမျှ ဝင်ရောက်ပြောဆိုခြင်း မပြု၊

"ငါ နားမလည်ဘူး ဟုတ်လား၊ စစ်တုရင် ကစားဖူးတယ် မဟုတ်လား၊ ဘောလုံးပွဲကော ကြည့်ဖူးသလား၊ ကိုယ်တိုင်ဝင်ကစားနေတဲ့ သူထက် ပွဲကြည့် ပရိသတ်က ပိုပြီး အကွက်မြင်တတ်တယ် မဟုတ်လား"

မော်ဆရာက သူတော်စိန်ကို လက်ကာပြလိုက်ပြီး . . 'လူလတ် မင်း ပြောချင်တာ ပြောပါ' ဟု ဆိုသည်၊ ကျွန်တော် သက်ပြင်းချလိုက်၏၊

"သူ ငါ့ကို သိပ်အထင်သေးတယ်၊ ငါ့အနုပညာကိုလည်း အထင်သေးတယ်၊ ငါဟာ အောင်မြင်တဲ့ စာရေးဆရာတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ သူ မယုံကြည်ဘူး ထဲ . . တဲ"

ကျွန်တော် ခြောက်ကပ်ကပ် ရယ်ပြီး ဆက်ပြောသည်၊

"ဟဲဟဲ . . . မိန်းမဆိုတာ ဒီလိုပါပဲကွာ၊ ကိုယ့်ယောကျ်ားက မအောင်မြင်သေးဘဲ စုတ်ပြတ်နေတဲ့ အချိန်မှာတော့ ရှင်ဟာ ဘာအသုံးကျသလဲ၊ ဘာလဲနဲ့ အင်း . . ယောကျ်ားကများ ထင်ရှားကျော်ကြားလာပြီဆိုရင် ဟင်း မုန့်ဟင်းခါး စားတာတောင်မှ ကျွန်မကလေ စုပါတော့ စာရေးဆရာ . . ဘယ်သူရဲ့ ဇနီးပါ၊ ဟင်းရည်လေး နည်းနည်းလောက်လို့ ဖြစ်လာကြမှာ"

ဘယ်သူမျှ မရယ်ကြချေ၊ ပွင့်ကောင်းက ခေါင်းကို ခပ်ညည်းဖြည်း ယမ်း၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"လူလတ်၊ တကယ်တော့ မင်းကသာ ခင်စန်းကို အထင်သေးနေတာ ပါကလား၊ ခင်စန်းဟာ အဲဒီလို အစားမျိုး မဟုတ်ဘူး"

သူတော်စိန်သည် ဘယ်သူမှ မတားလိုက်နိုင်ခင် စကားတစ်ခွန်းကို အလျင်အမြန် ဝင်ပြောသည်။

"မင်း လက်မှတ် ထိုးဖို့ ခင်စန်းကို ပြောတာဟာ တကယ် ပြောတာလား၊ သူ့စိတ်ကို စမ်းတာလား၊ သူ့စိတ်ကို စမ်းတာဆိုရင်တော့ မင်းဟာ တော်တော် အသုံးမကျတဲ့"

"ဟေ့ကောင် တိတ်"

စားပွဲကို လက်သီးဖြင့် ထုသည်။ တစ်ငုံမျှ မငုံကြရသေးသော လက်ဖက်ရည်ပန်းကန်များ ထခုန်သည်။ တစ်ချိန်လုံး ဘာမျှ ဝင်မပြောဘဲ နားထောင်နေသော မုတ်ဆိတ်က ကျွန်တော့်လက်ကို ဖမ်းဆုပ်လိုက်သည်။ လေသံအေးအေးဖြင့် သူ မေး၏။

"လူလတ်၊ မင်းကို ငါတို့ တစ်ခု မေးမယ်"

ကျွန်တော့်လက်ကို မရုန်းမိဘဲ သူ့ကို စိုက်ကြည့်နေ၏။

"မင်း ခင်စန်းကို ချစ်သလား"

ကျွန်တော် မဖြေ။

"မုန်းသွားပြီလား"

ကျွန်တော် မဖြေ။

"သူငယ်ချင်း၊ ငါတစ်ခု ပြောပြမယ်၊ မိန်းကလေးတွေအတွက် အချစ်ဆိုတာ စွန့်စားခန်း တစ်ရပ်ပဲ၊ တစ်ခါတစ်ရံမှာ မိန်းကလေးတွေဟာ အချစ်နဲ့ ပတ်သက်ရင် ယောကျ်ားတွေထက် သတ္တိကောင်းတတ်တယ်၊ အံ့ဩစရာကောင်းလောက်အောင် ရဲရင့်တတ်တယ်။ ဒေး၊ အဲဒီလိုပဲ၊ တစ်ခါတစ်ရံမှာ





အချစ်ဟာ သူတို့အတွက် အနာကျင်ဆုံး ဒဏ်ရာတစ်ခု ဖြစ်သွားတတ်တယ်"

တစ်ခုခုကို သိလိုက်သည်ဟုထင်၏။ သို့ရာတွင် ဘာဖြစ်မှန်းမသေချာ။

●●●

www.burmeseclassic.com

www.burmeseclassic.com

[၂၆]

ရှစ်နာရီနှင့် ငါးမိနစ်တွင် ယုဒသန်ဘုရားကျောင်းအောက်သို့ ရောက်သည်။ သူရောက်နှင့်နေကြောင်း တွေ့ရသည်။ သူ့ကို တွေ့တွေ့ချင်း ကျွန်တော် ပြုံးပြဖို့ ကြိုးစားသေးသည်။ သို့ရာတွင် ကျွန်တော့်အပြုံးကို ကျွန်တော် စိတ်မချ။

ခုရက်ပိုင်းတွင် ဘုရားရှိခိုးကျောင်းကို ပြန်လည် ပြင်ဆင်ခြင်း၊ ဆေးသုတ်ခြင်းများ ပြုနေသောကြောင့် မျှော်စင်ထိပ်သို့ တက်သော လှေကား တံခါးဖွင့်ထားသည်။ သူက အပေါ် တက်ချင်သည် ပြော၍ လိုက်လာခဲ့သည်။ မျှော်စင်၏ အတွင်းနံရံတွင် ကပ်၍ တပ်ထားသော သံလှေကားများအတိုင်း ကွေ့ပတ်၍ တက်ရသည်။

မျှော်စင်က နှစ်ဆင့် ဖြစ်သည်။ ပထမဆင့်တွင် ပြဿနာ မရှိ။ ဒုတိယဆင့် လှေကားများသည် ဆွေးနေသေပြီ။ တစ်ထစ်ခြင်းကို သတိထား၍ တက်ရသည်။ ခြေလှမ်းကို ဂရုစိုက်ရ၏။ အထက်သို့ ရောက်လာလေလေ





ရင်တလှပ်လှပ် ဖြစ်လာလေလေပင်။ အောက်ကို ငုံ့ကြည့်မိသောအခါ ခြေထောက်များ ဆာသလိုပင် ဖြစ်လာသည်။ ခင်စန်းသည် လှေကားထစ်များကို ဖြည်းဖြည်းချင်း လှမ်းတက်နေသည်။ သူ့မျက်နှာသည် သွေးရောင် လျော့နေ၏။ သို့ရာတွင် သူ့ကို ကျွန်တော် လက်လှမ်းမပေးမိချေ။

တစ်နေရာတွင် သူ ဆက်မတက်ဘဲ ရပ်လိုက်၏။ ကျွန်တော် လှည့်ကြည့်လိုက်သောအခါ သူ လှေကားငါးထစ်စာလောက် နောက်ကျ ကျန်ရစ်သည်။ သူ ရပ်နေ၏။ သူ ဆက်နင်းရမည့် လှေကားထစ်ကို စိုက်ကြည့်နေသည်။ ထိုလှေကားထစ်သည် သံချေးများ စားနေသောကြောင့် ပြတ်လုတည်းတည်း ဖြစ်နေသည်။ အစွန်းနှစ်ဖက်တွင် လက်နှစ်လုံးစီလောက်သာ ဆက်နေသော အပိုင်းကျန်သည်။ ကျွန်တော့်ကို မော့ကြည့်သည်။ ကျွန်တော် မလှုပ်ရှားမိ။ ထိုအချိန်တွင် ဘိလပ်မြေအိတ်ကို ထမ်း၍ အလုပ်သမားကြီး တစ်ယောက် ဆင်းလာသည်။ ခင်စန်းကို မြင်သောအခါ. . .

"တက်လေ ကလေးမ၊ နိုင်ပါတယ်။ ဦးလေးတို့တောင် အလေးအပင်တွေ ထမ်းပြီး နင်းသေးတာပဲ၊ မပြတ်ပါဘူးကွယ့်၊ မပြတ်နိုင်ပါဘူး"

သူ ကျွန်တော့်ကို မျက်ခနဲ ကြည့်သည်။ နှုတ်ခမ်းကို ကိုက်လိုက်သည်။ လှေကားထစ်ကို နင်းသည်။

မျှော်စင်၏ ထိပ်တွင် ရပ်နေကြသည်မှာ ဆယ့်ငါးမိနစ်မျှပင် ရှိတော့မည်။ ဘာစကားမျှ မပြောဖြစ်ကြသေး။ ကျွန်တော်တို့ကို မျှော်စင်ပေါ် တက်ကြည့်သူအချို့ပင် ပြန်ဆင်းသွားကြပြီ။ နှစ်ယောက်ထဲ ကျန်နေခဲ့၏။ နှစ်ယောက်စလုံးသည် မျက်နှာမူရာဆီသို့ပင် ငေးမောနေမိကြသည်။

အထိကရ သစ်ပုပ်ပင်ကြီးကို မြူနှင်းတို့ကြားတွင် မှုန်မွှားမွှား မြင်ရသည်။ ဘွဲ့နှင်းသဘင်ခန်းမ၊ အဝန်းခြေရှိပ်သော၊ စာကြည့်တိုက်၊ [illegible] တက္ကသိုလ် ဝိဇ္ဇာသိပ္ပံ အဆောက်အဦများနှင့် အဖြူအဆောင်များ [illegible] အောက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ပြားပြားဝပ်နေကြ၏။ အင်းလျားကန်ကို အထက်စီးမှ မြင်သာသည်။ ကမ္ဘာအေးဘုရားကို အဝေးတွင် ခပ်ဖျဖျသာ တွေ့ရ၏။ သူသည် ရွှေတိဂုံစေတီတော်ဘက်သို့ ငေးကြည့်နေရာမှ ကျွန်တော့်ဘက်သို့ လှည့်လာ၏။

"တို့ သူ့ကို ပြောစရာတစ်ခု ရှိတယ်"

ကျွန်တော် ခေါင်းညိတ်ပြသည်။ ဘော်တော်နှင့် မပြောသေး။ ကျွန်တော့်နားသို့ သူ လျှောက်လာသည်။ ကျွန်တော် မျက်နှာမူထားသော အနောက်ဘက်သို့ သူလည်း ငေးကြည့်နေပြန်သည်။ သူ စကားစသည်။

"အိမ်က အခြေအနေကို ပြောချင်လို့ပါ"

ကျွန်တော် သူ့ကို တစ်ချက်လှည့်ကြည့်ပြီး လှိုင်မြစ်ဘက်သို့ ပြန်လည်ငေးမောနေလိုက်သည်။ သူ ဆက်ပြောမည့် စကားကို အတန်ကြာစောင့်ရသည်။

"အမေက သူ့အကြောင်းကို စုံစမ်းကြည့်ပြီးပြီတဲ့။ သူ့မိဘအလုပ်အကိုင်ရော၊ သူ့အကျင့်စာရိတ္တရော၊ နည်းနည်းတော့ ကျေနပ်သွားပုံ ရတယ်"

ကျွန်တော် ခေါင်းညိတ်ပြသည်။

"အမေကလည်း အသောက်အစားနဲ့ လောင်းကစားကင်းဖို့သာ အရေးကြီးတယ်တဲ့။ အလားအလာကတော့ မဆိုးပါဘူး။ သူ့အမေနဲ့သာ"

သူ့ကို မကြည့်ဘဲ ခေါင်းညိတ်လိုက်ပြန်သည်။ သေချာစွာ မညိတ်မိ။ ဆတ်ရုံမျှသာ။ သူ စကားမဆက်။ တော်တော်ကြာအောင် တိတ်ဆိတ်နေသောကြောင့် ဒေသကောလိပ် (၂) ဘက်သို့ ကြည့်နေရာမှ သူ့ကို လှည့်ကြည့်သည်။ သူသည် ကျွန်တော့်ကို ငေးစိုက်ကြည့်နေကြောင်း တွေ့ရ၏။ သူ့မျက်နှာပေါ်တွင် အမျိုးအမည် ခွဲခြားမရသော အရိပ်အယောင်များ ထင်ဟပ်လာသည်။ သူ့စကား ဆက်ပြောပြန်သည်။ သို့ရာတွင် စောစောကအကြောင်းအရာ မဟုတ်တော့။





"သူ၊ တို့ပြောတာ စိတ်မဝင်စားဘူး မဟုတ်လား"

ခေါင်းညိတ်ခြင်း ခေါင်းခါခြင်း မပြုမိ။

"စိတ်မဝင်စားရင်လည်း"

"ပြောပါ၊ နားထောင်နေသားပဲ"

သူ ပြုံးလိုက်၊ လှောင်ပြုံးလည်း မဟုတ်၊ ခေါ်သပြုံးလည်း မဟုတ်။ ဝမ်းနည်းခြင်းနှင့် မာနတို့ တစ်ပြိုင်နက်စီးယှက်သော အပြုံး။

"မပြောတော့ပါဘူး။ ဒါပေမဲ့ ပြောပါ့မယ်၊ သူ စိတ်ဝင်စားမယ့် အကြောင်းကို ပြောပါ့မယ်"

သူ နှုတ်ခမ်းကို တစ်ချက် ကိုက်လိုက်သည်။

"သူ့စိတ်ထဲမှာ အပြောင်းအလဲတွေ ဖြစ်နေတယ် မဟုတ်လား"

မှင်တက်မိနေရာမှာ ဖျတ်ခနဲ သတိဝင်လာသည်။ ခေါင်းခါရမလား၊ ခေါင်းညိတ်ရမလား ဝေခွဲ၍ မရခင် သူ ဆက်ပြောသည်။

"တို့အပေါ်မှာ ထားတဲ့ သူ့စိတ်ထားတွေဟာ အရင်ကနဲ့ မတူတော့ဘူး၊ ပြောင်းလဲနေပြီ"

ကျွန်တော် ခေါင်းခါလိုက်သည်ဟု ထင်သည် မသေချာ။

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ သုံးနှစ်လောက် ကြာအောင် ချစ်ခဲ့ကြတာပဲ၊ မသိဘဲ နေပါ့မလား။ သူ့အမူအရာ ဘယ်လိုပြောင်းရင် သူ့စိတ်ထား ဘယ်လိုပြောင်းတယ်။ သူ့မျက်လုံးနဲ့ ဘယ်လိုကြည့်ရင် ဘာဆိုလိုတယ်။ သူ ဘယ်လိုပြုံးလိုက်ရင် ဘာပြောချင်တယ်ဆိုတာ တပ်အပ်သိနိုင်ပါတယ်။ တို့က သူ့မျက်နှာကိုသာ အရိပ်တကြည့်ကြည့် နေခဲ့တာပါ"

ဇောခနဲ ဖြစ်သွားသည်။ တစ်ကိုယ်လုံးကို တစ်စုံတစ်ခုဖြင့် ရိုက်ချပ်နှောင်လိုက်သလို ခံစားရသည်။ သူ့ရှေ့ကို တစ်လှမ်းတိုးလိုက်သည်။ သူ့စကားအရှိန်ကိုလည်း တစ်ထစ် တိုးပေးမည်မှန်း သေချာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်က သူ့ကို အထင်သေးတယ်လို့ သူ စွပ်စွဲတယ်နော်"

ရှင်လိုက်သံပါဝင်လာသည်။ တစ်ခုခု ပြန်ပြောဖို့ ကြိုးစားလို့ မရဘဲ ဖြစ်နေသည်။

"သူ့ကို ကို့ ဘယ်တုန်းကမှ အထင်မသေးခဲ့ပါဘူး၊ အဲဒီလိုပဲ သူ့ကို ထင်လည်း မကြီးချင်ဘူး"

ကျွန်တော် နှုတ်ခမ်းလှုပ်ရုံ ဟန်ပြင်သည်။ သူ အလျင်ဦးအောင် ပြောသည်။

"ဟုတ်တယ် သူ့ကို အထင်လည်း မသေးဘူး၊ အထင်လည်း မကြီးဘူး။ သူ့ကို လက်ခံခဲ့တာဟာ အထင်ကြီးလို့မှ မဟုတ်ဘဲ၊ အထင်ကြီးလို့ လက်ခံခဲ့တာဆိုရင် ကို့ သူ့အပေါ် မရိုးသားရာ ကျမှာပေါ့။ အဲဒီလိုပဲ အထင်သေးစရာလည်း မလိုဘူး။ ကို့မေတ္တာဟာ အထင်ကြီးမှု အထင်သေးမှုအပေါ်မှာ အခြေခံထားတာ မဟုတ်ဘူး"

ကျွန်တော့်လက်မောင်းကို သူ ဆုပ်ကိုင်လိုက်သည်။ ဆတ်ခနဲ တုန်သွားမိ၏။

"ဘာပဲဖြစ်ဖြစ်လေ၊ ကို့"

သူ့မျက်လုံးသည် အရောင်ပြောင်းလဲသွား၏။

"ကိုကို့ကို သိပ်ချစ်ပါတယ်"

ကျင်ခနဲ ခံစားရသည်။ အတင်းအကျပ် မပြောနိုင်းရပါပဲလျက် အလိုအလျောက် ထွက်ပေါ်လာသောစကား။ သူ့အသံသည် ကျွန်တော့်သဲ့နှစ်ခက်ကို ဆွဲလှုပ်ခါယမ်းလိုက်သလိုပင်၊ မျှော်စင်ကြီးသည် ဘယ်ညာသွက်သွက်ခါအောင် ယိမ်းထိုးသွားသည်ဟု ထင်မိ၏။ စိတ်အစဉ်သည် မြေပြင်သို့ ဆောက်တိုးစိုက်ကျသွားဘိသကဲ့သို့၊ ရုပ်ခန္ဓာကား လေထဲသို့ လွင့်စဉ်သွားလေသလော။ တုန်လှုပ်ခြင်းသည် နှလုံးသားမှတစ်ဆင့် သွေးကြောအနှံ့ ရောက်ရှိ





တိုးဝင်သည်။ နေရာလပ်မရှိ ဆတ်ဆတ်ခါနေ၏။

သတိတရားကို ပြန်လည် ဆုပ်ကိုင်မိချိန်တွင် သူ ကျွန်တော့်နားမှာ မရှိတော့။ လှေကားထိပ်သို့ ရောက်ရှိသွားလေပြီ။

"ခင်စန်း နေဦးလေ"

ကျွန်တော် ပြေးလိုက်သွားသည်။ သူသည် သံလှေကား၏ တစ်ဖက်အကွေ့သို့ ရောက်နေရာမှ ရပ်တန့်လိုက်သည်။

သူ ကျွန်တော့်ကို လှမ်းပြောသည်။

"လိုက်မလာပါနဲ့တော့ ကိုကို၊ ကို့နောက်ကို လိုက်မလာပါနဲ့တော့၊ ကို့ဟာ သူ့ရင်ထဲမှာ မရှိတော့ဘူး မဟုတ်လား"

သူ ဆက်လျှောက်သွားသည်။ ကျွန်တော် ရှေ့သို့ အလျင်အမြန် တိုးလိုက်သွား၏။ သူ တုံ့ခနဲ ရပ်ပြီး ကျွန်တော့်ကို ပြောပြန်သည်။

"လိုက်မလာနဲ့နော်၊ သူ လိုက်လာရင် ကို့အောက်ကို ခုန်ချလိုက်မယ်"

ကျွန်တော် တုံ့ခနဲ ရပ်လိုက်ရသည်။ သူ ကျွန်တော့်ကို စိုက်ကြည့်နေသည်။ သူ့မျက်လုံးများသည် ရောင်စုံပြာလျက် ဝင်းဝင်းလက်နေသည်။ သူ့နှုတ်ခမ်းသည် တဆတ်ဆတ် တုန်ခါနေ၏။ သူ လှမ်းအော်လိုက်သည်။

"သူ ကို့မေတ္တာကို စော်ကားတယ်"

သူ ချာခနဲ လှည့်ထွက်သွားသည်။ သံလှေကားတစ်လျှောက် ကွေ့ပတ်၍ ပြေးဆင်း၏။ သူ့ခြေသံများသည် နံရံလေးဘက်လေးတို့ ရိုက်ခတ်သွားသည်။

"ခင်စန်း"

ကျွန်တော့်အသံ လွင့်ထွက်သွားသည်။ မျက်လုံးများ ပြာခနဲ[illegible]ထဲက တလှပ်လှပ် ဆေးပန်းလာသည်။ ခန္ဓာကိုယ်၌ အင်အား [illegible]တော့၊ ခြေထောက်များ ညွှတ်ခွေလာသည်။ နံရံကို အားပြု၍ မှီ[illegible]ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓာကြာမှ သံလေ့ကားအတိုင်း ဖြည်းဖြည်း ဆင်းရသည်။ အပေါ်သို့ တက်လာခဲ့ကြစဉ်က ခင်စန်း ရုပ်ကြည့်နေခဲ့သော လှေကားထစ်ဆီသို့ ရောက်လာသည်။ အစွန်းနှစ်ဖက်သည် တည်းတည်းမျှသာ ရှိနေသော်လည်း. . .

"မပြုတ်ပါဘူး၊ မပြုတ်ပါဘူး" ဆိုသော အလုပ်သမားကြီး၏ အသံကို ပွဲတင်ထပ်မျှ ကြားယောင်လာသည်။

လှေကားပေါ်မှ ပြေးသွားဆင်းသွားမိသည်။ ကျွန်တော်အောက်ထပ်သို့ ပြန်ရောက်သောအခါ သူ့ကို လုံးဝ မတွေ့ရတော့ချေ။

●

တက္ကသိုလ်ကျောင်းဝင်းအနှံ့ လျှောက်သွားနေမိသည်။ သူနှင့် ပတ်သက်သော နေရာများကို ရောက်တိုင်း လွမ်းဆွေးမှုကို ထပ်ခါတလဲလဲ ခံစားရသည်။

8.17။ ခင်စန်းတို့အတန်း။ ဟာလာဟင်းလင်းဖြစ်နေသော ခုံတန်းလျားများ။ 'တခြားလူဆို ဒီလောက်တောင် ကြာကြာ လက်ခံစကား မပြောဘူး'။

တရုတ်စကားပင်။ အုတ်ခုံ။ 'တို့နှာမည်ကိုသာ မမေ့ချင် မေ့မယ်၊ ခင်စန်းကိုတော့ မေ့လို့ရမှာ မဟုတ်ပါဘူး'

ညောင်ကြုတ်ပင်၊ အချစ်စတင်ခဲ့ရာ နေရာ။ 'မိုးတွေ သဲလာပြီ။ ထီးအောက်ကို လာပါလား'။

ဦးချစ်ဆိုင်၊ ၄တ်ပျောတော။ 'တစ်ခုခု စားပါလား'။

ကိုအောင်ရှင်။ 'လက်ဖက်ရည်တစ်ခွက်'။ တိုနီမိုး မြင့်ကောင်း မိုးရာဇာ ညွှန့်၊ မောင်မောင်စနေ၊ သားကြီး မောင်ဇေယျ။ 'ဒါက ခင်စန်းလေ'။

A.19။ နောက်ဆုံးတောင် ခုံတန်းလျား။ 'ကိုယ်တို့ ချစ်ရဲ့လားဟင်'။





အင်းလျားကန်။ ဘူးသီးကြော်။ 'ကိုယ့်လက်မောင်းကို ကိုင်ချင် ကိုင်ထားပါလား'။

ပုဂံသမ်း။ 'အတန်းမရှိဘူးလား'။ 'ဟိုနေ့က ထိစ္စအတွက်'။ 'ကိစ္စမရှိပါဘူး'။

သစ်ပုပ်ပင်။ ဥပြမိသားစု။

အချိန်တိုင်းပင်
စိတ်၌ ထင်သည်
သခင် ကိုယ်နှင့်အတူတူ။

●●●

www.burmeseclassic.com

www.burmeseclassic.com

## ၂၃

ပွင့်ကောင်းနှင့် မော်ဆရာသည် ကျွန်တော့်ကို မြင်သောအခါ ဖြိုင်တူ ထရပ်လိုက်ကြသည်။ အားရဝမ်းသာ ဖြစ်သွားပုံမှာ မျက်မဖက်နဲ့ တမည်သာ ကျန်သည်။

"လာလတ်၊ လာထိုင်ကွာ"

သူတို့ ကျွန်ရှင်၏ နောက်ဆုံးခုံတန်းမှာ ဝင်ထိုင်လိုက်သည်။ မော်ဆရာ သည် ကျွန်တော့်ပခုံးကို လှမ်းပုတ်ပြီး. . .

"မင်းကွာ။ မတွေ့ရတာ ကြာလှပြီ"

"မင်းတို့မှ ငါ့ဆီ မလာပဲကွ"

"မင်းပဲ မလာနဲ့ဆို"

ပွင့်ကောင်းက ရယ်၍ ပြောသည်။ ကျွန်တော် ဘာကြောင့်လာသည်၊ ဘာစကား ပြောချင်နေသည်ကို သူတို့ တစ်ဖက်သိသည်။

"ခင်စန်းနဲ့ ထပ်တွေ့သေးလား"





ကျွန်တော် ခေါင်းခါလိုက်သည်။ မျက်နှာ ညှိုးကျသွားသည်ကို မြင် သာကြပေလိမ့်မည်။ ခင်စန်းတို့ ရုံးကို ကျွန်တော် သွားသည့်အကြောင်း ပြောပြသည်။ ခင်စန်းအလုပ်ထွက်သွားကြောင်း၊ ဘွဲ့လွန်သင်တန်းတစ်ခု တက်မည်ဟု ပြောသွားကြောင်းလောက်သာ သိရသည်။

"ငါ ဈေးမှာ သွားစောင့်သေးတယ်ကွာ။ တစ်ပတ်လောက် ကြာတယ်။ သူ မလာဘူး"

"မင်း မဦးဆီကို သွားသေးလား"

"သွားတယ်။ မဦးကလည်း သူ့သူငယ်ချင်းအတွက် ငါ့ကို စိတ်ဆိုးနေ ပုံရတယ်။ စကားကောင်း ဟဟ မပြောဘူး။ သူ့ဆီက တစ်ခုတော့ သိလိုက်ရ တယ်။ ခင်စန်း သုံးခွသွားတယ်ဆိုတဲ့ အကြောင်း"

"အမြဲတမ်း သွားနေမှာလား"

"အဲဒါတော့ ငါမသိဘူး။ မဦးကိုလည်း မေးလို့ မရဘူး"

သူတို့နှစ်ယောက်သည် ကျွန်တော့်ကို ကရုဏာသက်စွာ ကြည့်သည်။

"ငါ သူနဲ့ သိပ်တွေ့ချင်တယ်ကွာ"

ပွင့်ကောင်းက ကျွန်တော့်ပခုံးကို ဖက်လိုက်သည်။ မော်ဆရာက ကျွန်တော့်လက်ကို ဆုပ်ကိုင်၍ ပြောသည်။

"သူ တစ်နေ့နေ့တော့ ပြန်လာမှာပေါ့။ တွေ့ရမှာပါ"

"သူ ငါ့ကို မုန်းသွားပြီ ထင်ပါတယ်ကွာ"

"မမုန်းပါဘူးကွာ။ မင်းတို့နှစ်ယောက်အကြောင်း ငါတို့ သိပါတယ်။ တစ်ယောက်ကို တစ်ယောက် ဘယ်တော့မှ မပြတ်နိုင်ကြပါဘူး"

ရင်ထဲက လှိုက်ခနဲ ဖြစ်သွားသည်။ စားပွဲပေါ်၌ မျက်နှာ မှောက် မထားမိစေရန် အားတင်းထားရ၏။ သူတို့နှစ်ယောက်သည် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို အကဲခတ်နေသည်။ စကားလမ်းကြောင်း ပြောင်း၍ ပြော လိုက်ကြသည်။

“ဒီမှာ လူလာတဲ့ မင်းကို ငါတို့ အကူအညီ တောင်းစရာ တစ်ခု ရှိတယ်”

“ဘာလဲ”

“ခု ငါတို့ ကျူရှင်က လူသိများလာပြီကွ။ ကျောင်းသားတွေလည်း တစ်တိုးလာပြီ။ အဲဒါ ငါတို့နှစ်ယောက်နဲ့ မနိုင်တော့ဘူး။ မင်းပါ ဝင်ကူမှ ဖြစ်မယ်။ မင်းငါတို့ကျူရှင်မှာ ဝင်သင်မလား”

သူတို့နှစ်ယောက်စလုံး တစ်လှည့်စီ ကြည့်လိုက်၏။

“ဘာလဲ ပေါ့ကောင်၊ ငါတို့က မင်း စိတ်ပြေလက်ပျောက် ဖြစ်အောင် တမင် အကွက်ဆင်တာလို့ ထင်လို့လား”

ကျွန်တော် ပြုံး၍ “မထင်ပါဘူးကွာ” ဟု ပြောလိုက်သည်။

“ဒါဆို မင်း ဝင်ကူမလား”

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

●●●



[၂၈]

ခင်စန်းရယ်၊ ရှင်းပြပါရစေ။

ခင်စန်းကို ကိုယ် သိပ်ချစ်ပါတယ်။ ဘယ်တုန်းကမှ မမုန်းခဲ့ဖူးပါဘူး။ ဘယ်လောက် ချစ်ခဲ့သလဲဆိုရင် ခင်စန်း ကိုယ့်ကို အထင်လွဲသွားစေလောက် အောင် ချစ်ခဲ့မိပါတယ်။ ကိုယ်ချစ်တဲ့ဒဏ်ကို ခင်စန်း မခံမရပ်နိုင်လောက် အောင် ပြင်းပြင်းပြပြ ချစ်ခဲ့မိပါတယ်။

ခင်စန်းအပေါ်မှာ ကိုယ့်စိတ်ထားတွေ ပြောင်းလဲခဲ့တယ်ဆိုတာ မှန်ပါ တယ်။ ဘယ်လို ပြောင်းလဲခဲ့တာလဲ သိလား။

ပေါ့ပါး သွက်လက်တဲ့ အချစ်ကနေ တည်ငြိမ်ရင့်ကျက်တဲ့ အချစ် မျိုးကို ပြောင်းလဲခဲ့တာပါ။

သမီးရည်းစားလို ချစ်တဲ့အချစ်ကနေ ဇနီးသည်တစ်ယောက်လို ချစ် ချင်တဲ့ အချစ်မျိုးကို ပြောင်းလဲခဲ့တာပါ။

ဒါပေမဲ့ ခင်စန်းအပေါ်မှာ ချစ်တဲ့အချစ်[illegible]မှာတာကတော့



www.burmeseclassic.com

www.burmeseclassic.com



မပြောင်းလဲပါဘူး။

ပုံသဏ္ဌာန်သာ ပြောင်းလဲချင် ပြောင်းလဲမယ်၊ အနှစ်သာရကတော့ အမြဲ တည်တံ့နေမှာပါ။

အဲဒါရလောကထဲမှာ အချစ်မပါဝင်ပါဘူး။

အချစ်နဲ့အမုန်းတို့ဟာ ဆန့်ကျင်ဘက် အရပ် အသီးသီးကို တစ်ခုနဲ့ တစ်ခု ကျောခိုင်းပြီး တရွေ့ရွေ့ ဝေးကွာသွားနေတဲ့ အရာတွေသာ ဖြစ်ပါတယ်။ ကိုယ်က အချစ်ဖြစ်ပြီး ခင်ဗျားက အမုန်း မဖြစ်ပါစေနဲ့လို့ ကိုယ် ဆုတောင်းပါတယ်ကွယ်။

ပန်းပုဆိုင်မှ ကိန္နရီ ကိန္နရာရုပ်ကလေးများကို ငေးစိုက်ကြည့်နေမိသည်။ ဘယ်နကြိမ်မြောက်မှန်း မသိသော သက်ပြင်းကို ချလိုက်၏။ ရုပ် နေရာမှ လှေကားထစ်များအတိုင်း ဆက်တက်သည်။

အလွမ်းနေရာမှန်သမျှ ရောက်ရှိပြီးခဲ့ပြီ၊ တစ်ချိန်က တမင်သက်သက် ရှောင်ဖယ်နေခဲ့သော နေရာများကို တစ်ချိန်တွင် တမ်းတမ်းတတ သွားရောက် ကြည့်ရှု လွမ်းမောခဲ့ရပြန်သည်။

ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် စောင်းတန်းအတိုင်း ကျွန်တော် တက်လာခဲ့သည်၊ ဘုရား၏အငွေ့အသက်များသည် ကျွန်တော့်စိတ်ကို အေးချမ်းငြိမ်သက်စေလိမ့်မည်ဟု မျှော်လင့်နေမိသည်။

ပန်းဆိုင်များကို ဖြတ်ပြီး ရင်ပြင်တော်ပေါ်သို့ ရောက်လာသည်။ ကြာဝန်းကို မြင်သောအခါ သူ့ကို လိုက်ခနဲ လွမ်းရပြန်သည်၊ စေတီတော်ကို သကျာရစ်ပတ်သည်။ ဓမ္မာရုံမင်း ခေါင်းလောင်းတော်ကြီးကို ခဏမျှ စိုက်ကြည့်ပြီး ဆက်လျှောက်သည်၊ သူတော်စဉ်နှင့်တူသည်ဆိုသော အရုပ်ကြီးများကို တွေ့လျှင် တစ်ခါက သူသည် ဒီအရုပ်ကြီးများကို ကြည့်၍ ပျော်ရွှင်စွာ ရယ်မောခဲ့သည်ကို သတိရ၏၊ ခုအခါတွင်မူ သူသည် အဝေးတစ်



BURMESE CLASSIC .com



နေရာ၌ ရယ်မော ပျော်ရွှင်၍ နေနိုင်ပါမည်လော။

တံခွန်တိုင်ကို လှမ်းမြင်ရသောအခါ အင်္ဂါထောင့်သို့ ရောက်ခါနီးပြီ ဖြစ်ကြောင်း သိရသည်၊ ကျွန်တော့်ရင်သည် ရုတ်တရက် ခုန်လာ၏။ သူ့ကို ပို၍သတိရလာသည်၊ တွေ့ချင်သော ဆန္ဒသည် အပြင်းပြဆုံး ဖြစ်ပေါ်နေသည်၊ ထူးဆန်းသော အတွေးတစ်မျိုး ဝင်ရောက်လာ၏။ အင်္ဂါထောင့်တွင် သူ့ကို တွေ့လိမ့်မည်ဟု ယုံကြည်မိခြင်းပင် ဖြစ်သည်။

တံခွန်တိုင်နှင့် နီးလာလေလေ၊ ရင်ခုန်နှုန်း မြင့်မားလာလေလေပင်၊ ကျွန်တော် မကြည့်ရဲတော့သောကြောင့် ခေါင်းကို ငုံ၍ ဆက်မလျှောက်သာ ရသည်၊ ခင်းထားသော ကျောက်ပြားများပေါ်တွင် သူ့အရိပ်ကို မြင်ယောင်လာပြန်သည်။ မြင်သာသော နေရာသို့ ရောက်လှပြီဟု မှန်းဆမိသည်၊ ကြီးမားသော မျှော်လင့်ချက်ဖြင့် ဦးခေါင်းကို ဖြည်းညင်းစွာ မော့သည်။

ရုပ်ထဲက ဟာခနဲ ဖြစ်သွား၏၊ စိတ်ဓာတ်သည် အောက်သို့ ဆင်းသွားသော ဓာတ်လှေကားနှင့်အတူ ပါသွားလိမ့်မည်။

အင်္ဂါထောင့်တွင် ဘယ်သူမျှ မရှိ။

ပန်းမျိုးစုံ ထိုးစိုက်ထားသော ပန်းအိုးကို တွေတွေငေးငေး ကြည့်နေမိသည်၊ အလင်းရောင်တစ်ခုသည် ကျွန်တော့်မျက်စိထဲသို့ ဝင်ရောက်လာသည်၊ မီးပူဖော်သည့်ခွက်များထဲမှ ဖယောင်းတိုင်များ၊ ကြည့်ရင်း ကြည့်ရင်း မှာပင် ရင်သည် တဆတ်ဆတ် တုန်လှုပ်လာပြန်သည်။ ဦးနှောက်ထဲသို့ အသိတစ်ခု ဝင်လာသည်၊ လွန်ခဲ့သော တစ်နှစ်လောက်က။

ထိတ်ခနဲ ဖြစ်သွားသည်၊ သက်ပတ်နာရီမှ နေ့စွဲကို ကြည့်သည်၊ ဆယ့်ရှစ်ရက်၊ ဧပြီ ဆယ့်ရှစ်ရက်၊ ကျွန်တော့်မွေးနေ့၊ နှစ်ဆယ့်နှစ်မြောက်၊

မွက်ငါးခွက်၊ ခလေးခွက်တွင် ဖယောင်းတိုင် ငါးတိုင်စီ၊ နောက်ဆုံး ခွက်မှာ မြောက်တိုင်၊ အားလုံး နှစ်ဆယ့်မြောက်...။

www.burmeseclassic.com

www.burmeseclassic.com



မနေ့ယောင်းတိုင် မီးတောက်များသည် မှိုင်းလျှံသို့တိုင် ထိုးတက်သွားသည်။ နဝါးရှစ်များ သက်ဝင် လှုပ်ရှား လူးလွန့်လာသည်။ တံခွန်တိုင် ထိပ်များမှ ဘာသာရပ်သည် တောင်ပံတဖျပ်ဖျပ် ခတ်၏။ အဖြင်အာရုံထဲသို့ အရာများစွာ ဖြတ်သန်းသွားကြသည်။

နှစ်ပြားတန် လောင်း၊ ဆွဲကူးမင်းခေါင်းလောင်းတော်ကြီး။ ပန်းများ ဝယ်ကြပါဦးရှင်၊ ခေါ်သံ၊ ခေါ်မျှင်ကောင်းမှု၊ ကိုယ်ဖြည့်တဲ့ အသက်ထက် တစ်တိုင်ပိုထွန်း။ ဈေး ဆယ်ရှစ်ရက်။ ကြာပန်းမထည့်နဲ့၊ နှစ်ဆယ့်ငါးနှစ်၊ နှစ်ဆယ့်ခြောက်တိုင်၊ အင်္ဂါသားနှင့် အင်္ဂါသမီး။ ပန်း၊ ရေချမ်း၊ ဆီမီး၊ လိုရာဆန္ဒနှင့် တလုံးတဝထဲ ဖြည့်စုံပြီးလျှင်. . .

သူ၊ သူ၊ ရင်ပြင်တော်ပေါ်မှာ ရောက်နေပြီ၊ အေးချမ်းသော စိတ်နှလုံး၊ တည်ငြိမ်သော မျက်နှာထားများဖြင့် ကောင်းမှုကုသိုလ် ပြုနေသူတို့ အကြားတွင် သောကဝမ်းနည်းမှုကို ရင်မှာ ပိုက်လျက် စိတ်နှလုံး နောက်ကျိ ရှုပ်ထွေးသော အမှုအရာဖြင့် ပျားပန်းခပ်နေသော ကျွန်တော့်ကို ရွှေတိဂုံစေတီတော်မြတ်သည် သနားကြင်နာ ခွင့်လွှတ်တော်မူနိုင်ပါစေသတည်း။

"ခင်စန်းရေ၊ ကိုယ် တောင်းပန်ပါတယ်"

ထိုစကားကို အထပ်ထပ် ပြောမိသည်၊ အယ်လိုမှ ပြောလို့မဝနိုင်သော စကား။ သူသည် ဆုတောင်းပြည့် ပုံတော်စေတီအနီးမှ နေ၍ အဝေးသို့ ငေးကြည့်နေသည်။

"ကိုယ်လေ၊ ခင်စန်းကို ပြောစရာတွေ အများကြီးရှိတယ်။ ခင်စန်း၊ ခင်စန်း ဝမ်းသာရမှာပါ"

သူ ကျွန်တော့်စကားကို လုံးဝ မကြားသလို နေသည်၊ ကျွန်တော့်ရင် ထဲက တလှိုက်လှိုက် ဖြစ်လာ၏။





"ကိုယ့်ကို ခွင့်မလွှတ်နိုင်ဘူးလား ဟင်"

ရေသွန်းနေသော နတ်သမီးရုပ်ထုကဲ့သို့ပင် သူ မလှုပ်မရှားနေသည်။ သူ့ကို တွေ့တွေ့ချင်း၌ ဖြစ်ပေါ်ခဲ့ရသော ဝမ်းသာမှု အရှိန်အဟုန်သည် ဝမ်း နည်းကြေကွဲခြင်းသို့ တရွေ့ရွေ့ ပြောင်းလဲ၍ လာသည်။

"ခင်စန်းရယ်၊ ကိုယ့်မျက်နှာကိုတောင် မကြည့်ချင်လောက်အောင် မုန်းသွားပြီလား ဟင်"

သူ ကျွန်တော့်ဘက်သို့ ဖြည်းဖြည်း လှည့်လာသည်၊ ကျွန်တော့်ကို တစ်ခါမှ မမြင်ဖူးသလို စိုက်ကြည့်နေ၏။ နှုတ်ခမ်းများ တရွရွ လှုပ်လာသည်။ စကားသံကား ထွက်ပေါ်၍ မလာ။ သူ ဆိုင်းချလိုက်သည်ဟု ထင်သည်။ အမှန်မှာ ထိုသို့မဟုတ်ချေ။ သမ်တလင်းပေါ်မှာ ချထားသော ကျွန်တော့် ဖိနပ်ကို သူ ကောက်ယူလိုက်ခြင်း ဖြစ်သည်။

ကျွန်တော် နားလည်လိုက်၏။ သူသည် စကားတစ်ခွန်းမျှပင် မပြောနိုင်လောက်အောင် စိတ်လှုပ်ရှား၍ နေခဲ့သည်တကား။

ရင်ပြင်တော်ပေါ်ရှိ ခေါင်းလောင်းအားလုံး တစ်ပြိုင်နက် မြည်ဟည်းသွားသည်ဟု ထင်၏။

ပန်းခေါင်းရနံ့များသည် ကျွန်တော်တို့အနားမှာ မခွာတော့ချေ။

●●●



www.burmeseclassic.com

[၂၉]

ဓမ္မဆရာနှင့် မြတ်ချို၏ မင်္ဂလာဧည့်ခံပွဲမှ အပြန်တွင် သူ့ကို ကျွန်တော် စကားတစ်ခွန်း မေးဖြစ်၏။

"ခင်စန်း ကိုယ့်ကို ဘာဖြစ်လို့ ချစ်ခဲ့တာလဲဟင်"

သူ ပြုံးသည်။ တစ်သက်တာအတွက် သံယောဇဉ် ငြိတွယ်စေသော အပြုံး။ ထို့နောက် အလွန် အဖိုးတန်၍ အလွန် အဓိပ္ပာယ်ပြည့်ဝသော အဖြေကို သူ ပေး၏။

"မသိဘူး"

မင်းလူ

(၂၉၊၈၊၈၀)